www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သကပိုငါ

အချစ်သခင်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁)

ခံရှေ့ကို ကားထိုးရပ်လိုက်ကတည်းက "ရွှေရုပ်လွှာ" မြင်ပြီးသားဖြစ်သည်။ နက်ပြာရောင်တောက်ပနေသော CYGNUS ကားကြီး။ ဒါ . . . ရွှေရုပ်လွှာကို လာခေါ်သည့်ကားကြီးပဲ ဖြစ်မှာသေချာသည်။

တမင်လှည့်မကြည့်ဘဲ ရွှေရုပ် နှင်းဆီပန်းတွေကို စိတ်ဝင်စားသလိုနှင့် အာရုံစိုက်ထားလိုက်သည်။

ဒယ်ဒီ့မိတ်ဆွေ သူဌေးကြီးဦးရန်ရှင်း ယုံကြည်စိတ်ချရသော ဒရိုင်ဘာကိုယ်တိုင် လာမည်ဆိုတာ ရွှေရုပ်လွှာ သိထားပြီးဖြစ်သည်။

မျက်ဝန်းတွေက နှင်းဆီပန်းတွေဆီ ရောက်နေပေမယ့် ရွှေရုပ် အာရုံတွေက ခြံတံခါးဆီက မြည်လာမည့် ဘဲလ်သံကိုပဲ နားစွင့်ထားမိသည်။ ဒါပေမဲ့ . . . ရွှေရုပ်မျှော်လင့်ထားသလို ဘဲလ်သံက ထွက်မလာခဲ့ဘဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... ဟော့ ... ဒီ ... ဒီမှာ"

မာဆတ်ဆတ် ရင့်သီးသောခေါ်သံကြောင့် ရွှေရုပ်စိတ်ထဲမှာ တင်းခနဲ ဖြစ်သွားခဲ့၏။ တကယ်ဆို ခြံစောင့်ကြီး ဦးစိုင်းမောင်လည်း ဒီအနီးအနားမှာ ရှိမနေပါ။ ရွှေရုပ်တစ်ယောက်တည်းပဲ ရှိနေတာ ဖြစ်သည်။

သူဌေးကြီးဦးရန်ရှင်း၏ဒရိုင်ဘာဆိုသူက ရင့်သီးရိုင်းစိုင်းလိုက်တာ။

"ဟော့ ... ဒီမှာခေါ်နေတာ မကြားဘူးလား"

စိတ်မရှည် အလိုမကျသံက ခပ်ကျယ်ကျယ် ပေါ်ထွက်လာပြန်တာမို့ ရွှေရုပ် ချာခနဲ လှည့်ကြည့်ပစ်လိုက်သည်။

ဘယ်လိုမှထင်မထားတာ အမှန်ပင်ဖြစ်သည်။ ခြံတံခါးဝမှာ တွေ့လိုက်ရသူက ရွှေရုပ်နှင့် အသက်မတိမ်းမယိမ်း လူရွယ်တစ်ယောက် ဖြစ်နေ၏။

ဒါ သူဌေးကြီးဦးရန်ရှင်းရဲ့ ဒရိုင်ဘာတဲ့လား။

ရွှေရုပ်စိတ်က တွေးမြင်ထားတာ အသက်ကြီးကြီးလူကြီးတစ်ယောက်ဟု။

အခုတော့ လုံးဝမဟုတ်ပါဘဲ အရပ်မြင့်မြင့်မားမားနှင့် အဖြူရောင်တီရှပ်အင်္ကျီအပေါ်က ဂျက်ကက်မီးခိုးရောင်ကို ဂျင်းပြာနှင့်တွဲဝတ်ထားသည့် လူရွယ်တစ်ဦးဖြစ်နေသည်။

ရွှေရုပ်ရပ်နေသောနေရာနှင့် ခြံတံခါးက အတော်လှမ်းပေ





မယ့် ဖြူစင်ဝင်းညက်နေသော သူ့မျက်နှာကိုတော့ လှမ်းမြင်နေရပါသည်။

"ဟော့ ... မင်း နားလေးနေသလား၊ ကိုယ်ခေါ်နေတာကြာပြီ"

လူက စတိုင်လ်မိ သပ်ရပ်သန့်ရှင်းပေမယ့် စကားအပြောအဆိုကတော့ တစ်ချက်လေးတောင် မညက်ညောဘဲ ရွှေရုပ်ကိုတောင် ပြန်ဟိန်းဟောက်နေတာမို့ တမင်သက်သက်ကို မကြားသလို၊ မမြင်သလို အိမ်ကြီးဘက် ပြန်လျှောက်ခဲ့၏။

"ဟာ ... ဟော့ ဟော့ ... မင်း ဘယ်လိုမိန်းကလေးလဲ၊ ငါကွာ ... တောက် ... ပြဿနာပဲ"

သေလိုက်ပေါ့ဟု ရွှေရုပ် စိတ်ထဲက ကျိတ်ကြိမ်းဝါးရင်း ဥပေက္ခာပြုလိုက်သည်။ ရန်ကုန်ကလာသည့် ရန်ကုန်သားတဲ့။ ရိုင်းစိုင်းလိုက်တာ လွန်ရော။ ခြံတံခါးမှာ လူခေါ်ဘဲလ်ကြီးတစ်ခုလုံး တပ်ထားတာပဲ တီးလိုက်ပါလား။

အခုတော့ ... လုပ်ပုံက ရင့်သီးရိုင်းစိုင်းလွန်းသည်။

မြေပြင်ပေါ်သို့ ဘုတ်ခနဲ ခုန်ချလိုက်သံကြောင့် ရွှေရုပ်နောက်ကိုလှည့်ကြည့်တော့ မျက်လုံးတွေ ဝိုင်းစက်သွားသည်။

ဒီလူတော့ သိပ်ကိုလွန်နေပြီ။ ပိတ်ထားသော ခြံတံခါးကို ကျော်ခွတက်ကာ ခြံထဲကို ခုန်ချကျော်ဝင်လာပုံက သူခိုးဂျပိုးလုပ်ရပ်လိုမျိုး။



www.burmeseclassic.com

www.burmeseclassic.com



'ဂီး ‥ ဂရား'

မာန်ဖီသံနှင့်အတူ ဂျက်ကီနှင့်ဂျက်စီနှစ်ကောင် ဆင်ဝင်အောက်က ဒေါ်သတ္တာကြီး ပြေးထွက်လာ၏။ ရွှေရုပ် တစ်ချက်အော်တားလိုက်တာနဲ့ တုံ့ခနဲရပ်သွားကြမှာသိပေမယ့် တမင်မတားဘဲ လွှတ်ပေးလိုက်သည်။

ဂျက်ကီးတို့ညီအစ်ကိုနှစ်ကောင်ကတော့ သခင့်အိမ်ထဲကျူးကျော်ဝင်လာသော လူစိမ်းကို တိုက်ခိုက်ဖို့ မာန်ဟုန်အပြည့်နှင့် ပြေးဝင်သွားကြသည်။

ခြေနှစ်ဖက်ကို ခပ်ဟဟ စုံရပ်လျက် ခွေးကြီးနှစ်ကောင်ကို ရင်ဆိုင်ဖို့ပြင်နေသော သူ့အသွင်ကြောင့် ရွှေရုပ် မျက်မှောင်လေးကုတ်ပြီး ရပ်ကြည့်နေလိုက်ပါသည်။

'ဂီး ‥ ဂရား'

ဂျက်ကီထက် ပိုသွက်သော၊ ရဲတင်းသော ဂျက်စီက လွှားခနဲခုန်ဟပ်သည်။ သူက မရှောင်ဘဲနှင့် မျက်နှာဆီ ခုန်အုပ်သော ဂျက်ကီရှေ့ခြေနှစ်ချောင်းကို ဘယ်လက်နှင့် ပုတ်ဖယ်ထုတ်သည်။

ကျန် ညာဘက်လက်ဝါးစောင်းက ဂျက်ကီနောက်ခြေတစ်ချောင်းကို ခပ်ဆတ်ဆတ် ခုတ်ပိုင်းလိုက်ပုံက မြန်ဆန်လွန်းသည်။

'ကိန် ‥ ကိန် ‥ ကိန်'





ဂျက်ကီ နာကျင်စွာဟစ်အော်လျက် မြေပြင်ပေါ် ဘုန်းခနဲ ပစ်ကျသည်။

ချက်ချင်းပြန်ထဖို့ ကြိုးစားပေမယ့် … ဂျက်ကီ နောက်ခြေတစ်ဖက် ထော့နဲ့ထော့နဲ့ဖြစ်ကာ ဒဏ်ရာအနာတရ ရသွားပြီ။

မာန်ဖီနေသော ဂျက်စီ–ဂျက်ကီအဖြစ်ကို မြင်လိုက်တာမို့ ခုန်မအုပ်ရဲတော့ဘဲ မာန်ဖီကာ ဟောင်နေသည်။

သူက ရပ်နေသောနေရာက တစ်လက်မ,မရွေ့ဘဲ ဂျက်စီကိုရင်ဆိုင်ဖို့ သတိအနေအထားနှင့်ရှိနေဆဲ။

'ဂီး ‥ ဂါး ‥ ဝုတ် ‥ ဝုတ် ‥ ဝုတ်'

ရွှေရုပ် ရပ်ကြည့်မနေနိုင်တော့ပါ။ ဂျက်ကီလိုပဲ ဂျက်စီပါ ထိခိုက်နာကျင်သွားလျှင် အခက်။

"ဂျက်စီ ဂျက်ကီ … လာ … လာကြ ရပ်ကြစမ်း"

သခင်အသံကြားသည်နှင့် နှစ်ကောင်စလုံး အမြီးတွေကုပ်ကာ ရွှေရုပ်ဆီ ရောက်လာကြသည်။ ဂျက်ကီခမျာ နာကျင်သွားသော နောက်ခြေထောက်လေး ထော့နဲ့ ထော့နဲ့နှင့် တအီအီ ညည်းညူနေရှာသည်။

"ရှင် … ရှင် … ဘယ်လိုလုပ်လိုက်တာလဲ၊ ဂျက်ကီတော့ သေပါပြီ"

"ဩော် … အဲဒါ မင်းရဲ့ခွေးတွေလား၊ ငါ့ကို အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



ပေးတာ မင်း မမြင်ဘူးလား၊ ဒါကြောင့် ကာကွယ်တဲ့ပြန်လိုက်တာပေါ့ကွ''

''ဘာရှင့် ... ရှင် ရမ်းကားလှချည်လား၊ သူများခြံထဲအထိ ပိုင်စိုးပိုင်နင်း ခုန်ကျော်ဝင်လာတာ ရှင်လွန်နေပြီ ... သိလား''

ရွှေရုပ် ဒေါသလေးဖြစ်လွန်းလို့ မျက်နှာလေးနီကာ အသံလေးတွေတောင် တုန်ခါနေသည်။ သူက ရွှေရုပ်ကို မထီတရီ မျက်ဝန်းတွေနှင့် စူးစိုက်ကြည့်ရင်း ...

''ကိုယ်က မင်းနားလေးပြီး အမြင်အာရုံ သိပ်မကောင်းဘူး ထင်နေတာ၊ မင်းက တမင်ခေါ်တာကို မကြားဟန်ဆောင်သွားတာကိုး''

''ဟုတ်တယ်၊ ရှင် စကားပြောတာ ရိုင်းစိုင်းရင့်သီးလွန်းလို့ တမင်မလာတာ၊ ခြံတံခါးမှာ ဘဲလ်တစ်ခုလုံးရှိတယ်၊ ရှင် ... မျက်စိကန်းနေသလား''

''ကိုယ်မြင်တာပေါ့၊ ဒါပေမဲ့ ... မင်းတို့ ဘဲလ်အစုတ်ကြီးက ဘာမှမှ အသုံးမဝင်တာ''

''ဘာ ... ဘာပြောတယ်''

''ဟုတ်တယ် သမီး ... ခြံတံခါးက ဘဲလ်ပျက်နေတာ အဘ မလဲရသေးဘူး''

အနားကိုရောက်လာသော ဦးစိုင်းမောင်က ဝင်ပြောမှ





ရွှေရုပ် ဘဲလ်ပျက်နေမှန်း သိတော့သည်။

ဦးစိုင်းမောင်က သူ့ကို အကဲခတ်ကြည့်ရင်း ...

''မောင်ရင်လေးက သူဌေးကြီးဦးရန်ရှင်း လွှတ်လိုက်တဲ့ ရန်ကုန်က ညီ့သည်ထင်တယ်၊ ဟုတ်လားကွဲ့''

''ဟုတ်ပါတယ်အဘ ... ကျွန်တော့်နာမည် ရဲရင့်ဘုန်းပါ''

ရွှေရုပ် မျက်ဝန်းလေးတွေဝိုင်းကာ မှင်တက်သွားရသည်။ ရဲရင့်ဘုန်းတဲ့လား၊ ဒါဆို သူက ဦးရန်ရှင်းရဲ့သားပေါ့။

''သြော် ... ဟုတ်လား၊ ဒါဆို အထဲကိုဝင်ပါဦး၊ ခဏနေရင် ဆရာကြီးပြန်လာပါလိမ့်မယ်၊ မောင်ရင်လေးအတွက် နေဖို့ထိုင်ဖို့ အားလုံး စီစဉ်ထားပါတယ်''

''ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် အဘ၊ ခြံရှေ့မှာ ကျွန်တော့်ကားရှိတယ်၊ အဲဒါ ... အထဲသွင်းဖို့ သော့ဖွင့်ပေးပါဦး''

''သြော် အင်း ... ဟုတ်သားပဲ၊ တောင်းပန်ပါတယ်ကွယ်၊ အဘ ခြံနောက်ဘက်က ရေပန်းတွေ သွားပြင်နေလို့ ဒီမှာမရှိဘူး ဖြစ်သွားတယ်၊ လာ လာ ... အဘ သော့ဖွင့်ပေးပါ့မယ်''

ဦးစိုင်းမောင်က တောင်းပန်ကာ ခါးကြားက သော့တွဲကို ထုတ်ကာ ခြံတံခါးဆီ ရှေ့ကထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ရွှေရုပ်ကို တစ်ချက်လေးတောင် လှည့်မကြည့်ဘဲ နောက်က လိုက်သွားခဲ့သည်။

မြင့်မားသော အရပ်အမောင်းနှင့် လိုက်ဖက်လွန်းသော ခန္ဓာကိုယ်ကျစ်ကျစ်လျစ်လျစ်နှင့်မို့ တစ်လှမ်းချင်း လှမ်းသွားပုံက ငေးကြည့်ချင်စရာကောင်းအောင် ပြေပြစ်ပါသည်။ ရွှေရုပ်တောင် သူ့ကို ငေးကြည့်နေမိသေးသည်။

သူကတော့ ရွှေရုပ်ကိုတောင် လည့်ပြန်လေးတစ်ချက် မကြည့်ဘဲ ထွက်သွားခဲ့သည်မို့ ရွှေရုပ်စိတ်ထဲမှာ နည်းနည်းတော့ အလိုမကျ ဖြစ်သွား၏။

သိပ်မုန်းဖို့ကောင်းတဲ့လူ။ တစ်လောကလုံး သူလုပ်စာ ထိုင်စားနေရတဲ့ မျက်နှာထားကြီးနဲ့။

ရွှေရုပ်ရဲ့ခွေးကြီး ဂျက်ကီကိုလည်း ခြေကျိုးအောင်လုပ်ခဲ့ သည်။

ရန်ကုန်က ကုမ္ပဏီတွေ၊ အရောင်းကုန်တိုက်ကြီးတွေ ပိုင်ဆိုင်သော သူဌေးကြီးဦးရန်ရှင်းရဲ့သားဆိုသော ဂုဏ်နဲ့ အရာ ရာကို ထီမထင်တဲ့ သဘောလား။

နားစမ်းပါ . . . ရွှေရုပ်လွှာက ဘယ်တော့မှ အထင်မကြီး ပါဘူး။

ရှင့်ဘာသာ မိုးကျရွှေကို မင်းသားတစ်ပါးလို ချောနေပါ စေဦး . . . ဂရုမစိုက်ဘူး။ မိဘတွေ သဘောတူထားလို့ ရှင့်ရင်ခွင်





ထဲ အလွယ်တကူရောက်လာမယ် ထင်မှတ်ထားသလား ရဲရင့် ဘုန်း။

ဆောရီးပဲ . . . ရွှေရုပ်နှလုံးသား ဖယောင်းခဲလေး မဟုတ်ဘူး။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဂျက် ကီ့ဒဏ်ရာက အရိုးကျိုးလောက်အောင် မပြင်းထန်ပေမယ့် ရွှေရုပ်ရင်ထဲမှာ အခဲမကြေနိုင်တာ အမှန်ပဲ ဖြစ်သည်။

ဂျက်ကီကို ဆေးခန်းပြပြီး ပြန်လာသည်နှင့် ရွှေရုပ် အိမ်မှာရှိနေသော သူနှင့် မျက်နှာချင်းမဆိုင်မိအောင် ရှောင်ဖယ်နေမိသည်။

ထမင်းဝိုင်းမှာလည်း သူနှင့်မဆုံအောင် ရွှေရုပ် တမင် သွားမစားဘဲ မနန်းကို အခန်းထဲထိ ပို့ခိုင်း၏။

"မနန်း ... ဒယ်ဒီကော"

"ညှိခန်းထဲမှာ ညှိသည်နဲ့ စကားပြောနေပါတယ် မမလေး"

ရွှေရုပ် နှာခေါင်းလေး ရှုံ့လိုက်မိသည်။ ဒယ်ဒီကတော့ သူ့ကို ကြည်ဖြူလက်ခံနေမှာ သိပါသည်။ သူ့ဖခင်ဦးရန်ရှင်းနှင့်





ဒယ်ဒီ ဘယ်လောက်ခင်မင်ရင်းနှီးကြသည်ဆိုတာ ရွှေရုပ်သိပါသည်။

ရန်ကုန်ကို ရွှေရုပ်သွားဖို့ အကြောင်းဖန်လာကတည်းက ဒယ်ဒီက ရွှေရုပ်ကို ပွင့်လင်းစွာပဲ ပြောလာတာဖြစ်၏။

"သမီး ... အခု သမီးသွားနေထိုင်ရမယ့် အိမ်က တခြားသူ မဟုတ်ဘူး၊ မကြာခင် သမီးနဲ့ ကျွမ်းဝင်ပတ်သက်ရမယ့်သူရဲ့ အိမ်ကွဲ့၊ သမီးနဲ့ ကိုရန်ရှင်းသားကို ဒယ်ဒီ သဘောတူကြည်ဖြူတယ်၊ ဒယ်ဒီတို့ချင်း လက်ခံထားတယ် သမီး"

"ဟာ ... ဒယ်ဒီကလည်း သမီးတို့လူငယ်ချင်းတောင် မြင်ဖူးသေးတာ မဟုတ်ကြဘဲနဲ့"

"မကြာခင် သမီးတွေ့မြင်ရတော့မှာပဲလေ၊ အခု ရန်ကုန်မှာ သမီးဦးဆောင်ရမယ့် ကုမ္ပဏီလုပ်ငန်းတွေ လေ့လာရင်း အကဲခတ်ကြည့်ပေါ့၊ သမီးရဲ့ခင်ပွန်းလောင်းက အရည်အချင်းရှိပြီး ထက်မြက်တဲ့သူဆိုတာ သမီးသိလာမှာပါ"

ဒယ်ဒီက သဘောချယုံကြည်စွာ ဆိုခဲ့သည်။ ရွှေရုပ်က တော့ တစ်ကြိမ်ဆုံလိုက်တာနှင့်ပဲ ကြည့်မရအောင် အမြင်ကတ်သွားမိ၏။

တကယ့်ကို မထင်ပုံစံနဲ့ ဘာတွေများ မာနတွေ ခေါင်ခိုက်နေတဲ့ ယောက်ျားလဲ၊ ဒယ်ဒီက ဘာတွေ သဘောကျနေသည် မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့ ပြည့်စုံချမ်းသာမှုကြောင့်ပဲလား။

တကယ်ဆို ရွှေရုပ်တို့အခြေအနေကော နိမ့်ပါးနေတာမှ မဟုတ်တာ။ မူဆယ်မြို့မှာ ဦးမင်းရွှေဟန်ဆို မသိတဲ့သူ မရှိပါ။

စိုက်ပျိုးရေးခြံကြီးတွေနှင့် ဘိုးဘွားလက်ထက်က ပိုင်ဆိုင်သော အမွေဉစ္စာမနတွေနှင့် ပြီးပြည့်စုံနေခဲ့တာပဲ ဖြစ်သည်။

ဒယ်ဒီရဲ့ တစ်ဦးတည်းသောသမီးဖြစ်သည့် ရွှေရုပ်ဘဝကလည်း လိုတရဘဝကို ရခဲ့တာပဲဖြစ်၏။

ဒီမြို့လေးမှာ ဒယ်ဒီရဲ့သိက္ခာနှင့်အမည်က အများကြည်ညိုလေးစားရာ ဖြစ်ခဲ့သလို ရွှေရုပ်လှာဆိုသော ရွှေရုပ်သည်လည်း ယောကျ်ားလေးတိုင်းက မျှော်လင့်ငံ့လင့်နေသော ရွှေမင်းသမီးတစ်ပါး ဖြစ်ခဲ့တာပါပဲ။

ဒါတွေကို ရှင် မသိဘူးလား ရဲရင့်ဘုန်း။

ဘယ်ယောကျ်ားလေးကိုမှ ရင်မခုန်တတ်ခဲ့တဲ့ ရွှေရုပ်ကလည်း ရှင့်ရဲ့မာနအောက်မှာ ဦးညွှတ်ကြွေဆင်းသွားမယ်လို့ မျှော်လင့်ထားရင်တော့ ...

"သမီး အိပ်ပြီလား"

အခန်းတံခါး သံ့သံ့ခေါက်သံနှင့်အတူ ဒယ်ဒီ့အသံကြောင့် ရွှေရုပ် အတွေးတွေ ပြတ်သွားရ၏။

"အယ် ဒယ်ဒီ ... မ မအိပ်သေးပါဘူး"

ဒယ်ဒီကို ပြန်ဖြေရင်း ရွှေရုပ်တံခါးကို အပြေးလေး





သွားဖွင့်ပေးလိုက်တော့ ဒယ်ဒီ အခန်းထဲ လှမ်းဝင်လာ၏။

စားပွဲလေးပေါ်မှာ မနန်းလာပို့ပေးထားသော ထမင်းဟင်းတွေနှင့် ငွေလင်ပန်းကိုမြင်တော့ ဒယ်ဒီ မျက်မှောင်လေးကုတ်သွားရင်း ...

"ဟင် ... သမီးက ထမင်းစားခန်း ဆင်းမစားဘူးလား"

"အဟင်း ... ဟို ... ဂိမ်းကစားရင်း အာရုံမပြတ်နိုင်လို့ မနန်းကို အခန်းထဲ ပို့ခိုင်းလိုက်တာပါ ဒယ်ဒီရဲ့"

"အင်း ... သမီးကတော့ ဖြစ်ရမယ်၊ ဒီညတော့ ဂိမ်းဆက်မကစားနဲ့တော့၊ စောစောအိပ်ရာဝင်နော်၊ မနက်စောစော သမီး ခရီးသွားရတော့မှာကွဲ့"

ရွှေရုပ် မျက်နှာလေးမဲ့လိုက်မိသည်။ ရန်ကုန်သွားရမည့် ခရီးစဉ်အတွက် ယူစရာတွေ ပြင်ဆင်ထည့်ထားပြီးဖြစ်ပေမယ့် အခုချိန်မှာ နည်းနည်းတွန့်ဆုတ်နေမိတာ အမှန်။

ဒီလိုလူစားမျိုးနှင့်အတူ တစ်ကားတည်းစီး၊ တစ်ခရီးတည်း သွားရမှာမှန်းသိခဲ့လျှင် လေယာဉ်နဲ့ပဲဖြစ်ဖြစ် ရွှေရုပ်သွားဖို့စီစဉ်ဖြစ်မှာဖြစ်သည်။ အခုမှတော့ အကြောင်းပြ ငြင်းနေလို့လည်း မဖြစ်တော့ပါ။

"မောင်ရဲရင့်ဘုန်းက မနက်ဖြန်စောစော ခရီးထွက်မယ်တဲ့၊ ဒါကြောင့် သမီးကို စောစောအိပ်အနားယူထားဖို့ ဒယ်ဒီ



www.burmeseclassic.com

www.burmeseclassic.com



လာအသိပေးတာ''

''ဟုတ်ကဲ့ ဒယ်ဒီ၊ ဟို ... သမီးက သူနဲ့နှစ်ယောက်တည်း သွားရမှာလား ဒယ်ဒီ''

''ဟုတ်တယ်လေ သမီးရဲ့၊ ကိုရန်ရှင်း ယုံကြည်စိတ်ချစွာ လွှတ်လိုက်တဲ့သူပဲ၊ သမီးတစ်ယောက်တည်း သွားရမယ့်ခရီးထက် ဒယ်ဒီ ပိုစိတ်ချတယ်''

ဒယ်ဒီ့နှုတ်ကတောင် ဖွင့်ဟပြောနေတော့ ရွှေရုပ်ပြောလို့လည်း ဘာမှထူးခြားမလာနိုင်တော့တာ သိနေပါသည်။

''သမီးလိုအပ်တာတွေ မနန်းကို ပြင်ဆင်စီစဉ်နိုင်းထားပြီးပြီလား''

''ဟုတ်ကဲ့ ... ပြီးပါပြီ ဒယ်ဒီ''

''အေး အေး ... ကဲ ... စားစရာရှိတာစား သမီး၊ ပြီးရင် အိပ်ရေးဝအောင် အိပ်လိုက်နော်၊ ရန်ကုန်ရောက်ရင် သမီး အဆင်ပြေမှာပါ၊ လိုအပ်တာအားလုံး ကိုရန်ရှင်း ကူညီလိမ့်မယ် ဟုတ်လား''

ရွှေရုပ် ခေါင်းလေးညိတ်ပြလိုက်ပါသည်။

ရန်ကုန်မှာ ရွှေရုပ်အရည်အချင်းနှင့် ဝါသနာဆန္ဒအတိုင်း ကုမ္ပဏီတည်ထောင်မည်ဆိုတော့ ဒယ်ဒီ ယုံကြည်စွာခွင့်ပြုခဲ့သည်။ ငွေကြေးလိုအပ်သမျှ စိုက်ထုတ်တည်ထောင်ပေးခဲ့သည်။





ရွှေရုပ်ရင်ထဲက ရည်ရွယ်ချက်ကလည်း ကုမ္ပဏီကြီးကို အောင်မြင်စွာ ဦးဆောင်လုပ်နိုင်ဖို့ပဲ ဖြစ်၏။

''ကဲ သမီး ... မနက်ကျမှ ဆုံကြတာပေါ့''

ဒယ်ဒီ ရွှေရုပ်ခေါင်းလေးကို ပုတ်ပြီးထွက်သွားတော့ ရွှေရုပ် ငေးငေးလေး ကျန်ရစ်ခဲ့သည်။

ဒရိုင်ဘာနှင့် အကြိုလွှတ်မည်ဆိုသော ဦးရန်ရှင်းက ရဲရင့်ဘုန်းကိုမှ ဘာကြောင့်လွှတ်လိုက်တာလည်း မသိပါ။ သူ့ရဲ့ သားတော်မောင်ကို ရွှေရုပ်နဲ့ ကျွမ်းဝင်ခင်မင်စေချင်တာကြောင့်လား။

တော်တော်တော့ ခင်မင်စရာကောင်းသည့် ယောကျ်ားပါပဲ။

မကြာခင်တော်စပ်ရမည့် ဖနီးလောင်းကို ဆက်ဆံပုံကိုက အထက်စီးကလေးနဲ့။ ပြီးတော့ ဂျက်ကီကို နာကျင်အောင် လုပ်ခဲ့သေးသည်။

တွေးမိတိုင်း ရွှေရုပ် အံလေးကြိတ် ခံရခက်နေသည့် အဖြစ်မှာ။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

**ကိုယ်** ကျပ်အနီရောင်လေးအပေါ်က အုန်းခွံရောင်ဂျင်းဂျာကင်ကို ရွှေရုပ်ထပ်ဝတ်ဖို့ ရွေးလိုက်သည်။ အောက်ကတော့ အနီရောင်ဂျင်းဘောင်းဘီကိုပဲ ဝတ်လိုက်သည်။

ပခုံးသာသာပဲရှည်သော ဆံညှိုတွေကို အနောက်မှာခေါင်းစည်းပျော့ကွင်းလေးနှင့် စည်းနှောင်သည်။

သွားရမည့်ခရီးက ဝေးပေမယ့် ကိုယ်ပိုင်ကားနှင့်ပဲ ဆိုတော့ ဘာမှ ပြင်ဆင်ခြယ်သမနေတော့ပါ။ ဘာကာလာမှ မခြယ်ဘဲနဲ့လည်း ရွှေရုပ် လှသည်ဟု အားလုံးကို ချီးကျူးကြပြီးသား။

ပေါင်ဒါပါးပါးလေးတင်ကာ နှုတ်ခမ်းရဲရဲလေးကို ပန်းနုဖျော့ဖျော့လေး တင်လိုက်တာနဲ့ ရွှေရုပ်အတွက် လုံလောက်သွားပြီးသား။

မှန်ထဲက ကိုယ့်မျက်နှာလေးကို တစ်ချက်ကြည့်ရင်း ရဲရင့်ဘုန်းဆိုသည့် သူ့ကို ပြေးမြင်လိုက်မိသေးသည်။





သူ ချောမောသလို ရွှေရုပ်ကရော အကျည်းတန်နေတာမဟုတ်ပါ။ မျက်ခုံး၊ မျက်ဝန်း၊ နှာတံ၊ နှုတ်ခမ်း ဘာတစ်ခုမှ အပြစ်ဆိုစရာမရှိအောင် ရွှေရုပ် ပြေပြစ်ချောမောတာမို့ သူငယ်ချင်းတွေက အမြဲပြောတတ်၏။

"ရွှေရုပ် . . . နင်က နာမည်နဲ့လိုက်အောင် တကယ့်ရွှေရုပ်လေးလို ချောမောတာဟ၊ နင့်အသားလေးတွေက ဝင်းနှစ်နေတာပဲ၊ အကြောစိမ်းလေးတွေတောင် မြင်နေရတယ် . . . သိလား၊ နင် အရမ်းကုသိုလ်ကံထူးတယ်"

ကျောင်းမှာတုန်းက သူငယ်ချင်းတွေပြောတတ်သည့်စကားကို ခံစားရင်း ရွှေရုပ်ပြုံးမိသည်။ အားလုံးက ရွှေရုပ်အလှကို မြင်နေလျက်နဲ့ သူက အလေးမထား ဂရုမစိုက်ဟန် လုပ်နေတော့ ခံရခက်သည်။

"မမလေး . . . ကော်ဖီဝိုင်းမှာ ဆရာကြီးစောင့်နေတယ်ရှင့်"

မနန်းလာပြောမှ ရွှေရုပ် မှန်ရှေ့က ကသောကမျောလေး ခွာခဲ့ကာ အခန်းထဲကထွက်လိုက်သည်။

"မနန်း . . . ငါ့အိတ်တွေကော"

"အားလုံး ကားပေါ်တင်ပြီးပါပြီ မမလေး"

"ဩော် အေး အေး . . . အိုကေ ကျေးဇူးပဲ"

မနန်းကို ပခုံးလေးပုတ်နှုတ်ဆက်ကာ ရွှေရုပ် ကော်ဖီ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဘက် ထွက်ခဲ့သည်။ ကော်ဖီဝိုင်းမှာ ဒယ်ဒီနှင့်အတူ ရှိနေသူက ရဲရင့်ဘုန်း။

"ဟော . . . သမီး လာ၊ အဆာပြေစားသောက်သွားဖို့ ဒီမှာ ဒေါ်ကျင်က ရှမ်းခေါက်ဆွဲတွေ စီစဉ်ထားတာ"

"ဟုတ်လား . . . သိပ်ကောင်းတာပေါ့၊ အင်း . . . ဒေါ်ကျင့်လက်ရာတွေစော့ ရွှေရိပ် လွမ်းနေရဦးမှာ သေချာတယ်"

"ရွှေရုပ်လေး လမ်းမှာစားဖို့လည်း ဒေါ်ကျင် စီစဉ်ပေးလိုက်ပါတယ်ကွယ်၊ ပဲပုပ်တွေ အသားခြောက်ကင်တွေ ကောက်ညှင်းတွေရော ပါ,ပါတယ်"

ဒေါ်ကျင်စကားကို ရွှေရုပ် ခေါင်းလေးညိတ်ပြုံးပြရင်း ဒယ်ဒီဘေးမှာ ဝင်ထိုင်လိုက်သည်။ သူ့ကို ဖျတ်ခနဲမော့ကြည့်တော့ ရွှေရုပ်ကို တစ်ချက်လေးတောင် လှည့်မကြည့်ဘဲ ကော်ဖီကို မော့သောက်နေသည်။

ရွှေရုပ်စိတ်ထဲက မကျေမနပ်လေးဖြစ်မိပေမယ့် နှုတ်ခမ်းလေး တွန့်ပြုံးရင်း ရှမ်းခေါက်ဆွဲကို စားနေလိုက်သည်။

ဘာဂရုစိုက်စရာလဲ။ ရှင် အလေးမထားတော့ ရွှေရုပ်ကလည်း ဝေးပါသေးရဲ့။

"မောင်ရဲရင့် စားလေကွာ"

"ဝပြီ အန်ကယ် . . . ကျွန်တော် ညှိခန်းက စောင့်မယ်ခင်ဗျ"





"ဩော် . . . အေး၊ အန်ကယ်လည်း လိုက်မယ်၊ သမီး စားသောက်ပြီး ထွက်လာခဲ့နော်"

"ဟုတ် . . . ဒယ်ဒီ"

ရွှေရုပ် ခေါင်းလေးညိတ်ပြကာ ခေါက်ဆွဲကိုပဲ ငုံ့စားနေလိုက်သည်။ ဒယ်ဒီနှင့်အတူ ထွက်သွားသောသူ့ကို မကြည့်ဘူးရည်ရွယ်ထားပေမယ့် ခေါင်းလေး မော့လှည့်ကြည့်မိသည်။

အနက်ရောင်ဘောင်းဘီနှင့် အပြာကွက် ရှပ်လက်ရှည်ကို တံတောင်ဆစ်နားအထိ ခေါက်တင်ထားတာက စမတ်ကျရှင်းသန့်ပါသည်။ ဘယ်လိုပဲဝတ်ဝတ် ကြည့်ကောင်းနေတာတော့ အမှန်။

ရှပ်လေးချောပြီး မာနက မိုးအထိ မြင့်နေတာကတော့ အမြင်ကတ်စရာကောင်းလိုက်တာ။

ဦးစိုင်းမောင်တို့၊ ဒယ်ဒီတို့အပေါ်မှာတော့ ဆက်ဆံပုံက ယဉ်ယဉ်ကျေးကျေးပါပဲ။ ရွှေရုပ်ကိုတော့ အဖက်မတန်သလို ပုံစံနဲ့။ ဘယ်လိုယောက်ျားလဲ။

ရွှေရုပ်နဲ့တော့ တစေ့င်းစေးနဲ့မျက်ချေး ဖြစ်မှာသေချာ၏။

♥



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းထဲမှာ သူနှင့် အန်ကယ်ဦးမင်းရွှေဟန် စကားတွေပြောနေတုန်းမှာပဲ ရွှေရုပ်လွှာ ထွက်လာသည်။ ထမင်းချက်ဒေါ်ကျင်နှင့်အတူ ထွက်လာတာကို သူ ရိပ်ခနဲ မြင်ပေမယ့် လှည့်မကြည့်ဖြစ်ပါ။

"ဟော သမီး ... အဆင်သင့်ဖြစ်ပြီလား"

"ပြီးပြီ ဒယ်ဒီ ... ဒယ်ဒီ့ကို နှုတ်ဆက်ကန်တော့မလို့၊ ဒေါ်ကျင်လည်း ထိုင်နော်၊ ရွှေရုပ် လူကြီးတွေကို ကန်တော့ခဲ့ချင်လို့"

"အေး အေး ... ကဲ ဒေါ်ကျင် ... လာထိုင်လိုက်ပါဗျာ"

ရွှေရုပ်လွှာက မိဘနှင့်လူကြီးတွေကို ကန်တော့မည်ဆိုတော့ သူ အလိုက်တသိ ဆိုဖာထိုင်ခုံက ထရပ်ကာ ရှောင်ပေးလိုက်သည်။

ဖခင်ဖြစ်သူနှင့်ဒေါ်ကျင်ကို ပုဆစ်တုပ်လေးထိုင်ကာ ရွှေရုပ်လွှာ ထိုင်ကန်တော့နေသည်။

"သာဓု သာဓု သာဓု ... ဒယ်ဒီ့သမီးလေး ဘေးအန္တရာယ်တွေ ကင်းစင်ပြီး အေးချမ်းပါစေကွယ်"

"သာဓု သာဓုပါ ... သမီးလေးရွှေရုပ် ဘေးအန္တရာယ်တွေ ကင်းစင်ပြီး အေးချမ်းပါစေကွယ်"





"ပေးတဲ့ဆုတွေနဲ့ ပြည့်ပါရစေ၊ သမီး သွားတော့မယ်နော် ဒယ်ဒီ"

ပြောရင်း ရွှေရုပ်လွှာ ထရပ်သည်။ အရပ်အမောင်းလေးက မြင့်မြင့်လေးနှင့် ဝတ်ထားသောဝတ်စုံလေးကြောင့် ပြေပြစ်ကြော့ရှင်းသော ခန္ဓာကိုယ်လေးကို ပေါ်လွင်စေသည်။

ဆံပင်လေးကို ရိုးရိုးလေးပဲ စုစည်းချည်နှောင်ထားတာမို့ ဝင်းမွတ်နေသော ကုပ်သားဝင်းဝင်းလေးမှာ ပလက်တီနမ်ကြိုးလေးကို မြင်တွေ့နေရ၏။

တစ်ခုတော့ သူ ကျိတ်ချီးကျူးမိသည်။

ဒီကောင်မလေး ကာလာရောင်စုံတွေ တောက်ပအောင် ပြင်ဆင်မထားပါ။ ပြင်ဆင်မထားဘဲလည်း လှပသောမျက်နှာလေးကြောင့်လားတော့ မသိ။

သူကြည့်နေတုန်း ရွှေရုပ်လွှာ ခေါင်းမော့ကြည့်တော့ မျက်ဝန်းလေးတွေနှင့် ထိပ်တိုက်ဆုံမိသည်။ ရွှေရုပ်လွှာ မျက်ခုံးတန်းတန်းလေး တွန့်ကွေးကျုံ့သွားခဲ့ကာ ချာခနဲ အကြည့်တွေလွှဲသွား၏။

သူ ယဲ့ယဲ့လေးပြုံးမိသည်။ သူမခွေးတစ်ကောင်ကို သူ ဆုံးမလိုက်တာကို အစာမကြေသေးပုံရပါသည်။

"ကဲ ... သမီးတို့ သွားတော့၊ မောင်ရဲရင့် ... အန်ကယ် စိတ်ချမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . စိတ်ချပါအန်ကယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျာ"

ဦးမင်းရွှေဟန်ကို နှုတ်ဆက်ပြီး သူ ကားဆီလျှောက်ခဲ့သည်။ ရွှေရုပ်လွှာက သူ ဖွင့်ပေးမှာကို မစောင့်ဘဲ ကားနောက်ခန်းတံခါးကို ဆွဲဖွင့်ဝင်ထိုင်ပြီးဖြစ်နေသည်။

သူ ကားတံခါးဖွင့်ကာ မောင်းသူနေရာမှာ ဝင်ထိုင်ပြီး စက်နှိုးလိုက်သည်။

"သွားပြီ ဒယ်ဒီ . . . ဘိုင့်"

"ဘိုင့် သမီး . . . ဘိုင်"

ဖခင်ဖြစ်သူနှင့် နှုတ်ဆက်လက်ပြနေချိန်မှာပဲ သူ ကားကို ညင်သာစွာ မောင်းထွက်ခဲ့သည်။

မြူတွေဝေဆိုင်းနေသော လေသာကုန်းလေးထက်မှာ ရွှေရုပ်လွှာတို့၏ ခမ်းနားလှသော စံအိမ်ကြီးက ကျန်ရစ်ခဲ့သည်။

ကိုယ်နေခဲ့သောအိမ်ကြီးနှင့် ဖခင်ဖြစ်သူကို ခွဲရပြီဆိုတော့ ရွှေရုပ်လွှာ ဝမ်းနည်းခံစားနေမည်လား။ နောက်ကြည့်မှန်လေးထဲက သူ လှမ်းအကဲခတ်ကြည့်မိသည်။

ဝင်းမွတ်ကြည်လင်နေသော မျက်နှာလေးက အနီးကပ်ကြည့်မှ နုနုညက်ညက်လေး ချောမောပါသည်။ ရွှေရုပ်လွှာဆိုသော အမည်နာမလေးနှင့်လိုက်ဖက်အောင် သူမမျက်နှာလေးက ရွှေရုပ်ကလေးလို ဝင်းပနေသည်။





မျက်ခုံးတန်းတန်းလေးအောက်က မျက်နက်ဝန်းလေးတွေက မျက်တောင်ကော့ကြီးတွေ ကော့စင်းလျက်။ နှာတံစင်းစင်းလေးက နှုတ်ခမ်းဖူးဖူးလေးအထက်မှာ ပြေပြေလေးထင်ပေါ်သည်။

ဆံနွယ်တွေကို နောက်လှန်သိမ်းစုနှောင်ကာထားတာမို့ နဂိုညက်ညောသော မျက်နှာအလှလေးကို ခင်းကျင်းပြထားသလိုပါပဲ။

သူမအလှမှာ လွင့်ခနဲမျောသွားသော သူ့အသိစိတ်တွေက နောက်ကြည့်မှန်ထဲကို စူးစူးလေးကြည့်လာသော သူမအကြည့်တွေကြောင့် ပြန်စုစည်းမိသည်။

"ဒီမှာ . . . ရှင်မောင်းရမယ့်လမ်းခရီးကိုတော့ အသေအချာ သိပါတယ်နော်"

မေးပုံက မာဆတ်ဆတ်လေးပေမယ့် အသံချိုချိုလေးကြောင့် သူ အပြစ်မမြင်ဘဲ ပြုံးမိကာ . . .

"မပူပါနဲ့၊ ကိုယ် ရန်ကုန်ကနေ မင်းတို့အိမ်အထိတောင် ရောက်အောင် မောင်းလာခဲ့ပြီးပြီပဲ"

"နေပါဦး . . . ကျွန်မ တစ်ခုမေးမလို့၊ ရန်ကုန်အထိ လမ်းမှာ ဘယ်လောက်ကြာနိုင်မလဲ"

"တစ်ရက်နဲ့တစ်မနက် အလွန်ဆုံးပေါ့ကွာ"

"ဟင် . . . ဒါဆို ကျွန်မက ညအိပ်ရင် ဘယ်မှာအိပ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေးပုံက စိုးရိမ်မျက်ဝန်းလေးနှင့် သူရယ်ချင်ပေမယ့် မရယ်ဖြစ်ဘဲ ...

''အဲဒီကားနောက်ခန်းထဲမှာ မင်းဘာသာ လွတ်လွတ်လပ်လပ် စိတ်ကြိုက်အိပ်လိုက်ခဲ့ပါ၊ ကိုယ် မရပ်မနား မောင်းပေးမယ်''

''အိုး ... ဘယ်ဖြစ်မှာလဲ၊ အဲဒီလို ကျွန်မ မအိပ်တတ်ဘူး၊ လမ်းမှာတွေ့တဲ့ ဟိုတယ်ဖြစ်ဖြစ်, တည်းခိုခန်းဖြစ်ဖြစ် ...''

''ဆောရီးပဲ ... ကိုယ့်တာဝန်က မင်းကို ဟောဒီကားနဲ့ ရန်ကုန်အရောက် ခေါ်လာပေးရမှာ၊ လမ်းမှာ ဘာအကြောင်းနဲ့မှ အချိန်ကုန်လွန်ခွင့် မရှိဘူး''

သူ ယတိပြတ်ပဲပြောမိသည်။ သူမမျက်နှာလေး မကျေမနပ်ဖြစ်သွားတာကိုလည်း မမြင်ဟန်ဆောင်နေလိုက်၏။

''ဒီမှာ ... အန်ကယ်ဦးရန်ရှင်းပြောတော့ ဒရိုင်ဘာကို လွှတ်လိုက်မယ် ပြောထားတာနော်''

မိန်းကလေးတွေကို သူ့မကြိုက်တာ ဒါပဲဖြစ်သည်။ ရုပ်ချောမောတာ မချောမောတာဘဲ မတူရှိရမည်။ စကားများစပ်စုလွန်းတာတော့ အတူတူပဲဖြစ်၏။ အခုလည်း မချွေချော မိန်းမပီသနေပြီ။

''မင်း စကားသိပ်များပါလား၊ အခု ကိုယ်က မင်းရဲ့





ဒရိုင်ဘာ၊ ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်စွာ ထမ်းဆောင်နေတယ်၊ မင်း သိပ်မနှောင့်ယှက်ပါနဲ့၊ ဒီတောင်ပေါ်လမ်းတွေကို သိပ်မမောင်းဖူးဘူး''

ရွှေရုပ်လွှာ နှုတ်ပိတ်သွား၏။ အမူအရာနှင့်မျက်ဝန်းအကြည့်တွေကတော့ ကျေနပ်ပုံမရ။

သူ ကားရှေ့မှာပဲ အာရုံပို့ထားလိုက်သည်။ သင်းကလေး မကျေနပ်လျှင်လည်း မတတ်နိုင်ပါ။ ကိုယ်က ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်နေတာပဲဖြစ်သည်။ အရေးကြီးတာ ရွှေရုပ်လွှာ ရန်ကုန်ကို ဘေးမသီရန်မခ ရောက်ဖို့ပဲဖြစ်၏။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ရွှေရှုပ် နာရီကိုငုံ့ကြည့်တော့ ဆယ့်နှစ်နာရီတောင် ထိုးတော့မည်။ လမ်းမှာ ကားကိုတစ်ချက်လေးတောင် မနားဘဲ ရဲရင့်ဘုန်း မောင်းလာတာဖြစ်သည်။

အိမ်က ထွက်လာတော့ ခုနစ်နာရီခွဲ။ ငါးနာရီနီးပါး တောက်လျှောက်ထိုင်မောင်းလာသောသူ ညောင်း,မညောင်းတော့ မသိပါ။ ရွှေရှုပ်တော့ ထိုင်နေရတာ တင်ပါးတွေ ပူလာသည်။

ညာရွှေ့၊ ဘယ်ရွှေ့နှင့် အညောင်းပြေထိုင်လို့ရသေးပေမယ့် သူကတော့ ရွှေရှုပ်လို ရွှေ့ထိုင်လို့ရတာမဟုတ်ပါ။

နှစ်ဦးတည်းရှိတာ သူလည်း စကားမပြော၊ ရွှေရှုပ်လည်း စကားမပြောတော့ တိတ်ဆိတ်ပျင်းစရာကောင်းတာလည်း အမှန်။ ဆိုးတာက ရွှေရှုပ်ဗိုက်ဆာလာတာဖြစ်သည်။

သတိရလိုက်မိတာ ဒေါ်ကျင်ထည့်ပေးလိုက်သော ငါးဆင့်စတီးချိုင့်ကြီးဖြစ်သည်။ ရွှေရှုပ် လှမ်းယူကာ ဖွင့်ကြည့်တော့





ချိုင့်ထဲမှာ ရှမ်းခေါက်ဆွဲတွေရော ကောက်ညှင်းထမင်းတွေအပြင် အသားခြောက်ကင်နှင့် ပဲပုပ်တွေက ဆီနင့်နေ၏။

သူ ကားမရပ်ပေးလည်း ပြဿနာမရှိပါ။ ရွှေရှုပ် ဒေါ်ကျင်ထည့်ပေးလိုက်သော ရှမ်းခေါက်ဆွဲတွေ စားလိုက်သည်။

ရွှေရှုပ်ကြိုက်သော ပဲပုပ်တွေ၊ အသားခြောက်တွေကို စား၊ ရေကိုသောက်လိုက်တော့ ဝမ်းဝတင်းတိမ်သွားသည်။

ကားမောင်းနေသော သူ့ကို လှမ်းကြည့်တော့ ရွှေရှုပ်ကို တောင် မကြည့်ဘဲ ကားကိုပဲ အာရုံစိုက်မောင်းနေသည်။

ဘာလဲ ...ဘာအထာလဲ။ အာဟာရသိဒ္ဓိ ပြည့်ဝနေသည်လား။ ဒက်ရှ်ဘုတ်ပေါ်က ရေသန့်ဘူးထဲကရေကိုပဲ သုံးကြိမ်လောက် သောက်ထားသည်။ ရွှေရှုပ်စားသောက်နေတာကို မြင်လျက်နဲ့ ဘာမှမပြောတော့ ရွှေရှုပ်လည်း ဘာမှမမေးမပြောဘဲ နေလိုက်သည်။

ချိုင့်ကိုပြန်ထားကာ ကူရှင်မှာမှီပြီး အိပ်လိုက်သည်။

မှေးခနဲ တစ်ရေးအိပ်ပျော်သွားသည် ထင်မိ၏။ ဖျတ်ခနဲ နိုးလာတော့ ကားက ခရီးနှင်နေတုန်း။ မောင်းသူနေရာမှာ သူက တည်တည်ငြိမ်ငြိမ် ထိုင်နေဆဲ။

ရွှေရှုပ် သတိလက်လွတ် အိပ်ပျော်သွားခဲ့တာတောင် နည်းနည်းရှက်မိ၏။ နာရီကိုငုံ့ကြည့်တော့ တစ်နာရီကျော်နေပြီ။

ဒီအချိန်ထိ သူ ဘာမှမစားသေးဘူးဆိုသော အသိက



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်ခေါင်းထဲ ဝင်လာသည်။

ရွှေရုပ်ကသာ သတိထားမိပြီး နောက်ကြည့်မှန်ထဲက ကြည့်နေမိတာ၊ သူကတော့ ကားရှေ့မြင်ကွင်းမှာပဲ အာရုံရှိနေသော မျက်ဝန်းတွေနှင့် ရှိ၏။ ရွှေရုပ်အိပ်ပျော်နေသည့် တစ်နာရီလောက်အချိန်လေးမှာကော သူ ရွှေရုပ်မျက်နှာကို ခိုးမကြည့်ဘူးလို့ ပြောနိုင်မလား။

တွေးရင်း ရွှေရုပ် ရှက်ရွံ့ရွံ့လေးတောင် ဖြစ်မိသည်။

သူ ဂရုမစိုက်တော့ ကိုယ်လည်း ဘာဂရုစိုက်စရာလိုသည်လဲ။ ရေသန့်ဘူးဆွဲယူကာ ရေတစ်ငုံ သောက်ပြီး သက်သောင့်သက်သာလေး ထိုင်လိုက်၏။

ပြတင်းတံခါးအပြင်ဘက် မြင်ကွင်းတွေကို ငေးရင်း ဆယ်မိနစ်လောက်ကြာတော့ ရွှေရုပ်မျက်နှာလေး မဲ့ခနဲ ဖြစ်သွား၏။

ဝမ်းထဲက ရစ်ခနဲနာသည်။ စားထားသော ပဲပုပ်တွေ ခေါက်ဆွဲတွေက တန်ခိုးပြပြီ ထင်သည်။

မျိုသိပ်တားမရသော အန္တရာယ်ဆိုတော့ ရွှေရုပ် သူ့ကို စကားမပြောချင်ပေမယ့်လည်း မပြောလို့ မရတော့ပါ။

"ဒီ ဒီမှာ ကားခဏရပ်ပေးစမ်းပါ၊ ကျွန်မဗိုက်ထဲ ရစ်နေလို့၊ အဲ ... ဝမ်းသွားချင်လို့"

နောက်ကြည့်မှန်ထဲက သူ့အကြည့်တွေ ရွှေရုပ်ဆီ





ရောက်လာသည်။ ရွှေရုပ်မျက်နှာလေး ရှုံ့မဲ့နေတာ မြင်တော့

"မင့်း ခဏလောက်အောင့်ထားလို့ ရမလား၊ အလွန်ဆုံး သုံးမိနစ်လောက်ပေါ့"

"အဲ အဲဒီလောက်တော့ ရပါတယ်"

"အိုကေ ... ခဏနေရင် ရှေ့မှာ ကားရပ်နားစခန်း တစ်ခု ရှိတယ်၊ အဲဒီမှာဆို မင်းအတွက် ပိုအဆင်ပြေတာပေါ့"

ရွှေရုပ် ခေါင်းလေးညိတ်လိုက်ရ၏။ လက်ရှိရောက်နေသည့် နေရာဆိုလျှင်တော့ ရွှေရုပ်အခြေအနေက လမ်းဘေး ချုံထဲဝင်တိုးရမည့်အခြေအနေ။ သူ ကားလေးကို စက်ရှိန်မြှင့်မောင်းနေတာကိုလည်း ရွှေရုပ်သတိထားမိသည်။

သုံးမိနစ်တောင် မကြာလိုက်ပါ။ နှစ်မိနစ်ကျော်လောက်မှာပဲ ကားလေးက ကားရပ်စခန်းလေးမှာ ထိုးရပ်သွား၏။

"ကဲ ရွှေရုပ်လွှာ ... ဟောဟိုမှာ မြင်နေရတာ သန့်စင်ခန်း၊ လွတ်လွတ်လပ်လပ် သွားပါ"

သူ့စကားအဆုံးမှာ ရွှေရုပ် ရှက်မျက်နှာလေးနှင့်ပဲ သန့်စင်ခန်းရှိရာကို ခပ်သုတ်သုတ် ထွက်ခဲ့ရသည်။

ကိစ္စတွေပြီးဆုံးတော့မှ ရွှေရုပ်ထွက်ခဲ့မိသည်။

သူက ကားတံခါးမှာ မှီရပ်ရင်း ရွှေရုပ်ကို စောင့်နေပုံရသည်။ တစ်မနက်လုံး ကားမောင်းထားရတာမို့ သူ ညောင်းညာနေမှာကို ရွှေရုပ်တွေးမိကာ စာနာမိသေး၏။



www.burmeseclassic.com

www.burmeseclassic.com



သူက ရွှေရုပ်အနားရောက်လာမှ လှည့်ကြည့်သည်။

"ဟို ရှင် ဘာမှမစားရသေးဘူးမဟုတ်လား၊ ချိုင့်ထဲမှာ ဒေါ်ကျင်ထည့်ပေးလိုက်တဲ့ အသားခြောက်ဖုတ်နဲ့ ပဲပုပ်တွေ အများကြီးရှိတယ်။ ကောက်ညှင်းတွေလည်း ရှိတယ်လေ"

"အဲဒါတွေက မင်း လမ်းမှာဆာရင် စားဖို့ထားပါ၊ ကိုယ် အခုပဲ ဟိုထမင်းဆိုင်လေးမှာ စားပြီးပြီ၊ ရော့ ... ဒီမှာ ကော်ဖီသောက်ချင်မလားလို့ ဝယ်လာတာ"

အပူခံဘူးထဲမှာ ကော်ဖီတွေ အပြည့်ထည့်ထားသော ဘူးကို သူကမ်းပေးနေတော့ ရွှေရုပ်ကျေးဇူးတင်အပြုံးလေးနှင့် လှမ်းယူလိုက်ရသည်။

"ကဲ ... တက် ရွှေရုပ်လွှာ၊ ကိုယ်တို့ မန္တလေးကို ရောက်မှ ခဏလောက် နားခွင့်ရမှာ"

ပြောရင်း သူ ကားတံခါးဖွင့်တက်လိုက်တာမို့ ရွှေရုပ် တက်ထိုင်လိုက်ရပါသည်။

ကားလေးက တရိပ်ရိပ် ပြေးနေဆဲ။

ရွှေရုပ် အံ့ဩနေမိသည်က သူ့ရဲ့ကားမောင်းကျွမ်းကျင်မှုနှင့် ခံနိုင်ရည်ရှိမှုကို ဖြစ်သည်။ ထမင်းစားသောက်တာကလည်း မြန်လိုက်တာ။ ရွှေရုပ်ထွက်သွားသည့် မိနစ်နှစ်ဆယ်လောက်မှာပဲ ပြီးနေပြီ။

ဟော ... အခု ကားကို သူဆက်မောင်းနေပြန်သည်။





နှစ်ဦးကြားမှာ ဘာစကားမှ မပြောဖြစ်တော့ ရွှေရုပ် ကော်ဖီလေး တစိမ့်စိမ့်သောက်ရင်း ငြိမ်သက်စွာပဲ လိုက်ခဲ့မိသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

**လမ်း** က ကားရပ်နားစခန်းတစ်ခုမှာ သူ ကားကို တစ်ခေါက်ရပ်ပေးလိုက်၏။ သူသည် အညောင်းပြေဆင်းရင်း တပေါ့တပါး သွားချင်သည်။

"ရွှေရုပ်လွှာ . . . မင်း အပေါ့သွားချင်ရင် သွားလေ၊ ဆယ်မိနစ်လောက်တော့ အချိန်ရတယ်"

ရွှေရုပ်လွှာ ခေါင်းလေးညိတ်ကာ ကားပေါ်က ဆင်းသွားသည်။ သူလည်း ကားတံခါးတွေ လုံခြုံအောင်ပိတ်ပြီး သန့်စင်ခန်းဝင်သည်။ သူပြန်ရောက်လာတော့ ရွှေရုပ်လွှာ ကားအနားပြန်ရောက်နေပြီ။

ခါးလေးဆန့်ကာ သူမ လမ်းလျှောက်နေသည်။ ကားပေါ်မှာ တစ်နေကုန်နီးပါး ထိုင်နေရသည်ဆိုတော့ သူမလည်း ညောင်းရှာမည်ပေါ့။ သူ ကားစက်ဖုံးဖွင့်ကာ လိုအပ်တာစစ်ဆေးသည်၊ ရေဖြည့်သည်။





ရွှေရုပ်လွှာက လမ်းကလေးလျှောက်ရင်း သူ့ကို ရပ်ကြည့်နေတော့ သူ စက်ဖုံးကို ပိတ်ရင်း . . .

"အညောင်းပြေလောက်ရင် သွားကြစို့ ရွှေရုပ်လွှာ"

ခေါင်းလေးညိတ်ကာ ရွှေရုပ်လွှာ ကားထဲဝင်ထိုင်သည်။ သူ ကားတံခါးဖွင့်တက်ကာ မောင်းထွက်လိုက်သည်။

ညနေစောင်းနေပြီမို့ အအေးဓာတ်လေးက သိသိသာသာ တိုးလာ၏။ ရွှေရုပ်လွှာ အုန်းခွံရောင်ဂျင်းဂျက်ကက်လေးကို အပေါ်က ထပ်ဝတ်လိုက်တာ သူတွေ့သည်။

မျက်နှာလေးသစ်ကာ ကိုယ်လက်သန့်စင်လာသည် ထင်သည်။ ရွှေရုပ်လွှာမျက်နှာလေးက သန့်စင်ကြည်လင်နေ၏။

ရွှေရုပ်လွှာအလှက တစိမ့်စိမ့်ကြည့်လေလေ စွဲမက်စရာကောင်းလေလေဆိုသည့် အလှမျိုးဟု သူ မှတ်ချက်ပြုမိသည်။

နေ့လယ်က ရွှေရုပ်လွှာ ကူရှင်လေးမှာမှီကာ အိပ်မောကျသွားစဥ်က သူ အသေအချာ စူးစူးနစ်နစ်လေး ကြည့်ခဲ့ဖူးသည်။

မျက်တောင်ကော့ကြီးတွေ မှေးစင်းအိပ်နေပုံလေးက တကယ့်အပြစ်ကင်းစင်သော ကလေးငယ်လေးလိုပါပဲ။

နှုတ်ခမ်းဖူးဖူးလေးကို စတွေ့စတုန်းက တော်တော်စွာမည့်ကောင်မလေးဟု ထင်မှတ်ခဲ့သည်။

ဖခင်ဖြစ်သူက မူဆယ်မြို့ရဲ့ အထင်ကရပုဂ္ဂိုလ်၊ ချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာကြွယ်ဝမှုကလည်း ထည်ဝါခမ်းနားလှသော အိမ်ကြီးကိုမြင်ရုံနှင့် အကဲခတ်ကြည့်နိုင်ပါသည်။

ပြည့်စုံချမ်းသာသော သူဌေးကြီး၏ တစ်ဦးတည်းသော သမီးလေးဆိုသောဘဝ၊ ပုရိသတွေငေးလောက်အောင် ချောမွေ့သောအလှ အားလုံးက ရွှေရုပ်လွှာကို မာနတံခွန်ထူစေလောက်သည်။

သူရောက်လာလာချင်း ဆက်ဆံပြုမူပုံကိုတွေ့တော့ စိတ်က တစ်ထစ်ချ သတ်မှတ်ခဲ့ပေမယ့် သူနှင့်လိုက်ရမည်ဆိုတော့ ဖခင်ကို ရှိုနိုးရုံမကဘဲ ထမင်းချက် ဒေါ်ကျင်ကိုပါ ရှိသေလေးစားသောစိတ်ဓာတ်လေးက ချစ်ခင်စရာတော့ကောင်းသည်။

လွင့်ခနဲ မျောသွားသောအသိတို့က မျက်နှာချင်းဆိုင်မှ ကားတစ်စီးဟွန်းသံကြောင့် အာရုံမှာ ပြန်ပူးကပ်သွားခဲ့၏။

တကယ်ဆို ရွှေရုပ်လွှာအပေါ်မှာ သူ့စိတ်တွေ အာရုံမျောလွင့်စရာ ဘာမှမရှိတာ ဦးနှောက်က ချက်ချင်းအသိဝင်သည်။

ရဲရင့်ဘုန်းဆိုသော သူသည် ဘဝကို ခံစားချက်များစွာနှင့် သိုဝှက်ရှင်သန်နေခဲ့သူ။ ဘယ်မိန်းမကိုမှ သူ့နှလုံးသားမှာ နေရာမပေးခဲ့ပါ။ အာရုံထဲတောင် မသွင်းခဲ့ဘူး။

ရွှေရုပ်လွှာဆို ပိုလို့ ဝေးပါသည်။

တင်းခနဲ ကြိတ်လိုက်မိသော သွားတွေကြောင့် သူ





မေးရိုးတွေ မာဆတ်သွားခဲ့သည်။

ဘဝဆိုတာ လျှို့ဝှက်ချက်တွေနှင့် မဟုတ်လား။

ရဲရင့်ဘုန်းဆိုသော သူ့ဘဝသည်လည်း ...

♥

ကားက စက်သံပျောက်ပြီး အရှိန်တုံ့ခနဲ ဖြစ်သွားကတည်းက သူ သတိထားမိသည်။ တစ်ခုခုတော့ ချွတ်ယွင်းပြီထင်သည်။

သတိနှင့်ကားဘရိတ်ကို သူ ညင်သာစွာ နင်းလိုက်ချိန်မှာ ပဲ အနောက်ခန်းထဲက သူမရဲ့စိုးရိမ်တကြီး မေးသံလေးကို ကြားသည်။

"ကား ဘာဖြစ်လို့လဲ ကိုရဲရင့်ဘုန်း"

ရွှေရုပ်လွှာအမေးကို သူ မဖြေနိုင်သေးပါ။ ကားကို ထိုးရပ်ပြီး တံခါးဖွင့်ဆင်းလိုက်သည်။ ရွှေရုပ်လွှာကလည်း နောက်ခန်းတံခါးဖွင့်ကာ သူ အနားရောက်လာသည်။

နှုတ်က ဘာမှမမေးပေမယ့် ကားစက်ဖုံးဖွင့်ကာ ကြည့်နေသော သူ့အနားမှာ ငေးငေးလေး ရပ်နေ၏။

"ဟား ... သေစမ်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာဖြစ်လို့လဲဟင်"

သူ စိတ်ညစ်ညူးသလို ရေရွတ်လိုက်တော့ ရွှေရုပ်လွှာ မေးနေပြန်သည်။ သူ စိတ်မရှည်နိုင်သလို ကြည့်လိုက်ရင်း ...

"မင်း ကားစက်တွေအကြောင်း နားလည်သလား"

ရွှေရုပ်လွှာ မျက်နှာလေးမဲ့ကာ ပခုံးလေးတွန့်ကာ ခေါင်းကို ခါသည်။ သူ သိတော့သိပြီးသား ဖြစ်သည်။ ဒီလိုကောင်မလေး က ကားကို မောင်းပဲမောင်းတတ်မည့် ကောင်မလေးပဲ ဖြစ်နိုင်မည်။

ဆီပျောက်မီးပျောက်လောက်တောင် သိမှာမဟုတ်ပါ။

"မင်း နားမလည်တော့ ရှင်းပြနေလည်း ထူးခြားမှာ မဟုတ်ဘူး၊ သေချာတာကတော့ ကားအင်ဂျင်ပိုင်းက စက်ပစ္စည်း တစ်ခုကို ပြင်ဆင်ရမှာပဲ၊ ဒီတော့ အနီးဆုံးကားဝပ်ရှော့တစ်ခုကို သွားရလိမ့်မယ်"

"ဟင် ... ဒီအနီးအနားမှာ ဘယ်လိုလုပ် ဝပ်ရှော့ရှိမှာ လဲ"

ရွှေရုပ်လွှာက ကားဘေးပတ်ဝန်းကျင်ကို မျက်ဝန်းနက် လေးတွေ ဝိုင်းစက်ကြည့်ရင်း ပြောသည်။ ကားလမ်းမကြီး ဘေးတစ်ဖက်တစ်ချက်ဆီမှာ ချုံနွယ်တွေ၊ သစ်ပင်တွေကလွဲလို့ ဘာမှရှိမနေပါ။

သူ နာရီကို ငုံ့ကြည့်လိုက်မိတော့ ညနေငါးနာရီကျော်





နေပြီ။ မကြာခင် အမှောင်ရိပ်က သမ်းတော့မည်။

"ဒီအတိုင်းကြီးထိုင်နေလို့ ဘာမှ ထူးခြားမှာမဟုတ်ဘူး လေကွာ၊ ဒီတော့ ကိုယ် အနီးဆုံးရှိနိုင်တဲ့ ဝပ်ရှော့တစ်ခုကို ရှာကြည့်မယ်၊ ကိုယ်တို့ဖြတ်ခဲ့တဲ့ အနောက်မှာတော့ ဝပ်ရှော့ မရှိဘူး၊ ရှေ့ဆက်လျှောက်ကြည့်မယ်၊ ကားကြုံတွေ့ရင်လည်း ကားစီးသွားလိုက်မယ်"

"ဟင် ... ရွှေရုပ်တစ်ယောက်တည်း ဒီကစောင့်နေခဲ့ရ မှာလား"

"အင်းလေ ... မင်း ကားထဲဝင်ပြီး ကားတံခါးမှန်တွေ ပိတ်ထိုင်နေလိုက်ပေါ့၊ ကိုယ် အမြန်ဆုံး ပြန်လာမှာပါ"

သူပြောတော့ ရွှေရုပ်လွှာ မဝံ့မရဲ ခေါင်းလေးညိတ်ကာ ကားတံခါးဖွင့် ဝင်ထိုင်သည်။ လူသူပြတ်လပ်သော လမ်းမကြီး ပေါ်မှာ ကားတစ်စီးနှင့် တစ်ယောက်တည်း နေရစ်ခဲ့ရမည် ဆိုတော့ ရွှေရုပ်လွှာ ကြောက်စိတ်လေးဝင်နေမှာတော့ သူသိ ပါသည်။

ဒါပေမဲ့ အခြေအနေကလည်း သူ ဘယ်လိုမှ မဖြေရှင်း လို့ မဖြစ်သည့် အခြေအနေဆိုတော့လည်း ...

"ဘာမှမကြောက်နဲ့၊ ကားမှန်တံခါးတွေတော့ ဖွင့်မထား နဲ့ ... ဟုတ်လား"

ပြောပြီးသည်နှင့် သူ ခပ်သွက်သွက်ခြေလှမ်းတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကို ဆက်လျှောက်ခဲ့သည်။ လမ်းကြို့ကားကို စောင့်နေတာထက် လမ်းလျှောက်ရင်း ကြုံမှ ကားစီးတာက ပိုအဆင်ပြေနိုင်သည်။

လမ်းချိုးကွေ့တစ်ခုကို သူ ကျော်လွန်လာသည်အထိ လမ်းကြို့ကားကို တစ်စီးမှ မကြုံသေးပါ။ ကိုယ့်ခြေထောက်တွေကိုပဲ အားကိုးကာ ဆက်လှမ်းခဲ့သည်။

'တီ တီ'

စူးရှကျယ်လောင်သော ကားသံကို ကြားလိုက်ရပေမယ့် သူနှင့်မျက်နှာချင်းဆိုင်က . မောင်းနှင်လာသော ကားတစ်စီး ဖြစ်နေသည်။

''ဝေး ဟေး ဟေး''

အမိုးဖွင့်ဂျစ်ကားလေးက စက်ရှိန်ပြင်းပြင်းနှင့် သူ့ရှေ့က ဖြတ်မောင်းသွားသည်။ ကားပေါ်က လူငယ်နှစ်ယောက် ဗရုတ်သုတ်ခ ဟစ်အော်သံနှင့်အတူ လွှင့်စဉ်ပြုတ်ကျလာသော ဘီယာဘူးခွံလေးက ကတ္တရာလမ်းပေါ် ကဆုန်ပေါက် ကျန်ရစ်ခဲ့သည်။

ဘယ်လိုကောင်တွေလဲ မသိပါ။ တကယ်ဆို လမ်းဘေးကို လွှင့်ပစ်လို့ရလျက်နှင့် တမင် စည်းကမ်းမဲ့ ကားလမ်းပေါ် လွှင့်ပစ်ခဲ့တာ ဆိုးပါသည်။

သူ လှမ်းကြည့်နေတုန်းမှာ ကားလေးက လမ်းချိုးတွေကိုတောင် အရှိန်မလျှော့ဘဲ ကွေ့ချသွားခဲ့သည်။





သူ မျက်မှောင်ကြီးကုတ်ကာ ရှေ့လှမ်းတွေ ရှေ့မဆက်နိုင်ဘဲ တွန့်ခနဲ ဖြစ်သွားခဲ့ရပါသည်။

စိုးရိမ်မိတာ တစ်ယောက်တည်းကျန်ရစ်ခဲ့သော ရွှေရုပ်လွှာအတွက် ဒီချာတိတ်တွေကို စိတ်ချလို့မရတာ သူ တွေးသိနေသလိုလို။

♥

ကားတစ်စီးကိုမြင်လိုက်ကတည်းက ရွှေရုပ်လွှာ ဝမ်းသာသွားမိသည်။ ဆန့်ကျင်ဘက် မျက်နှာချင်းဆိုင်က မောင်းလာတာပေမယ့် ဒီလိုအချိန်မှာ အားကိုးမိတာ အမှန်ပဲဖြစ်သည်။

ရွှေရုပ် ကားတံခါးကို ကသောကမျောလေး ဖွင့်ဆင်းကာ လက်ကလေးမြှောက်ပြကာ တားမိသည်။

'ကျွီ ကျွီ ကျွီ'

အမိုးဖွင့် ဂျစ်ကားလေးက ဘရိတ်နင်းပစ်လိုက်တာမို့ ကတ္တရာလမ်းမနှင့် ကားဘီးကြိတ်သံက စူးရှစွာ ပေါ်လွင်လာ၏။

ရွှေရုပ် တားမိပြီးခါမှ ကားနောက်ခန်းက ခုန်ဆင်းလာသော ဂျင်းဘောင်းဘီနှင့်လူငယ်နှစ်ယောက်ကို တွေ့ကာ တွန့်ခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နီရဲရဲမျက်နှာတွေက ပုံမှန်မဟုတ်တာ သေချာသည်။

ကားမောင်းသည့်လူရွယ်ကလည်း တံခါးဖွင့်ဆင်းလာတော့ လက်ထဲမှာ သောက်လက်စ ဘီယာဘူးကိုကိုင်လျက် မျက်ဝန်းတွေက ရီဝေဝေ။

"ကိုယ်တို့ ဘာကူညီပေးရမလဲ ... အဟဲ"

"ဟို ဟို ... ကျွန် ကျွန်မကား ဘာဖြစ်သွားမှန်းမသိလို့"

"ဟုတ်လား ... မပူနဲ့၊ အဟဲ ... တို့တွေက ကူညီတတ်ပြီးသား"

လေသံတွေက မူမမှန်သလို မျက်ဝန်းတွေကလည်း ရွှေရုပ်ဆီမှာပဲ စူးစူးရဲရဲ ရှိနေကြသည်။ အကူအညီတောင်းမိတာမှားပြီဟု ရွှေရုပ် နောင်တနှင့်သိလိုက်ပါသည်။

"တစ်ယောက်တည်းလား ... ဟင် နတ်သမီးလေး"

"ဟေ့ ဂျွန်ကို ... နတ်သမီးလား သူယောင်မယ်လား၊ အသေအချာ မေးပါဦးကွ ... အဟီး"

ကာလာရောင်စုံဆံပင် ထိုးထိုးထောင်ထောင်နှင့် ချဉ်စူးစူးအနံ့တွေကြောင့် ရွှေရုပ် နှာခေါင်းလေးရှုံ့ကာ တွန့်ခနဲဖြစ်သွားသည်။

"တို့ကို ကြောက်နေလို့လား ... မကြောက်ပါနဲ့၊ အဟဲဟဲ ... ဘာချစ်တတ်သလဲ မမေးနဲ့၊ ချစ် ချစ်တောင်မြည်နေမှာ"





"ရှင် ရှင်တို့နော် ... ကျွန်မအနားမကပ်နဲ့"

ရွှေရုပ် အထိတ်တလန့်လေးပြောရင်း ကားထဲ ပြန်ဝင်ထိုင်ဖို့ တံခါးကိုဆွဲအဖွင့် ...

"နေပါဦး သူယောင်မယ်လေးရဲ့"

"အို ... လွှတ် လွှတ်"

ရွှေရုပ်လက်ကို ချုပ်ကိုင်ထားသောလက်တွေက သန်မာလွန်းသည်။ ရွှေရုပ် အကြောက်အကန် ရုန်းထွက်ကြည့်ပေမယ့် လက်တွေ နာကျင်လာသည်။

"ရှင်တို့ မယုတ်မာကြနဲ့နော်"

ကျားသနားမှ နွားချမ်းသာရမည့်အခြေအနေမှာ ရွှေရုပ်တုန်ယင်စွာနှင့် မျက်ရည်တွေတောင် ဝဲလာမိသည်။

လူရမ်းကားသုံးယောက်အသွင်တွေက စာနာသနားတတ်သော နှလုံးသားမရှိတာ ထင်ရှားသည်။ ဒီကြားထဲ အမူးဒီဂရီလေးက တိုးနေတော့ ရွှေရုပ် ရှိခိုးတောင်းပန်လို့လည်း သနားမည် မဟုတ်ပါ။

"မင်းအသားနုနုလေးတွေ သွေးခြည်မဥစေနဲ့ကွာ၊ စိတ်လွတ်ကိုယ်လွတ် ပျော်လိုက်စမ်းပါ၊ အဟဲ ... တို့တွေက အပျော်တွေ အများကြီး ပေးတတ်ပါတယ် အသည်းလေးရဲ့ ... အဟွန်း"

"ဟေ့ကောင်တွေ"



www.burmeseclassic.com

www.burmeseclassic.com



ထည်ဝါသောအော်သံနှင့်အတူ လမ်းမအတိုင်း ပြေးလာသော ရဲရင့်ဘုန်းကို မြင်လိုက်ရချိန်မှာ ရွှေရုပ် အားတက်ဝမ်းသာသွားခဲ့မှုက ပြောမပြတတ်လောက်အောင်ပင် ဖြစ်သည်။

ရွှေရုပ်အတွက် စိုးရိမ်စိတ်ဖြင့်ပြေးလာသော သူ့ကို လူရွယ်သုံးယောက် လှည့်ကြည့်ရင်း မှင်တက်နေကြတုန်းမှာ ရွှေရုပ်ဆုပ်ကိုင်ထားသောသူလက်ထဲက ရုန်းထွက်ကာ ...

''ကဲဟယ်''

ထိုလူရွယ်မျက်နှာကို ရွှေရုပ် အားနှင့်လွှဲကာ ရိုက်ချပစ်လိုက်သည်။

''အား''

ရွှေရုပ် လက်ဖဝါးတစ်ခုလုံး ထုံကျင်နာသွားသလို ထိုလူနှာခေါင်းကလည်း သွေးတွေ ဖြာခနဲကျလာ၏။

''ဟာ ... ဂျွန်ကို''

သူတို့လူကိုထိတော့ ဆံပင်ထောင်ထောင်နှင့် လူရွယ်ရှူးရှူးရှားရှားဖြစ်သွားကာ ရွှေရုပ်ကို ရင်ဆိုင်ဖို့ ကြိုးစားသည်။

''ဟိတ်''

အသံနှင့်အတူ အနားရောက်လာသော ရဲရင့်ဘုန်း ခြေကန်ချက်က ထိထိမိမိ တိကျသည်။

လူရွယ် ကတ္တရာလမ်းမပေါ် ဖင်ထိုင်လျက်လဲကျကာ အသက်ကို မျက်ကလဲဆန်ပျာ ရှူရှိုက်နေရရှာသည်။





''ဟာ ... မင်းက ဘာကောင်လဲ၊ ဂျွန်ကို ချကွာ''

ဂျင်းဘောင်းဘီအနက်နှင့် လူရွယ်ပြောရင်း ခါးကြားကဓားမြှောင်လေးကို ဆွဲထုတ်သည်။

''ကိုရဲရင့် သတိထား''

ရွှေရုပ်သတိပေးတာက နောက်ကျနေသည်။ ချောက်ခနဲမောင်းချခလုတ်ဖွင့်ကာ ထိုးစိုက်ပြီး ဖြစ်နေ၏။

ရဲရင့်ဘုန်းက မရှောင်တိမ်းဘဲ ဝမ်းဗိုက်ဆီ ဝင်လာသော ဓားကိုင်လက်ကို ညာခြေဖြင့် ခတ်ထုတ်သည်။ ပြီးတော့ ဘယ်ဝိုက်လက်သီးချက်က ထိုလူ၏မေးရိုးကို ထိထိမိမိ။

'ခွပ်'

တစ်ချက်တည်းနှင့် သတိမေ့ကာ လူရွယ် ကတ္တရာလမ်းပေါ် ခြေပစ်လက်ပစ် လဲကျသွားခဲ့သည်။

''ကျား''

ဂျွန်ကိုဆိုသည့်သူ မာန်ဖီကြုံးဝါးရင်း ဘယ်ညာလက်သီးထိုးချက်တွေနှင့် ရဲရင့်ဘုန်းကို ဆင့်ကာ ဆင့်ကာ တိုက်ခိုက်သည်။

လက်သီးချက်တွေကို လက်နှစ်ဖက်နှင့် ရဲရင့်ဘုန်း ပုတ်ကာပုတ်ကာ ကာကွယ်သည်။ ပြီးမှ ဟာလာဟင်းလင်းဖြစ်သွားသော ဂျွန်ကိုရင်ဝကို ဒူးနှင့်ခုန်ပျံတိုက်သည်။

'ဒွတ်'



www.burmeseclassic.com

www.burmeseclassic.com



အရှိုက်ကို အမိအရထိသွားသော ဂွှန်ကို လမ်းမပေါ်မှာ မှောက်လျက်လဲကျ ငြိမ်သက်သွားသည်။

"ကိုရဲရင့် ... နောက်မှာ"

ပထမဆုံး ရဲရင့်ဘုန်း၏ခြေကန်ချက်ထိထားသော တစ်ယောက် လမ်းဘေးကတွေ့သော သစ်ကိုင်းကြီးဆွဲယူကာ ပြေးဝင်လာသည်။

ရွှေရုပ် အော်ဟစ်သတိပေးသံကိုကြားကာ လှည့်ကြည့်ပေမယ့် ရဲရင့်ဘုန်း ခြေလှမ်းတွေ နောက်ဆုတ်မရှောင်ဘဲ ရိုက်ချက်ကို ဘယ်လက်နှင့် ဆီးခံလိုက်သည်။

'ဖြောင်း'

လက်မောင်းလုံးခန့်ရှိသော သစ်ကိုင်းကြီးက ဖြောင်းခနဲ ကျိုးသွားတော့ ရွှေရုပ်မျက်နက်ဝန်းလေးတွေ စုံမှိတ်ပစ်မိလိုက်မိ၏။

ဘုရားရေ ... ဘယ်လိုလူလဲ။ ရှောင်တိမ်းလို့ရလျက်နှင့် လက်နှင့် ဆီးခံလိုက်တာ မိုက်မဲလွန်းသည့်အဖြစ်။

"အား ... မ ... မလုပ်ပါနဲ့၊ တောင်းပန်ပါတယ်"

ရွှေရုပ် မျက်ဝန်းလေးတွေ ပြန်ဖွင့်ကြည့်တော့ ရဲရင့်ဘုန်းက ထိုလူရွယ်ရင်ဘတ်အင်္ကျီကို ဆွဲကိုင်ထားသည်။ တုတ်နှင့် ရိုက်သည့်သူက အရိုက်ခံရသည့်သူကို တုန်တုန်ယင်ယင်နှင့် တောင်းပန်နေသည့်အဖြစ်။





ရွှေရုပ် အံ့ဩစွာနှင့် ကြည့်နေလိုက်သည်။ ရဲရင့်ဘုန်း ဘာလုပ်မည်လဲ စောင့်ကြည့်နေမိ၏။

"ကောင်းပြီ ... မင်းလူတွေကို မင်းခေါ်သွားတော့"

"ဟုတ် ... ဟုတ်ကဲ့ပါ အစ်ကို"

ရဲရင့်ဘုန်းပြောရင်း သတိလစ်လဲကျနေသောနှစ်ယောက်ကို ဇွေ့ခနဲ ပွေ့ချီကာ ဂျစ်ကားနောက်ခန်းထဲတောင် ကိုယ်တိုင်ပို့ပေးနေသေးသည်။

"ကျေး ... ကျေးဇူးတင်ပါတယ် အစ်ကို"

"မလိုဘူး၊ မင်းကျေးဇူးတင်တာ ငါမလိုချင်ဘူး၊ အမှန်ဆို မင်းတို့ ထောင်ထဲရောက်နေသင့်ပြီ၊ ကဲ ... မင်းလူတွေခေါ်သွားတော့"

"ဟုတ် ... ဟုတ်ကဲ့ခင်ဗျ"

လူရွယ် ရဲရင့်ဘုန်းရှေ့က ကုပ်ကုပ်လေး ထွက်သွားခဲ့ကာ ကားပေါ်တက် မောင်းထွက်သွားခဲ့သည်။

ရွှေရုပ် သူ့ကို ငေးကြည့်နေတုန်းမှာ သူ ကားဆီပြန်လှည့်လျှောက်လာရင်း ...

"မင်း ... ဘာမှမဖြစ်ဘူး မဟုတ်လား၊ ဒီကောင်တွေ ကားကို တွေ့လိုက်လို့ ကိုယ် စိတ်မချဖြစ်ပြီး ပြန်လှည့်လာတာ"

"ရွှေရုပ် ဘာမှမဖြစ်ပါဘူး ... ရှင့်လက်ရော"

"ရတယ် ... မပြောပလောက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူပြောပေမယ့် ရွှေရုပ် သူ့လက်ကိုကြည့်တော့ လက်ဖျံက နီရဲကာ ရောင်နေတာတော့ အသေအချာ။

"အဲဒီကောင် ရိုက်တာကို ရှင် ဘာလို့မရှောင်တာလဲ ကိုရဲရင့်ဘုန်း"

ရွှေရုပ် အံ့ဩသလိုမေးတော့ သူ နှုတ်ခမ်းတွေတွန့်ကာ တစ်ချက်ပြုံးသည်။

"ကိုယ်က ဘယ်တော့မှ ကိုယ့်ဆီ ဦးတည်လာသမျှကို မရှောင်တိမ်းတတ်ဘူး၊ ရင်ဆိုင်တုံ့ပြန်ဖို့ပဲ ဆုံးဖြတ်ထားတဲ့သူလေ"

ရွှေရုပ် သူ့စကားအဓိပ္ပာယ်ကို နားလည်ရခက်ခက်ဖြစ်မိသည်။ ရဲရင့်ဘုန်းကတော့ တည်ငြိမ်စွာပဲ ကားဆီ ပြန်လည်သွားခဲ့သည်။

ရွှေရုပ် ပင့်သက်လေးရှိုက်ရင်း နောက်က လိုက်ခဲ့သည်။ သူ့အပြုအမူနှင့် သူ့စိတ်ဓာတ်ကတော့ တကယ့်ကို ခန့်မှန်းရခက်လွန်းပါသည်။

"ကိုယ် မင်းကို တစ်ယောက်တည်းထားခဲ့လို့ မဖြစ်တော့ဘူး၊ ခဏနေရင် မှောင်လာတော့မှာ သေချာတယ်"

"ရွှေရုပ်တို့ ကားကြုံတစ်စီးစောင့်ပြီး အကူအညီတောင်းကြည့်ရင်ရောဟင်"

"မလွယ်ဘူး ရွှေရုပ်လှ၊ ကားက အင်ဂျင်ကစက်ပစ္စည်းတစ်ခု ချွတ်ယွင်းသွားတာဆိုတော့ ပြင်ဆင်မှုကိုဖြစ်မှာ၊ ဝပ်ရှော့ကို ကိုယ်တိုင်သွားခေါ်ခဲ့ပြီး ပြင်ဆင်ရမှာ၊ ဒီတော့ ဒီညတော့ မင်း ကားထဲမှာပဲအိပ်လိုက်၊ မနက်မိုးလင်းမှ စီစဉ်လို့ရမယ်"

သူပြောတာကို ရွှေရုပ် ငြင်းလို့မရနိုင်သည့် အခြေအနေဆိုတာ လက်ခံမိသည်။ အခုပဲ အလင်းရောင်တို့ ချုပ်ငြိမ်းစပြုနေပြီ။

မကြာခင် အမှောင်ထုက ကြီးစိုးတော့မည်။

♥

"ရွှေရုပ်လှ . . . မင်း ဗိုက်ဆာနေရင် စားလေ၊ မင်းအိမ်က ထည့်ပေးလိုက်တဲ့ ကောက်ညှင်းထမင်းနဲ့ အသားခြောက်တွေ ရှိသေးတယ်မဟုတ်လား"

သူပြောတော့ ရွှေရုပ်လှ ခေါင်းလေးညိတ်ပြကာ ကားနောက်မှာရှိနေသော ငါးဆင့်စတီးချိုင့်ကြီးကို လှမ်းယူသည်။

"စားစရာတွေက အများကြီးရှိတယ်၊ ကိုရဲရင့်ဘုန်း ရှင်လည်း စားလိုက်ဦးလေ"

"ရတယ် . . . မင်းသာ ဝအောင်စားပါ"

"အို . . . မဟုတ်တာ၊ တကယ် အများကြီးရှိနေတာ၊







www.burmeseclassic.com

www.burmeseclassic.com



ရှင်ပါ စားရင်တောင် ကုန်မှာမဟုတ်ဘူး''

ပြောပြောဆိုဆို သူ့အတွက် ရွှေရုပ်လွှာက ကောက်ညှင်းထမင်းနှင့် အသားခြောက်ဖုတ်တွေကို ချိုင့်တစ်ခုထဲ ထည့်ပေးသည်။

''ရှင် ပဲပုပ်ကြိုက်လားဟင်၊ မီးကင် ဆီဆမ်းထားတာ မွှေးနေတာပဲ''

''အင်း ... ကြိုက်ပါတယ်၊ မင်းက ပဲပုပ် တော်တော်ကြိုက်တယ် ထင်တယ်''

သူပြောတော့ ရွှေရုပ်လွှာ ပြုံးပြရင်း ခေါင်းလေးညိတ်သည်။ စိုစွတ်ကြည်လင်နေသော မျက်နှာလေးက ချစ်ခင်စရာကောင်းပါသည်။ သူမ လှမ်းပေးနေသော ချိုင့်လေးကိုယူကာ သူလည်း စားနေလိုက်ပါသည်။

အပြင်ဘက်မှာ အမှောင်ရိပ်သမ်းနေပြီမို့ ကားထဲမှာ မီးလေးဖွင့်ထွန်းထားရသည်။ သူ့စိတ်တွေက ရန်ကုန်ကို သတ်မှတ်ချိန်ထက်နောက်ကျပြီး ရောက်မှာကိုပဲ တွေးနေမိသည်။

တကယ်ဆို အရာရာကို လွဲချော်မှုမရှိအောင် သေချာစီမံထားလျက်နှင့် ကားအင်ဂျင်စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းသွားခဲ့ခြင်းက ဆိုးပါသည်။

ကံကြမ္မာကိုပဲ အပြစ်ဖွဲ့ရတော့မည် ထင်သည်။ ရင်ဆိုင်ရမည့် ပြဿနာတွေအတွက်လည်း သူ ရင်ဆိုင်ဖို့ ဆုံးဖြတ်ထား





သည်။ ဘဝမှာ ဖြစ်ပျက်ကြုံဆုံလာသမျှကို ရင်ဆိုင်တတ်ခဲ့တာကြာပြီ။

ဒီလိုခွန်အားသတ္တိတွေ သူ့ရင်ထဲမှာ ပြည့်ဝအောင်ထည့်ပေးထားသော ဦးမြတ်ကိုတော့ အမြဲတမ်း သူ ဦးထိပ်ထားလေးစားကြည်ညိုမိပါသည်။

''ကိုရဲရင့်''

ရွှေရုပ်လွှာခေါ်သံကြောင့် သူ ငုံ့ကြည့်မိသည်။ ကောက်ညှင်းထမင်းတွေကို ဇွန်းလေးနှင့် ခပ်စားရင်း သူ့ကို ဘယ်အချိန်ကတည်းက ငေးစိုက်ကြည့်နေမိသည်မသိ။

''ရှင့်ကို ရွှေရုပ်တစ်ခု မေးချင်လို့ပါ''

''ဘာမေးမလို့လဲ ရွှေရုပ်လွှာ ... မေးပါ''

''ဟိုညနေ ... ညနေက ရှင့်လက်ကို တုတ်နဲ့ရိုက်တဲ့သူကို ရှင်ဘာလို့ ပြန်ပြီးမတိုက်ခိုက်တာလဲ၊ အဲဒီလူကို ရှင် ဘာမှ မလုပ်ဘဲ လွှတ်ပေးလိုက်တာကို ကျွန်မ နားမလည်ဘူး''

ရွှေရုပ်လွှာစကားကြောင့် သူ နှုတ်ခမ်းလေး လှုပ်ခတ်ရုံပဲ ပြုံးမိသည်။

''သူ ကိုယ့်ကို အရှုံးပေး တောင်းပန်နေပြီပဲ ... ဘာလို့ တိုက်ခိုက်ရတော့မှာလဲ ရွှေရုပ်လွှာ၊ ကျန်တဲ့နှစ်ယောက် အခြေအနေက မင်းမြင်ခဲ့တဲ့အတိုင်းပဲလေ၊ အဲဒီနှစ်ယောက်ကို ကားမောင်းခေါ်သွားနိုင်ဖို့ သူ့ကို ကိုယ် သည်းခံပေးလိုက်တာပါ''



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို လက်ခံသွားသလို ရွှေရုပ်လွှာခေါင်းလေး ညိတ်သည်။ မျက်နက်ဝန်းကြည်ကြည်လေးတွေက အကြည့်တွေကတော့ သူ့မျက်နှာပေါ်က ရုပ်သိမ်းမသွားခဲ့သေးဘဲ ...

"ရှင် ကိုယ်ခံပညာတွေ တတ်ထားတယ်ဆိုတာ ရွှေရုပ် ခွေးကြီးဂျက်ကီကို တီးလိုက်ကတည်းက သိပြီးသားလေ"

ရွှေရုပ်လွှာ နှုတ်ခမ်းလေးစေ့ ပခုံးလေးတွန့်ပြတော့ သူ မျက်မှောင်ကြုတ်ကြည့်မိသည်။ သူမစိတ်ထဲမှာ ဒါကို အခဲမကျေ ဖြစ်နေသည်လား။

"အဲဒီကိစ္စအတွက် မင်းစိတ်ဆိုးနေသေးရင် ကိုယ် တောင်းပန်ပါတယ် ရွှေရုပ်လွှာ၊ အဲဒီခွေးကြီးကို ကိုယ်မတိုက်ခိုက်ချင်ပါဘူး၊ ကိုယ်မတီးရင် ဒီကောင်ကြီးက ကိုယ့်ကို အသားနီလန်အောင် ကိုက်မှာလေ၊ ဒါကြောင့် ကာကွယ်လိုက်တဲ့သဘောပါ၊ ဒါပေမဲ့ ... သူ့အရိုးကျိုးလောက်အောင် ကိုယ်မလုပ်ခဲ့ပါဘူး"

တကယ်လည်း ခွေးကြီးကို သူ နာကျင်အောင် ခုခံလိုက်တာ ဖြစ်သည်။ ဒါကို ရွှေရုပ်လွှာ နားလည်နိုင်မည်လား မသိပါ။

"အင်း ... ကျွန်မ စိတ်မဆိုးတော့ပါဘူး၊ ရှင် ကျွန်မ အရှက်ကို ကယ်တင်ခဲ့တဲ့ ကျေးဇူးအတွက်လည်း မမေ့ပါဘူး ကိုရဲရင့်"

"မလိုပါဘူး ရွှေရုပ်လွှာ ... ဒါ ကိုယ့်တာဝန်ပဲ"





သူ့စကားကို ရွှေရုပ်လွှာ အလိုမကျသလို မျက်မှောင်လေး ကြုတ်ကြည့်ပေမယ့် သူ စကားကိုဖြတ်ကာ စားသောက်ခြင်းကို လက်စသတ်သည်။ သူမဆီက စကားသံထွက်မလာခင် သူ ကားတံခါးဖွင့်ဆင်းလိုက်သည်။

အပြင်ဘက်က အေးစိမ့်စိမ့်လေက သူ့ကို ဆီးကြို၏။ ကောင်းကင်ကိုမော့ကြည့်တော့ မှိုင်းညို့နေသည်။

မိုးရွာတော့မည် ထင်၏။

ကားလမ်းဘေးက ချုံနွယ်တွေထဲမှာပဲ အပေ့ါအပါးသွားပြီး သူပြန်ခဲ့ချိန်မှာ မိုးစက်မှုန်တွေ တဖွဲဖွဲကျလာသည်။

"မိုးတွေ ရွာတော့မယ်ထင်တယ်နော်"

သူ ကားတံခါးဖွင့်ပြန်ဝင်တော့ ရွှေရုပ်လွှာ ချိုင့်တွေ ပြန်ဆင့်သိမ်းဆည်းရင်း ပြောနေသည်။

"အင်း ... ဟုတ်တယ်၊ ကားတံခါးတွေ အသေအချာ ပိတ်ပြီး မင်းအိပ်တော့ ရွှေရုပ်လွှာ၊ ကားနောက်ခန်းထဲမှာ မင်း လွတ်လွတ်လပ်လပ် အိပ်ပါ၊ ကိုယ့်ကို အချိန်မရွေး ကိစ္စရှိရင် နှိုး"

ရွှေရုပ်လွှာကိုပြောပြီး သူ မောင်းသူထိုင်ခုံလေးမှာပဲ ခန္ဓာကိုယ်ကို လျော့လျော့လေးမှီချကာ အိပ်လိုက်သည်။

သူနှင့် ရွှေရုပ်လွှာတို့ ရောက်ရှိနေရာနေရာက လူသူကင်းရှင်းသော ဟိုင်းဝေးကားလမ်းမကြီးပေါ်က ကားတစ်စီးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အသိက စိတ်ကို လုံခြုံအေးချမ်းစွာ အိပ်မပျော်စေနိုင်တာတော့ သေချာသည်။

အပြင်ဘက်မှာ မိုးတွေက ပိုလို့သည်းလာသည်။

ခန့်မှန်းကြည့်ရကာ အငြိုးတကြီးနှင့် သဲသဲမဲမဲရွာကာ တစ်ညလုံး စွေတော့မည့်မိုးထင်ပါရဲ့ ...။

♥

သည်လိုအခြေအနေ အနေအထားမျိုးနှင့် အိပ်စက်ဖို့ဆိုတာ ရွှေရုပ်အတွက် တကယ့်ကို စိတ်ညစ်ညူးစရာကောင်းနေသည်။

CYGNUS ကားကြီး၏ နောက်ခန်းထဲက ဆိုဖာကြီးက အိစက်ညက်ညောနေပေမယ့် ရွှေရုပ်လွှာ အိပ်လိုက်ဖို့ မဝံ့မရဲဖြစ်နေသည်။

ကားရှေ့ခန်းထဲက သူ့ကိုကြည့်လိုက်တော့ ငြိမ်သက်နေသည်။ နောက်ကြည့်မှန်လေးထဲကို လှမ်းကြည့်တော့ ရဲရင့်ဘုန်းမျက်လုံးတွေ မှိတ်ထား၏။

သူမို့ အလွယ်တကူ အိပ်ပျော်နေနိုင်သည်။

ရွှေရုပ် မကျေမနပ်လေးတွေးရင်း မိုးရေစက်တွေ တဖွဲဖွဲ





ထိမှန်နေသော မှန်ပြတင်းအပြင်ဘက်ကို ချောင်းကြည့်မိသည်။

အရာရာသည် မှောင်မိုက်နေ၏။ မိုးသံလေသံတွေနှင့်အတူ ဝင်းခနဲလင်းလက်သွားသော လျှပ်ရောင်ကြောင့် ယိမ်းထိုးနေသော သစ်ပင်ကြီးတွေကိုပင် မြင်သည်။ ရွှေရုပ် ကြက်သီးမွေးညင်းလေးတွေတောင် ထမိမတတ်။

စိတ်က စိုးထိတ်ကြောက်လန့်သွားမိပေမယ့် သူ ရှိနေခြင်းကြောင့်ပဲ ရွှေရုပ်စိတ်က ကြောက်စိတ်တွေ ပျယ်ရပြန်သည်။

အန္တရာယ်တစ်စုံတစ်ခု ကြုံဆုံလာလျှင် ရဲရင့်ဘုန်းရှေ့က မားမားမတ်မတ် ရပ်တည်ရင်ဆိုင် ရှင်းမှာကိုလည်း ရွှေရုပ် အကြွင်းမဲ့ယုံကြည်မိပါသည်။

ကားထဲမှာ မီးပွင့်လေးထွန်းထားတာမို့ ရွှေရုပ် ကြောက်စိတ်တွေကို မောင်းထုတ်ရင်း ခရီးဆောင်အိတ်လေးကို လှမ်းယူဖွင့်လိုက်သည်။

ခြုံလွှာတဘက်ရှည်ကြီးကို ထုတ်ယူကာ ဆိုဖာထိုင်ခုံကြီးမှာ ရွှေရုပ် ကွေးကွေးလေး ခွေလှဲခြုံလိုက်သည်။

မျက်ဝန်းတွေက ချက်ချင်း အိပ်ပျော်ဖို့ ခက်ခဲလွန်းနေတာတော့ သေချာသည်။

ရွှေရုပ်အတွေးတွေထဲကို ဝင်ရောက်လာတာ ရဲရင့်ဘုန်းပဲ ဖြစ်သည်။ ရွှေရုပ် သိထားသလောက်က ရဲရင့်ဘုန်းဆိုတာ သူဌေးကြီးဦးရန်ရှင်းရဲ့ တစ်ဦးတည်းသောသားတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်ပြီး ဖခင်ဖြစ်သူခြေရာကို နင်းနိုင်သူ။ ပညာရေးမှာလည်း အင်္ဂလန်အထိတောင် ကျောင်းသွားတက်ကာ ပြန်လာသူ။

ဒါတွေက ရွှေရုပ်ကို ဒယ်ဒီပြောပြထားသလောက် ကြို သိထားသော သူ့အကြောင်းတွေဖြစ်သည်။ အခု သူနှင့်ထိပ်တိုက် ဆုံလိုက်သော ရွှေရုပ် သိလိုက်ရတာတွေက အများကြီး။

ရဲရင့်ဘုန်းရုပ်သွင်က ယောကျ်ားပီသချောမောတာ အကြွင်းမဲ့ လက်ခံရမည်ပဲ ဖြစ်သည်။ စတွေ့စဉ်တုန်းကတော့ ရင့်သီးလွန်းသူဟု ရွှေရုပ်သတ်မှတ်ခဲ့ပေမယ့် အခုချိန်မှာ သူ့အပေါ် ရွှေရုပ် နားလည်နိုင်ခဲ့ပြီဖြစ်၏။

ညနေကပဲ ရွှေရုပ် အရှက်နှင့်ဘဝကို သူ ကယ်တင်ခဲ့သည်။ သုံးယောက်တစ်ယောက် သူရင်ဆိုင်တိုက်ခိုက်ပုံက ရွှေရုပ်တောင် တအံ့တသြ ငေးကြည့်မိတဲ့အထိပါပဲ။

ပြီးတော့ သူ့ရဲ့ မြင့်မြတ်သောစိတ်ဓာတ်ကလည်း လေးစားစရာကောင်းပါသည်။

ရွှေရုပ်ရဲ့ခွေးကြီး ဂျက်ကီကို တိုက်ခိုက်ခဲ့ပေမယ့် သူသည် အနိုင်ယူလိုသူတစ်ယောက်မဟုတ်တာ ရွှေရုပ် သိခဲ့ရပါသည်။ သူ့ကို ရန်မူတိုက်ခိုက်ခဲ့သူကိုတောင် ခွင့်လွှတ်ပေးနိုင်သည့်စိတ်ကတော့ လေးစားစရာကောင်းသည်။

"အင်း ...အ ကျွတ် ကျွတ်"





နားထဲမှာ မိုးသံလေသံနှင့် ကြားလိုက်ရသော ညည်းညူသံသဲ့သဲ့ကြောင့် ရွှေရုပ်အတွေးတွေ လွင့်စဉ်သွားကာ လူးလဲထလိုက်မိ၏။

ထင်သည့်အတိုင်း ရဲရင့်ဘုန်းဆီက ညည်းသံဖြစ်နေသည်။ ဘယ်လက်ကို ညာလက်နှင့်ပွတ်သပ်ထားရင်း ရဲရင့်ဘုန်း ညည်းညူနေတာမို့ ...

"ကိုရဲရင့် ဘာဖြစ်တာလဲ"

သူမ မေးသံကြောင့် သူ မျက်လုံးလေးဖွင့် လှည့်ကြည့်ကာ ခေါင်းခါပြသည်။

"ရတယ် ... ဘာမှမဖြစ်ဘူး။ မင်းဘာသာအိပ်ပါ ရွှေရုပ်လွှာ"

သူပြောပေမယ့် ရွှေရုပ် ဘယ်လိုမှ ဆက်အိပ်မရပါ။ သူ့လက်ဖျံကိုကြည့်တော့ ရဲရဲနီရောင်ကိုင်းနေသည်။ ညနေက ဟိုလူရမ်းကားလေးရဲ့ရိုက်ချက်ကို ထိုလက်နှင့် သူ ဆီးခံထားခဲ့တာ ရွှေရုပ်မျက်မြင်။

"ရှင့်လက် နာနေတာ မဟုတ်လား"

"ရတယ် ... ဘာမှပြဿနာမရှိဘူး"

တွင်တွင်သာငြင်းနေပေမယ့် သူ့လက်က ရောင်နေတာကို ရွှေရုပ်မြင်သည်။ ဆက်မေးမနေတော့ဘဲ ခရီးဆောင်အိတ်ထဲက ဆေးဘူးတွေကို ထုတ်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကျင်က ရွှေရုပ်အတွက် စီစဉ်ထည့်ပေးလိုက်သော အင်္ဂလိပ်ဆေးတွေအပြင် ရှမ်းလိမ်းဆေးပုလင်းပါ ရှိနေတာမို့ အဆင်ပြေသည်။

"ဒီမှာ ရွှေရုပ်မှာ ရှမ်းလိမ်းဆေးပါတယ်၊ ရှမ်းဆေးအဆီ လေး လိမ်းလိုက်ပါ၊ ကိုရဲရင့် ချက်ချင်းသက်သာသွားမှာ၊ ဒီမှာ အကိုက်အခဲပျောက်ဆေးလည်း ပါတယ်"

ဒီတစ်ခါတော့ သူ မငြင်းနိုင်ဘဲခေါင်းညိတ်ကာ အကိုက် အခဲပျောက်ဆေးကို လှမ်းယူကာ ဒက်ချ်ဘူတ်ပေါ်က ရေဘူးဖွင့် မော့သောက်သည်။

"ရတယ် ... ဆေးမလူးတော့ဘူး"

"အိုး ... မဟုတ်တာ၊ ရှင့်လက် ဒီလောက် ရောင်နေ တာကို၊ ပေးပါ ... ရွှေရုပ် လူးပေးပါ့မယ်"

ပြောရင်း ရွှေရုပ် ဆေးဘူးလေးပါ ဖွင့်ပြီးဖြစ်နေတော့ သူ ရောင်နေသော ဘယ်လက်ကို ထိုးပေးသည်။ ရှမ်းဆေးအဆီ ကို ခွဲခွဲလေး ရွှေရုပ်လူးပေးလိုက်သည်။

အသားထဲဝင်အောင် ခပ်ဖိဖိလေး ပွတ်လိမ်းပေးတော့ သူ တွန့်ခနဲဖြစ်သွားတာမို့ ...

"အရမ်းနာနေတယ်မဟုတ်လား၊ အတော်ရောင်နေတာ ကိုး"

"အင်း ... အကြောကိုထိသွားလို့ပါ၊ မင်းရဲ့ဆေးက





အာနိသင်ထက်ပုံ ရပါတယ်၊ သက်သာသွားမှာပါ"

ရွှေရုပ် ခေါင်းစည်းပဝါလေးထုတ်ယူကာ သူ့ဒဏ်ရာကို တင်းတင်းလေး စည်းနှောင်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ရွှေရုပ်လှာ"

သူ့နှုတ်က ပထမဆုံးကြားရသော ကျေးဇူးတင်စကား ကြောင့် ရွှေရုပ် ကြည်နူးပြုံးလေး ပြုံးမိသည်။

"ကဲ ... မင်းအိပ်တော့၊ မနက်စောစော ထပြီး ကိုယ် တို့ စီစဉ်စရာတွေ အများကြီးရှိတယ်"

ရွှေရုပ် ခေါင်းလေးညိတ်ကာ ပြန်လှဲအိပ်လိုက်ရပေမယ့် သူ့ညည်းသံကို နားစွင့်ထားမိဆဲ။ သောက်ဆေးရော လိမ်းဆေး ကြောင့်ပါ သက်သာသွားသည် ထင်၏။ ညည်းညူသံ မကြားရ တော့ပါ။

အရယ်အပြုံးတွေ ရှားပါးကာ ထာဝစဉ်တည်တည်ကြီး ရှိတတ်သော ရဲရင့်ဘုန်းအပေါ်မှာတော့ ရွှေရုပ် ပဟေဠိတွေနှင့် ဝေခွဲမရဖြစ်နေတာ အမှန်ပဲဖြစ်သည်။

ရွှေရုပ်အပေါ်မှာ သူ့ရဲ့ဆက်ဆံပုံတွေက စိမ်းသက်နေ သလို ခံစား၏။ ရွှေရုပ်လှာဆိုတာ သူနှင့်ကြည်ဖြူသဘောတူထား သည့် မိန်းကလေးဟု မသိတာကြောင့်ပဲလား၊ တမင်သိလျက်နဲ့ ဟန်ဆောင်နေနေခဲ့တာလား မသိပါ။

ဘာကြောင့် ရဲရင့်ဘုန်း ထိုသို့ဆက်ဆံနေပြတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာချစ်သူတွေ ဘာတွေများ ရှိနေခဲ့လား။

ဘာကြောင့်မှန်းမသိ ထိုအတွေးက ရွှေရုပ်ရင်ကို စူးစူးနစ်နစ်လေးတော့ ခံစားလိုက်ရတာ အမှန်ပဲဖြစ်သည်။

အပြင်ဘက်မှာ ဖွေရွာနေသောမိုးက မစဲနိုင်သလို ရွှေရုပ်အတွေးအာရုံထဲမှာလည်း သူသည် . . .

♥♥♥



## အခန်း (၆)

**တစ်**ညလုံး တစိမ့်စိမ့်ရွာနေသော မိုးက မနက်အထိ တဖွဲဖွဲကောင်းနေဆဲ။ ရွှေရုပ် နိုးလာတော့ အလင်းရောင်ဖျော့ဖျော့ပင် လင်းနေပြီ။

ဖျတ်ခနဲ လူးလဲထရင်း သူ့ကို လှမ်းကြည့်တော့ ကားတံခါးမှန်ချပ်ဖွင့်ချထားကာ ဟန်းဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေ၏။

ရွှေရုပ်ကိုမြင်တော့ ဖုန်းကိုပိတ်လိုက်ရင်း လှည့်ကြည့်သည်။

"ဝပ်ရှော့ကို ဖုန်းဆက်နေတာလား ကိုရဲရင့်"

"မဟုတ်ပါဘူး . . . ရန်ကုန်ကိုဆက်တာ၊ ကားပျက်နေတဲ့အကြောင်း ပြောမလို့၊ ဒါပေမဲ့ ဆက်လို့မရဘူး"

"ဒီလောက် မိုးတွေရွာနေတာ ဆက်သွယ်လို့ ဘယ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်ဘုန်း ဘာမှမပြောတော့ဘဲ ဟန်းဖုန်းကို ဒက်ရှ်ဘုတ်ပေါ် ပြန်တင်လိုက်သည်။ ပြီးမှ ...

"မင်း မျက်နှာသစ်, ကိုယ်လက်သန့်စင်ချင်ရင် ရေဘူးကိုပဲ သုံးတော့၊ အပေါ့အပါးသွားချင်ရင်တော့ ပောဟိုသစ်ပင်နောက်ကိုသွား၊ ဘာအန္တရာယ်မှ မရှိဘူး"

သူ့စကားကြောင့် ရွှေရုပ် မျက်နှာလေးရဲသွား၏။ သူကတော့ ဘာမှမဆိုဘဲ တံခါးဖွင့်ဆင်းသွားကာ ကားစက်ဖုံးဖွင့်ကြည့်လို့နေသည်။

ရွှေရုပ် ခရီးဆောင်အိတ်ထဲက သွားပွတ်တံနှင့် သွားတိုက်ဆေးထုတ်ယူကာ ရေဘူးကိုဆွဲယူပြီး ကားထဲက ထွက်လိုက်သည်။ တစ်ညလုံး ချုပ်ထိန်းထားရသောအန္တရာယ်ကိုတော့ ရှင်းချင်သည်။

အပေါ့အပါးသွားဖို့ သူညွှန်ပြထားသော ချုံနွယ်တွေဘက် ထွက်ခဲ့လိုက်၏။ မိုးက တိတ်သွားပြီမို့ တော်ပါသေး၏။

ကိစ္စတွေပြီးပြတ်ကာ ရွှေရုပ်ပြန်ခဲ့တော့ သူ ကားဘေးမှာ ရပ်နေဆဲရှိသည်။ ရွှေရုပ်ကို လှမ်းကြည့်ရင်း ...

"လမ်းကြုံကားတစ်စီးတားပြီး မင်းနဲ့ကိုယ် ဝပ်ရှော့ရှိတဲ့ နေရာအထိ လိုက်သွားမယ်"

ရွှေရုပ်ကို ထားရစ်ခဲ့ဖို့အတွက် သူ စိတ်မချသလိုပြောနေတော့ ရွှေရုပ် ခေါင်းလေးညိတ်မိသည်။ သူ မရှိပါဘဲလည်း





ရွှေရုပ် မနေရဲတာ အမှန်ဖြစ်သည်။

"ဟို ... ရွှေရုပ် အဝတ်အစားတော့ လဲချင်တယ် ကိုရဲရင့်"

"ကားထဲ ဝင်လဲလေ ... မြန်မြန်လေးတော့လုပ်"

ပြောပြီး သူ ခပ်လှမ်းလှမ်းကို လျှောက်သွားကာ လမ်းကြုံလာမည့်ကားကို စောင့်နေသည်။ ရွှေရုပ် ကားထဲဝင်ကာ အိတ်ထဲက အင်္ကျီတွေ ထုတ်ယူလိုက်သည်။

ဝတ်ဆင်ရတာ လွယ်ကူသော အနီရဲရဲ ဂါဝန်ရှည်ကြီးကိုပဲ ထုတ်ဝတ်ဆင်လိုက်ပါသည်။

ပေါ့ပေါ့ပါးပါးလေးနှင့် သက်သောင့်သက်သာ အဆင်ပြေသည်။ မှန်ထဲကိုကြည့်မိတော့ ရွှေရုပ်မျက်နှာက ပြောင်လေးနှင့် လှနေပေမယ့် ပေါင်ဒါဘူးလေးထုတ်ကာ ဖွဖွလေးရိုက် ပြင်ဆင်မိသည်။

အားလုံးပြင်ဆင်ပြီး ရွှေရုပ် ထွက်ခဲ့စဉ်မှာပဲ သူ ကားတစ်စီးကို လှမ်းတားနေသည်။ ဆလွန်းကားလေးက ထိုးရပ်ပေး၏။

ကားပိုင်ရှင်ကို သူ စကားတွေပြောကာ အကူအညီတောင်းတော့ အဆင်ပြေသွားပုံရပါသည်။

"ရွှေရုပ်လွှာ ... ကားတံခါးတွေ လော့ခ်ချပိတ်ခဲ့လိုက်၊ ဒီက အစ်ကိုနဲ့ ကိုယ်တို့ လမ်းကြုံလိုက်သွားကြမယ်"

ရွှေရုပ် ကားတံခါးတွေ လော့ခ်ချပိတ်ခဲ့ကာ လမ်းကြုံ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခွင့်ရသည့် ဆလွန်းကားလေးနောက်ခန်းမှာ ဝင်ထိုင်လိုက်၏။

သူကတော့ ကားပိုင်ရှင်နှင့် စကားတွေပြောရင်း အနီးဆုံးဝပ်ရှော့ရှိသည့်နေရာကို မေးမြန်းစုံစမ်းနေ၏။

"ညီလေးတို့ ဘာမှမပူပါနဲ့၊ ဆယ်မိနစ်လောက်ဆို ဝပ်ရှော့ကို ရောက်သွားမှာပါ၊ အဲဒီရောက်မှ ဖြစ်သွားတဲ့ ကားစက်အကြောင်း ပြောပြပေါ့၊ သူတို့ လာပြင်ဆင်ပေးမှာပါ၊ အစ်ကိုနဲ့လည်း သိတယ်၊ အဆင်ပြေအောင် ပြောပေးပါ့မယ်"

"ကျေးဇူးပဲ အစ်ကို"

ဆလွန်းကားဆရာ၏ အကူအညီနှင့် ဝပ်ရှော့ရောက်တော့ အားလုံးအဆင်ပြေသွားခဲ့သည်။ ဝပ်ရှော့က စက်ပြင်ဆရာနှင့် ရဲရင့်ဘုန်း အင်ဂျင်စက်အကြောင်း ပြောနေတာတွေ ရွှေရုပ် နားမလည်ပါ။

"ကဲ ရွှေရုပ်လှ . . . မင်း ဗိုက်ဆာနေရောပေါ့၊ ဟိုနားက လက်ဖက်ရည်ဆိုင်လေးမှာ တစ်ခုခုစားရအောင်၊ ပြီးရင် စက်ပြင်ဆရာကားနဲ့ပဲ ကိုယ်တို့လိုက်သွားကြရမှာ"

ကဖေးဆိုင်လေးက မခမ်းနားပေမယ့် လက်ဖက်ရည် အရသာလေးက ကောင်းသည်။ ဝမ်းတင်းတိမ်ဖို့ စားသောက်ကြရင်း ရွှေရုပ် စမူဆာနှင့် ပလာတာတွေပါ ထပ်ဝယ်ယူလာခဲ့သည်။

စက်ပြင်ဆရာနှင့် တပည့်တစ်ဦးပါလာကာ ရွှေရုပ်တို့





ကားဆီသို့ ဟိုင်းလက်စ်ကားလေးနှင့် ပြန်ခဲ့ကြသည်။

ကားစက်ကိုပြင်ဆင်နေတော့ ရဲရင့်ဘုန်းကိုယ်တိုင် အနားမှာ စောင့်ကြည့်ရင်း ကူညီပေးနေသည်။

ရွှေရုပ်ကတော့ အညောင်းပြေ လမ်းလေးလျှောက်ရင်း ကြည်လင်နေသော ကောင်းကင်ကြီးကို မော့ကြည့်အရသာခံနေမိ၏။ ညတုန်းက တစ်ညလုံးရွာသောမိုးက အခုတော့ သူမဟုတ်သလို တိမ်သားကင်းစင်ပြာလဲ့လို့ နေခြည်နုထွေးထွေးအောက်မှာ သာယာကြည်လင်နေသည်။

နာရီဝက်သာသာလောက်အကြာမှာတော့ အားလုံးပြီးစီးသွားခဲ့သည်။

စက်ပြင်ဆရာတွေလည်း ပြန်သွားကြပြီ။ ရွှေရုပ်တို့ ကားလေးလည်း စက်သံငြိမ့်ငြိမ့်လေးနှင့် ခရီးထွက်နိုင်ခဲ့သည်။

"ရန်ကုန်ကို ဖုန်းဆက်မလို့ဆို၊ အခုချိန်ဆက်ရင် ရလိမ့်မယ်"

"မဆက်တော့ဘူး၊ ကားလည်း ကောင်းသွားပြီပဲ . . . ထားလိုက်ပါတော့"

ရွှေရုပ် သတိပေးပေမယ့် သူကိုယ်တိုင်က ဖုန်းမဆက်တော့ ဘာမှမပြောဖြစ်တော့ပါ။

"ရှင့်လက်ကဒဏ်ရာ သက်သာရဲ့လား၊ မသက်သာရင် ရွှေရုပ် တစ်လှည့်မောင်းပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အကြည့်တွေ ရွှေရုပ်ဆီ နောက်ကြည့်မှန်ထဲက ရောက်လာသည်။ ပြီးမှ ခေါင်းကိုခါရင်း . . .

"ကိုယ် မောင်းနိုင်ပါတယ်၊ မင်းဘာသာ လွတ်လွတ်လပ်လပ်လိုက်ခဲ့ပါ ရွှေရုပ်လွှာ၊ ကိုယ့်တာဝန် ကိုယ်ကျေစေရမယ်"

သူ့စကားကြောင့် ရွှေရုပ် နည်းနည်းတော့ အလိုမကျချင်ပါ။ ရွှေရုပ်ကို လာခေါ်ဆောင်ရတာကို တာဝန်တစ်ခုလို သူသဘောထားသည်လား။ ဖခင်ဖြစ်သူက စေခိုင်းလို့ လာရသည့်သဘောပေါ့။

ရွှေရုပ်နှင့်သူ့ကြားမှာ ထိုထက်ပိုမိုသောအခြေအနေတွေ ရှိနေတာကို သူ မသိတာတော့ မဖြစ်နိုင်ပါ။

ရွှေရုပ် ပွင့်လင်းစွာပဲ ထုတ်မေးလိုက်ချင်ပေမယ့် ကားကို ဂရုစိုက်မောင်းနှင်နေသော သူ့အသွင်ကြောင့် နှုတ်ဆိတ်နေလိုက်ရပါသည်။

ရှင် စကားနည်း အနေတည်တာ ရွှေရုပ်သိပါတယ် ရဲရင့်ဘုန်း။ ဒါပေမဲ့ ရှင့်ရင်ထဲကိုတော့ ရွှေရုပ် ခန့်မှန်းရခက်ခက်ပါပဲ။

ရှင့်ရင်ထဲကို ရွှေရုပ် ဝင်ကြည့်ချင်လိုက်တာ ရဲရင့်ဘုန်းရယ်။

♥ ♥ ♥



## အခန်း (၇)

**အာ**မုန်ဆို မန္တလေးကို မနေ့ညကတည်းက ရောက်ရမှာ ဖြစ်သည်။ မမျှော်လင့်ဘဲ ကားစက်ချွတ်ယွင်းမှုကြောင့် ဒီနေ့နေ့လယ်မှပဲ ရောက်သွားခဲ့သည်။

လူကလည်း နုံးချိနေတာမို့ သူ ခဏလောက်တော့ နားဖို့ ဆုံးဖြတ်လိုက်သည်။ ရွှေရုပ်လွှာခမျာလည်း တစ်မနက်လုံး ကားပေါ်မှာ ငုတ်တုတ်မို့ ညောင်းညာနေမှာ သေချာသည်။

"ရွှေရုပ်လွှာ . . . ကိုယ်တို့ ခဏနားပြီး ရေမိုးချိုးကြရင် ကောင်းမယ်ထင်တယ်"

"ကောင်းတာပေါ့၊ ရွှေရုပ်လည်း ကိုရဲရင့်ကို ပြောမလို့၊ လူက ကြာရင် အကြောအခြင်တွေ တောင့်တင်းကုန်မှာ သေချာတယ်"

မျက်နှာလေးရှုံ့မဲ့ကာ ညည်းသော ရွှေရုပ်လွှာစကားကြောင့် သူ ပြုံးမိသည်။ သူ့အတွက်တော့ ပြဿနာမရှိလှပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ရွှေရုပ်လွှာခမျာ ခရီးတစ်လျှောက်လုံးသာ မနားတမ်း ထိုင်လိုက်ရလျှင် ကားတံခါးဖွင့် ခုန်ချသွားမည်လားတောင် မသိ။

သူ စိတ်ထဲက နည်းနည်းတော့ စာနာသနားသွားမိသည်။ အမှန်ဆို မူဆယ်နှင့်ရန်ကုန် ခရီးစဉ်ကို လေကြောင်းနှင့်လာလို့လည်း ရလျက်နှင့် ဘယ်လိုစိတ်ကူးတွေပေါက်ကာ ကားနှင့်ကြိုးနိုင်းသူ ကြိုးနိုင်း။ လာချင်သူကလည်း လာချင် ဖြစ်နေတာလဲ သူ မစဉ်းစားတတ်ပါ။

နားခိုဖို့ မိုတယ်တစ်ခုရှေ့မှာ သူ ကားကို ထိုးရပ်လိုက်ပါသည်။ ရွှေရုပ်လွှာက မိုတယ်ရှေ့မှာ မတ်မတ်လေးရပ်ရင်း . .

"ကိုရဲရင့် . . ကျွန်မတို့ ဒီမှာ တစ်ညတည်းကြမှာလား"

"မဟုတ်တာ . . . နာရီပိုင်းလောက်ပဲ၊ ရေမိုးချိုး၊ ခဏနား စားသောက်ပြီး ပြန်ကြမှာပေါ့"

"ဟင် . . . ဒါဆို ဒီည တစ်ညလုံး ကျွန်မ ကားပေါ်မှာပဲ အချိန်ကုန်ရဦးမှာလား"

နှုတ်ခမ်းလေးစူကာ မေးပုံလေးက သနားစရာတောင် ကောင်းနေသေး၏။ ဒီကောင်မလေးမျက်နှာလေးက ဘယ်လိုပဲ ကြည့်ကြည့် အပြစ်ဆိုရက်စရာ မရှိအောင်လှသည်။

ပြုံးလိုက်လျှင် ချစ်စရာကောင်းသလို မဲ့လိုက်တာလေးကလည်း ကြည့်လို့ကောင်းသည်ဟု သူထင်သည်။ အခုလည်း လမ်းမှာ တစ်ညလုံး အိပ်ရမှာကို သူမ ကြောက်နေပုံရ၏။





"သန်းခေါင်လောက်အထိတော့ မောင်းမယ်လေ၊ နေပြည်တော်ရောက်ရင် ဟိုတယ်တွေ ပေါပါတယ်၊ အဲဒီကျမှ ဝင်နားတာပေါ့"

သူမ နှာခေါင်းလေးရှုံ့ ခေါင်းလေးညိတ်ပြီးမှ . . .

"အင်းလေ . . . လေးငါးနာရီလောက် ဖိမ်ကျကျလေး အိပ်ရရင်လည်း မဆိုးပါဘူး၊ ကားပေါ်မှာ အိပ်ရတာ ဘယ်လိုမှ အိပ်မပျော်ဘူး"

ရွှေရုပ်လွှာဆိုတော့ သူ စိတ်မကောင်းဖြစ်ရသေးသည်။ ပြီးခဲ့သည့် ညကလည်း သူမခမျာ သူ့လက်က ဒဏ်ရာကြောင့် ကောင်းကောင်းအိပ်စက်ခဲ့ရပုံမရပါ။

"ကဲ . . . ရေမိုးချိုး၊ အဝတ်အစားလဲပြီး မင်းအညောင်းအညာပြေအောင် လှဲလိုက်ပေါ့၊ အိပ်ပျော်လို့တော့ မဖြစ်ဘူးနော်၊ နှစ်နာရီလောက်ပဲ နားခွင့်ရမှာ"

"အင်းပါ . . . ရှင်တောင် မနားတမ်း မောင်းနိုင်သေးတာပဲ၊ ရွှေရုပ်လည်း စီးနိုင်ရမှာပေါ့"

သူ့ကို မျက်စောင်းလေးထိုးကာ ကောင်တာဆီလျှောက်သွားပုံလေးက ရင်ကို လှိုက်ခနဲ ခါသွက်စေ၏။ ဒါပေမဲ့လည်း ဆင်ခြင်တုံတရားမရှိသော နှလုံးသားကို ဦးနှောက်အလိုနှင့်ပဲ ထိန်းကာ သူ ပင့်သက်လေး မှုတ်ထုတ်လိုက်ပါသည်။

♥



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်းထဲမှာ သူ လန်းဆန်းသွားအောင် ရေကို ဝဝလင်လင် ချိုးပစ်လိုက်သည်။ အခုချိန်ဆို တစ်ဖက်အခန်းလေး ထဲမှာ ရွှေရုပ်လွှာလည်း ရေချိုးနေလောက်ပြီ ထင်သည်။

သူ ရေချိုးပြီးတော့ ကားထဲက,ယူလာသော အဝတ် အစားတွေကို လဲလှယ်ဝတ်ဆင်လိုက်၏။

အပြာနုနု ရှပ်ကွက်လက်ရှည်နှင့် စတိုင်လ်ပင်န် အနက် ရောင်ဘောင်းဘီကို သူဝတ်ဆင်နေတုန်းမှာ စားပွဲပေါ်တင်ထား သော ဟန်းဖုန်းလေးက ထမြည်သည်။

ခါးပတ်ကိုတောင် မပတ်နိုင်ဘဲ ဖုန်းလေးကို သွားယူ ဖွင့်ကြည့်တော့ အန်ကယ်ရန်ဆီက ဆက်တာဖြစ်၏။

"ဟဲလို အန်ကယ် … ကျွန်တော်ပါ"

"ဟော့ကောင် ရဲရင့် … မင်း ဘယ်မှာလဲ၊ ဘာလုပ်နေ တာလဲကွ"

ဒေါသတကြီးအမေးမှာ မကျေနပ်မှုတွေ ပျော်ဝင်နေတာ သိသာလွန်းပါသည်။ သူ ပထမမေးခွန်းကိုပဲ ဖြေလိုက်၏။

"မန္တလေးမှာပါ အန်ကယ်ရန်"

"ဘာကွ … အခုမှ မန္တလေးရောက်နေတယ် … ဟုတ်လား၊ မင်း … မဟုတ်သေးဘူးနော်"





"ဒီလိုပါ အန်ကယ် … ကားအင်ဂျင်စက်က မထင်မှတ် ဘဲ ချွတ်ယွင်းသွားလို့ပါ"

သူ ဖြစ်ပျက်ခဲ့သမျှကို အန်ကယ်ရန် ရှင်းလင်းသွား အောင် ဖြေရှင်းချက်ပေးရသည်။ ငြိမ်သက်စွာ နားထောင်နေပေ မယ့် သူ့ရှင်းပြချက်တွေအပြီးမှာ အန်ကယ်ရန့်အသံက အလို မကျမှုတွေ ထင်ကျန်နေဆဲ။

"ထားတော့၊ အခု မင်း ဘာလုပ်နေတာလဲ၊ ကားပေါ်မှာ မဟုတ်ဘူးထင်တယ်"

"မဟုတ်ပါဘူး အန်ကယ်ရန်၊ ခဏနားပြီး မိုတယ်ထဲမှာ ရေမိုးချိုးနေတာပါ"

"ဟင် … ရွှေရုပ်လွှာကရော"

"သူလည်း ရေချိုးနေတယ်၊ အခု ကျွန်တော့်အခန်းနဲ့ ကပ်လျက် အခန်းကို သူ့အတွက် စီစဉ်ပေးထားပါတယ်"

"ရဲရင့် … မင်းကို အပျော်ခရီးအတွက် လွှတ်လိုက်တာ မဟုတ်ဘူးနော်၊ အခုပဲ မင်း တစ်ညလောက် နောက်ကျပြီးမှ ရန်ကုန်ရောက်တော့မှာ၊ ဒီထက်ပိုပြီး နောက်ကျတာတော့ ငါ လက်မခံနိုင်ဘူး"

"ဒါ … မတော်တဆဖြစ်သွားတဲ့ကိစ္စပါ အန်ကယ်ရန်၊ အခုချိန်ထိ ကျွန်တော် မနားတမ်း မောင်းလာတာပါ၊ ရွှေရုပ်လွှာ က ခဏနားချင်တယ်ဆိုလို့ အခု ခဏရပ်ပေးရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ထားတော့၊ မနေ့ညကလည်း ငါ ဖုန်းဆက်တာ လုံးဝမရဘူး"

"အဲဒီအချိန်က လေရောမိုးပါ ရွာနေတာ အန်ကယ်ရန်၊ မနက်က ကျွန်တော်ဆက်ဖို့ ကြိုးစားသေးတယ် . . . မရဘူး"

"ဖြေရှင်းချက်တွေ ထားတော့၊ မနက်ဖြန်တော့ မင်း ရန်ကုန်ကို ရောက်ပါပြီ၊ တတ်နိုင်သမျှ စောစောပြန်ရောက်တာပဲ ငါ မျှော်လင့်တယ်၊ ဒါပဲ"

စကားအဆုံးမှာ အန်ကယ်ရန် ဖုန်းချသွားခဲ့သည်။ သူ ပင့်သက်ရှိုက်ရင်း ဖုန်းကို ပိတ်လိုက်ပါသည်။

ရင်ထဲမှာတော့ ခံစားချက်တွေက စူးစူးနစ်နစ်လေး နာကျင်နေခဲ့၏။ သည်ခံစားချက်တွေကို ရင်ထဲမှာပဲ မျိုသိပ်ထားခဲ့ရသည်က ကြာပြီ။

သူ့ဘဝကို ပုံစံခွက်ထဲမှာပဲ အသားကျအောင် နေတတ်ခဲ့သည်။ ဒါတွေက ဦးမြတ်ရဲ့ ပုံကိုင်ပေးထားမှုတွေကြောင့်လည်း ဖြစ်သည်။

ရေမိုးချိုးပြီး ခဏလောက် နားမည့်စိတ်ကူးတွေကို မောင်းထုတ်ပစ်ပြီး အဝတ်အစားအိတ်ကို လှမ်းယူလိုက်သည်။

ရွှေရုပ်လွှာအခန်းရှေ့ရောက်တော့ သူ အခန်းတံခါးကို အသာခေါက်လိုက်သည်။

"ဘယ်သူလဲ"





ရွှေရုပ်လွှာအသံချိုချိုလေးကို ကြားသည်။

"ကိုယ်ပါ . . . ရဲရင့်ဘုန်းပါ ရွှေရုပ်လွှာ"

တံခါးလေး ခပ်ဟဟ ပွင့်သွားသည်။ ရေချိုးခေါင်းလျှော်ထား၍ ထင်သည်။ ရွှေရုပ်လွှာခေါင်းမှာ တဘက်လေးပေါင်းထားသည်။ ခါးစည်းဂါဝန်လေးနှင့်မို့ သူ အကြည့်တွေလွဲရင်း . . .

"မင်း ရေချိုးအဝတ်အစားလဲပြီးရင် စားသောက်ခန်းဘက် လာခဲ့ပါ"

"အင်း . . . ခဏလေးစောင့်လေ၊ ရွှေရုပ် အဝတ်အစားလဲပြီးတာနဲ့ ထွက်လာခဲ့မယ်"

စားသောက်ဖို့ ခေါ်သည်ပဲထင်မှတ်ကာ ရွှေရုပ် ခေါင်းလေးညိတ်ပြော၏။ ချက်ချင်း ခရီးဆက်မှာသာသိရင် သူမ ဘယ်လောက်အထိ ပေါက်ကွဲစိတ်ဆိုးမည် မသိပါ။

စားသောက်ပြီးမှပဲ သူမကို အသိပေးဖို့ ဆုံးဖြတ်လိုက်မိသည်။ ခရီးမဆက်ခင် သူမ စိတ်အေးလက်အေး စားသောက်ပါစေဦး။

စားသောက်ခန်းထဲ သူမ,ဆင်းလာတော့ ပန်းဆီရောင် ကိုယ်ကျပ်အင်္ကျီလေးကို ဒူးဖုံးရုံမျှ မီးခိုးရောင်ဘောင်းဘီလေးနှင့် တွဲဝတ်ထား၏။ ပြေပြစ်နွဲ့နှောင်းသော ခန္ဓာကိုယ်လေးနှင့် လိုက်ဖက်ပါသည်။

"ဟင် . . . ဟင်းတွေတောင် မှာထားပြီးနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . မင်းကြိုက်မယ်ထင်တာတွေ မှာထားတယ်၊ လိုတာရှိရင် ထပ်မှာလေ"

"ရတယ် . . . တော်ပြီ၊ အများကြီးပဲဟာ၊ ရွှေရုပ် ကြိုက်ပါတယ်"

ပြည့်ပြည့်စုံစုံလေး မှာထားပေးသော ဟင်းတွေကို သူ တစ်ချက်ဝေ့ကြည့်ကာ ဝင်ထိုင်သည်။ ဖားလျှားလေး ချထားသော ဆံနွယ်လေးတွေဆီက ရှန်ပိုရနံ့လေးက သူ့ကို လာကျီစယ် နေသေး၏။

"ရှင်ရော စားလေ ကိုရဲရင့်"

ပြောရင်း သူ့ပန်းကန်ထဲ ပုစွန်တုပ်ဟင်းတွေ ခပ်ထည့် ပေးနေသေးသည်။ အပျော်မျက်နှာလေးမှာ အလိုမကျရိပ်တွေ အရိပ်ထင်လာမှာ သူ မလိုလားပေမယ့်။

စားသောက်ပြီးတော့ သူမ အချိုရည်လေးကို အရသာ ခံသောက်နေရင်း . . .

"နေပြည်တော်ကို ရှင်ရောက်ဖူးသလား ကိုရဲရင့်၊ တော် တော် စည်ကားတယ်နော်၊ ဟိုတယ်ကြီးတွေကလည်း အဆင့်မြင့် တယ်၊ အဲဒီရောက်ရင်တော့ ကောင်းကောင်းအနားယူပစ်လိုက် မယ်"

နေပြည်တော်ရောက်လျှင် ညအိပ်နားကြမည်ဆိုသော စကားကြောင့် ရွှေရုပ်လွှာ ဝမ်းသာအားရ ဆိုနေသည်။ သူ ယဲ့ယဲ့ပြုံးလိုက်ရင်း . . .

"စိတ်မကောင်းဘူး ရွှေရုပ်လွှာ၊ မင်းနားချင်ရင် ရန်ကုန်ရောက်မှပဲ နားပါတော့"

"ဟင် . . . ဘာဖြစ်ရပြန်ပြီလဲ"

"ဟုတ်တယ်၊ နောက်တစ်နေ့ မနက်ပိုင်း ကိုယ်တို့ ရန်ကုန်ရောက်မှဖြစ်မယ်"

"အစီအစဉ်က ဘာဖြစ်သွားပြန်တာလဲ၊ စောစောက ရှင်ပြောတော့ ဒီလိုမဟုတ်ဘူးလေ"

"ကိုယ် ငြင်းပယ်ခွင့်မရှိတဲ့သူရဲ့ အမိန့်တော်အတိုင်း စီစဉ်ရတာပါ ရွှေရုပ်လွှာ၊ ကဲ . . . မင်း အခန်းထဲက ယူစရာတွေ မြန်မြန်ယူကွာ၊ ကိုယ်တို့ အမြန်သွားကြရအောင်"

ရွှေရုပ်လွှာ သူ့ကို ဘုဆတ်ဆတ်လေးကြည့်နေသည်။ သူ ဥပေက္ခာပြုရင်း ကောင်တာမှာ ကျသင့်ငွေ ရှင်းလိုက်သည်။

သူမ အပြုံးလေးတွေ ကင်းစင်သွားခဲ့သည့်အတွက်တော့ ရင်ထဲမှာ မကောင်းပါ။

ဒါပေမဲ့လည်း သူ့အခြေအနေနှင့်သူ့ဘဝက သူမဆန္ဒ တွေကို ဖြည့်ဆည်းခွင့် မရှိတော့လည်း . . .။

♥ ♥ ♥







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"နေပါဦး ကိုရဲရင့်ဘုန်း၊ ရှင်က ဘယ်လိုဖြစ်တာလဲ . . . အစီအစဉ်ကလည်း ရှုပ်ချည်နှပ်ချည် လွယ်လိုက်တာ"

ရွှေရုပ် ဘယ်လိုမှ မျိုသိပ်မထားနိုင်ဘဲ မေးမိသည်။ ရင်ထဲမှာ အလိုမကျတာ မိုတယ်ထဲက ထွက်လာခဲ့ရကတည်းက ဖြစ်သည်။

ပြောတော့ တစ်နာရီလောက် နားနိုင်သည်ဆိုသူက ရေမိုးချိုးပြီးရုံပဲ ရှိသေးသည် လာခေါ်၏။ ပြီးတော့ စားသောက်ပြီးမှ ပြောချင်တာပြော လုပ်ချင်တာ လုပ်သွားသည့်အဖြစ်။

သူများ ဖြေရှင်းပြမည်လားဟု စောင့်မိသေး၏။ ဒါပေမဲ့ ကားကိုပဲ မောင်းနေခဲ့ကာ စကားသံထွက်မလာသည့်အဆုံး ရွှေရုပ်ကပဲ စမေးမိတော့သည်။

"ဒီမှာ . . . ကျွန်မ,ပြောနေတာ ရှင်ကြားသလား"

"ကြားပါတယ် ရွှေရုပ်လွှာ"





"ဒါဆို ဖြေလေ . . . ရှင်ပဲပြော, ရှင်ပဲဖျက်၊ ဒါ ဘာသဘောလဲ၊ ရွှေရုပ်ကို ရှင် တစ်ခုခုတော့ ဖြေရှင်းချက်ပေး"

စူးခနဲ သူ့အကြည့်တွေ နောက်ကြည့်မှန်ထဲက ပေါ်လာ၏။ ရွှေရုပ်မျက်ဝန်းတွေနှင့်ဆုံတော့ ချက်ချင်းပဲ ပြန်အကြည့်လွှဲသွားပြန်၏။

"ကိုရဲရင့်ဘုန်း"

"ခဏလေး ရွှေရုပ်လွှာ . . . ကိုယ်ရှင်းပြမယ်၊ မင်းဆန္ဒအတိုင်း ကိုယ် လမ်းမှာ ခဏနားဖို့ လက်ခံချင်ပါတယ်၊ ဒါပေမဲ့ မဖြစ်နိုင်တော့ဘူး၊ ဒါကို မင်း နားလည်ပါ"

ဘာကို ရွှေရုပ် နားလည်ရမည်လဲ။ သူနှင့်ရွှေရုပ်တို့ အသက်အရွယ်တွေက ကလေးအရွယ်တွေ မဟုတ်တော့ပါ။ ပြီးတော့ ပြောရလျှင် တစ်ချိန်မှာ ပတ်သက်ကြတော့မည့်သူတွေ။

ဒါကို သူက အလေးမထား ဂရုမစိုက်သလိုပြုနေတာက မဟုတ်သေးပါ။

"ဒီအစီအစဉ်က ဘယ်သူကြောင့် ပြောင်းသွားတာလဲ ကိုရဲရင့်၊ ဘာလဲ . . . ဦးရန်ရှင်းကြောင့်လား"

"အင်း . . . ဟုတ်တယ်၊ မင်းကို မနက်ဖြန်မနက်ပိုင်း ရန်ကုန်အရောက် ခေါ်လာစေချင်တယ်တဲ့၊ ကိုယ် ရေချိုးပြီးတုန်းမှာပဲ ဖုန်းဝင်လာတာ"

ရွှေရုပ် အံ့ဩမိပြန်သည်။ သူက ဖခင်ဖြစ်သူစကားတွင်



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်အထိ ကြောက်ရွံ့နားထောင်တတ်သူလား။

"ခဏနေဦး ... ရွှေရုပ်ကိုယ်တိုင် နေပြည်တော်ရောက်ရင် တစ်ညလောက် နားခွင့်ရချင်တယ်ဆိုရင်ရော"

"မဖြစ်နိုင်ဘူး ရွှေရုပ်လွှာ"

"ဘာလို့လဲ ... ရှင်က ဒီလောက်လေးတောင် ပြောရဲဆိုရဲ မရှိဘူးလား ကိုရဲရင့်"

"မရှိဘူး"

"ဘယ်လို"

"ဟုတ်တယ် ရွှေရုပ်လွှာ၊ ကိုယ်က မင်းကို တာဝန်ယူလာခေါ်တဲ့ ဒရိုင်ဘာ၊ ဒီတော့ မင်း ဘာမှ မတောင်းဆိုနဲ့တော့၊ မင်း မကျေနပ်တာရှိရင် ရန်ကုန်ရောက်မှ ရှင်း"

သူ စကားကို ယတိပြတ်ပဲပြောတာမို့ ရွှေရုပ် မယုံနိုင်စွာ မျက်လုံးလေးတောင် ဝိုင်းသွားသည်။

ချက်ချင်းလက်ငင်းကြီး ပြောင်းလဲသွားပုံက ယောကျ်ား မဆန်လိုက်တာ။ ဘယ်လိုလူလဲ မသိ။ ရွှေရုပ် ဒေါသဖြစ်လွန်းလို့ အသားလေးတွေ တုန်လာတဲ့အထိ။

"ရှင် နေပြည်တော်ရောက်ရင် ကားရပ်ပေး၊ မရပ်ပေးရင် ရွှေရုပ် တံခါးဖွင့်ခုန်ချမှာ"

"မင်း အဲဒီလောက် သတ္တိရှိရင် လုပ်လိုက်လေ၊ ကိုယ်ကတော့ ရန်ကုန်အထိ မရပ်မနားမောင်းရမှာပဲ"





ရွှေရုပ် အံလေးကြိတ် ခံရခက်စွာ စူးစူးနစ်နစ်ကြည့်နေမိပေမယ့် သူက နောက်ကြည့်မှန်ထဲ ယောင်လို့တောင်မကြည့်ပါ။

နောက်က သူ့ကျောပြင်ကြီးကို တဘုန်းဘုန်း ထုရိုက်ပစ်ချင်စိတ်ကို မနည်းမျိုသိပ်ထားရသည်။

မောင်းစမ်း ...။ သူတောင် မနားစတမ်း မောင်းနိုင်မှတော့ ရွှေရုပ်တို့ ဘာကြောင့် မစီးနိုင်ရမှာလဲ။

နောက်ခန်းထိုင်ခုံကြီးပေါ် ရွှေရုပ် လှဲအိပ်ပစ်လိုက်ရင်း ရင်ထဲက ကျိတ်ကြိမ်းဝါးနေမိသည်။

ကားလေးကတော့ တရိပ်ရိပ် ပြေးနေဆဲ ...။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ရွှေရုပ် တွေးထင်ထားသည့်အတိုင်း ခြံကြီးက ကျယ်ဝန်းသလို အိမ်ကြီးကလည်း သုံးထပ်တိုက်ကြီးဖြစ်ကာ ထည်ဝါခံ့ညားသည်။

တစ်လမ်းလုံး မနားတမ်း ကားကို မောင်းလာခဲ့တာမို့ ရန်ကုန်ကို ရွှေရုပ်တို့ မနက်ရှစ်နာရီမထိုးခင်မှာပဲ ရောက်ခဲ့ကြ သည်။ သူ့ကို ဒေါသတွေဖြစ် စိတ်တွေတိုနေတာကြောင့် ရွှေရုပ် တစ်လမ်းလုံး စကားမပြောဘဲ နှုတ်ဆိတ်နေခဲ့မိသည်။

ကားကြီးက တိုက်အိမ်ကြီးရှေ့ ဆင်ဝင်အောက်မှာ ငြိမ် ခနဲထိုးရပ်သည်။ ရွှေရုပ်ကို ဘာမှမပြောဘဲ ရဲရင့်ဘုန်း ကားတံခါး ဖွင့်ဆင်းသည်။ ညေ့ခန်းထဲက ထွက်လာသောမိန်းမကြီး တစ် ယောက်က ...

"ဟော ... မောင်ရဲရင့် ရောက်လာပြီလား"

"ဟုတ်ကဲ့ ဘွားသိန်း"





"အေး အေး ... ဆရာကြီး ကော်ဖီပိုင်းမှာရှိတယ်၊ မင်းကို မျှော်နေတာ"

ဘွားသိန်းဆိုသော မိန်းမကြီးက ကားထဲမှာ ထိုင်နေဆဲ ရွှေရုပ်ကို တစ်ချက်ငဲ့ကြည့်ကာ နောက်ခန်းထဲက ပစ္စည်းတွေ ကူသယ်ပေးဖို့ ပြင်ဆင်သည်။

"အဲဒါတွေ ကျွန်တော်သယ်ခဲ့မယ် ဘွားသိန်း၊ အန်ကယ် ရန်ကို ပြောလိုက်ပါဦး ... ကျွန်တော့်တို့ ရောက်လာပြီလို့"

"အေး အေး .. အခုပဲ ဘွားသိန်း သွားအကြောင်းကြား လိုက်ပါ့မယ်"

ဘွားသိန်း ပြောပြောဆိုဆို အိမ်ကြီးထဲ လှမ်းဝင်သွား သည်။ သူက ကားနောက်ခန်းထဲက ရွှေရုပ်၏ခရီးဆောင်အိတ် တွေကို ယူဖို့ပြင်ဆင်ရင်း ...

"ရွှေရုပ်လွှာ ဆင်းတော့လေ"

ရွှေရုပ် ခေါင်းလည်းမညိတ်ဖြစ်ဘဲ ကားတံခါးဖွင့်ဆင်း လိုက်သည်။ ညေ့ခန်းကြီးထဲ ရွှေရုပ် လှမ်းဝင်ခဲ့မိသည်။

ညေ့ခန်းကျယ်ကြီးက ခံ့ခံ့ညားညား ရှိသည်။ အိစက် ညက်ညောသော ဆိုဖာထိုင်ခုံကြီးတွေက စားပွဲဝိုင်းပတ်လည်မှာ ရှိနေ၏။

"ထိုင်ပါ ရွှေရုပ်လွှာ"

ရဲရင့်ဘုန်းက လက်ထဲမှာ ဆွဲကိုင်သယ်ယူလာသော



www.burmeseclassic.com

www.burmeseclassic.com



အိတ်တွေကို ဆိုဖာထိုင်ခုံအနီးမှာ စုပုံချထားရင်း ရွှေရုပ်ကို လှမ်းပြောနေသည်။ ထိုအခိုက်မှာပဲ ဧည့်ခန်းထဲကို လှမ်းဝင်လာ သူက ဦးရန်ရှင်း။

"ဟော . . . သမီးလေး ရွှေရုပ်လွှာ ရောက်လာပြီလား"

ဒယ်ဒီ့ဆီ လာလည်တိုင်း မူဆယ်ကအိမ်မှာပဲ တည်းခို တတ်သော အန်ကယ်ဦးရန်ရှင်းကို ရွှေရုပ် မြင်သိကျွမ်းဝင်ပြီးသား ဖြစ်သည်။

"ဟုတ်ကဲ့ အန်ကယ်၊ အန်ကယ် နေကောင်းတယ်နော်"

"ကောင်းပါတယ် သမီး၊ သမီးဖေဖေရော နေကောင်းတယ် မဟုတ်လား၊ သမီးတို့မူဆယ်က ထွက်လာကတည်းက သူ အန်ကယ့်ဆီ ဖုန်းဆက်အကြောင်းကြားသေးတယ်ကွဲ့"

"ဟုတ်ကဲ့ အန်ကယ်၊ တစ်လမ်းလုံး ကားပေါ်မှာ စိတ်ဒုက္ခရောက်ရတာကလွဲရင် အဆင်ပြေတယ် ပြောရမှာပေါ့"

ရွှေရုပ် မကျေမနပ်လေးနှင့်ဆိုတော့ ဦးရန်ရှင်းအကြည့်တွေက ထိုင်ခုံမှာထိုင်နေသော ရဲရင့်ဘုန်းဆီ ကျရောက်သွားခဲ့ရင်း . . .

"ရဲရင့်ဆီ အန်ကယ်ဖုန်းဆက်တော့ ကားစက်ပျက်သွားတာ ကြားတယ် သမီး၊ သမီးစိတ် ကသိကအောက် ဖြစ်သွားခဲ့ရင် အန်ကယ်တောင်းပန်ပါတယ်၊ ရဲရင့် . . မင်း သွားနားချင် နားတော့ ရပြီ"





"ဟုတ်ကဲ့ အန်ကယ်ရန်"

ရွှေရုပ် အံ့ဩမျက်ဝန်းလေးတွေ ဝိုင်းဆက်သွားသည်။ ရဲရင့်ဘုန်းက ဦးရန်ရှင်း၏သားတစ်ယောက် မဟုတ်ဘူးတဲ့လား။

ရဲရင့်ဘုန်း ဧည့်ခန်းထဲက ပြန်ထွက်သွားတာက အိမ်ကြီးအပြင်ဘက်ကို ဖြစ်နေတာမို့ နားမလည်နိုင်အောင် ဖြစ်သွားသည်။ သူက ဒီအိမ်ကြီးမှာ နေသူတစ်ယောက် မဟုတ်ဘူးပေါ့။

"ကဲ သမီးရွှေရုပ်လွှာ . . . ဗိုက်ဆာနေရောပေါ့၊ လာကွယ် . . . အန်ကယ်တို့ ကော်ဖီသောက်ရင်း စကားတွေ ပြောကြရအောင်"

အန်ကယ်ဦးရန်ရှင်းခေါ်နေတော့ ရွှေရုပ် ခေါင်းလေးညိတ်ကာ ကော်ဖီဝိုင်းကို လိုက်ခဲ့ရသည်။ စိတ်ထဲမှာတော့ ရဲရင့်ဘုန်းနှင့်ပတ်သက်သော အကြောင်းအရာတွေက ပိုလို့ ရှုပ်ထွေးကုန်တာ အမှန်။

"ဘာစားမလဲသမီး"

"ဟင့်အင်း . . . ဘာမှမစားတော့ဘူး အန်ကယ်၊ ကော်ဖီတစ်ခွက်လောက်ပဲ လုပ်ပေးပါ"

ဧည့်ခန်းမှာတုန်းက တွေ့ခဲ့ရသော ဘွားသိန်းက ရွှေရုပ်အတွက် ကော်ဖီတစ်ခွက် စီစဉ်ပေးကာ ချပေးလာ၏။

"ဘာမှအားနာစရာမလိုဘူးနော် သမီး၊ ဒီအိမ်ကြီးမှာ အန်ကယ်တို့သားအဖရယ်, ဒေါ်သိန်းရယ်, မိမော်ဆိုတဲ့ ကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးရယ်ပဲ ရှိတယ်''

ရွှေရုပ် ခေါင်းလေးညိတ်ပြရင်း နားထောင်နေမိသည်။ ရဲရင့်ဘုန်းနှင့်ပတ်သက်ပြီး အန်ကယ်ဦးရန်ရှင်းနှုတ်က စကားကို ကြားရမည်လား နားလေးစွင့်ထားမိဆဲ။

''အန်ကယ့်သားကတော့ အခုထိ အိပ်ရာက မထသေးဘူး၊ ဒီကောင်က ဒီလိုပဲ ... မနက်ဆို အိပ်ရာထနောက်ကျတာ ထုံးစံပဲကွ''

အခုချိန်မှာ ရွှေရုပ်သိချင်နေတာ ရဲရင့်ဘုန်းအကြောင်းပဲ ဖြစ်၏။ ဦးရန်ရှင်းနှုတ်က လုံးဝမဖွင့်ဟသည့်အဆုံး ရွှေရုပ် မော့ကြည့်မိဟော့၏။

''ရွှေရုပ်ကိုလာကြိုတဲ့ ရဲရင့်ဘုန်းဆိုတာက ဘယ်သူလဲ အန်ကယ်''

''ဩော် ... ရဲရင့်လား၊ သူက အန်ကယ်ရဲ့တူတစ်ယောက်ပဲ ဆိုပါတော့၊ သူ့မိဘတွေ ဆုံးပါးကတည်းက အန်ကယ်ပဲ စောင့်ရှောက်ထားရတာလေ''

အခုမှပဲ ရွှေရုပ်ခေါင်းလေးညိတ်ကာ အံ့ဩမိတော့သည်။ ကိုရဲရင့်ဘုန်းက ဦးရန်ရှင်းရဲ့သားဟုပဲ ရွှေရုပ် တစ်လမ်းလုံး ထင်မြင်ခဲ့မိသည်။ အခုတော့ မဟုတ်ပါလား။

ဘာကြောင့်မှန်းမသိ ရွှေရုပ်ရင်ထဲမှာ မောနုံးနုံးလေး ခံစားလိုက်ရသည်။

သက်ပိုင်ရဲ့စာပေ



''အန်ကယ့်သားနာမည်ကိုကြားရင် သမီး အံ့ဩသွားမယ် ထင်တယ်''

''ရှင် ... ဘာလို့လဲ အန်ကယ်''

''ဒီကောင့်နာမည်ကလည်း ရဲရင့်ဘုန်းပဲ''

''ဟင်''

ဦးရန်ရှင်း ခေါင်းလေးတညိတ်ညိတ် ပြုံးနေရင်း ...

''မထင်မှတ်ဘဲ နာမည်တူနေကြတာလေ၊ ပြောရရင် အန်ကယ်နဲ့ သုံးမိနစ်ပဲခြားမွေးတဲ့ အမြွှာညီရဲ့နာမည်က ရန်လင်းတဲ့၊ အခုတော့ ကားအက်ဆီးဒင့်တစ်ခုကြောင့် ဆုံးသွားရှာပါပြီ၊ ရန်လင်းဆိုတာ ရဲရင့်ဘုန်းရဲ့အဖေပေါ့၊ အခု သမီးကို ကြိုခိုင်းလိုက်တဲ့ကောင်လေ၊ သူ့အဖေ အန်ကယ့်ညီက သိပ်ဆိုးတဲ့ကောင်၊ မိဘအမွေတစ်ဝက်တိတိကို တစ်ပြားမှ မကျန်အောင် သုံးဖြုန်းပစ်လို့ ဒုက္ခရောက်နေချိန်မှာ သူက မိန်းမနဲ့ကလေးတစ်ယောက် ရနေပြီ''

ရွှေရုပ်မသိသော ရဲရင့်ဘုန်းမိဘတွေအကြောင်းကို အန်ကယ်ပြောပြနေတော့ ရွှေရုပ် စိတ်ဝင်တစားလေး နားထောင်နေမိသည်။

''ဘာမှ ငွေကြေးမရှိ ဒုက္ခပင်လယ်ဝေနေတော့ အစ်ကိုဖြစ်တဲ့ အန်ကယ့်ဆီပြန်ရောက်လာတယ်လေ၊ ကိုယ့်ညီအရင်းဆိုတော့လည်း အန်ကယ်က ကျွေးမွေးတာဝန်ယူရတာပေါ့၊ အခု

သက်ပိုင်ရဲ့စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူတို့လင်မယားမရှိတော့ပေမယ့် သူ့သား ရဲရင့်ဘုန်းကို အန်ကယ်ပဲ တာဝန်ယူထားရတာ''

အခုမှပဲ ရဲရင့်ဘုန်းအကြောင်းတွေကို ရွှေရုပ် သိခွင့်ရလိုက်ပါသည်။ ရဲရင့်ဘုန်းဘဝက တစ်ကောင်ကြွက် အထီးကျန်ဘဝတဲ့လား။

''အင်း ... ဖအေရဲ့စရိုက်က ဒီကောင့်မှာအပြည့်ပဲ၊ ဂျစ်တစ်တစ် ပေကန်ကန်နဲ့မို့ တော်တော် ဖိနှိပ်ထားရတာ၊ အခု သမီးကို ဒီကောင် လမ်းမှာ ဘာစိတ်ဒုက္ခရောက်အောင် လုပ်သေးသလဲ ... အန်ကယ့်ကိုပြော''

ရွှေရုပ် ခေါင်းလေးကိုပဲ ခါယမ်းမိသည်။ သူ့အပေါ် အမြင်မကြည်လင်ခဲ့တာတွေအားလုံး ရွှေရုပ်စိတ်ထဲမှာ မရှိတော့တာ အမှန်။

တကယ်ဆို ရွှေရုပ်ကပဲ အထင်တွေလွဲမှားခဲ့တာ ဖြစ်သည်။ သူ့ကို ရွှေရုပ် အပြစ်မမြင်ရက်တော့ပါ။

''အေး ... အန်ကယ်က စိုးရိမ်လို့မေးတာပါ၊ ဒီကောင်က သိပ်အချိုးပြေတဲ့ကောင် မဟုတ်ဘူး''

''ဟို ... ကိုရဲရင့်ဘုန်းက ဘယ်မှာနေတာလဲဟင် အန်ကယ်''

''သူလား ... ဒီခြံထဲမှာပဲလေ၊ ခြံအနောက်ဘက်မှာ သစ်အိမ်လေးတစ်လုံးရှိတယ်၊ အဲဒီမှာ ခြံစောင့်ကြီး ဦးမြတ်ထင်နဲ့





နေတယ်ကွဲ့''

ရွှေရုပ် ရင်ထဲမှာ စိတ်မကောင်းဖြစ်သွားရပါသည်။ အမြွှာညီကမွေးသော တူအရင်းဆိုပေမယ့် ဦးရန်ရှင်းရဲ့စိတ်က ရဲရင့်ဘုန်းအပေါ် ကြည်ဖြူစိတ်မှ ရှိပါရဲ့လားမသိ။

''အန်ကယ်ရဲ့တူအရင်းဆိုပေမယ့် ဒီကောင့်စိတ်ဓာတ် အမူအကျင့်က အဖေလိုပဲ ခပ်ဆိုးဆိုးလေ၊ ဒါကြောင့် မျက်နှာသာမပေးဘဲ ထားထားရတာ၊ ကဲ ... သမီးလေး ပင်ပန်းနေမှာပေါ့ ... နားဦးလေ၊ မနက်ထမင်းဝိုင်းကျရင်တော့ သားရဲလင်းနဲ့ ဆုံကြတာပေါ့''

''ရဲလင်း ... ဟုတ်လား အန်ကယ်''

''ဪ ... အန်ကယ့်သားနာမည်က ရဲရင့်ဘုန်းပဲလေ၊ ဟိုကောင်နဲ့ နာမည်တူနေတော့ ယယ်နာမည် ရဲလင်းလို့ပဲ အန်ကယ်က ခေါ်တာ''

ရဲရင့်ဘုန်းအပေါ်မှာ အန်ကယ်ဦးရန်ရှင်း၏ ဆက်ဆံပြောဆိုပုံတွေက ကြည်ဖြူဟန်မရှိတာ ရွှေရုပ် သတိထားမိပါသည်။

အန်ကယ်ဦးရန်ရှင်းပြောသလို ရဲရင့်ဘုန်းက လူပေလူတေတစ်ယောက်လား။ ရွှေရုပ် လက်မခံချင်ပါ။ သူ့အပြုအမူနဲ့ စိတ်ထားကို ရွှေရုပ် သိထားပြီးပြီလေ။

ဒေါ်ဘွားသိန်းက ရွှေရုပ်အတွက် စီစဉ်ပေးထားသော ဒုတိယထပ်က အခန်းကို လိုက်ပို့ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အပေါ်ထပ်မှာက မောင်ရဲလင်းနဲ့ ဆရာကြီးတို့ နှစ်ယောက် နေကြတာကွဲ့၊ မောင်ရဲရင့်ကတော့ အိမ်နောက်ဘက် အလုပ်သမားတန်းလျားမှာနေတာ"

ဘွားသိန်းစကားကြောင့် ရွှေရုပ်ရင်ထဲ နင့်ခနဲ ခံစားမိသည်။ ဘာကြောင့်မှန်းမသိပါဘဲ ရွှေရုပ်ရင်ထဲမှာ အလိုမကျသလို ခံစားနေရ၏။

အန်ကယ်ဦးရန်ရှင်းရဲ့သားအဖြစ် ရဲရင့်ဘုန်းကိုပဲ ရွှေရုပ်ထင်မှတ်ခဲ့မိတာ။ အခုတော့ အန်ကယ်ဦးရန်ရှင်းသား ရဲရင့်ဘုန်းဆိုတာက တခြားတစ်ယောက်တဲ့။

ရွှေရုပ်စိတ်တွေ ရှုပ်ထွေးနောက်ကျိသွားစေတာတော့ အမှန်။

ရဲလင်းဆိုတဲ့ ရဲရင့်ဘုန်းအကြောင်းတွေကို ရွှေရုပ် ဘာမှ သိခွင့်မရသေးခဲ့ပါလား။

♥ ♥ ♥



## အခန်း (၁၀)

ရွှေရုပ် မေးခနဲ အိပ်ပျော်သွားခဲ့ပြီး ပြန်နိုးလာတော့ ဆယ်နာရီခွဲနေပြီ။ ခုတင်ငယ်လေးပေါ်က လျှောဆင်းရင်း ရွှေရုပ် အခန်းလေးထဲ ဝေ့ဝဲကြည့်မိသည်။

ရွှေရုပ်အတွက် စီစဉ်ပေးထားသောအခန်းလေးက သပ်သပ်ရပ်ရပ်နှင့် နေချင်စဖွယ်လေးပါပဲ။

အခန်းထဲမှာ သည်အတိုင်း ချထားသော ခရီးဆောင်အိတ်ကို ဖွင့်ကာ ဗီရိုထဲ အဝတ်အစားတွေ ရွှေရုပ်ပြောင်းထည့်သည်။

စာအုပ်တွေနှင့် စာရွက်စာတမ်းတွေကို အခန်းထောင့်က စာကြည့်စားပွဲလေးပေါ် သပ်သပ်ရပ်ရပ်တင်သည်။

မူဆယ်က ရွှေရုပ် ဘာမှများများစားစား မသယ်ခဲ့ပါ။ လိုအပ်လျှင် ရန်ကုန်ရောက်မှ ဝယ်မည်တွေးကာ အဝတ်အစားတွေတောင် အများကြီး ထည့်ယူမလာခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပါလာသော အဝတ်အစားတွေကို ဗီရိုပထမထပ်ထဲထည့်ကာ အခန်းတံခါးဖွင့်ထွက်ခဲ့သည်။

ပြောင်လက်နေသော စတီးပိုက်တန်းလေးတွေနှင့် ဝရန်တာလေးကို မြင်လိုက်တော့ ရွှေရုပ်ခြေလှမ်းတွေ လျှောက်သွားမိသည်။

ကြီးမားလှသော ခြံဝန်းကျယ်ကြီးကို အပေါ်စီးကမြင်နေရသလို လတ်ဆတ်သန့်ရှင်းသော လေကိုလည်း ရှူရှိုက်လို့ရသည့် ဝရန်တာလေးကို ရွှေရုပ် သဘောကျသွားမိသည်။

မူဆယ်မှာ ဒီလို သဘာဝအလှမြင်ကွင်းတွေက နှစ်သက်စရာကောင်းသည်။ အခုတော့ ရွှေရုပ်မြင်ရတာ သဘာဝရှုခင်းတွေ မဟုတ်ဘဲ ခြံထဲက စိုက်ထားသောပန်းပင်တွေနှင့် သစ်ပင်လှလှလေးတွေပဲဖြစ်၏။

မြက်ခင်းပြင်လေးကလည်း စိမ်းမြနေသည်။ ပုဏ္ဏရိက်ပင်လေးတွေက ညီညာစွာ ညှိထားတာမို့ တိတိပပလေးရှိ၏။ ပန်းခင်းကြီးကလည်း ဝေဆာလို့နေ၏။ ရွှေရုပ်အကြည့်တွေ ထပ်ဖြန့်ကြက်လိုက်တော့ ပြာလဲ့နေသောရေကူးကန်ကြီးကို မြင်သည်။

ရေကူးကန်၏ မလှမ်းမကမ်းမှာတော့ ကြက်တောင်ရိုက်ကစားကွင်းတစ်ခု။ ရွှေရုပ် မျက်ဝန်းလေးတွေ ဝိုင်းစက်သွားစေတာ ရဲရင့်ဘုန်းကြောင့်ပဲ ဖြစ်သည်။

ကစားကွင်းဘေးက မြက်ပင်တွေကို မြက်ရိတ်စက်





ကလေးနှင့် ညှိဖြတ်နေသူက ရဲရင့်ဘုန်းဖြစ်နေသည်။

အနက်ရောင်စွပ်ကျယ်ချိုင်းပြတ်နှင့် ဘောင်းဘီတိုအနီကို ဝတ်ဆင်ထားသော ရဲရင့်ဘုန်း၏ ကျစ်လျစ်တောင့်တင်းသော ကိုယ်ဟန်နှင့် မြင့်မြင့်မားမား အရပ်အမောင်းက တင့်တယ်လိုက်ဖက်လွန်းသည်။

ချွေးတို့ ရွှဲနစ်နေသော ရဲရင့်ဘုန်း၏ ဝင်းမွတ်ကြည်စင်သော အသားအရေက နေရောင်အောက်မှာ တောက်ပနေသည်။

မနေ့က တစ်ညလုံး မနားတမ်း ကားမောင်းခဲ့သူက အခုလောက်ဆို သိုးအောင်အိပ်စက်နေမည်ဟု ရွှေရုပ်ထင်ထားခဲ့သည်။ အခုတော့ ကိုယ်တော်ချောက ခြံထဲမှာ လန်းလန်းဆန်းဆန်း ရှိနေ၏။

ရွှေရုပ်ကြည့်နေတုန်းမှာ မြက်ရိပ်စက်လေးကိုင်ကာ သူ့အကြည့်တွေ ဝရန်တာလေးဆီ ရောက်လာ၏။

ရွှေရုပ်ကို သူမြင်သွားမှာ သေချာတာမို့ ရွှေရုပ် နှစ်လိုဖွယ် ပြုံးပြလိုက်မိသည်။ ဒါပေမဲ့ သူ ဥပေက္ခာပြုကာ ချက်ချင်းအကြည့်တွေ ပြန်လွှဲသွား၏။

သူ့ပုံစံက ရွှေရုပ်ကို တမင်မမြင်ဟန်ဆောင်သွားတာမို့ ရွှေရုပ်မကျေမနပ် မျက်မှောင်လေးကုတ်သွားမိသည်။ ဘယ်လိုလူလဲ၊ ရွှေရုပ်ကိုပဲ စကားမပြောချင်သည့်ပုံစံ။

"ဟော . . . သမီးလေး နိုးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



အသံကြောင့် ရွှေရုပ်လှည့်ကြည့်တော့ ဒေါ်ဘွားသိန်း ရွှေရုပ်ကို ပြုံးကြည့်နေ၏။

"ဟုတ်ကဲ့ ဘွားသိန်း ... အခုပဲ နိုးတာပါ"

"သမီး လန်းဆန်းသွားအောင် ရေမိုးချိုးလိုက်ပါလား၊ ရေချိုးခန်းက အောက်ထပ်မှာရှိတယ်၊ ပြီးရင် မနက်စာ စားဖို့ ဆရာကြီးစောင့်နေတယ်"

"ဟုတ်ကဲ့ ဘွားသိန်း"

ရွှေရုပ် အခန်းထဲပြန်ဝင်ကာ အဝတ်အစားလဲလိုက်သည်။

လုံချည်လေးရင်ရှားကာ ရွှေရုပ်ထွက်ခဲ့တော့ ဘွားသိန်းက ရပ်စောင့်နေသည်။

"သမီးကို ရေချိုးခန်း လိုက်ပြမလို့"

"ဩော် ... ဟုတ်ကဲ့ ဘွားသိန်း၊ ကျေးဇူးပဲနော်"

အောက်ထပ်က ရေချိုးခန်းလေးအထိ ဘွားသိန်း လိုက်ပို့ပေးသည်။ ရွှေရုပ် ရေချိုးခန်းလေးထဲဝင်ကာ အခန်းတံခါးကို လော့ခ်ချပိတ်လိုက်၏။

တစ်ရေးလောက် အိပ်စက်လိုက်ရတာမို့ လူက လန်းဆန်းသွားတာ အမှန်။ ဆံနွယ်တွေ ရေမစိုအောင် ခေါင်းစွပ်လေး ဆောင်းကာ ရေပန်းအောက် ဝင်ချိုးလိုက်သည်။

အေးစိမ့်စိမ့်ရေ၏အထိအတွေ့က ရွှေရုပ် စိတ်အာရုံတွေ





ကို လန်းဆန်းသွားစေသည်။

စိတ်တိုင်းကျ စိမ်ချိုးပြီးမှ ရေလဲလုံချည်လေးကို ရွှေရုပ် လဲဝတ်ဆင်လိုက်သည်။ ပြီးတော့ မွေးပွတဘက်လေး ပခုံးပေါ် တင်ကာ ရေချိုးခန်းတံခါးကို ဖွင့်လိုက်တော့ ...

"ဟင် ... ရှင် ရှင်"

ရေချိုးခန်းအပြင်ဘက်မှာ မားမားကြီးရပ်နေသော လူရွယ်ကြောင့် ရွှေရုပ် တကယ်ပဲ အလန့်တကြားဖြစ်သွားခဲ့သည်။

ခန္ဓာကိုယ်အောက်ပိုင်းမှာ အဖြူရောင် မွေးပွတဘက်ကြီး ရစ်ပတ်ကာ အပေါ်ပိုင်းဗလာကျင်းလျက် တိုက်လက်စ သွားပွတ်တံက ပါးစပ်မှာ တန်းလန်းနှင့် လူရွယ်အကြည့်တွေက ရွှေရုပ်ခန္ဓာကိုယ်လေးပေါ်မှာ ထက်အောက်စုန်ဆန်နေ၏။

"ရှင် ... ရှင် ဘယ်လိုလူလဲ"

ရွှေရုပ် ရှက်သွေးတွေနှင့် မျက်နှာလေးနီမြန်းသွားခဲ့ကာ ပခုံးပေါ်က ခြုံလွှာတဘက်လေးကို လုံခြုံအောင် ဖုန်းကွယ် ရစ်ပတ်လိုက်၏။

"မင်းက ရွှေရုပ်လွှာဆိုတာလား၊ ကိုယ် ရဲရင့်ဘုန်းပါ"

ပါးစပ်ထဲက သွားပွတ်တံကို ချွတ်ကာ သူ ဗလုံးဗထွေး ပြောသည်။ ရွှေရုပ် မျက်မှောင်လေးကုတ်သွား၏။ ရဲရင့်ဘုန်းတဲ့။ ဒါ အန်ကယ်ဦးရန်ရှင်းရဲ့သား ရဲရင့်ဘုန်းပဲဖြစ်မည်ထင်သည်။

မျက်ခုံးမျက်လုံးတွေက ပိရိလှပသည်။ ဒါပေမဲ့ ရဲတင်း



www.burmeseclassic.com

www.burmeseclassic.com



လွှန်းသောအကြည့်တွေကိုတော့ ရွှေရုပ် လုံးဝမနှစ်မြို့တာ အမှန်ဖြစ်သည်။

မျက်နှာချောချောက အကြည့်စူးစူးတွေက ရွှေရုပ်ဆီက လုံးဝရှောင်တိမ်းမသွားခဲ့ဘဲ။

"ရွှေရုပ်လှတာတဲ့လား ... နာမည်နဲ့ တကယ်လိုက်ဖက်တယ်ကွာ၊ ဒယ်ဒီပြောတုန်းက ဒီလောက်ချောမယ် မထင်ဘူး၊ အဟွန်း ... မဆိုးဘူး၊ မင်းအလှက ကိုယ့်ကို ဟတ်ထိထိတယ်"

အကြည့်က ရဲတင်းသလို အပြောကလည်း ရဲပါသည်။ ရွှေရုပ် မျက်ဝန်းစူးစူးတွေနှင့် တုံ့ပြန်ကြည့်ပစ်ရင်း ...

"ရှင် ... ကျွန်မရှေ့က လမ်းဖယ်ပေးပါ"

"အို ဆောရီး ... ကိုယ် မတ်တတ်မေ့နေတယ် ... အဟွန်း"

ရွှတ်နောက်နောက်ပြောရင်း ခန္ဓာကိုယ်ကို ရှောင်တိမ်းပေးသည်။ ရွှေရုပ် သူ့ကိုမကြည့်ဘဲ သုတ်ခနဲ လှည့်ထွက်ခဲ့သည်။

ရေချိုးခန်းတံခါး ပြန်ပိတ်သံကို မကြားရသေးပါ။

သည်လူ ရွှေရုပ်ကိုပဲ မျက်လုံးတွေ ကျွတ်ကျမတတ်အောင် ငေးကြည့်နေဦးမည် ထင်သည်။

ဘယ်လိုယောက်ျားလဲ။ အန်ကယ်ဦးရန်ရှင်းရဲ့သား ရဲရင့်ဘုန်းဆိုတဲ့သူက ဒီလိုလူစားမျိုးလား။

ရွှေရုပ်မျက်နှာလေးမဲ့ကျသွားခဲ့ကာ အာရုံထဲမှာ ဖျတ်ခနဲ





မြင်လိုက်မိတာ သူ့ရုပ်သွင်ကိုပါပဲ။

ဟိုက 'တည်ကြည်ခန့်ညားသလောက် သင်းကျတော့လည်း မထီတရီမျက်နှာနှင့် မင်္ဂလာပွဲလိုက်တဲ့ရုပ်။

နာမည်ချင်းတူပေမယ့် ပုံစံတွေက တကယ့်ကို တခြားစီပါလား။

♥

"လာ လာ ... ထိုင် သမီး၊ ဒေါ်သိန်း ... သား မနိုးသေးဘူးလား"

"နိုးနေပါပြီ ဆရာကြီး၊ စောစောကပဲ ကျွန်မ သွားနှိုးလိုက်ပါတယ်၊ ရေမိုးချိုးနေမယ်ထင်တယ်"

ဒေါ်သိန်းစကားကြောင့် ဦးရန်ရှင်းမျက်နှာ ကွက်ခနဲပျက်သွားတာ ရွှေရုပ်သတိထားမိသည်။ ဒါပေမဲ့ ဦးရန်ရှင်း ချက်ချင်းပြန်ဟန်ဆောင်ရင်း ...

"အင်း ... သား ညက အိပ်ရာဝင်နောက်ကျတယ်ထင်တယ်၊ အခု ဒီကောင်က သင်တန်းတွေ အစုံတက်နေတာ သမီးရဲ့၊ ညဘက် စာတွေနဲ့ နပန်းလုံးနေရတော့ ဒီလို အိပ်ရာထနောက်ကျတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဦးရန်ရှင်းစကားကို ဒေါ်ဘွားသိန်း မျက်နှာတစ်ချက် မဲ့သွားတာ ရွှေရုပ် မြင်ဖြစ်အောင် မြင်လိုက်သည်။ ရေချိုးခန်းဝမှာ သာ ဦးရန်ရှင်းသားနှင့် မဆုံခဲ့လျှင် ရွှေရုပ်လည်း ယုံမိမှာ သေချာသည်။

ဒါပေမဲ့ ဦးရန်ရှင်းသား ရဲရင့်ဘုန်းအပေါ်မှာတော့ ရွှေရုပ် ဘယ်လိုမှ ယုံလို့မရပါ။

''ဟော ... သား ရဲလင်း၊ လာကွာ''

စူးစူးရှရှ အော်ဒီကလုံးရေမွှေးရနံ့တွေ မွှန်ထူသွားခဲ့ သည်။ ရွှေရုပ် တစ်ချက်လေး မော့မကြည့်ဖြစ်ပါ။ မျက်နှာချင်း ဆိုင်ထိုင်ခုံမှာ ရဲရင့်ဘုန်း ဝင်ထိုင်သည်။

ရှေ့မျက်နှာချင်းဆိုင်ဆိုတော့လည်း ရွှေရုပ် မကြည့်ပေ မယ့်လည်း မြင်နေသည်။ ဖြူနုနေသောမျက်နှာက ပေါင်ဒါတွေ လား၊ အသားလုစနိုးတွေလား မသိ ... လိမ်းခြယ်ထားပုံရသည်။

ကုပ်ထောက်ဆံပင်ရှည်ညိုညိုတွေကို ဂျယ်တွေ ပြောင် လက်နေအောင်လူးကာ ထိုးထိုးထောင်ထောင် ပြင်ဆင်ထား သည်။ ယောကျ်ားတန်မဲ့ အလှကြိုက်လွန်းလိုက်တာဟု ရွှေရုပ် မှတ်ချက် ချမိသေးသည်။

''သမီးရွှေရုပ်လွှာ ... ဒါ အန်ကယ်ရဲ့သားလေ''

''အဟွန်း ... ဒယ်ဒီ မိတ်ဆက်ပေးတာနောက်ကျနေ ပြီ၊ သားတို့က ဆုံဖူးပြီးနေပြီ''





ပြုံးယဲ့ယဲ့ပြောပုံက တစ်ချက်လေးတောင် အချိုးမပြေပါ။ ဦးရန်ရှင်း အံ့သြသလို မျက်ခုံးနှစ်ဖက်ပင့်တက်သွားခဲ့ရင်း ...

''ဘယ်လိုကွ ... သားနဲ့သမီးလေးက ဘယ်တုန်းက ဆုံဖူးလိုက်တာလဲ''

''စောစောကပဲ ရွှေရုပ် ရေချိုးခန်းကအထွက်, ကျွန် တော်က အဝင် ဆုံကြတာလေ ဒယ်ဒီရဲ့ အဟက်''

အမူအရာနှင့် ပုံစံကတော့ တစ်စက်လေးမှ အချိုးမပြေ ပါ။ ဝတ်ထားသော တီရှပ်အနီရောင်ပေါ်မှာ ကြောင်ကြောင်ကြား ကြားဒီဇိုင်းတွေနှင့် ဘယ်လိုမှ မြင်တွေ့ရတာ မင်္ဂလာမရှိ။

''ဩော် ... သားတို့ချင်းက ရင်းနှီးသွားကြပြီလား၊ ကောင်းတယ် ကောင်းတယ် ... ဒယ်ဒီက သားတို့ချင်း ရင်းနှီး စေချင်တယ်၊ သားရဲလင်း ... သမီးလေးက ရန်ကုန်ကို အလည် သက်သက်လာတာ မဟုတ်ဘူးနော်၊ ကုမ္ပဏီလုပ်ငန်းကိစ္စတွေနဲ့ လာတာဆိုတော့ မင်းကူညီပေးပါ''

''အာ ... ဒယ်ဒီကလည်း သားက ဘာကူညီပေးရမှာ လဲ''

ဦးရန်ရှင်း မျက်နှာကြီး ကွက်ခနဲပျက်သွားခဲ့သည်။ မျက် မှောင်ကြီးကုတ်ပြီး သားဖြစ်သူကိုကြည့်ရင်း ...

''သမီးလေးလိုအပ်တာမှန်သမျှ မင်း ကူညီပေးရမှာပေါ့ ကွ''



www.burmeseclassic.com

www.burmeseclassic.com



''ဩော် ... ဒါလား၊ အိုခေ ဒယ်ဒီ ... ရက်စ် ရက်စ် ... ရွှေရုပ်အတွက် သားဘက်က အားလုံးအသင့်ပဲ''

''ကဲ ကဲ ... သမီး သုံးဆောင်ပါ၊ သမီးလေး ဗိုက်ဆာနေရောပေါ့''

ရွှေရုပ် ထမင်းကိုသာ ငုံ့စားနေရသည်။ စိတ်က ထမင်းဝိုင်းမှာ မရှိနိုင်ပါ။ လူကို မျက်စိစားပွဲထိုင်ကာ ထမင်းပန်းကန်အရာမယွင်းသည့် ဦးရန်ရှင်းသားဖြစ်သူရဲ့ အပြုအမူတွေကို စိတ်ပျက်နေသည်။

''ဟင် ... သမီးလေး တော်ပြီလား၊ စားတာ နည်းလှချည်လား''

''တော်ပါပြီ အန်ကယ်၊ တကယ် ဝသွားလို့ပါ၊ လမ်းခရီးမှာ နှစ်ညလောက် အိပ်ရေးပျက်ခဲ့တော့ သိပ်စားရတာ မကောင်းလို့ပါ''

''ဟုတ်လား ... အေး အေး၊ သမီးစားချင်တာရှိရင် ဒေါ်ဘွားသိန်းကိုပြော ... သိလား၊ သူ စီစဉ်ပေးလိမ့်မယ်၊ ဘာမှ အားမနာနဲ့ ... ဟုတ်လား''

''ဒါမျိုး ရွှေရုပ်ရယ် ... စိတ်ချ ... ရန်ကုန်မြို့မှာရှိတဲ့ ဘယ်ဟိုတယ်က အစားအစာ စားချင်သလဲ ပြော ... ရွှေရုပ်ကို ကိုယ်လိုက်ကျွေးမယ်''

ရွှေရုပ် တမင်ခွန်းတုံ့မပြန်ဘဲ ထမင်းဝိုင်းက ထထွက်ခဲ့





သည်။ ရဲလင်းဆိုသည့် ရဲရင့်ဘုန်းကိုတော့ ရွှေရုပ် တော်တော် စိတ်ပျက်နေပြီ။

လူပုံ တကယ်ပေါ်ကြော့စတိုင်လ်ဆိုတာ မြင်ရုံနှင့် သိနိုင်သည်။ ဒယ်ဒီကတော့ ထက်မြက်သည်၊ တော်သည်ဟု အမှတ်တွေပေးခဲ့တာနှင့် တကယ့်ကို တခြားစီ ဖြစ်နေ၏။

ကိုရဲရင့်ဘုန်းနှင့်ပဲ နာမည်တူကာ လူတွေ လွဲမှားနေသည်လား။

တစ်ခုခုတော့ လွဲနေပြီ ထင်ပါသည်။

♥

ထမင်းစားခန်းထဲက ရွှေရုပ်လှာ လှမ်းထွက်သွားတာကို သူ မမှိတ်မသုန် ငေးကြည့်နေတော့ ဒယ်ဒီက ...

''ဟော့ကောင် ရဲလင်း''

''ဗျာ ဒယ်ဒီ ... အဟဲ''

''မင်းကို ငါ ဘယ်လိုမှ အားမရဘူး ရဲလင်း၊ မင်းပုံစံနဲ့ အချိုးတွေကို မြင်သင့်ပြီ''

''အာ ... သားက ဘာဖြစ်နေလို့လဲ ဒယ်ဒီ''

''ဘာဖြစ်နေသလဲ ... ဟုတ်လား၊ မင်းကိုယ်မင်း ပြန်



www.burmeseclassic.com

www.burmeseclassic.com



မေးကြည့်ဦးကွ၊ ဒီမှာ ငါက မင်းအတွက် အရည်အချင်းရှိပြီး ထက်မြက်တဲ့ဇနီးလောင်းကို ရှာပေးတယ်၊ ဒါပေမဲ့ မင်းပုံစံက မပြောင်းဘူးဆိုတာ မဟုတ်သေးဘူး''

''ရွှေရုပ်ကိုပြောတာလား ဒယ်ဒီ၊ သားနဲ့ရွှေရုပ်ကို လက်ထပ်ပေးမှာမဟုတ်လား၊ သား သူ့ကို သဘောကျတယ် အဟဲ ... ဒယ်ဒီပြောတုန်းက ဒီလောက်ချောမယ် မထင်ဘူး''

''အော ... ရွှေရုပ်လှလေးက ရုပ်ရည်ချောမောရုံ မကဘူး၊ အရည်အချင်းပါရှိတဲ့ မိန်းကလေးကွ၊ ရန်ကုန်မှာ စီးပွားရေးကုမ္ပဏီကြီး ထူထောင်ဖို့ ကြိုးစားနေတာ''

''သား အဲဒါတွေ စိတ်မဝင်စားဘူး ဒယ်ဒီ၊ ရွှေရုပ်ကို သား လက်ထပ်ချင်တယ် ... ဒါပဲသိတယ်''

''ဟေ့ကောင် ... မင်း အဲဒီလို စဉ်းစားတွေးခေါ်မှု မရှိတာတွေကိုပဲ ငါစိတ်ကုန်တာ၊ အခု မင်းကို ရွှေရုပ်လှာနဲ့ ငါတို့မိဘတွေချင်းက သဘောတူတယ်ဆိုပေမယ့် မင်းတို့ချင်း အဆင်ပြေဖို့ကလည်း အဓိကကျတယ်''

ဒယ်ဒီစကားကြောင့် သူ ကျေနပ်နှစ်ခြိုက်စွာ ပြုံးလိုက်ရင်း ...

''အောရိုက် ဒယ်ဒီ ... စောင့်ကြည့်လိုက်၊ ရွှေရုပ်လှာ သား တော်ကီတွေထဲမှာ ပစ်ကျသွားစေရမယ်၊ ဒယ်ဒီ့သား ဘယ်လောက် စန်းပွင့်တယ်ဆိုတာ ဒယ်ဒီသိပါတယ်''





''တော်စမ်းကွာ၊ ဒီမှာ ရွှေရုပ်လှာကို မင်းတွဲခဲ့၊ ကြိုက်ခဲ့ဖူးတဲ့ ကောင်မလေးတွေလို မထင်နဲ့''

''မထင်ပါဘူး ဒယ်ဒီရဲ့ အားလုံးထက် သူကချောတယ်၊ လန်းတယ်၊ ဒါကြောင့် သား မြင်မြင်ချင်း ကြွေဆင်းသွားတာ''

''ဟာကွာ ... ငါပြောတာ အဲဒါမဟုတ်ဘူး၊ ရွှေရုပ်လှာက ယောကျ်ားတစ်ယောက်ကို အရည်အချင်းမရှိဘဲ လက်ခံမယ် မထင်နဲ့''

ဒယ်ဒီ့စကားကြောင့် သူ ဘာမှပြန်မပြောနိုင်အောင် တွန့်သွားသည်။ အရည်အချင်းတဲ့။ ဒယ်ဒီ ဘာတွေပြောနေတာလဲ။ သူ့အကြောင်း ဒယ်ဒီသိထားရလျက်နှင့်။

''ဒယ်ဒီ့သားကို ဒယ်ဒီ အဲဒီလို မနှိပ်ကွပ်နဲ့ဗျာ၊ သား အကြောင်း ဒယ်ဒီသိပါတယ်''

''အေး ... သိပ်သိတာပေါ့၊ ဘာမှ အသုံးမကျတဲ့ကောင်၊ တကယ်ဆို ဟိုကောင်ရဲရင့်ထက် မင်း သာသင့်တယ်''

ဒီလိုနှိုင်းတော့ သူ မခံမရပ်နိုင် ဖြစ်ရသည်။ သူ့ကို အလိုမကျတိုင်း ရဲရင့်ဘုန်းနှင့် အမြဲနှိုင်းယှဉ်တတ်တာ ဒယ်ဒီရဲ့ ဝသီဖြစ်နေပြီ။

''ဒယ်ဒီ သားကို သူနဲ့မနှိုင်းစမ်းပါနဲ့၊ သား ဘာမှ အသုံးမကျတော့လည်း ဘာဖြစ်သလဲ၊ ဒယ်ဒီပိုင်ဆိုင်သမျှတွေက ဆယ်သက်စားမကုန်ပါဘူးဗျ၊ မိမရှိ ဖမရှိ ခြံစောင့်လိုလို၊ ဒရိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘာလိုလိုကောင်နဲ့ မနိုင်းနဲ့ဗျာ၊ ခံရခက်တယ်''

သူ မခံမရပ်နိုင်စွာဆိုတော့ ဒယ်ဒီ ပင့်သက်ရှိုက် ခေါင်းညိတ်ပါသည်။

''သားမကြိုက်ရင် ဒယ်ဒီမပြောချင်ပါဘူး၊ ဒါပေမဲ့ ရွှေရုပ်လွှာကိုတော့ မင်း အလေးထားရမယ်၊ ပညာတတ် ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်က သူ့ခင်ပွန်းဖြစ်လာမယ့် လင်ယောက်ျားကို ထက်မြက်စေချင်မှာ အသေအချာပဲ''

ဒယ်ဒီစကားကြောင့် သူ ငိုင်တွေသွားရသည်။ ရွှေရုပ်လွှာရုပ်သွင်ကို အာရုံထဲမှာ ပြေးမြင်မိသည်။

တကယ့်ကို နုနုညက်ညက်လေး ချောမောလွန်းသည့် မိန်းကလေး။ အဆင်းရော အချင်းပါရှိသည့် မိန်းကလေးကို သူပိုင်ဆိုင်ခွင့်ရမည့် အခွင့်အရေးကို လက်လွှတ်မခံနိုင်ပါ။

''မင်းသာ ဟိုကောင်ရဲရင့်လို ပညာတတ်ခဲ့ရင် ဒယ်ဒီ ဘာမှပူပန်စရာ မရှိဘူး၊ သားရှင်ပီပီ ခေါင်းမော့ရင်ကော့နေလို့ ရတယ်ကွ''

ဒယ်ဒီ ကြိတ်မနိုင်ခဲမရ ပြောနေတာကို နားထောင်ရင်း သူ ခံရခက်ခက်ကြီး နှုတ်ဆိတ်နေရပါသည်။

ရဲရင့်ဘုန်းနဲ့ယှဉ်တိုင်း သူ့မှာ သိမ်ငယ်စိတ်တွေနဲ့ ခေါင်းငုံ့ခံခဲ့ရတာ အမြဲဖြစ်သည်။ တကယ်ဆို ဒီကောင့်ဘဝနဲ့ ကိုယ့်ဘဝ အခြေအနေက အပုံကြီးကွာခြားပါသည်။





''ဒယ်ဒီရာ . . . အဲဒီကောင်အကြောင်း မပြောစမ်းပါနဲ့၊ ပညာတတ်တာတစ်ခုကလွဲရင် ဘာမှ အဆင့်မရှိပါဘူး၊ သူ့အဖေက လူပေ လူတေ''

''ဟော့ကောင် ရဲလင်း''

ဒယ်ဒီ့အော်ဟစ်သံကြောင့် သူ တုံ့ခနဲဖြစ်သွားရသည်။ ရဲရင့်ဘုန်းကို တူတစ်ယောက်လို သဘောမထားပေမယ့် ရဲရင့်ဘုန်းအဖေအကြောင်းပြောတိုင်း ဒယ်ဒီ မျက်နှာကြီးနီကာ မခံမရပ်နိုင် ဖြစ်သွားတတ်စမြဲ။

''မင်း ဒီစကား ဘယ်တော့မှ မပြောနဲ့လို့ ငါပြောထားတယ်နော်''

''ဒယ်ဒီက ဘာလို့ အဲဒီလောက် ဒေါသဖြစ်နေရတာလဲဗျာ၊ ဒီကောင့်အဖေ ဦးရန်လင်းက ရှိသမျှအမွေတွေကို အကုန်သုံးဖြုန်းပစ်လို့ မွဲတေသွားတာ မဟုတ်လား''

''ဟော့ကောင် တော်တော့ . . . အဲဒါ မင်းကိစ္စမဟုတ်ဘူး၊ မင်းပါးစပ်ကို ချက်ချင်းပိတ်လိုက်''

ရှူးရှူးရှဲရှဲနှင့် သူ့ကို အခုပဲ ထထိုးတော့မလို ဒယ်ဒီ အံတကြိတ်ကြိတ် လက်သီးတပြင်ပြင် ဖြစ်နေတော့ သူ ပခုံးတွန့် ငြိမ်သက်နေလိုက်ပါသည်။

အမွှာညီအစ်ကိုတွေဆိုတော့လည်း ဒယ်ဒီက သူ့ညီကို ထိတော့ အနာပေါ် တုတ်ကျသလို နာတတ်လိုက်တာဟု သူ



www.burmeseclassic.com

www.burmeseclassic.com



တွေးလိုက်မိသေးသည်။

တကယ်ဆို ရဲရင့်ဘုန်းဆိုတာလည်း သူနဲ့တစ်ဝမ်းပဲ ကွဲတဲ့ ညီအစ်ကိုတွေပါပဲ။ ဒါပေမဲ့ သူကတော့ ခင်မင်သံယောဇဉ် မရှိတာ အမှန်။ ဒယ်ဒီသာ မရှိဘူးဆိုလျှင် ဒီကောင့်ကိုရော ဦးမြတ်ထင်ဆိုတဲ့ လူကြီးကိုပါ ခြံထဲက မောင်းထုတ်လိုက်တာ ကြာပြီ။

မင်းနဲ့ငါ နာမည်ချင်းတူပေမယ့် ဘဝချင်း အခြေအနေ ချင်းက တခြားစီပါ ရဲရင့်ဘုန်းရာ။

မင်းဘာသာ ပညာတွေ ဘယ်လောက်ကြီးပဲတတ်တတ် ငါတို့ အစေခံတန်းလျားမှာနေတဲ့ မင်းဘဝက ခြံမာလီ၊ ဒရိုင်ဘာ ထက် မပိုပါဘူး ရဲရင့်ဘုန်း။

♥♥♥



## အခန်း (၁၁)

"အဘ အဘ"

ခြံထဲက ပန်းပင်တွေ ရေလောင်းနေသော အဘိုးကြီး ရွှေရှပ်ခေါ်သံကြောင့် လှည့်ကြည့်လာသည်။

အဘိုးကြီးအသက်က ငါးဆယ်ကျော်ခန့်ရှိလောက်မည် ထင်သည်။ အရွယ်နှင့်မလိုက်ဖက်အောင် သန်မာသောခန္ဓာကိုယ် က ကျစ်လျစ်သန်မာတုန်းရှိသည်။ ရွှေရှပ်ကိုမြင်တော့ အကဲခတ် မျက်ဝန်းတွေနှင့်ကြည့်နေရင်း ...

"ဘာကိစ္စလဲ သမီး ... ဘာလိုချင်လို့လဲကွဲ့"

"ဘာမှမလိုပါဘူး အဘ၊ ဟို ... အဘကို မေး စရာလေး ရှိလို့ပါ"

"အင်း ... မေးပါသမီး"

"ဟို ... ကိုရဲရင့်ဘုန်း ဘယ်မှာလဲဟင်"

"ရဲရင့်ဘုန်း ... ဟုတ်လား၊ ဘယ်ရဲရင့်ဘုန်းကို မေး



www.burmeseclassic.com

www.burmeseclassic.com



တာလဲကွဲ့၊ မောင်ရဲလင်းလား''

ရွှေရုပ်မျက်နှာလေး မဲ့ပစ်မိသည်။ ပြီးမှ ခေါင်းကိုခါပစ်လိုက်ရင်း ...

''အဲဒီလူ မဟုတ်ပါဘူး၊ ရွှေရုပ်ပြောတဲ့သူက ရွှေရုပ်ကိုမူဆယ်ကနေ ကားနဲ့လာကြိုတဲ့ ကိုရဲရင့်ဘုန်းပါ''

''မောင် မောင်ဘုန်းလား၊ အင်း ... ရှိတယ် သမီး၊ သူ စောစောကပဲ အိမ်ထဲဝင်သွားတယ်၊ မောင်ဘုန်းက ဒီတိုက်ကြီးအနောက်က တန်းလျားလေးမှာ အဘနဲ့အတူနေတာလေ''

''ဟို ... ဒါဆို အဘက ဦးမြတ်ထင်လားဟင်''

ဦးရန်ရှင်း ပြောပြထားကတည်းက ရွှေရုပ်မှတ်ထားသောအမည်မို့ အဘိုးကြီး ခေါင်းညိတ်သည်။

''ဟုတ်တယ် သမီး ... အဘက ဦးမြတ်ထင်ပါ၊ ဟောဒီအိမ်ကြီးမှာ ဦးရန်ရှင်းတို့ အဖေအမေတွေ လက်ထက်ကတည်းက နေလာခဲ့တဲ့သူပေါ့ကွယ်''

''ဟုတ်ကဲ့ အဘ ... ရွှေရုပ်နာမည်က ရွှေရုပ်လှာပါ''

ရွှေရုပ် ခင်မင်နစ်လိုဖွယ်အပြုံးလေးနှင့် နှုတ်ဆက်တော့ ဦးမြတ်ထင် ခေါင်းညိတ်ပြတာ အသိအမှတ်ပြုသည်။

''အေးပါကွယ် အေးပါ၊ ဟော ... ဟိုမှာ မောင်ဘုန်းတောင် ဆင်းလာပြီ''

ဦးမြတ်ထင်စကားကြောင့် ရွှေရုပ်လှည့်ကြည့်တော့ ရဲရင့်





ဘုန်း ဆင်းလာတာတွေ့သည်။ ဝတ်ထားတာက ရှပ်အဖြူလည်ကတုံးနှင့် မရုန်းစေ့ရောင် ပုဆိုးကွက်စိပ်ကို တွဲဝတ်ဆင်ထားသည်။

ရှင်းသန့်နေသော မျက်နှာက ရွှေရုပ်ကို တွေ့ပေမယ့်လည်း အပြုံးရိပ် တစ်ချက်မထင်ဘဲ တည်နေသည်။ ဒါပေမဲ့ ရွှေရုပ်အပြစ်မမြင်ပါ။ ဒါ ရဲရင့်ဘုန်းရဲ့စတိုင်လ်ဟု ရွှေရုပ် နားလည်ထားပြီးသား ဖြစ်သည်။

''သား မောင်ဘုန်း ... ဒီမှာ သမီးလေး လာမေးနေလို့ကွဲ့၊ ကဲ ... စကားပြောကြဦး၊ အဘ ရေပိုက်တွေ သိမ်းလိုက်ဦးမယ်''

ဦးမြတ်ထင် ပြောပြောဆိုဆို ရေပိုက်ကိုဆွဲကာ ထွက်သွားမှ ဘယ်ခြေတစ်ဖက် မသန်မှန်း ရွှေရုပ်သိလိုက်ရ၏။

''ဟင် ... အဘဦးမြတ်ထင်က ခြေတစ်ဖက်မသန်ဘူးလား''

ရွှေရုပ်အမေးကို ရဲရင့်ဘုန်း ခေါင်းတစ်ချက် ညိတ်ပြသည်။ ရွှေရုပ်စိတ်ထဲမှာ အဘိုးအိုကို စာနာသနားသွားမိသည်။ တကယ်ဆို အဘိုးအို အသက်အရွယ်နှင့် ဒီလိုအလုပ်တွေ လုပ်နေရတာ မသင့်တော်ဟု ထင်၏။

''မင်း ကိုယ့်ကို ဘာလို့မေးတာလဲ ရွှေရုပ်လှာ''

သူ့အမေးစကားကြားမှ ရွှေရုပ် မော့ကြည့်မိသည်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေက ရွှေရုပ်ကို စူးစူးနစ်နစ် စိုက်ကြည့်နေခဲ့သည်။

"ရှင့်လက်က ဒဏ်ရာသက်သာရဲ့လား သိချင်လို့ပါ"

"ဘာမှ မဖြစ်ပါဘူး ... သက်သာနေပြီ"

"ရွှေရုပ် စိုးရိမ်နေတာပါ၊ ဒါနဲ့ ရှင်တို့က တိုက်ကြီး အနောက်ဘက်မှာနေကြတာဆို"

ရဲရင့်ဘုန်း မညိတ်ချင်ညိတ်ချင် ခေါင်းညိတ်သည်။ ရွှေရုပ်နှင့်စကားမပြောချင်တာကြောင့်လား ထင်မိပေမယ့် ရွှေရုပ် မသိဟန်ဆောင်ရင်း ...

"ဟို ... ရွှေရုပ် ရှင်တို့အိမ်လေးကို လာလည်လို့ ရတယ်မဟုတ်လား"

"အဓိပ္ပာယ်မရှိတာ ... မင်းက ဘာလာလုပ်မှာလဲ"

"လာလည်မှာလေ၊ လတ်တလော ရွှေရုပ် ဘယ်မှ မသွားရတော့ တိုက်ကြီးထဲမှာပဲ နေရတာပျင်းတယ်"

"ကိုယ်တို့အိမ်က မင်း အပျင်းပြေနိုင်တဲ့ နေရာမဟုတ်ဘူး၊ ဒါ့ကြောင့် လာမလည်ပါနဲ့"

"ဟင် ... ဘာလို့လဲ"

"ဟာကွာ ... မင်း တော်တော်စကားများပါလား၊ ကဲ ... ကိုယ်သွားစရာရှိတယ်၊ မင်း ဘာကိစ္စမှမရှိရင် ပြန်ပါတော့"

ရွှေရုပ်ရင်ထဲ စိတ်မကောင်းမိပါ။ ပြန်တော့ဟု နှင်လွှတ်ကာ ရွှေရုပ်အနားက ထွက်သွားတာက သူပဲဖြစ်သည်။





လက်ထဲမှာ စာအုပ်နှစ်အုပ်ကို ကိုင်ကာ ထွက်သွားသော သူ့ကို ရွှေရုပ်ငေးကြည့်မိနေမိသည်။ သူကတော့ ရွှေရုပ်ကို တစ်ချက်လေးတောင် လှည့်မကြည့်ခဲ့ပါ။

ဘာကြောင့်မှန်းမသိပါဘဲ ရွှေရုပ် မျက်ရည်ဝဲ ဝမ်းနည်းသွားချင်မိသည်။

ရွှေရုပ်ကို သူ ဆက်ဆံပုံတွေက စိမ်းပြတ်လွန်းသည်၊ လမ်းခရီးမှာတုန်းက ဒီလိုမျိုး စိမ်းစိမ်းပြတ်ပြတ် မရှိခဲ့ပါ။

မန္တလေးက ထွက်ကတည်းက ရွှေရုပ် သူ့ကို စကားမပြောဘဲ နေခဲ့တာကြောင့်လား မသိပါ။ တကယ်ဆို သူ့ကို အန်ကယ်ဦးရန်ရှင်း၏သားဟုပဲ ရွှေရုပ်ထင်မှတ်ခဲ့တာကြောင့် ဒေါသဖြစ်မိတာဖြစ်သည်။

ရန်ကုန်ရောက်မှာမှ သူ့ကို ရွှေရုပ်နားလည်စာနာသွားခဲ့တာ သူမသိသေးပါ။ ရွှေရုပ်ရင်ထဲမှာ ရဲရင့်ဘုန်းဆိုတာ နှစ်ယောက်ဖြစ်နေပေမယ့် ရွှေရုပ် အသိအမှတ်ပြုထားတာက တစ်ယောက်တည်းပါ ရဲရင့်ဘုန်း။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

“ရွှေရုပ်လွှာလေးက ခင်မင်စရာကောင်းပါတယ် သားရဲ့”

ဦးမြတ်ကတော့ တစ်ခါကြုံဖူးရုံနှင့် သူမအပေါ် ထင်မြင်ချက်တွေပေးနေချေပြီ၊ သူ ဘာမှခွန်းတုံ့မပြန်ဘဲ နှုတ်ဆိတ်နေမိသည်။

ဦးမြတ် ပက်လက်ကုလားထိုင်မှာ ကွမ်းတမြုံ့မြုံ့ဝါးရင်း သူ့ကို အကဲခတ် ကြည့်နေတာသိနေ၏။

“သားကို ‘သူ တော်တော်ခင်မင်နေပုံပဲ”

“လမ်းမှာ စကားပြောရင်း သိကျွမ်းတာလောက်ပါပဲ ဦးမြတ်ရယ်၊ ဒီထက်မပိုခဲ့ပါဘူး”

“သားတို့လမ်းမှာ လူရမ်းသုံးယောက်နဲ့ ပြဿနာဖြစ်ခဲ့ကြသေးတယ်ဆို”

သူ မျက်မှောင်ကြီးကုတ်သွားရသည်။ ရွှေရုပ်လွှာက





ဦးမြတ်ကို ဒီအကြောင်းတွေ ပြောပြခဲ့သည်ပေါ့။ သူတောင် ဘာမှမပြောခဲ့ပါ။

“ဦးမြတ်ကို သူပြောတာလား”

“အေးလေ . . . မနေ့က မင်းကျောင်းသွားနေတုန်း နေ့ခင်းကြီး ငါ့ဆီရောက်လာတယ်”

သူ မမေးဘဲ သိလိုက်ပါပြီ။ ဦးမြတ်ကို ရွှေရုပ်လွှာ သူ့အကြောင်းတွေ လျှောက်မေးတော့မှာ သေချာသည်။

“သူက ဘာလာလုပ်တာလဲ ဦးမြတ်”

“သူ့ခမျာ တစ်ယောက်တည်း ပျင်းရှာမှာပေါ့ကွ၊ ဒါကြောင့် ခြံထဲလမ်းဆင်းလျှောက်ရင်း ငါ့ဆီရောက်လာတာ”

“မိန်းမပီပီ တော်တော်မှစပ်စုသွားရဲ့လား ဦးမြတ်”

“ရွှေရုပ်လွှာလေးကို မင်း ဘာဖြစ်လို့ အပြစ်တွေမြင်နေတာလဲကွ၊ ခင်မင်စရာကောင်းသလို ယဉ်ယဉ်ကျေးကျေးရှိတဲ့ မိန်းကလေးပါ၊ စီးပွားရေးဘွဲ့ရပြီးသား၊ အင်္ဂလန်ပြည်မှာတောင် ဘွဲ့လွန်ယူထားတဲ့ မိန်းကလေးကွ၊ အခု ရန်ကုန်လာတာ စီးပွားရေးကိစ္စက အဓိကတဲ့”

သူ သိထားသည်ထက်ပင် ဦးမြတ်က ပြည့်စုံစွာ ပြောနေသည်။ တကယ်ဆို ရွှေရုပ်လွှာအကြောင်းကို သူပြည့်စုံစွာ မသိပါ။

အန်ကယ်ရန်က သူမကို ရန်ကုန်အရောက် ခေါ်ခဲ့ဖို့ စေခိုင်းခဲ့တာကြောင့် ဖြစ်သည်။ ထိုစဉ်က သူ့ကို အသိပေးသလို



www.burmeseclassic.com

www.burmeseclassic.com



နှင့် သတိပေးစကားဆိုခဲ့တာကို မှတ်မိနေဆဲ။

"ရဲရင့် ... မင်း အခုသွားခေါ်ရမယ့် မိန်းကလေးက တခြားသူမဟုတ်ဘူးနော်၊ ငါ့သားရဲလင်းရဲ့ ဇနီးလောင်းပဲ၊ မင်း မဲ့တစ်ပေါက်မစွန်းအောင် စောင့်ရှောက်ခေါ်လာခဲ့ပါ"

ဒါ အမိန့်ဟု သူနားလည်သလို အန်ကယ်ရန် အလိုကျ သည့်အတိုင်း ဆောင်ရွက်ပေးခဲ့တာ ဖြစ်သည်။ ကားစက်ပျက် ယွင်းလို့ တစ်ရက်နောက်ကျခဲ့တာကတော့ ခြွင်းချက်တစ်ခု။

ဒါတောင် အန်ကယ်ရန် သိပ်ကျေနပ်ပုံမရဘဲ သူ့ကို ဟိုမေးဒီမေး စကားတွေနှင့် မေးခွန်းတွေ ထုတ်ခဲ့သေးသည်။

"မောင်ဘုန်း"

အန်ကယ်ရန်ခေါ်သံကြောင့် သူ့အတွေးတွေ လွင့်စဉ် ကာ လှည့်ကြည့်မိ၏။

"မင်းကို ရွှေရုပ်လွှာ အံ့သြအထင်ကြီးသွားတာ သေချာ တယ်ကွ ... မင်းက ဆေးကျောင်းတက်နေတဲ့ ဆရာဝန်လောင်း လို့ သူသိသွားလို့"

သူ ခေါင်းကို ခါယမ်းမိသည်။ ဦးမြတ် ဘာကြောင့် ဒီ စကားတွေ ပြောနေတာလဲ နားမလည်နိုင်ပါ။

တကယ်ဆို ရွှေရုပ်လွှာနှင့်သူ ဘာမှမသက်ဆိုင် မပတ် သက်အပ်။ ရွှေရုပ်လွှာက ရဲလင်းနှင့်ပဲ သက်ဆိုင်သောသူဆိုတာ ကို ဦးမြတ်လည်း သိပြီးကိစ္စကြီးဖြစ်သည်။





"ဦးမြတ် ... အဲဒီမိန်းကလေး ဒီအိမ်လေးကို မလာတာ ပိုကောင်းလိမ့်မယ်"

"ဟေ ... ဘာလို့လဲ မောင်ဘုန်းရဲ့"

"အန်ကယ်ရန်တို့ ရဲလင်းတို့နဲ့ ပတ်သက်နေလို့ပေါ့ ဦးမြတ်ရဲ့"

"သား ဘာကိုဆိုလိုတာလဲ၊ ရွှေရုပ်လွှာက ရဲလင်းနဲ့ သဘောတူထားတယ်လို့ ပြောချင်တာလား"

"ဦးမြတ် သိပြီးသားကိစ္စကြီးပဲ၊ သား သူတို့နဲ့ပတ်သက် ပြီး တတ်နိုင်သမျှ ကင်းကင်းရှင်းရှင်း နေချင်တယ်၊ ဒီလိုနေတာ ကို ဦးမြတ်လည်း လက်ခံနားလည်မှာပါ"

သူ့စကားကို ဦးမြတ် ချေပဖို့ပြင်သည်။ ပြီးမှ ပြောဖို့ ကြံသောစကားတွေကို ပြန်မျိုချလိုက်သလို ပင့်သက်ကြီး ရှိုက် ခေါင်းကို ညိတ်သည်။

"အင်း ... ဦးမြတ် နားလည်တယ်သား၊ ဒါပေမဲ့ ရွှေရုပ် လွှာလေးက သူ့ဆန္ဒနဲ့သူ လာလည်တာကိုတော့ ဦးမြတ် တားခွင့် မရှိဘူးလေ"

သူ ဘာမှ ပြန်ချေပပြောမနေတော့ပါ။ ဦးမြတ် အနားက ခွာခဲ့ကာ သူ့ အခန်းလေးထဲ ဝင်ခဲ့သည်။

တစ်ယောက်အိပ်ခုတင်လေးနှင့် သူ့အဝတ်အစားထည့် သော ဗီရိုပုလေးတစ်လုံး၊ ပြတင်းတံခါးအနားမှာ စာကြည့်စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



လေး။ ဒါတွေပဲ သူ့ရဲ့ပိုင်ဆိုင်မှုတွေ ဖြစ်သည်။

စာကြည့်စားပွဲမှာ ဝင်ထိုင်လိုက်ပေမယ့် စိတ်က စာထဲမှာ အာရုံသွင်းလို့ မရပါ။ ရွှေရုပ်လွှာ အရေးကိစ္စကြီးက ခေါင်းထဲဝင်လာသည်။

ဦးမြတ်ဆီ သူမ လာနေတာက တကယ့်ပြဿနာအစတစ်ခုဟု သူသိနေပါသည်။ အန်ကယ်ရန်နှင့် ရဲလင်းတို့ ဘယ်လိုမှ မကျေနပ်နိုင်သောကိစ္စကြီးကို သူ မဖြစ်စေချင်ပါ။

ဒါကြောင့်လည်း သူမနှင့်ဆုံတော့ သူ ကင်းကင်းပြတ်ပြတ်ပဲ ဆက်ဆံခဲ့တာ ဖြစ်သည်။

အန်ကယ်ရန်က သူ့ရဲ့ ဦးလေးအရင်းအချာကြီး တစ်ယောက်ဆိုပေမယ့် သူ့အပေါ် သံယောဇဉ် ခပ်ပါးပါးမျှသာ ရှိတာ သူသိပါသည်။ ပြီးတော့ ရဲလင်းကိုယ်တိုင်ကလည်း ညီအစ်ကိုဆိုသည် နှောင်ဖွဲ့မှုမျိုး မရှိခဲ့။

ဒါက အခုမှ မဟုတ်ခဲ့ပါ။ ဟိုးငယ်စဉ်ကတည်းက ဖြစ်သည်။

သူ လူမှန်းသိတတ်စအရွယ်မှာ မိဘနှစ်ပါးစလုံး တိမ်းပါးခဲ့ပြီး ရဲလင်းကလည်း သူ့လိုပဲ မိခင်မရှိတော့ပေမယ့် ဖခင်ရ ချာက ကျန်နေသေးသည်။

ရဲလင်းထက်ဆာလျှင် သူက ကံဆိုးလွန်းသည်ဟု ဆိုရလိမ့်မည်။ ဒါတွေအားလုံးက ဖေဖေရဲ့အပြစ်တွေဟု အားလုံ





က ဆိုကြသည်။

သူ မသိခဲ့သော အတိတ်မှာ ဖေဖေ ဦးရန်လင်းသည် လူပေလူတေတစ်ယောက်ဟု သိခွင့်ရခဲ့သည်။

ဦးရန်ရှင်းနှင့်ဦးရန်လင်းဆိုသည်က သုံးမိနစ်သာခြား မွေးသော အမြွှာညီအစ်ကိုတွေ ဖြစ်သည်။ နောက်ထပ် သားသမီးလည်း ထပ်မရသောမိဘတွေက အမြွှာသားတွေအပေါ်မှာပဲ အချစ်တွေ ပုံခဲ့ကြသည်။

အမြွှာညီအစ်ကိုတွေဆိုသည့်အတိုင်း ဦးရန်ရှင်းနှင့်ဦးရန်လင်းတို့ ညီအစ်ကိုက ရုပ်ရည်၊ အရပ်အမောင်း၊ အသားအရေကအစ ခွဲမရအောင် တူလွန်းခဲ့ကြသည်။

ဒါပေမဲ့ မတူညီသောအရာတစ်ခုက သူတို့နှစ်ဦးစီရဲ့ စိတ်ဓာတ်တွေပဲဖြစ်သည်။

ညီငယ်ရန်လင်းက အပေါင်းအသင်းစုံသည်၊ အပျော်အပါး လောင်းကစားကို ခုံမင်သည်၊ အစ်ကိုရန်ရှင်းကတော့ မိဘတွေကို ချစ်ခင်ပြီး ပညာရေးမှာ ထက်မြက်သည်။

အရွယ်ရောက်တော့ မိဘတွေ အားကိုးရသော သားလိမ္မာဖြစ်ခဲ့ပေမယ့် ညီငယ်ရန်လင်းကတော့ အပေါင်းအသင်းတွေနှင့် ဟေးလားဝါးလား အချိန်ကုန်သည်။

မထင်မှတ်ဘဲ မိဘနှစ်ပါး ရှေ့ဆင့်နောက်ဆင့် တိမ်းပါးကုန်တော့ ပြဿနာက စတော့သည်။ ဖခင်ရဲ့စီးပွားရေးလုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဦးစီးနေသော အစ်ကိုရန်ရှင်းကို ညီဖြစ်သူက မနာလို ဝန်တို ပြဿနာရှာသည်။

အပေါင်းအသင်းတွေ မြှောက်ပင့်ပေးတာကို နားယောင် သည်။

"အမြွာညီအစ်ကိုသာ ဆိုတယ် ... မင်းအစ်ကိုကပဲ မိဘစီးပွားရေးတွေကို အုပ်ချုပ်ခွင့်ရှိတာ မဖြစ်သင့်ဘူး ရန်လင်း"

"ဟုတ်တယ် ... မင်းက ဘာမှမသိဘဲ ဟိုက ပြော သမျှ ယုံ၊ ပေးတာလေး သုံးနေရတာ မမျှတဘူး ရန်လင်း"

မလိုသူတွေ သွေးထိုးစကားကို ယုံကြည်ကာ ရန်လင်းက အစ်ကိုဖြစ်သူဆီက ရသင့်သောအမွေကို တောင်းဆိုသည်။

"ညီလေး ... အစ်ကိုကြိုးစားရှာနေတာ တို့နှစ်ယောက် အတွက်ပါကွာ၊ စိတ်ချ ... အချိန်တန်ရင် ညီလေး ရသင့်တာ အစ်ကိုခွဲဝေပေးမှာပါ"

"အချိန်တန်ရင် ... ဟုတ်လား၊ ဘာလဲ ... မိသားစု စီးပွားရေးမှန်သမျှ ခင်ဗျား လက်ဝါးကြီးအုပ်ထားပြီး ကျုပ်ကို လိမ်ညာဦးမလို့လား၊ မရဘူးဗျာ ... ကျုပ် ခုချက်ချင်း လိုချင် တယ်၊ တရားမျှမျှတတ ... မိဘပိုင်သမျှ တစ်ဝက်ပေါ့"

ညီဖြစ်သူဆန္ဒ ပြင်းပြနေတော့ ကိုရန်ရှင်း ဝတ်လုံတော် ကြီးတွေ ခေါ်ကာ မိဘအမွေတစ်ဝက်ကို ခွဲဝေပေးလိုက်သည်။

ရသင့်သောအမွေတွေ ပိုင်ဆိုင်သွားတော့ ရန်လင်





တစ်ယောက် မြင်းကို ဦးချိုတပ်ပေးလိုက်သလို ဖြစ်သွားခဲ့သည်။

အပေါင်းအသင်းတွေနှင့် ထင်တိုင်းကြဲ သုံးဖြုန်းသည်။

ပညာမရှိ၊ ဆင်ခြင်ချက်မရှိဘဲ စီးပွားရေးလုပ်ငန်းတွေ တည်ထောင်သည်။ ပိုင်ဆိုင်ခံစားရသည့်ဂုဏ်က လက်ထဲမှာ ရှိသည့် ငွေတွေ လုံးပါးပါးခဲ့တာပဲ ဖြစ်၏။

လူမိုက်နှင့်ငွေ အတူမနေဆိုသော စကားက သွေးထွက် အောင် မှန်ပါသည်။ သားတစ်ယောက်ရမှ ဦးရန်လင်း ပိုင်ဆိုင် သမျှတွေကုန်ကာ ဒုက္ခတွေ ပင်လယ်ဝေတော့သည်။

ညီလေးဖြစ်သူ သတင်းကြားတော့ အစ်ကိုဖြစ်သူ မနေ နိုင်ပါ။ ကိုယ်တိုင်လည်း သားတစ်ယောက်ဖခင်ဘဝမို့ စာနာမိ သည်။

နောက်ဆုံးတော့ ညီဖြစ်သူမိသားစုကို အိမ်ပေါ်ခေါ်တင် ကာ စောင့်ရှောက်တာဝန်ယူခဲ့သည်။ ရသမျှအမွေတွေ တစ်ပြား တစ်ချပ်မှ မကျန်အောင် ဆုံးရှုံးသွားသည့်အဖြစ်ကို နောင်တ တွေ ရခဲ့ပေမယ့် နောက်ကျခဲ့ပြီ။

အစ်ကို ဦးရန်ရှင်းကတော့ အောင်မြင်သောစီးပွားရေး လုပ်ငန်းကြီးတွေနှင့် အသားကျလည်ပတ်နေခဲ့တာ မျက်မြင်ထင် ရှား။

သူ့ကိုလည်း စက်ရုံမှာ မန်နေဂျာအဖြစ် ခန့်အပ်ကာ ဇနီးနှင့်သားကိုပါ စောင့်ရှောက်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာက ဦးရန်လင်းဘဝကို ပြုပြင်ရှင်သန်ဖို့ အချိန် မပေးခဲ့ပါ။ တောင်ကြီးဘက်က စက်ရုံတစ်ခု ဖွင့်ပွဲကအပြန်မှာ အန္တရာယ်ဆိုးကြီးက ကြုံဆုံခဲ့ရသည်။

စက်ရုံသစ်ဖွင့်ပွဲမို့ ဦးရန်ရှင်းတို့ဇနီးမောင်နှံနှင့် ဦးရန် လင်းတို့ဇနီးမောင်နှံပါ စုံစုံညီညီ သွားခဲ့ကြတာဖြစ်သည်။

တောင်ကြီးကအပြန် ကားအက်ဆီးဒင့်ဖြစ်ကာ တိမ်း မှောက်ခဲ့သည်။ အားလုံးထဲမှာကံကောင်းသူက ဦးရန်ရှင်း တစ် ယောက်သာ ဖြစ်ခဲ့သည်။ ညီဖြစ်သူ ဦးရန်လင်းတို့လင်မယား ရော ဇနီးဖြစ်သူပါ ပြင်းထန်သောဒဏ်ရာတွေနှင့် သေဆုံးခဲ့ သည်။

ခါးသီးဆိုးရွားလှသော ထိုအဖြစ်အပျက်တွေ ကြုံဆုံရချိန် မှာ သူရော ရဲလင်းပါ နှစ်နှစ်သားကျော်ကျော် အရွယ်တွေမျှ သာ ဖြစ်ခဲ့၏။

မိဘနှစ်ပါးစလုံး ဆုံးရှုံးခဲ့ရခြင်းက သူ့အတွက် ကံဆိုး မှုကြီးဖြစ်ခဲ့ရပေမယ့် ရဲလင်းကတော့ မိခင်ကိုပဲ ဆုံးရှုံးခဲ့ရတာ ဖခင်က ကျန်ရစ်ခဲ့သေးသည်။

ညီဖြစ်သူကို စာနာခွင့်လွှတ်စောင့်ရှောက်ခဲ့သော အန် ကယ် ဦးရန်ရှင်းသည် တူအရင်းဖြစ်သော သူ့အပေါ်မှာတော့ ချစ်စိတ် မရှိခဲ့ပါ။

"ဒီကောင်ရော, သူ့အဖေပါ ဂြိုဟ်ဆိုးတွေပဲ၊ သူ့





ကြောင့် ငါ့မိန်းမကို ဆုံးရှုံးခဲ့ရတာ၊ ငါတောင် ကံကောင်းလို့ အသက်ရှင်ကျန်ခဲ့တာ၊ တောက် ... ဂြိုဟ်ကောင်လေး၊ မင်းပါ မင်းအဖေအမေတွေနဲ့ လိုက်သွားသင့်တာ၊ သိလား"

အန်ကယ်ရန် အမြဲတမ်းဆိုတတ်သောစကားကို သူ လူမှန်းသိတတ်စကတည်းက ကြားခဲ့ရဖူးသည်။ နုနယ်သော သူ့နှလုံးသားမှာ အန်ကယ်ရန်ရဲ့ စွပ်စွဲချက်တွေအောက်မှာ မျက်ရည်တွေ ဖြိုင်ဖြိုင်ကျခဲ့ရ၏။

"မင်း ဂြိုဟ်ကောင်လေး၊ ငါ့တူမဟုတ်ဘူး၊ သွားစမ်း ... ငါ့အနားမလာနဲ့ ... သွား" .

"ဟာ ဆရာကြီးရယ် ... ကလေးကို ဒီလိုမပြောပါနဲ့ ဗျာ"

အန်ကယ်ရန် သူ့ကို မုန်းတီးစွာပြောတိုင်း နံဘေးက ဖေးဖေးမမ ဝင်တားမြစ်တတ်သူက ဦးမြတ်ထင်ပဲဖြစ်၏။

"ဘာလဲ မြတ်ထင် ... မင်းက ဒီကလေးဘက်က နာနေတာလား၊ ဒီကောင်လေးကြောင့် ငါတို့တွေ ဂြိုဟ်ဆိုးကြီးဝင် ခဲ့တာကွ၊ ဒါကို တွေးမိတိုင်း ငါ နာကျင်ခံစားရတယ်"

"ဆရာကြီးရယ် ... သူ့ခမျာ အဖေလည်းဆုံး, အမေ လည်း ဆုံးရရှာတာပါ၊ ဆရာကြီးသားလေးကမှ ကံကောင်းပါ သေးတယ်၊ ပြီးတော့ ဒါ ဆရာကြီးတူပါ၊ ဆရာကြီးသိပ်ချစ်တဲ့ ဆရာကြီးညီရဲ့ သွေးသားပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါ့ညီသွေးသားမို့ ငါသည်းခံနေတာ၊ နို့မို့ အိမ်က မောင်းထုတ်ပစ်လိုက်တာကြာပြီ၊ ဒီကောင်လေး အိမ်ပေါ်မှာရှိနေသ၍ ဒုက္ခတွေ့ အကုသိုလ်တွေ ကြုံနေဦးမှာပဲ"

အန်ကယ်ရန်၏ ခါးသီးသောစကားတွေအောက်မှာ သူ အငွေ့ပျံပျောက်သွားချင်ခဲ့သည်။ နေ့စဉ်ရက်ဆက် သူ့ကိုမြင်တိုင်း ခါးသီးသောစကားတွေနှင့် ဆိုနေတတ်သည့် အန်ကယ်ရန်ကို သူ ကြောက်လန့်မိ၏။

"မင်း ဘာကောင်လဲ၊ ငါ့အမေသေတာ မင်းကြောင့်၊ မင်းက ဂြိုဟ်ကောင်၊ အလကားကောင်"

အဖေဖြစ်သူရဲ့စကားကို သံယောင်လိုက်ပြီး ညီဖြစ်သည့် ရဲရင့်ဘုန်းကလည်း သူ့ကို လက်ညှိုးထိုးပြောတိုင်း သူ ခေါင်းငုံ့ မျက်ရည်တွေ ဝဲခဲ့ရ၏။

"သား ရဲရင့်ဘုန်း ... ဒီလိုမပြောရဘူးလေ၊ မင်းတို့က ညီအစ်ကိုတွေကွဲ့"

"ဘာညီအစ်ကိုမှ မဟုတ်ဘူးဗျ၊ ဦးမြတ်ထင်ကြီး မသိဘဲ မပြောနဲ့၊ ဒီကောင့်ကို ဒယ်ဒီက အိမ်ကမောင်းထုတ်မှာတဲ့၊ စောင့်ကြည့် ... ဘယ်နေ့ အိမ်ပေါ်က မင်းဆင်းရမလဲဆိုတာ"

ရဲရင့်ဘုန်း သူ့ကို စူးစူးရဲရဲ စိုက်ကြည့်ကာ ချာခနဲ ထွက်သွားတော့ သူ အသံမထွက်ဘဲ မျက်ရည်တွေ ပိုးပိုးပေါက် ပေါက် စီးကျလာ၏။





"ကလေး ... သား မငိုနဲ့၊ တိတ်နော်၊ သားအနားမှာ ဦးမြတ်ထင်ရှိတယ် ... ဟုတ်လား"

"ဦးမြတ် ... သားသား ဒီအိမ်ကြီးမှာ မနေချင်ဘူး၊ မနေရဲဘူး၊ သားသား ကြောက်တယ်"

သူ့ဘဝမှာ အားကိုးရာ ဦးမြတ်ကို ရင်ခွင်ထဲမှာပဲ တိုးဝင် ငိုကြွေးခဲ့ရစဉ်က သူ့အသက်လေးနှစ်မျှသာ ရှိသေးသည်။

နုနယ်သော နှလုံးသားမှာ ဒဏ်ရာတွေ ပိုင်ဆိုင်ခဲ့ရတာ အထပ်ထပ်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဦး မြတ်နှင့်အတူ တိုက်အိမ်ကြီးရဲ့ အနောက်ဘက်က သစ်သားအိမ်လေးမှာ နေရမည်ဆိုတော့ သူ ဝမ်းသာကျေနပ်ခဲ့တာ အမှန်။

အစေခံတန်းလျားလေးဆိုပေမယ့် သူ့အတွက်တော့ နေ့စဉ် ကြိမ်းဝါးခံနေရသော ဘဝဆိုးကြီးက လွတ်မှာမို့ ဝမ်းသာနေမိသည်။

"ဦးမြတ် ... သားသား ဒီမှာပဲနေရမှာနော်၊ ဟိုအိမ်ကြီးကို မသွားတော့ဘူးနော် ဦးမြတ်"

"သားသားရယ် မသွားရတော့ပါဘူးကွာ၊ မင်း ဦးမြတ်နဲ့ပဲ ဒီမှာ တစ်သက်လုံးနေကြမှာပေါ့၊ သားသား ဒီမှာနေမယ်ဆိုရင် ဦးမြတ်စကားကို နားထောင်ရမယ်နော်"

"ဟုတ်ကဲ့ ... နားထောင်ပါ့မယ် ဦးမြတ်"

"အေး ... သား ပညာတတ်ကြီးဖြစ်အောင် ကြိုးစားရ





မယ် ... သိလား၊ သားကို ဦးမြတ် တာဝန်ယူမယ်"

ဦးမြတ်က သူ့အပေါ်မှာတော့ ပြည့်ဝကောင်းမွန်ခဲ့သူ တစ်ယောက်ပဲ ဖြစ်သည်။ သူ့ပညာရေးကို ဦးမြတ်က အလေးထား ဂရုစိုက်ခဲ့သည်။

ခမ်းနားထည်ဝါလှသော တိုက်အိမ်ကြီးပေါ်မှာ သူ နေထိုင်ခွင့်မရခဲ့ပေမယ့် ဦးမြတ်နှင့်အတူ နေထိုင်ရသော တန်းလျားက အိမ်လေးမှာပဲ သူပျော်ခဲ့သည်။ ဦးမြတ်ဖြစ်စေချင်သော ဆန္ဒအတိုင်း သူကြိုးစားခဲ့၏။

ဒါကြောင့်လည်း သူ နှစ်စဉ်တိုင်းမှာ အတန်းထဲက နံပါတ် (၁) နေရာကို အမြဲယူနိုင်ခဲ့သည်။

"ကြိုးစားမောင်ဘုန်း၊ သားအတွက် ပညာရေးက သား အနာဂတ်တစ်ခုဖြစ်လာမှာ မမေ့နဲ့၊ သားဘဝကို သားရပ်တည်နိုင်ဖို့ လိုတယ်"

ငယ်ရွယ်တုန်းကတော့ ဦးမြတ်စကားတွေကို သူ နားမလည်နိုင်ခဲ့ပေမယ့် အရွယ်လေးရလာတော့လည်း သူ နားလည်လာနိုင်ခဲ့သည်။

သူ့အပေါ်မှာ အမြဲတမ်း အနိုင်ယူတတ်သော ရဲလင်းတို့ သားအဖရဲ့ အရိပ်ကလွတ်မြောက်ဖို့အတွက် သူ့ပညာရေးကို ပိုလို့ အားစိုက်ကြိုးစားခဲ့သည်။

အဖေ့ရဲ့အစ်ကို ဦးလေးရင်းချာဆိုပေမယ့် အန်ကယ်ရန်



www.burmeseclassic.com

www.burmeseclassic.com



သည် သူ့အပေါ်မှာတော့ သံယောဇဉ်မရှိခဲ့တာအမှန်ပဲဖြစ်သည်။ ဒါကို စဉ်းစားမိတိုင်း သူ့ရင်ထဲမှာ ခံစားနာကျင်ခဲ့ရသည်။

အဖေရဲ့ ဆိုးရွားသောလောင်းရိပ်ကြီးကြောင့် သူ့ဘဝကို အန်ကယ်ရန်က အမြဲတမ်း ဖိနှိပ်အနိုင်ယူခဲ့၏။ ဒါကြောင့်လည်း သူ ဘယ်တော့မှ အဖေ့လို မဖြစ်စေရဟု ဆုံးဖြတ်ခဲ့၏။

"အချိန်တန်ရင် မင်းလည်း မင်းအဖေရန်လင်းလို ဖြစ်မယ့်ကောင်ပါ"

မိဘအမွေတွေကို အပေါင်းအသင်းတွေနှင့် သုံးဖြုန်းဘဝပျက်ခဲ့သော အဖေနှင့် နှိုင်းယှဉ်ကာ အန်ကယ်ရန်က သူ့ကို နှိပ်ကွပ်တတ်ခဲ့သည်။

ထိုမခံချင်စိတ်ကလေးနှင့် သူ ကြိုးစားဖြစ်တာကြောင့် ဆယ်တန်းကို ဂုဏ်ထူးငါးဘာသာနှင့် သူ အောင်မြင်ခဲ့သည်။ ထိုအတွက် ဦးမြတ် ကြွေးကြော်ဂုဏ်ယူစရာဖြစ်ခဲ့သလို အန်ကယ်ရန်လည်း သူ့ကို နှိပ်ကွပ်တုံ့ပြန်ဖို့ တွန့်ဆုတ်သွားခဲ့သည်။

"တော်တော်ရှက်ဖို့ကောင်းတယ် ရဲလင်း၊ ဟိုမှာ တန်းလျားမှာနေပြီး ဆယ်တန်းဖြေတဲ့ကောင်က ငါးဘာသာဂုဏ်ထူးနဲ့ အောင်သွားတယ်၊ မင်းက ဒီလောက် ဂိုက်တွေ, ကျူရှင်တွေ တက်ပြီးဖြေတာတောင် မအောင်ဘူးဆိုတော့ ရှက်စရာကောင်းလိုက်တာကွာ"

"ဟာ ဒယ်ဒီကလည်း ... ဒီကောင်နဲ့ မနှိုင်းစမ်းပါနဲ့"





"ဟ ... မနှိုင်းလို့ ရမလား၊ မင်း ဘာမှ အသုံးမကျတာ၊ တကယ်ကွာ ... ရှက်ဖို့ကောင်းလိုက်တာ၊ ဒီကောင်နဲ့ မင်းက နာမည်တူနေတော့ ငါ့မိတ်ဆွေတွေက ကိုရန်ရှင်းသားရဲရင့်ဘုန်းက တော်လိုက်တာ ချီးကျူးကြတော့ ငါ့မှာ အောင့်သက်သက်နဲ့ မချိသွားဖြဲပြနေရတယ်"

"ဘာဖြစ်လဲ ဒယ်ဒီရာ ... ချော်လဲရောထိုင်လိုက်ပေါ့၊ ဒီကောင်လည်း ရဲရင့်ဘုန်း၊ သားလည်း ရဲရင့်ဘုန်းပဲဗျ ... အဟဲ"

"တော် တော်စမ်းဟေ့ကောင်၊ မင်းကို ပြောလိုက်ရင် ပေါ့ရွှတ်ရွှတ်နဲ့မဖြစ်ဘူး၊ မင်း ဒီမှာ ကျောင်းတက်နေရင်လည်း ဒီဆယ်တန်း အောင်မှာမဟုတ်ဘူး၊ မင်းကို အင်္ဂလန်က ငါ့မိတ်ဆွေဆီပို့ပြီး အတတ်ပညာသင်တန်းတစ်ခုခုတော့ သင်ခိုင်းမယ်"

"အဟား ... နိုင်ငံခြားမှာ ပညာသင်ရမှာလား၊ သွားသွားမယ် ဒယ်ဒီ"

"အေး ... မင်းအရည်အချင်းနဲ့တော့ ပညာရပ်ဆိုင်ရာကျောင်းတော့ တက်ခွင့်ရမှာမဟုတ်ဘူး၊ အတတ်ပညာသင်တန်းတစ်ခုခုတော့ တတ်အောင်သင်ခဲ့ ... ကြားလား"

"အိုခေ ဒယ်ဒီ ... ရက်စ် ရက်စ်"

သည့်နောက်ပိုင်းမှာ ရဲလင်း အင်္ဂလန်ရောက်သွားခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



က သူ့အတွက်တော့ တစ်ခုကောင်းပါသည်။ သူနဲ့ဆုံတိုင်း မခံနိုင်အောင်ပြောကာ အနိုင်ကျင့်တတ်သော ရဲရင့် ရန်က လွတ်ခဲ့ရသည်။

အန်ကယ်ရန်ကတော့ သူ့အပေါ် ဝန်တိုမကျေနပ်ပေမယ့် အရင်လို နှိပ်ကွပ်နှိမ်ချတာမျိုးတော့ မပြုတော့ပါ။

ရဲလင်းနှင့်သူ နာမည်ချင်းတူကာ ရဲရင့်ဘုန်းဟု အားလုံးက သိထားကြတာမို့ ဆေးကျောင်းသားသူ့အတွက် အန်ကယ်ရန်မှာ ဂုဏ်တက်စရာတစ်ခုတောင် ဖြစ်ခဲ့သည်။

"ဦးမြတ် ... ဘာလို့ သားကို ကျောင်းအပ်တော့ ရဲရင့်ဘုန်းနာမည်နဲ့ အပ်တာလဲဟင်၊ အဲဒီနာမည်က ရဲလင်းနာမည်အရင်းလေ"

"သားသား မသိပါဘူး၊ ဦးမြတ် ဘာလို့ သားကို ရဲရင့်ဘုန်းလို့ နာမည်ပေးခဲ့သလဲဆိုတာ တစ်ချိန်ကျရင် သားသိရမှာပါ"

သူ တကယ်နားလည်လို့ မရပါ။ ရဲလင်း၏ ကျောင်းနာမည်က ရဲရင့်ဘုန်းဟု သိလျက်နှင့် ဦးမြတ်က သူ့ကို ကျောင်းအပ်စဉ်က ထိုနာမည်ကိုပဲ ပေးခဲ့သည်။

ဘာပဲဖြစ်ဖြစ် ဦးမြတ်သည် သူ့အပေါ်မှာ မရှိတော့သည့် ဖခင်ရင်းလိုကောင်းမွန်ခဲ့တာ သူအသိဆုံးဖြစ်သည်။ အမြဲတမ်း သူ့ရှေ့က မားမားမတ်မတ် ရပ်တည်ပေးခဲ့တာ သူအသိဆုံး။





"ဟင် မောင်ဘုန်း ... စာမကျက်ဘဲ မင်းက ဘာတွေလုပ်နေတာလဲ"

"ဟို အန်ကယ်ရန်က ဒီကားကို ပြောင်အောင်ဆေးခိုင်းထားလို့ပါ ဦးမြတ်"

"ဟာ ... သွား သွား၊ သားဘာသာ စာသွားကျက်စမ်း၊ ပေး ... ဒီကားကို ဦးမြတ်ဆေးလိုက်မယ်"

ဟိုးငယ်စဉ်ကတည်းက ဦးမြတ်က သူ့ဘက်က ရပ်တည်ကာ နေပေးခဲ့သည်။ ထိုကျေးဇူးတွေကို သူ တစ်သက်မမေ့ပါ။ သူ တစ်ချိန်မှာ ဆရာဝန်တစ်ယောက် ဖြစ်လာလျှင် ဦးမြတ်ကျေးဇူးတွေကို ပေးဆပ်ချင်ပါသည်။

ဦးမြတ်က သူ့ကို ပညာရေးသာမကဘဲ သူ တတ်မြောက်ထားသော ကိုယ်ခံပညာရပ်တွေကိုလည်း သင်ကြားပေးသည်။

"ယောကျ်ားတစ်ယောက် တတ်မြောက်အပ်တဲ့ပညာထဲမှာ ဒီပညာလည်းပါတယ် မောင်ဘုန်း၊ သားကို ဦးမြတ် သင်ပေးတာ တစ်ပါးသူကို အနိုင်ကျင့်တိုက်ခိုက်ဖို့ မဟုတ်ဘူးနော်၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့၊ တစ်ပါးသူကို ကူညီဖို့ဆိုတာ အမြဲ နှလုံးသွင်းထားပါ"

ဦးမြတ်သည် ဒီအိမ်ကြီးမှာ သူ့ဘိုးဘွားတွေလက်ထက်ကတည်းက သစ္စာရှိရှိ အမှုထမ်းခဲ့သူတစ်ဦးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ရန်လက်ထက်မှာလည်း ဦးမြတ်သည် အန်ကယ်၏ လူယုံတော်တစ်ယောက်ဖြစ်ခဲ့၏။ သူသိထားသလောက် အန်ကယ်ရန်၏ ပွဲရုံကုန်တင်ကားတိမ်းမှောက်စဉ်က ဦးမြတ် ထိခိုက်ဒဏ်ရာရကာ ခြေတစ်ဖက်မသန် ဖြစ်ခဲ့ရသည်။

ထို့အတွက် အန်ကယ်ရန်က စာနာသနားကာ ဦးမြတ်ကို အိမ်ကြီးမှာပဲ ခြံကိစ္စတွေ တာဝန်ယူစေကာ နေထိုင်ခွင့်ပေးခဲ့သည်။

အခုတော့ ဦးမြတ်သည် အန်ကယ်ရန် မကြည်ဖြူသော သူ့ကို စောင့်ရှောက်ပေးနေတာ အံ့ဩစရာတော့ကောင်းပါသည်။

''သား စာကျက်နေတာလား၊ ဒီမှာ ခြင်ဆေးခွေထွန်းလေကွာ''

အသံနှင့်အတူ ဦးမြတ် ခြင်ဆေးခွေခွက်ကို ယူလာကာ အခန်းထဲဝင်လာမှ သူ့အတွေးတွေ ပြတ်တောက်ကုန်သည်။

''သား ... အရမ်းညဉ့်မနက်စေနဲ့နော်''

''ဟုတ်ကဲ့ ... ဦးမြတ် အိပ်တော့လေ၊ သား စာကျက်ပြီး အိပ်မှာပါ''

''အေး အေး ... သား ဗိုက်ဆာရင် မီးဖိုထဲမှာ ပေါင်မုန့်တွေ ရှိတယ်၊ ကော်ဖီနဲ့ဖျော်သောက် ... ဟုတ်လား''

ဦးမြတ် သူ့ကိုပြောပြီး အခန်းထဲက ထွက်သွားခဲ့သည်။ သူ ပင့်သက်ကို ရှိုက်ရင်း ကျောင်းစာထဲမှာ အာရုံပြန်နှစ်ထား





လိုက်သည်။

ဒီတစ်နှစ် သူကြိုးစားပြီးလျှင်တော့ သူ့ဆန္ဒရည်ရွယ်ချက်တွေ ပြည့်ဝတော့မှာမို့ ဘယ်လိုအကြောင်းနဲ့မှ လွဲချော်မခံနိုင်ပါ။

ဦးမြတ်ရဲ့ကျေးဇူးတရားတွေအတွက် သူ ပေးဆပ်ခွင့်ရချင်ပါသေးသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

“ဘာ တွေချက်နေတာလဲ ဘွားသိန်း”

မီးဖိုခန်းထဲမှာ ချက်ပြုတ်နေသော ဘွားသိန်း၊ ရွှေရုပ် နှုတ်ဆက်သံကြောင့် လှည့်ကြည့်ရင်း ပြုံးပြသည်။

“ပုစွန်တုပ် ဆီပြန်ချက်မယ်၊ ကြက်သားပြုတ်ကြော်အိုး ကတော့ တည်ထားပြီးပြီ သမီးရဲ့၊ အရည်သောက်က ကင်ပွန်း ချည်ဟင်းချိုလေး ချက်မယ်၊ အငန်ကြော်ကို ပုစွန်ခြောက်နိုင်နိုင် လေးနဲ့ ငါးပိကြော် ကြော်မယ်လေ”

“ဟား ... ဘွားသိန်းပြောတာနဲ့တောင် ရွှေရုပ် သွား ရည်ကျချင်လာပြီ၊ အဟင်း ဟင်း ... ပြောလေ ... ရွှေရုပ် ဘာကူညီရမလဲ”

“နေ နေပါ သမီးလေးရယ် ... ရပါပြီ၊ ဘာမှမကူပါနဲ့ ကွယ်”

“ရပါတယ် ဘွားသိန်းရဲ့ ... ရွှေရုပ်တစ်ယောက်တည်း





ပျင်းလို့ပါ၊ ဒီမှာ ကင်ပွန်းချဉ်ရွက်တွေ မချွေရသေးဘူး မဟုတ် လား၊ ရွှေရုပ် ချွေပေးမယ်”

“အောင်မယ်လေး လေး ... မလုပ်ပါနဲ့ကွယ်၊ ကင်ပွန်း ချဉ်က ဆူးတွေပါတယ်ကွဲ့”

“အဟင်း ဘွားသိန်းကလည်း ရွှေရုပ်ကို အထင်သေး လိုက်တာ၊ ရွှေရုပ်လည်း မီးဖိုချောင်ဝင်ဖူးပါတယ်နော်၊ မူဆယ်မှာ ဆို ဒေါ်ကျင်နဲ့အတူ ဝင်ချက်ပြီး သင်ထားတာ သိလား”

ပြောရင်း ရွှေရုပ် စားပွဲမှာ ဝင်ထိုင်ပြီး ကင်ပွန်းချဉ်ရွက် တွေကို သင်ပေးနေမိသည်။ ဒေါ်ဘွားသိန်းက ရွှေရုပ်ကို စိတ်မချ သလို ကြည့်နေရင်း ...

“ဘွားသိန်းက စိုးရိမ်လို့ပါ၊ ရွှေရုပ်လှလှလေး မီးဖိုထဲဝင် ချက်ပြုတ်နေတာသာတွေ့ရင် ဆရာကြီးအဆူခံထိမှာ”

“မဆူစေရပါဘူး ဘွားသိန်းရဲ့၊ ဘွားသိန်းနဲ့စကားပြော ရင်း ဒါလေးကူတာ ဘာဖြစ်မှာမို့လဲ”

ရွှေရုပ်ပြောရင်း ကျွမ်းကျွမ်းကျင်ကျင် ဆူးမစူးအောင် နွာသင်နေတော့ ဘွားသိန်း ကျေနပ်စွာပြုံးရင်း ခေါင်းလေးညိတ် ပြုံးနေသည်။

“ရွှေရုပ်လက်ရာ ဘယ်လောက်ကောင်းသလဲသိအောင် ဘွားသိန်းကို နောက်နေ့တွေကျ ရှမ်းထမင်းချဉ် သုပ်ကျွေးမယ် သိလား၊ ရှမ်းခေါက်ဆွဲကို ရွှေရုပ်အရမ်းကြိုက်တာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ကိုယ်လည်းကြိုက်တယ်"

အသံနှင့်အတူ မီးဖိုထဲဝင်လာသော ရဲလင်းကြောင့် ရွှေရုပ်မျက်နှာပေးက အပြုံးတွေ ချက်ချင်းပျောက်သွားခဲ့သည်။ တီရှပ်လက်ပြတ်နှင့် ကွာတားဘောင်းဘီကို ဝတ်ဆင်ထားသော ရဲလင်းပုံစံကို ရွှေရုပ် နှာခေါင်းရှုံ့မိသည်။

အခုမှ အိပ်ရာကနိုးလာပုံရသော ရဲလင်း ခေါင်းက ဆံပင်ထိုးထိုးထောင်ထောင်တွေက အညိုရောင်ဆိုးထားသည်မို့ ညိုညစ်ညစ်၊ ဘုတ်သိုက်ဖြစ်နေ၏။

"ဘွားသိန်း ... ရွှေရုပ်ကို ဘာလို့ ဒါတွေ လုပ်ခိုင်းနေတာလဲ"

"အို ... မဟုတ်ရပါဘူးကွယ်၊ ဘွားသိန်း မခိုင်းရပါဘူး"

"ဟုတ်တယ် ... ရွှေရုပ်ဘာသာ လုပ်ချင်လို့ ဝင်လုပ်တာ"

ရွှေရုပ် တမင်ဘုဆတ်ဆတ် ပြောလိုက်မိသည်။ ရဲလင်း အကြည့်စူးစူးတွေက ပန်းနုရောင်ဂါဝန်လေးနှင့် ရွှေရုပ် တစ်ကိုယ်လုံးကို တရှိုက်မက်မက် ကြည့်ရင်း ပြုံးသည်။

"အဟွန်း ... ကိုယ်က ရွှေရုပ်လေး ပင်ပန်းမှာစိုးလို့ပါ၊ ရွှေရုပ် ဘာမှလုပ်စရာမလိုပါဘူး၊ စားချင်တာ ပြော ... ဘွားသိန်း စီစဉ်ပေးလိမ့်မယ်"





ရွှေရုပ် ဘာမှပြန်မပြောဘဲ ကန်စွန်းရွက်စည်းကို လှမ်းယူကာ ထပ်ပြီး နွှင်ပေးနေလိုက်သည်။

"ရွှေရုပ် လက်ချောင်းနုနုလေးတွေ နာကျင်ကုန်မှာ စိုးလိုက်တာကွာ၊ ထားခဲ့စမ်းပါ ... ဒီမနက် မောနင်းဖက်စ်ကို ကိုယ် အပြင်မှာ လိုက်ကျွေးမယ်"

"ရှင့်ဘာသာသွားပါ ကိုရဲလင်း၊ ကျွန်မ မနက်ခုနစ်နာရီကတည်းက စားပြီးနေပြီ"

"အာ ... ဟုတ်လား၊ အဟဲ ... ကိုယ်က အခုမှ နိုးတာ၊ မနေ့ညနေက ဘော်ဒါတစ်ယောက်ရဲ့ ဘတ်သ်ဒေးပါတီရှိလို့ အပြန်နောက်ကျသွားတာ"

ရွှေရုပ် နှာခေါင်းရှုံ့လိုက်မိ၏။ ဒီအိမ်ကို ရွှေရုပ်ရောက်တာ တစ်ပတ်တောင် မပြည့်သေးပါ။ ရဲလင်းရဲ့အကြောင်းတွေကို အကဲခတ်လို့ရနေပြီ ဖြစ်သည်။

ဘာမှ အလုပ်အကိုင် မယ်မယ်ရရ မရှိ။ ကိုးနာရီ ဆယ်နာရီမှ အိပ်ရာကထကာ မင်းသားရှုံးအောင် ပြင်ဆင်တတ်သည်။ ပြီးလျှင် ကားတစ်စီးနှင့် ထွက်သွားတတ်တာ သူ့အလုပ်ဖြစ်သည်။

"ရွှေရုပ် ဘယ်သွားချင်လဲ၊ ပြောနော် ... ဒယ်ဒီက ရွှေရုပ်သွားချင်တဲ့နေရာ ပို့ပေးဖို့ ကိုယ့်ကို တာဝန်အပြည့်အဝ လွှဲထား တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘယ်မှသွားစရာကိစ္စ မရှိဘူး ကိုရဲလင်း"

"မဟုတ်ဘူးလေ ... အိမ်ထဲမှာပဲ နေနေတာ ပျင်းစရာ ကြီး၊ ရန်ကုန်မြို့ထဲ ကိုယ်လိုက်ပို့ပေးမယ်"

"မလိုပါဘူး၊ ရန်ကုန်ကို ကျွန်မ လေးငါးခါထက်မနည်း ရောက်ဖူးပြီးသားပါ၊ ကျွန်မဘာသာ သွားလာတတ်တယ်"

သူ့စကားတွေမှန်သမျှ ရွှေရုပ် ဘုချည်းပြောနေတော့ ရဲလင်း ပန်းတွန့်ကာ မျက်နှာမဲ့သည်။

"ကိုယ်က စေတနာနဲ့ ပြောတာပါ၊ ကဲ ... ကိုယ် ရေမိုးချိုးလိုက်ဦးမယ်"

ရဲလင်း မီးဖိုထဲက ပြန်ထွက်သွားတော့ ရွှေရုပ် ဘွားသိန်းကို ပြုံးပြလိုက်မိသည်။ ရဲလင်းရှေ့မှာ သုန်မှုန်မာတင်းနေသော ရွှေရုပ်မျက်နှာလေး ချက်ချင်းပြန်ကြည်လင်သွားတာမို့ ဘွားသိန်း အံ့သြနေပုံရသည်။

"သမီးလေး ... ရန်ကုန်ရောက်လာမယ်ဆိုကတည်းက ဘွားသိန်းက မြင်ဖူးချင်နေတာကွဲ့၊ အဟင်း ... သမီးဖေဖေကိုတော့ ဘွားသိန်း မြင်ဖူးတယ်၊ ဆရာကြီးဆီ လာလည်ဖူးတယ်လေ"

"ဟုတ်လား ... ရွှေရုပ်က ဒယ်ဒီထက် ချောတယ် မဟုတ်လား ... အဟင်း ဟင်း"

ရွှေရုပ် ရယ်ဟဟလေးပြောတော့ ဘွားသိန်း ခေါင်းညိတ်





ကာ ရယ်နေရင်း ...

"အင်း ... ချောပါတယ်ကွယ်၊ ရွှေရုပ်ဆိုတဲ့ နာမည်လေးနဲ့ လိုက်အောင် အသားလေးတွေက ရွှေရောင်ဝင်းနေပြီးကို ချောတာ"

"အဟင်း ဟင်း ... မူဆယ် ရှမ်းကောက်ညှင်းတွေ မှာပြီး ဘွားသိန်းကိုကျွေးမယ် သိလား ... အဟင်း ဟင်း"

ဘွားသိန်းနှင့်ရွှေရုပ် တစ်ခဏလေးမှာပဲ ခင်မင်ရင်းနှီးခဲ့ကြသည်။ ဘွားသိန်း ချက်ပြုတ်နေတော့ ရွှေရုပ်အနားမှာ ငုတ်တုတ်လေးထိုင်ရင်း ဘွားသိန်းတို့ သိချင်တာလေးတွေ မေးကြည့်မိ၏။

"ဘွားသိန်း ... ခြံအနောက်က အိမ်လေးမှာနေတဲ့ ရဲရင့်ဘုန်းကို သိသလားဟင်၊ ရဲလင်း မဟုတ်ဘူးနော်"

"မောင်ဘုန်းလေးကို ပြောတာလား ... သိတာပေါ့၊ ဆရာကြီးရဲ့တူအရင်းအချာပဲလေ၊ ဆရာကြီးညီ ဦးရန်လင်းက မွေးတာ"

"အန်ကယ်ဦးရန်ရှင်းရဲ့ တူအရင်းဆိုပြီး ဘာလို့ အလုပ်သမားကြီး ဦးမြတ်ထင်နဲ့နေရတာလဲ၊ သူ့ကို အိမ်ပေါ်ခေါ် မထားဘူးလား"

ရွှေရုပ် စပ်စပ်စုစုလေးမေးလိုက်တော့ ဒေါ်ဘွားသိန်းကလည်း သူမ,သိသမျှ ပြောပြပါသည်။ ရွှေရုပ် ခေါင်းလေးတညိတ်ညိတ်



www.burmeseclassic.com

www.burmeseclassic.com



ညိုတ်နှင့် ဘွားသိန်းပြောပြတာတွေကို နားထောင်နေလိုက်ရ၏။

ရဲရင့်ဘုန်းဆိုသော သူ့ဘဝက ဦးလေးဖြစ်သူ၏ မေတ္တာအရိပ်နှင့် ကင်းဝေးခဲ့ရကာ လူယုံတော်ကြီးအရိပ်မှာ ရှင်သန်နေရသည့်အဖြစ်တွေ။ ဖနီးဖြစ်သူ သေဆုံးရသည့်အဖြစ်နောက်ပိုင်းမှာ ဦးလေးဖြစ်သူ ဦးရန်ရှင်း၏အမုန်းတွေကို ခံနေရသည့်အကြောင်းတွေ ဒေါ်ဘွားသိန်းက ဇာတ်စုံခင်း ပြောပြပါသည်။

"မောင်ဘုန်းလေးခမျာ လေးနှစ်သားလောက်မှာပဲ ဒီအိမ်ကြီးပေါ်က ဆင်းသွားရတာလေ၊ ဦးမြတ်ထင်က စောင့်ရှောက်ကယ်တင်ထားလို့သာပေါ့"

"အင်းနော်၊ ကိုရဲရင့်ဘုန်းဘဝက သနားစရာပဲ၊ ဘဝကိုနာကြည်းခံစားချက်တွေကြားက ကြိုးစားခဲ့လို့ ပညာရေးမှာ ထူးချွန်ထက်မြက်ခဲ့တာ ထင်တယ်နော်"

"မောင်ဘုန်းလေး တကယ်တော်ပါတယ်၊ ဟို ဆရာကြီးသားနဲ့တော့ တခြားစီပဲ"

ဘွားသိန်းပြောရင်း မလုံမလဲ တံခါးဝကို လှမ်းကြည့်နေတော့ ရွှေရုပ် နှာခေါင်းလေးရှုံ့လိုက်မိသည်။

"ဘွားသိန်းပြောတာ မှန်တယ်၊ ရဲလင်းကိုတော့ ရွှေရုပ်ဘယ်လိုမှ ကြည့်လို့မရဘူး၊ ယောကျ်ားတန်မဲ့ အလှအပကြိုက်တာလည်း လွန်ရော၊ ဘာအလုပ်မှမလုပ်ဘဲ မိဘလုပ်စာ ထိုင်စားနေတာ ယောကျ်ားမှမဟုတ်တာ"





ရွှေရုပ်နှုတ်ကတောင် ထိထိမိမိ နှိပ်ကွပ်ပြောဆိုနေတော့ ဘွားသိန်း ခေါင်းလေးညိတ်ထောက်ခံ၏။

"ဟုတ်တယ် သမီး . . . ဆရာကြီးအရှိန်အဝါနဲ့ ထင်ရာစိုင်းနေတာ၊ မောင်ဘုန်းက သူ့ထက် ပိုတော်နေတော့ မနာလိုဘူးလေ"

"ရဲလင်းက အင်္ဂလန်မှာ ပညာသွားသင်ခဲ့တာဆို ဘွားသိန်းရဲ့"

"အလကားပါတော် . . . ဆယ်တန်းမအောင်တော့ ဆရာကြီးက တော်တော်ရှက်သွားတယ်၊ မောင်ဘုန်းလေးက ဂုဏ်ထူးတွေ တသီကြီးနဲ့အောင်ပြီး သားဖြစ်တဲ့သူက ဆရာတွေဘာသာစုံ အိမ်ခေါ်သင်တာတောင် စာမေးပွဲကျတော့ အင်္ဂလန်လွှတ်ပြီး သင်တန်းတက်နိုင်းတယ်ဆိုလားကွယ်၊ ဒါပေမဲ့ ခြောက်လလောက်ပဲကြာတယ် . . . ဘာမှဖြစ်မလာတော့ ဆရာကြီးက ပြန်ခေါ်ရတော့တာပဲ၊ သူက အင်္ဂလန်သွားပြီး လုပ်ချင်တာလုပ်နေတာကိုး"

"ဟင် . . . ဒါဆို အင်္ဂလန်သွား ပညာသင်တယ်ဆိုတာ မဟုတ်ဘူးပေါ့နော်၊ ဘွားသိန်း"

"မဟုတ်ပါဘူး သမီးရယ် . . . ဘွားသိန်းတို့ သိတာပေါ့၊ ဆရာကြီးဆို ဒေါသတွေထွက်တာမှ ဆူပူလို့မဆုံးဘူး၊ မောင်ရဲလင်းက ဟိုမှာ ဘာမှဖြစ်မြောက်အောင် မသင်ဘဲ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသုံးဖြုန်းနေတာကြောင့် ပြန်ခေါ်လိုက်ရတာ၊ ဒီရောက်တော့လည်း မြင်တဲ့အတိုင်း ဘာမှ အားမကိုးရဘူးလေ၊ ဒီကြားထဲ မောင်ဘုန်း သူ့ထက်တော်တာကို မနာလိုဝန်တိုပြီး ပြဿနာရှာတတ်သေးတယ်ကွဲ့"

ဘွားသိန်းစကားတွေက ရွှေရုပ်သိချင်နေသော ရဲလင်းအကြောင်းတွေကို ထင်ရှားစွာ သိလိုက်ရတာတော့ သေချာနေပြီ။

"ဟို ... အဲ ဒီအကြောင်းတွေ ဘွားသိန်းပြောတာ ဆရာကြီး မသိပါစေနဲ့နော် သမီး"

ဘွားသိန်း စိုးရိမ်ထိတ်လန့်စွာ ရွှေရုပ်ကို တောင်းပန်စကားလေးဆိုတော့ ရွှေရုပ် ခေါင်းလေးခါပြရင်း ...

"ဟင့်အင်း ... သမီးမပြောပါဘူး ဘွားသိန်းရဲ့၊ ဘွားသိန်းမပြောလည်း သမီးက သိနေပြီးသားပါ"

"အေး အေး ... ကဲ သမီးလေး ... ရေမိုးချိုးတော့လေ၊ ဒီ ကင်ပွန်းချဉ်ဟင်းလေးချက်ပြီးရင် ပြီးပါပြီကွယ်"

"ဟုတ်ကဲ့ ဘွားသိန်း ... ရွှေရုပ်သွားတော့မယ်နော်၊ နောက်နေ့တွေကလည်း ဘွားသိန်းကို ရွှေရုပ်ကူပေးမှာပါ"

ရွှေရုပ် နှုတ်ဆက်ကာ မီးဖိုခန်းလေးထဲက ထွက်ခဲ့ချိန်မှာပဲ ဆင်ဝင်အောက်က မောင်းထွက်သွားသော ကားစက်သံကို ကြားလိုက်ရသည်။





ရဲလင်းတစ်ယောက် အပြင်ထွက်သွားခဲ့ပြီထင်သည်။

ရွှေရုပ် ခေါင်းလေးဆတ်ကာ ပြုံးမိသည်။ ဒယ်ဒီကတော့ ဦးရန်ရှင်းရဲ့သားဆိုသူကို ရွှေရုပ်နှင့် ဘာကြောင့် သဘောတူကြည်ဖြူနေတာလဲမသိပါ။

ဦးရန်ရှင်းသားက ထက်မြက်ပြီး အရည်အချင်းရှိသူဟု ဒယ်ဒီပြောခဲ့ဖူးသည်။ ရဲလင်းလို လူတစ်ယောက်ကို ဒီလို ချီးကျူးစကားတွေ ဒယ်ဒီ ဘာကြောင့် ပြောခဲ့တာလဲ။

ရဲရင့်ဘုန်းဆိုတာ နှစ်ယောက်ဖြစ်နေတာမို့ ဒယ်ဒီ လူမှားနေခဲ့တာလား။ ဆိုတော့ စဉ်းစားစရာ ဖြစ်နေသည်။ ရွှေရုပ်တောင်မှ မှားယွင်းမိသေးသည်ပဲ။ ဒယ်ဒီလည်း တစ်ခုခုတော့ မှားနေပြီထင်သည်။

ရွှေရုပ် အသေအချာ အကဲခတ်ကြည့်ရပါဦးမည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

စည်းရိုးအနားက ပေါင်းပင်တွေကို သူ နှစ်ပတ်တစ် ကြိမ်လောက်တော့ သူ ထုရိုက်ရှင်းလင်းပေးသည်။ ဒီလိုမှ မရှင်းဖြစ်လျှင် ပေါင်းပင်တွေက အုတ်တံတိုင်းစည်းရိုးအထိ နွယ်တက်သွားတတ်သည်။

ခြံရဲ့တာဝန်တွေကို ဦးမြတ်က တာဝန်ယူထားရတာမို့ ကျောင်းပိတ်ရက်တွေမှာ သူ ကူညီလုပ်ကိုင်ပေးသည်။

တကယ်ဆို ဦးမြတ် အသက်အရွယ်နှင့် ခြံကြီးတစ်ခြံလုံးကို ရှင်းလင်း တာဝန်ယူရတာ မလွယ်ကူပါ။ ဒါကြောင့်လည်း သူ ကျောင်းကပြန်လာတိုင်း တတ်စွမ်းသလောက် ဝင်ကူပေးတတ်စမြဲ။

အခုလည်း ဦးမြတ်ခမျာ အန်ကယ်ရန်စေခိုင်းသောကိစ္စတစ်ခုကြောင့် သွားနေရသည်။ အိမ်မှာရှိနေသော သူ ဦးမြတ်လုပ်ရမည့်တာဝန်တွေကို အားလုံး ကူညီလုပ်ကိုင်ပေးမိ၏။





''ကိုရဲရင့်ဘုန်း''

အလုပ်ထဲမှာ အာရုံရောက်နေတာမို့ ရွှေရုပ်လွှာ ရောက်လာတာကို သူမသိလိုက်ပါ။ အသံကြားမှ လှည့်ကြည့်တော့ သူ့ကို မတ်တတ်ရပ်ကာပြုံးပြုံးလေး ကြည့်နေသည်။

ရင်ဘတ်မှာ မစ်ကီးမောက်(စ်)လေးတွေပါသော လက်တိုတီရှပ်အပွလေးကို ဒူးဖုံးချည်သားဘောင်းဘီနှင့် တွဲဝတ်ဆင်ထားတာမို့ ကြည့်ကောင်းပါသည်။

''ဒီနေ့ ကျောင်းမသွားရဘူးလား ကိုရဲရင့်''

သူ ခေါင်းမညိတ်ချင် ညိတ်ချင် ညိတ်လိုက်သည်။

''ကိုရဲရင့်က ဆေးတက္ကသိုလ် နောက်ဆုံးနှစ်တက်နေတာဆို''

ခက်တော့ခက်နေပြီ။ သူမနှင့် စကားမပြောချင်တာမို့ အလုပ်ကိုပဲ အာရုံစိုက်လုပ်နေတာကို အနားက ဟိုမေးသည်မေး လုပ်နေ၏။ သူ နောက်တစ်ခါ ခေါင်းညိတ်ပြရင်း ပေါက်တူးနှင့် မြက်ရိုင်းတွေကို ညှိနေလိုက်၏။

''ကိုရဲရင့်က တကယ်တော်တာပဲ၊ ဆယ်တန်းတုန်းက ဖိုက်ဒီတောင်ပါတာဆို၊ ရွှေရုပ်တောင် သရီးဒီရဖို့ မနည်းကြိုးစားခဲ့ရတာ သိလား''

သူ အင်းမလုပ်၊ အဲမလုပ်ဘဲ နေတာလည်းမရပါ။ ရွှေရုပ်လွှာပုံစံက အနားက တော်တော်နှင့်ထွက်သွားမည့်ပုံမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲရင့်ကို ရွှေရုပ် တောင်းပန်ရဦးမယ်"

သူ နားမလည်နိုင်သလို မျက်မှောင်ကုတ်ကြည့်မိသည်။ ဘာအတွက် ရွှေရုပ်လွှာ သူ့ကို တောင်းပန်မှာလဲ နားမလည်နိုင်ပါ။

"မန္တလေးက ထွက်ခဲ့ကြတုန်းက ရွှေရုပ် အထင်လွဲပြီး ကိုရဲရင့်ကို စိတ်ဆိုးဒေါသထွက်ခဲ့မိတယ်။ အဲဒါအတွက် တောင်းပန်ချင်တာပါ"

"မလိုပါဘူး ရွှေရုပ်လွှာ၊ ကိုယ့်ခေါင်းထဲမှာ ဘာမှ မရှိဘူး။ အန်ကယ်ရန် စေခိုင်းတဲ့အတိုင်း လုပ်ပေးရမှာပဲလေ"

"အင်း ... အန်ကယ်ရန်က ပြောပြမှ ကိုရဲရင့်နဲ့ အန်ကယ်ရန် သားက နာမည်တူညီအစ်ကိုတွေမှန်း ရွှေရုပ်သိရတာ"

သူ့နှုတ်ခမ်းတွေ ယဲ့ယဲ့လေးပြုံးမိသည်။ အန်ကယ်ရန် ဘာတွေ သူမကို ပြောထားသည်လည်းမသိပါ။ ဒါပေမဲ့ သူ့ဘဝကို သူနားလည်ပြီးသား။

"ရဲလင်းနဲ့ကိုယ်က နာမည်ပဲတူတာပါ၊ မတူတာတွေက အများကြီး"

"ဟုတ်တယ်၊ ကိုရဲလင်းနဲ့ကိုရဲရင့်က တခြားစီပါ၊ ဘယ်သူက အရည်အချင်းရှိ ထက်မြက်သလဲဆိုတာ ရွှေရုပ်သိတယ်"

ဒီတစ်ခါတော့ ရွှေရုပ်လွှာကို သူ စူးစူးစိုက်စိုက်ကြည့်မိ၏။ ရဲလင်းနှင့်ပတ်သက်ပြီး ရွှေရုပ်လွှာ ဘာတွေ မကျေမနပ်





ဖြစ်နေတာလဲမသိ။ သူမစကားတွေက ရဲလင်းအပေါ် မကြည်ဖြူသလို အရိပ်တွေ လွှမ်းနေသည်။

"ဘာလုပ်နေတာလဲ ရွှေရုပ်"

မာထန်ထန်မေးသံနှင့်အတူ သူတို့ဆီ လှမ်းလျှောက်လာသော ရဲလင်းကို တွေ့လိုက်သည်။ ဂျယ်လိမ်းကာ ထောင်ထားသော ဆံပင်တွေလိုပဲ ရဲလင်းမျက်နှာက မာတင်းနေခဲ့၏။

"ဒီမှာ ကိုရဲရင့်နဲ့ စကားပြောနေတာ ရှင်မမြင်ဘူးလား"

ရွှေရုပ်လွှာ၏ ဘုဆတ်ဆတ်အဖြေကြောင့် ရဲလင်းမျက်နှာကြီး ညိုညစ်သုန်မှုန်သွားခဲ့သည်။ သူ့ရှေ့မှာမို့ ရဲလင်း ရှက်သွားပုံရ၏။

"ဘာကိစ္စရှိလို့လဲ ရွှေရုပ်၊ ရဲရင့်ကို ဘာခိုင်းစရာရှိလို့လဲ၊ ကိုယ့်ကိုပြော ရတယ်"

"ဘာမှခိုင်းစရာမရှိပါဘူး၊ သူ့အရည်အချင်းတွေကို ချီးကျူးနေတာပါ၊ ဆယ်တန်းကို ဖိုက်ဒီနဲ့အောင်ပြီး ဆေးကျောင်းတက်ခွင့်ရတာဆိုတော့ ရွှေရုပ်တို့ထက် ထူးချွန်တယ်လေ"

ရဲလင်းမျက်နှာကြီး အမှည့်လွန် ခရမ်းချဥ်သီးကြီးလို နီမြန်းမာတင်းသွားခဲ့သည်။ သူ့ကိုကြည့်သော အကြည့်တွေမှာ မကျေနပ်မှုန်းတီးခြင်းတွေ ထင်ထင်ရှားရှား။

သူ ရွှေရုပ်လွှာကို နားမလည်နိုင်သလို ကြည့်မိသည်။ သူ့ရှေ့မှာ ဘာကြောင့် ဒီလိုစကားတွေ ပြောလိုက်တာလဲမသိ။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေရုပ်တို့က Simple ပဲ၊ ကိုယ့်ထက်တော်တဲ့လူကို လေးစားတယ်၊ အထင်ကြီးတယ်၊ တချို့က ဘာအရည်အချင်းမှ မရှိဘဲ ဟန်ဆောင်ဂိုက်ဖမ်းပြနေတတ်ကြတာ။ အဟင်း ဟင်း တကယ်ရယ်စရာကြီးနော် ကိုရဲရင့်"

ရွှေရုပ်လွှာ တမင် ရဲလင်းကို နှိပ်ကွပ်နေခြင်းဟု သိလိုက်တာမို့ သူလည်း မျက်စိမျက်နှာပျက် ဖြစ်နေခဲ့ရသည်။ ရဲလင်း အံကြိတ်တင်းတင်းကြိတ်ထားရင်း ...

"ဩော် ရွှေရုပ် ... မင်းကို ဒယ်ဒီက ခဏလောက် လာခဲ့ပါဦးတဲ့၊ ရဲရင့် ... မင်း အဲဒီအလုပ်ကို အမြန်ဖြတ်၊ ပြီးရင် ငါ့ကားကို ဖုန်မှုန့်တစ်စက်မထင်အောင် သုတ်ရှင်းပေးထား ကြားလား"

ရွှေရုပ်လွှာ ရှေ့မှောက်မှာ ရဲလင်း သူ့ကို တမင်အနိုင်ကျင့် စေခိုင်းခဲ့ခြင်းဆိုတာ သူသိပါသည်။ ဒါကို သဘောပေါက်နားလည်သည့် ရွှေရုပ်လွှာ အကြည့်တွေက ရဲလင်းဆီမှာ ရှုတ်ချ စူးနစ်စွာ ရှိနေခဲ့သည်။

"ရဲရင့် ငါပြောတာ မင်း ကြားလား"

"ကောင်းပြီ ရဲလင်း၊ ငါ့တာဝန် ငါကျေစေရမယ်"

ရဲလင်း နှုတ်ခမ်းတွန့်ပြုံးကာ လှည့်ထွက်သွားသည်။ သူ လုပ်လက်စအလုပ်မှာပဲ ခေါင်းငုံ့အာရုံဝင်စားလိုက်သည်။

"ကိုရဲရင့်"





ရွှေရုပ်လွှာ အနားက ထွက်မသွားသေးဘဲ ခေါ်နေပြန်တာမို့ သူ မော့ကြည့်ရင်း ...

"မင်းသွားပါတော့ ရွှေရုပ်လွှာ"

ရွှေရုပ်လွှာ မျက်ဝန်းတွေထဲမှာ စိတ်မကောင်းခြင်းနှင့် စာနာရိပ်တွေကို သူမြင်နေရ၏။ ဒါပေမဲ့ ... သူ ချက်ချင်းပဲ အကြည့်လွှဲ ဥပေက္ခာပြုလိုက်သည်။

"ရွှေရုပ်တောင်းပန်ပါတယ် ကိုရဲရင့်၊ ရွှေရုပ်ကို မကျေနပ်လို့ ရဲလင်း တမင်အနိုင်ကျင့်သွားတာ တကယ် စိတ်မကောင်းဘူး"

"ငါ့အတွက်တော့ ဘာမှ ပြဿနာမရှိဘူး ရွှေရုပ်လွှာ၊ ဒီဘဝမှာ ပေသားကျနေပြီးသားပါ၊ ကဲ မင်းသွားပါတော့"

ရွှေရုပ်လွှာ ပင့်သက်လေးရှိုက် ခေါင်းညိတ်ရင်း သူ့အနားက ထွက်ခွာသွားခဲ့သည်။ သူမအကြည့်စူးစူးလေးတွေနှင့် မျက်နှာလေးကတော့ သူ့အာရုံထဲမှာ ကပ်ငြိကျန်ရစ်ခဲ့သည်။

တကယ်ဆို ရွှေရုပ်လွှာနှင့် မပတ်သက်မိအောင် သူ ကင်းကင်းရှင်းရှင်းနေဖို့ ကြိုးစားခဲ့သည်။

ရွှေရုပ်လွှာသည် ရဲလင်းရဲ့ဇနီးလောင်းဟု သူ့စိတ်က သိနားလည်ပြီးသားပဲဖြစ်သည်။ ဒါပေမဲ့ ရွှေရုပ်လွှာက သူ့ကို ခင်မင်ရင်းနှီးမှုတွေ ပြလာခြင်းက ပြဿနာတစ်ခု ဖြစ်လာမည်ဆိုတာ သူ ကြိုတွေးမြင်ပြီးသား။ အန်ကယ်ရန်နှင့်ရဲလင်းတို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ ရင်မဆိုင်ချင်ပါ။

ကိုယ့်ကို နားလည်ပေးပါ ရွှေရုပ်လွှာ။

ရဲရင့်ဘုန်းဆိုတဲ့ကောင် မှီခိုနေရတဲ့အရိပ်က တစ်ပါးသူရဲ့ အရိပ်တစ်ခု ဖြစ်နေတော့လည်း ...။

♥♥♥



## အခန်း (၁၆)

"အဲ ဒါ မင်းရဲ့ အသုံးမကျမှုကြောင့်ပဲပေါ့ ရဲလင်းရဲ့"

ထုံးစံအတိုင်း ဒယ်ဒီနှုတ်က ဒီလို အပြစ်တင်စကား ထွက်လာမည်ဆိုတာ သူသိထားပြီးဖြစ်သည်။ ရွှေရုပ်နှင့်ရဲရင့်တို့ ရင်းနှီးကျွမ်းဝင်နေမှုကို သူ ဒယ်ဒီကို အသိပေးမိသည်နှင့် အရင်ဆုံး ရင်ဆိုင်ရတာ ဒယ်ဒီ့အပြစ်တင်စကားတွေ။

"မင်းကို ငါ အစောကြီးကတည်းက သတိပေးထားတယ်လေ ... ရွှေရုပ်လွှာကို လျှော့မတွက်နဲ့လို့"

"သား ဘာလျှော့တွက်လို့လဲ ဒယ်ဒီ၊ သူကိုယ်တိုင်ကိုက သားအကြောင်းတွေ သိနေပုံပဲ၊ ဒါ ဟိုကောင်ရဲရင့် ပြောလိုက်တာ ဖြစ်မယ်"

"မင်းကိုယ်တိုင်ကိုက အချိုးမပြေတာ၊ လက်ထပ်ပေးမယ့် မိန်းကလေးကို အိမ်ပေါ်ရောက်အောင်အထိတောင် ငါက



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ထားပေးတယ်၊ မင်းက ဘာမှ အသုံးမကျဘူး"

"အသုံးမကျဘူး . . . ဟုတ်လား ဒယ်ဒီ၊ ဒယ်ဒီ သားကို အထင်သေးလိုက်တာ၊ ပိုက်ထဲရောက်နေတဲ့ ငါးပဲဗျာ . . . အဖမ်းဖို့ဆိုတာ ဘာခက်တာလိုက်လို့၊ အဟဲ . . . ဒယ်ဒီခွင့်ပြုတယ်ဆို အိုကေတယ်၊ ဒသဃီရိလိုလည်း သားက စွမ်းပါတယ် . . . အဟွန်း"

"ဟာ ဟော့ကောင် . . . မင်းကို ငါပြောတာ ဒီပုံစံမဟုတ်ဘူး၊ မင်း အဲဒီအချိုးမျိုးလုပ်ရင် ငါ့သိက္ခာ, ငါ့နာမည်ပျက်ပြီပေါ့၊ သူ့အဖေနဲ့ငါက ယုံကြည်မှုတွေ သိက္ခာတွေနဲ့ ကျွမ်းဝင်ခဲ့တာကွ"

ဖြစ်ရပြန်ပြီ။ ဒယ်ဒီ့ကြောင့် သူ့မှာခက်နေသည်။ ပြောတော့လည်း သူ အသုံးမကျတာ ညံ့ဖျင်းတာတွေ မဆုံးတော့၊ အခုတစ်ခါ ရွှေရုပ်ကိုအပိုင်ရမည့်နည်းလမ်း ကြံစားမည်ဆိုတော့ မဟုတ်ပြန်။

"ဘာလဲ ဒယ်ဒီရာ . . . တကယ် အရမ်းစားတယ်"

"ဟော့ကောင် . . . ငါဆိုလိုတာက အချိန်တန်ရင် မင်းရဲ့ ဇနီးမယားဖြစ်လာမယ့် မိန်းကလေး၊ မင်းဘက်က သံယောဇဉ်တွယ်လာအောင် ကျွမ်းဝင်လာအောင်တော့ မကြိုးစားနိုင်ဘူးလား"

ဒယ်ဒီ့အကြံပေးချက်က မလွယ်တာ သူသိနေသည်။ သူ့ကိုမြင်တိုင်း မာတင်းသွားသော ရွှေရုပ်လွှာမျက်နှာကို ပြေးမြင်





မိသည်။ နုနုညက်ညက် မျက်နှာလေးက ဒေါသရိပ်လေး ထင်နေတာတောင် မက်မောစရာကောင်းနေ၏။

ဒါကြောင့်လည်း သူ ရွှေရုပ်လွှာကို လက်မလွှတ်နိုင်တာဖြစ်သည်။ ရွှေရုပ်ကလေးလို ချစ်စရာကောင်းပြီး ပြည့်စုံချမ်းသာသော သူဌေးကြီးရဲ့သမီးဆိုတော့ သူ့လောက် ကံကောင်းသူ မရှိတော့ဟု ယုံခဲ့သည်။

"ဟော့ကောင် . . . ဘာအူတူတူ လုပ်နေတာလဲ"

သူ့ပခုံးကို ဆတ်ခနဲပုတ်ပြီး ဒယ်ဒီမေးမှ သူ့အတွေးတွေ လွင့်ပြေးသွားသည်။

"ဗျာ . . . ကျွန်တော် စဉ်းစားနေတာပါ ဒယ်ဒီ"

"ပြောစမ်းပါဦး . . . မင်းက ဘာစဉ်းစားနေတာလဲ"

"ဟို ဒီလိုလေ . . . ရွှေရုပ်လွှာနဲ့ အဆင်ပြေနိုင်မယ့် နည်းလမ်းတစ်ခုခုပေါ့"

ဒယ်ဒီ သူ့ကို စိတ်ပျက်သလို မျက်မှောင်ကြီးကြုတ်ကာ ကြည့်နေ၏။

"ရဲလင်း . . . မင်းက ဘယ်လိုနည်းလမ်းရှာထားတာလဲ ပြောစမ်းပါဦး"

"ရွှေရုပ်လွှာပုံစံက သားကို သိပ်အမြင်မကြည်ဘူး ဒယ်ဒီ၊ ဒီတော့ ဒယ်ဒီပြောသလို ရင်းနှီးအောင်လုပ်ဖို့ဆိုတာ အတော်ခက်တယ်၊ ပြီးတော့ ဟိုကောင် ရဲရင့်က ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကတုံးကတိုက်လုပ်ထားသလဲ မသိဘူး၊ အကောင်းဆုံးက ဒယ်ဒီတို့ လူကြီးတွေ သားနဲ့ ရွှေရုပ်ကို မြန်မြန်လက်ထပ်ပေးလိုက်တာပဲ''

''မင်းပြောသလို ကသုတ်ကရိုက်လုပ်လို့ မရဘူးကွ''

''ဟင် . . . ဘာလို့လဲ၊ တို့လူကြီးချင်းက အဆင်ပြေပြီးသားဆို''

''ငါနဲ့ ရွှေရုပ်လွှာအဖေက အဆင်ပြေပြီးသား၊ ဒါကြောင့် မင်းတို့ကို လက်ထပ်ပေးဖို့ သဘောတူထားတာပေါ့၊ ဒါပေမဲ့ ကိုမင်းရွှေဟန်ဆန္ဒက မင်းတို့လူငယ်ချင်း နှစ်သက်ကြပြီး ရင်းနှီးစေချင်တယ်၊ ဒါကြောင့် ရွှေရုပ်လွှာ ရန်ကုန်လာရမယ်ဆိုတော့ ဒီမှာ ယုံယုံကြည်ကြည် တည်းခိုခိုင်းတာပေါ့ကွ''

ဒယ်ဒီ့စကားကို သူ သဘောပေါက် နားလည်ပါသည်။ ဒါပေမဲ့ အခြေအနေတွေက မလွယ်ကူတာသေချာသည်။ ရွှေရုပ်လွှာရဲ့ဆက်ဆံမှုတွေက သူ့အပေါ် တစ်ချက်လေးတောင် မျက်နှာသာမပေးပါ။

ရင်မှာ ပိုလို့ခံရခက်သည်က ရဲရင့်နှင့်ကျတော့ ရွှေရုပ်လွှာက တကယ့်ကို ကျွမ်းကျွမ်းဝင်ဝင် ရှိနေလွန်းတာ ဖြစ်သည်။ မနေ့က ရဲရင့်ရှေ့မှာ သူ့ကိုနှိပ်ကွပ်ခဲ့တာ ပြန်တွေးမိတိုင်း ဒေါသက ဖြစ်ရ၏။

''တောက်''





''ဟော့ကောင် . . . ဘယ်သူ့ကို တက်ခေါက်တာလဲ''

''ဟိုကောင် ရဲရင့်ကို ဒေါသဖြစ်လွန်းလို့ပါ ဒယ်ဒီရာ၊ ဒီကောင်က အနူလက်နဲ့ ရွှေခွက်နှိုက်ချင်နေတဲ့ကောင်''

''မင်း အသုံးမကျတာကို ပြောမနေနဲ့ကွာ''

''ကျွန်တော့်ကြောင့်မဟုတ်ဘူး . . . အဲဒါ ဒယ်ဒီ စခဲ့တဲ့ ဇာတ်လမ်း''

သူ့ကိုပဲ အပြစ်တင်နေတော့ သူ စိတ်မရှည်နိုင်စွာ ဒယ်ဒီဘက် ပြန်လက်ညှိုးထိုးပစ်လိုက်သည်။ ဒယ်ဒီ သူ့ကို ရှုးရှူးရှားရှား ကြည့်ရင်း . . .

''ဘာကွ၊ ငါစခဲ့တဲ့ဇာတ်လမ်း ဟုတ်လား၊ မင်း ဘာကို ပြောတာလဲ''

''အဲဒီကောင် ရဲရင့်ကို အကြိုလွှတ်လိုက်တာကိုက ဒယ်ဒီမှာတာဗျ၊ ဒီကောင်က ရွှေရုပ်လွှာကို သားထက် အရင်မြင်တွေ့ပြီး ခင်မင်ရင်းနှီးမှုတွေ ယူလိုက်တာ''

''ဟ အဲဒါ မင်းမသွားနိုင်ဘူးဆိုလို့ ရဲရင့်ကို ငါခိုင်းလိုက်ရတာလေ မင်းအသုံးမကျတာ''

ဒီအမှတ်တံဆိပ်ကိုပဲ ဒယ်ဒီ သူ့အပေါ် အကြိမ်ကြိမ် ချိတ်ဆွဲပေးနေသည်။ တကယ်ဆို ဒယ်ဒီပြောတာလည်း မမှားပါ။ ရွှေရုပ်လွှာကို မှူဆယ်မှာ ဒယ်ဒီသွားခေါ်ခိုင်းစဉ်က သူ တမင်ခေါင်းရှောင်ခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တစ်ခါမှ မမြင်ဖူးသော မိန်းကလေးနှင့် ဒယ်ဒီက သဘောတူနေကတည်းက သဘောမကျ ဖြစ်နေခဲ့သည်။ ဒါက လည်း ရွှေရုပ်လွှာကို မမြင်ဖူးတာကြောင့် ဖြစ်သည်။

အခုမှ သူ နောင်တတွေရနေမိသည်။ ဒယ်ဒီသွားနိုင်း တုန်းကသာ သွားလိုက်လျှင် ရွှေရုပ်နှင့် ရဲရင့်သိကျွမ်းသွားစရာ အကြောင်းမရှိပါ။

"ဒီမှာရဲလင်း၊ မင်း ရွှေရုပ်လွှာ ကြည်ဖြူအောင် ကြိုးစား ပါ။ ရဲရင့်နဲ့ကိစ္စကို ဒယ်ဒီရှင်းပေးမယ်"

သူခေါင်းညိတ်ရပါသည်။ ရွှေရုပ်လွှာကိုတော့ ဘယ်လို နည်းနှင့်မှ လက်လွှတ်မခံနိုင်ပါ။

ရဲရင့်ဆိုသည့်ကောင်ကိုလည်း လျော့တွက်လို့ မရပါ။ ရွှေရုပ်နှင့်ဒီကောင် ရင်းနှီးခင်မင်နေတာက အန္တရာယ်တစ်ခု ဖြစ်သည်။ သူတို့နှစ်ယောက် မူဆယ်ကနေ ရန်ကုန်လာသည့် ခရီးတစ်လျှောက်လုံးမှာ ဘယ်လောက်ထိ ရင်းနှီးခဲ့ကြသည် မသိပါ။

ပြီးတော့ ကားပျက်လို့ လမ်းမှာ တစ်ရက်နောက်ကျနေ ခဲ့သေးသည်။ ဒါတွေက သူတို့နှစ်ယောက်ကြားမှာ သံယောဇဉ် တွယ်စရာတွေ ဖြစ်သွားနိုင်သည်။

ဒီလိုအံဖြစ်မျိုးတော့ ဘယ်တော့မှ အဖြစ်မခံနိုင်ပါ။

ဒယ်ဒီဖြစ်စေချင်သလို သူ ကြိုးစားကြည့်မည်။ ဒါကိုမှ





ရွှေရုပ်လွှာ လက်မခံလျှင်တော့ ဘီလူးထွက် ထွက်သင့်ရမှာပဲ ဖြစ်သည်။

ရွှေရုပ်လွှာကို ပိုင်ဆိုင်ဖို့အတွက် ဘယ်လိုနည်းမျိုးကိုပဲ သုံးရသုံးရ သူသုံးမှာပဲ ဖြစ်သည်။

♥ ♥ ♥

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

BURMESE CLASSIC .com

"ဟဲလို ဒယ်ဒီ ... နေကောင်းတယ်နော်"

"ကောင်းပါတယ် သမီး၊ သမီးကော အဆင်ပြေတယ် မဟုတ်လား"

"ပြေပါတယ် ဒယ်ဒီ၊ ကုမ္ပဏီကိစ္စတွေတော့ နောက်တစ်ပတ်ထဲမှစပြီး လုပ်ဖြစ်မယ်၊ ဒယ်ဒီ့ကို သမီးတစ်ခုပြောရဦးမယ်၊ သမီးအတွက် ဒယ်ဒီကားတစ်စီးပို့ပေးပါ"

"ဟင် ... ဘာလို့လဲသမီး၊ ကိုရန်ရှင်းမှာ ကားတွေ ရှိပါတယ်၊ သမီးကြိုက်တဲ့ကား ယူသုံးလို့ရတာပဲ"

ဒယ်ဒီ ဒီလိုပြောလာမည်ဟု သူတွက်ထားပြီးဖြစ်သည်။ တကယ်လည်း အန်ကယ်ရန်မှာ ကားလေးစီးတောင်ရှိတာ ရွှေရုပ်သိသည်။ ဒါပေမဲ့ ရွှေရုပ် သူတို့သားအဖနှင့် ကင်းကင်းရှင်းရှင်း ရှိချင်သည်။

"အန်ကယ်ရန်မှာ ကားပိုတွေရှိတာ သမီးသိပါတယ်၊





ဒါပေမဲ့ သမီး ကိုယ့်ကားနဲ့ပဲ ကိုယ်သွားလာချင်တယ် ဒယ်ဒီ"

"သမီး၊ ဒယ်ဒီမေးရဦးမယ်၊ သမီးနဲ့မောင်ရဲရင့်ဘုန်းတို့ကော အဆင်ပြေရဲ့လား"

ဒယ်ဒီမေးလာတော့ ရွှေရုပ် ဖြေရခက်ခက် ဖြစ်ရသည်။ ဒါပေမဲ့ အမှန်တွေကို ရွှေရုပ်ဒယ်ဒီကို မသိစေချင်သေးပါ၊ တကယ်ဆို ရွှေရုပ်ကိုယ်တိုင်လည်း မသိသေးတာတွေ ရှိနေသေးသည်။

"အဆင်ပြေပါတယ် ဒယ်ဒီ"

"အေး အေး၊ သမီးတို့လူငယ်ချင်း အဆင်ပြေ ရင်းနှီးစေချင်ပါတယ်၊ သမီးလည်း မောင်ရဲရင့်ဘုန်းကို အသေအချာ အကဲခတ်ကြည့်ပေါ့၊ ကိုရန်ရှင်းရဲ့သားက ထက်မြက်ပြီး အရည်အချင်းရှိတာ သမီးလက်ခံမယ်ထင်တယ်"

ရွှေရုပ် နှုတ်ခမ်းလေးမဲ့ကာ ပြုံးမိသည်။ ဒယ်ဒီကိုယ်တိုင် သူတော်ရမယ့်သမက်အကြောင်းကို အသေအချာ မသိသေးတာတော့ သေချာပါသည်။

"သမီး ဒယ်ဒီပြောတာ ကြားတယ်နော်"

"အဟင်း ကြားပါတယ် ဒယ်ဒီ၊ ဒယ်ဒီက ဒယ်ဒီ့သမက်အကြောင်း တော်တော် သိထားလို့လား"

"ဩော် သမီးရယ်၊ သမီးဘဝအတွက် အသင့်တော်ဆုံး သူလို့ ဒယ်ဒီ အကြွင်းမဲ့ယုံတယ်၊ ကိုရန်ရှင်းရဲ့သိက္ခာနဲ့ ကိုယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တရားက ကောင်းပြီးသား။ သူ့သား ရဲရင့်ဘုန်းဆိုတာလည်း ဆရာဝန်လောင်းတစ်ယောက်လေ။ ဒယ်ဒီတို့ အသိုင်းအဝိုင်းမှာ ဒီသတင်းက မွှေးနေတာပဲကွယ်''

ဒယ်ဒီ့စကားတွေ ကြားလိုက်တော့ ရွှေရုပ် ကောင်းကောင်း သိလိုက်ပါသည်။ ဒယ်ဒီသည်လည်း ရဲရင့်ဘုန်းဆိုတာ နှစ်ယောက်ရှိမှန်း မသိရှာပါ။ ရွှေရုပ်သာ ပြောလိုက်လျှင် ဒယ်ဒီ အံ့ဩသွားလောက်သည်။

ရွှေရုပ်အတွက်စိုးရိမ်ကာ ရန်ကုန်က ချက်ချင်းပြန်ခေါ်မှာတောင် စိုးရိမ်ရသည်။ လတ်တလောမှာ အမှန်တရားကို ရွှေရုပ် သိုဝှက်ထားချင်သေးသည်။

''ကဲ သမီး ... သမီးပြောတဲ့အတိုင်း ဒယ်ဒီ ကားကိုပို့ပေးလိုက်မယ်၊ သမီးဘာပြောဦးမလဲ''

''ဘာမှ မပြောတော့ပါဘူး ဒယ်ဒီ၊ ဒယ်ဒီ ကျန်းမာရေးကို ဂရုစိုက်နော်၊ သမီးအတွက် ဘာမှ မစိုးရိမ်ပါနဲ့၊ အားလုံး အဆင်ပြေပါတယ်''

''ဟုတ်ပြီ သမီး၊ လိုအပ်တာရှိရင် ဖုန်းဆက်၊ ဒယ်ဒီ အားလုံးစီစဉ်ပေးမယ်၊ ဟုတ်ပြီလား''

ဒယ်ဒီ ဖုန်းချသွားတော့ ရွှေရုပ်လည်း ဖုန်းလေးကို ပိတ်လိုက်ပါသည်။

ညှော်ခန်းဘက်ကို ဆင်းခဲ့တော့ ဦးရန်ရှင်းနှင့်ထိပ်တိုက်ဆုံ





သည်။ သတင်းစာဖတ်နေသော ဦးရန်ရှင်း၊ ရွှေရုပ်ကို ပြုံးနှုတ်ဆက်၏။

''ဩော် ... သမီး ပျင်းနေပြီလား၊ ဘယ်သွားချင်လဲ၊ သားရဲလင်းကို သမီးပို့ခိုင်းနော်၊ အန်ကယ်မှာထားတယ်''

''သမီး ဘယ်မှသွားစရာ မရှိပါဘူး အန်ကယ်ရန်''

''ရောက်ကတည်းက သမီး အိမ်ထဲမှာပဲ နေနေရတာ ပျင်းမှာစိုးလို့ပါ၊ သားနဲ့ အပြင်လေးဘာလေး ထွက်ချင်ထွက်ပါလား''

ဦးရန်ရှင်း စကားတွေက ရွှေရုပ်နှင့်ရဲလင်းကို ရင်းနှီးကျွမ်းဝင်စေချင်နေတာ သိသာလွန်းသည်။ ရွှေရုပ် ဟန်ဆောင်အပြုံးလေးနှင့်ပဲ စကားလှအောင် ပြောရသည်။

''ဒီရက်တွေ သမီး ဘယ်မှမသွားချင်သေးဘူး အန်ကယ်ရန်၊ နောက်တစ်ပတ်ထဲကျရင် ကုမ္ပဏီကိစ္စတွေ စီစဉ်ရတော့မှာလေ၊ အမြဲတမ်း အပြင်ထွက်နေရမှာဆိုတော့ ဒယ်ဒီ့ဆီကတောင် ကားပို့လိုက်ဖို့ မှာလိုက်ပြီးပြီ''

''ဟာ ... မဟုတ်တာ၊ အန်ကယ့်ဆီမှာ ကားတွေရှိတာပဲ၊ သမီးကြိုက်တဲ့ကား ယူသုံးပါ၊ လိုအပ်ရင် သားကိုပို့ခိုင်း''

''ဟိုမှာလည်း ရွှေရုပ်ကားက အပိုဖြစ်နေတော့ လူကြုံနဲ့ ပို့ခိုင်းထားတယ် အန်ကယ်ရဲ့၊ ရပါတယ်၊ ကိုရဲလင်းကလည်း သင်တန်းကိစ္စတွေနဲ့ ရှုပ်နေတာလေ၊ အဟင်း ... အားနာလို့''



www.burmeseclassic.com

www.burmeseclassic.com



ဦးရန်ရှင်းမျက်နှာတော့ ကွက်ခနဲ ပျက်သွားသည်။ သား ဖြစ်သူကို သင်တန်းတွေတက်နေသည်ဟု လိမ်ညာထားတော့ ရွှေရုပ်ကို ပြောရခက်ခက်ဖြစ်နေပုံရ၏။

"အင်း . . . သားကိုလည်း နောက်ပိုင်းကျရင် အန်ကယ် ရဲ့အလုပ်တွေ လွှဲအပ်ရမယ်၊ ခက်တာက သားက ကုမ္ပဏီအလုပ် ကို သိပ်စိတ်မပါဘူး၊ သူက တခြားစီးပွားရေးတစ်ခုကို အာရုံ ဝင်စားနေတာ"

"ဟုတ်တယ် အန်ကယ်ရန်၊ သူက ဘာလုပ်ငန်းကြီးတွေ စိတ်ဝင်စားနေလို့လဲဟင်"

တမင်ပဲ ရွဲ့ကာ ရွှေရုပ်မေးတော့ ဦးရန်ရှင်း ချက်ချင်း ပြန်မဖြေနိုင်ဘဲ အူတူတူ အတတ ဖြစ်သွား၏။ ပြီးမှ ရွှေကိုင်း မျက်မှန်ကို ပင့်တင်ရင်း . . .

"သူက ကွန်ပျူတာအရောင်းဆိုင်ဖွင့်ချင်နေတာ သမီးရဲ့၊ အင်္ဂလန်မှာတုန်းက တတ်ထားတဲ့ ပညာတွေကို အသုံးချချင်တာ ထဲ့"

ရွှေရုပ် ဟားတိုက်ရယ်လိုက်ချင်စိတ်ကို မျိုသိပ်ထားရ သည်။ ဦးရန်ရှင်းကိုယ်တိုင်က ရဲလင်းအတွက် လိမ်ညာလှည့်ပတ် ပြောပေးနေတာ ရွှေရုပ်သိနေတော့ ရယ်စရာဖြစ်နေ၏။

"ဟုတ်တယ်ရွှေရုပ်ရဲ့၊ ကိုယ်က ဒယ်ဒီရဲ့စီးပွားရေး လုပ်ငန်းတွေထက် ကိုယ်ပိုင်လုပ်ငန်းကြီးတည်ထောင်ချင်တာ





အင်္ဂလန်က ကိုယ့်မိတ်ဆွေတွေကလည်း အားလုံးကူညီပေးမှာတဲ့"

ညှို့ခန်းဆဲဆင်းလာသော ရဲရင့်က ရွှေရုပ်တို့စကားတွေ ကြားက ဝင်ပြောလာသည်။ သည်အဖေနှင့်ဒီသား လိုက်လည်း လိုက်ဖက်ညီ၏။

"ကိုယ့်ရဲ့လုပ်ငန်းကို ရေရှည်စီမံကိန်းချပြီး အပီအပြင် ဆောင်ရွက်ရမယ်၊ မြန်မာပြည်မှာ တော့ပ်ဖြစ်အောင် ကိုယ်က စီမံကိန်းချလုပ်မှာ ရွှေရုပ်ရဲ့"

အမှောက်ထောင်ထားသော ဆံပင်တွေကို လက်နှစ်ဖက် နှင့် ခပ်ရွရွ သပ်တင်ရင်း ရဲလင်း ဆိုဖာထိုင်ခုံမှာ ဒူးတစ်ဖက် ချိတ်ကာ ဝင်ထိုင်သည်။ မမြင်ချင်ဘဲ မြင်နေသည့်မျက်နှာကို ကြည့်ကာ ရွှေရုပ် ဘယ်လိုမှ ကြည့်မရပါ။

"သိပ်ကောင်းတာပေါ့ ကိုရဲလင်း၊ ရှင့်အရည်အချင်းနဲ့ အကောင်အထည်ပေါ်လာမယ့် လုပ်ငန်းကြီးကို ရွှေရုပ်စောင့်ကြည့် ပါ့မယ်"

"ကိုယ်တို့အနာဂတ်အတွက် ကိုယ်ကြိုးစားပြမှာပါ ရွှေ ရုပ်ရဲ့ . . . အဟင်း"

အရှက်မရှိ မျက်နှာပြောင်တိုက်ပြောနေသော ဒီမျက်နှာ ကို မမြင်ချင်တာမို့ ရွှေရုပ် ထိုင်ခုံက ထရပ်လိုက်ရင်း ဦးရန်ရှင်း ကို နှုတ်ဆက်လိုက်သည်။

"ရွှေရုပ်ကို ခွင့်ပြုဦး အန်ကယ်ရန်၊ ကုမ္ပဏီရဲ့ ပရိုဂျက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ဒီနေ့ စစ်ဆေးစရာရှိလို့"

"ကောင်းပြီ သမီး ... ကောင်းပြီ"

ရွှေရုပ် အခန်းဆီပြန်ခဲ့သည်။ ဦးရန်ရှင်းတို့ သားအဖ နှစ်ယောက်ပဲ ညှိခန်းထဲမှာ ကျန်ရစ်ခဲ့သည်။

ရွှေရုပ် ခြေလှမ်းတွေက ဝရန်တာလေးဆီရောက်ခဲ့သည်။ မြို့ထဲမှာ ရဲရင့်ဘုန်း ရှိနေမည်လား ရှာဖွေကြည့်မိသေးသည်။ ဦးမြတ်ထင်ကိုပဲ ပန်းပင်တွေရေလောင်းနေတာ တွေ့သည်။

ရွှေရုပ် မြို့ထဲဆင်းဖို့ ကြံမိပေမယ့် ဦးရန်ရှင်းတို့သားအဖ ရှိနေတာမို့ မဆင်းဖြစ်တော့ပါ။

ရွှေရုပ်ကြောင့် ဟိုတစ်နေ့ကပဲ ရဲလင်း ကိုရဲရင့်ကို နိုင့်ထက်စီးနင်း စေခိုင်းခဲ့တာ အခုထိ စိတ်မကောင်းဖြစ်မိတုန်း ပါပဲ။

ရဲရင့်ဘုန်းကို ရွှေရုပ်သိထားတာ ဘယ်အရာကိုမဆို မရှောင်တိမ်းဘဲ ထိပ်တိုက်ရင်ဆိုင်တတ်သည့် စိတ်ဓာတ်ရှိသူတစ် ဦးအဖြစ် သိထားခဲ့တာ ဖြစ်သည်။

သူ့ကို တုတ်နှင့်ရိုက် ရန်ရှာသူကိုတောင် မရှောင်တိမ်း ဘဲ ရင်ဆိုင်တုံ့ပြန်တတ်သူက ဦးရန်ရှင်းတို့ သားအဖနှင့်ကျတော့ ဘာကြောင့် သည်းခံခေါင်းငုံ့နေခဲ့သည်လဲ။

တွေးရင်း ရွှေရုပ် အားမလိုအားမရ ဖြစ်မိသည်။ သူ့ အရိပ် သူ့ခြံဝန်းထဲမှာ ခိုနေရတာကြောင့် ရဲရင့်ဘုန်းစိတ်ဓာတ်





တွေ ပျောညံ့ဦးကျိုးသွားခဲ့တာလား။

ရဲရင့်ဘုန်းရယ် ... ရှင့်ကိုယ်စား ရွှေရုပ် ထိပ်တိုက်ရင် ဆိုင်ပစ်ချင်လိုက်တာ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"အန်ကယ်ရန်၊ ကျွန်တော့်ကိုခေါ်တယ်ဆို"

သူ့အသံကြောင့် ညှိခန်းပြတင်းတံခါးမှာ လက်နောက်ပစ်ရပ်နေသော ဦးရန်ရှင်း လှည့်ကြည့်သည်။

"အေး မင်း ခဏထိုင်ဦး၊ မင်းကို ငါ ပြောစရာရှိတယ်"

မာဆတ်ဆတ်လေသံမှာ အလိုမကျရိပ်တွေ စွန်းထင်နေသည်ဟု သူထင်သည်။ ဆိုဖာထိုင်ခုံမှာ သူ ဝင်ထိုင်လိုက်ရသည်။ ဒီအိမ်ကြီးထဲရောက်တိုင်း သူ့စိတ်တွေ မွန်းကျပ်သွားတတ်စမြဲ။

ဟိုးငယ်ငယ်ကတည်းက ဒီအိမ်ကြီးထဲမှာ သူ့နှလုံးသားတွေ နာကျင်ခံစားခဲ့ရတာကို မမေ့သေး။

ဒါကြောင့်လည်း အိမ်ကြီးထဲကို သူ ဘယ်တော့မှ ခြေဦးမလှည့်မိအောင် ကြိုးစားခဲ့သည်။ မဖြစ်မနေ ဦးရန်ရှင်း ခေါ်မှသာ သူလာတတ်စမြဲ။

"ရဲရင့် ...မင်းကိုငါ ရှင်းရှင်းပြတ်ပြတ်ပဲပြောမယ်





ရွှေရုပ်လွှာကို မင်း ဘာမှ မပတ်သက်ပါနဲ့"

ဒီလိုစကားတွေ တစ်ချိန်မှာကြားရမည်ဟု သူနားလည်ပြီးသားဖြစ်သည်။ အခုတော့ အန်ကယ်ရန် နှုတ်က ထွက်လာချေပြီ။

"ရွှေရုပ်လွှာဆိုတာ ငါ့သားနဲ့ မိဘချင်းသဘောတူ စီစဉ်ထားတဲ့ ဇနီးလောင်းဆိုတာ မင်းသိပြီးသားပါ၊ မင်းနဲ့ ဘယ်လိုမှ မပတ်သက်တဲ့သူဆိုတာ မင်း သဘောပေါက်ထားသင့်တယ်"

"ကျွန်တော်နားလည်ပါတယ်၊အန်ကယ်ရန်၊ ကျွန်တော့်ဘက်က ရွှေရုပ်လွှာအပေါ်မှာ မရိုးသားစိတ်မရှိပါဘူး"

"အေး ... ဒါဆိုရင် မင်း သူနဲ့ လုံးဝမပတ်သက်အောင်နေပါ၊ မင်းတို့ နေပုံထိုင်ပုံတွေ ငါမကြိုက်ဘူး၊ ငါ့သားကလည်း သဘောမကျဘူး၊ ပြီးတော့ မင်းကော ငါ့သားအကြောင်းတွေ ရွှေရုပ်လွှာကို ဘာပြောမိသေးလဲ"

"ကျွန်တော် ဘာမှမပြောပါဘူး အန်ကယ်ရန်"

"အေး ... မင်းနဲ့မသက်ဆိုင်တဲ့ကိစ္စမှာ မင်း နှုတ်ပိတ်နေတာပဲ ငါတွေ့ချင်တယ်၊ ငါ့သားက မင်းလို ပညာမတတ်ပေမယ့် ငါ့သား ဆယ်သက်စားမကုန်တဲ့ ငွေကြေးဓနတွေ ငါပေးနိုင်တယ်၊ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ရွှေရုပ်လွှာနဲ့ သားကို ငါ ရအောင်ပေးစားမှာ၊ မင်း ကင်းကင်းရှင်းရှင်းမနေရင် ငါ့အိမ်မှိုင်



www.burmeseclassic.com

www.burmeseclassic.com



က ထွက်သွားရမှာ မမေ့နဲ့"

သူ တစ်ခွန်းမှ ခွန်းတုံ့မပြန်ဘဲ ခေါင်းငုံ့ပြန်ခဲ့သည်။ ရွှေရုပ်လွှာကြောင့် ဒီပြဿနာတွေ ရှုပ်ထွေးလာမှာကို သိပြီးဖြစ်သည်။

အခုတော့ အန်ကယ်ရန်ကိုယ်တိုင် ခေါ်ပြောသည် ဆိုတော့ ရင်ထဲမှာ နာကျင်ခံရခက်ပေမယ့်လည်း ...

"သား မောင်ဘုန်း၊ ဦးရန်ရှင်း ဘာခေါ်ပြောတာလဲ"

သူ အိမ်လေးထဲ လှမ်းဝင်သည်နှင့် ဦးမြတ် မေးလာသည်။ အန်ကယ်ရန် ခေါ်သည်ဆိုကတည်းက သူ့လိုပဲ ဦးမြတ်လည်း တစ်စုံတစ်ခုကို စိုးရိမ်နေမှာ သေချာ၏။

"တခြားကိစ္စမဟုတ်ပါဘူး ဦးမြတ်၊ ရွှေရုပ်လွှာ ပြဿနာ ပဲပေါ့"

"ဘယ်လို ရွှေရုပ်လွှာလေး ပြဿနာ ဟုတ်လား"

သူ ကြမ်းပြင်ပေါ်မှာပဲ ထိုင်ချရင်း ခေါင်းညိတ်ပြလိုက်မိသည်။ အန်ကယ်ရန် ပြောခဲ့တာတွေကို ဦးမြတ်သိအောင်ပဲ ပြောပြလိုက်၏။

"ဒါတော့ကွာ၊ သားဘက်က ပတ်သက်တာမှ မဟုတ်တာဘဲ"

"ဘာပဲဖြစ်ဖြစ် ရွှေရုပ်လွှာနဲ့မပတ်သက်တာ အကောင်းဆုံးလို့ ကျွန်တော် ဦးမြတ်ကို ပြောခဲ့သားပဲ"





"သမီးလေးက သားကို ခင်မင်လို့လာနေတာလေ၊ ဒါကို သူတို့က ဘာများ အလိုမကျ ဖြစ်နေတာလဲ"

"ရွှေရုပ်လွှာက ရဲလင်းနဲ့ ရည်ရွယ်ထားတဲ့သူလေ ဦးမြတ် ရဲ့"

"ဟိုက ရဲလင်းကို စိတ်မဝင်စားတာ ဦးမြတ်တောင် သိတယ်"

"အဲဒါ သူတို့ကိစ္စပဲ ဦးမြတ်၊ သားကတော့ အန်ကယ်ရန်တို့သားအဖနဲ့ ပတ်သက်သမျှ ကင်းကင်းရှင်းရှင်း နေချင်တယ်၊ ဟိုးငယ်ငယ်ကတည်းက သားနဲ့ဦးမြတ် အချိန်တွေ အများကြီး သည်းခံနေခဲ့ကြတာလေ။ နောက်ထပ် သားတို့ ဒုက္ခခံနေရရင် တစ်နှစ်ပေါ့"

"ဘာလဲ ... သားက ဒီအိမ်ကြီးနဲ့ အဝေးဆုံးကို ထွက်ခွာသွားချင်နေပြီလား"

သူ နာကျင်စွာပဲ ပြုံးမိသည်။ တကယ်ဆို ဆယ်တန်းအောင်ကတည်းက ဒီအရိပ်ကြီးအောက်က ထွက်သွားခဲ့ချင်တာ ဖြစ်သည်။

"သား အရင်ကတည်းက ဒီကထွက်သွားချင်တာ ဦးမြတ်သိပါတယ်"

ဆယ်တန်းအောင်ပြီးကတည်းက ဘဝကို ရပ်တည်ဖို့ သူ ကြိုးစားခဲ့ဖူးသည်။ ရရာအလုပ်တစ်ခုလုပ်ကာ ဦးမြတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒီအရိပ်ကြီးက ထွက်သွားဖို့ ပြောခဲ့၏။ ဒါပေမဲ့ ဦးမြတ်က လက်မခံခဲ့ပါ။

"အချိန်ကာလတစ်ခုကို စောင့်ပါဦးသား၊ အခု သား ဆယ်တန်းအောင်ပြီး ဆရာဝန်ကြီးဖြစ်အောင် ကြိုးစားပါဦး။ အဲဒီအချိန်ကျရင် သားအသက် နှစ်ဆယ့်သုံးနှစ်ပြည့်ပြီ၊ အဲဒီ အချိန်ထိ စောင့်ပါဦး သား၊ ဦးမြတ်စကားကို နားထောင်ပါနော်"

ဦးမြတ် အကြိမ်ကြိမ် တားမြစ်ခဲ့သောစကားကြောင့် သူ ဒီအိမ်ကြီးအရိပ်အောက်မှာ အရာရာ အောက်ကျို့နေဖြစ်ခဲ့တာ ဖြစ်သည်။

"သားဆန္ဒကို ဦးမြတ်သိပါတယ်ကွာ၊ သားလည်း မကြာခင် ဆရာဝန်တစ်ယောက်ဖြစ်တော့မှာ၊ သားဘဝကို ရပ်တည်နိုင်ပါပြီ"

"ဦးမြတ်ကျေးဇူးတွေကြောင့် ကျွန်တော် ဒီဘဝရောက်တာပါ၊ သား ဦးမြတ်ကို အဖေတစ်ယောက်လို တစ်သက်လုံး ပြုစုသွားမှာပါ၊ ဒီအရိပ်ကြီးမှာ ကျွန်တော့်ကြောင့် ဦးမြတ် ဒုက္ခတွေခံနေတာ ကျွန်တော်သိပါတယ်"

သူ့စကားကြောင့် ဦးမြတ် ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေသည်။ သူ့ဘဝအတွက် ဦးမြတ် မသန်မစွမ်းဘဝကြီးနှင့်တောင် ခြံအလုပ်တွေ လုပ်ကိုင်နေခဲ့တာ တွေးမိတိုင်း သူ ရင်ထဲ မကောင်းပါ။





"ကဲ သား . . . စိတ်ညစ်စရာတွေကို ဦးမြတ်တို့ ရင်ဆိုင် ကျော်ဖြတ်ခဲ့ပြီးပါပြီ၊ သား စိတ်မညစ်နဲ့တော့၊ မကြာခင် သား ဆန္ဒတွေ ပြည့်ဝမှာပါ"

"ရွှေရုပ်လွှာနဲ့ပတ်သက်ပြီး သားတို့နဲ့ မပတ်သက်ဖို့ တော့လိုနေပြီ၊ ဒါကို ရွှေရုပ်လွှာ နားလည်အောင် ဦးမြတ်ပဲ ပြောပြထားလိုက်ပါ"

"အေး အေးပါကွယ်၊ သမီးလေးလာရင် ဦးမြတ် အသိပေး ပြောပြလိုက်ပါ့မယ်၊ ကဲ . . . သားရေချိုးကွာ၊ ပြီးရင် ထမင်း အတူ စားကြရအောင်"

သူ ခေါင်းညိတ်ကာ အခန်းထဲဝင်ခဲ့လိုက်သည်။ အာရုံထဲမှာ ရွှေရုပ်လွှာမျက်နှာကို မြင်ယောင်မိသည်။

သူတို့နှစ်ဦးအပေါ်မှာ ရွှေရုပ်လွှာ ခင်မင်နေတာကို သူသိပါသည်။ ဒါပေမဲ့ ဒါကို အန်ကယ်ရန်တို့ မနှစ်သက်တော့လည်း ရွှေရုပ်လွှာ နားလည်နိုင်မည် ထင်ပါသည်။

♥

ရေချိုးဖို့ ဆင်းသွားသော မောင်ဘုန်းကျော့ပြင်ကို ငေးကြည့်ရင်း ဦးမြတ်ထင် ပင့်သက်မောလေးချမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာတရားက ဆန်းကြယ်သလို ကြောက်စရာလည်း ကောင်းပါသည်။ ရဲရင့်ဘုန်းဘဝကိုပဲတွေးကာ သူ့ရင်ထဲမှာ နာကျင်ခဲ့ရတာ အမြဲဖြစ်သည်။

အထူးသဖြင့် ဦးရန်ရှင်းကြောင့်ဖြစ်သည်။ ရဲရင့်ဘုန်းအပေါ်မှာ ခါးသီးမုန်းတီးနေခဲ့တာတွေ၊ ဒီအိမ်ကြီးအရိပ်က အဝေးကို ရောက်အောင် ကြံစည်နေခဲ့တာတွေကို သူသိပ်အံ့ဩခဲ့ရသည်။

တကယ်ဆို ဆရာကြီးဦးရန်ရှင်းဆိုတာ ဟိုးတစ်ချိန်က သူ့အပေါ်မှာ ပြည့်ဝကောင်းမွန်ခဲ့သူတစ်ဦးဖြစ်သည်။ စိတ်ထားကျလည်း ဖြူစင်ကာ စာနာသနားတတ်သူတစ်ယောက်ဟု အားလုံးသိခဲ့သည်။

မထင်မှတ်ဘဲ ဖြစ်သွားခဲ့သော ကားအက်ဆီးဒင့် နောက်ပိုင်းမှာတော့ ဆရာကြီးစိတ်ထားတွေ ပြောင်းလဲသွားတာက ယုံနိုင်စရာမရှိခဲ့။

သူ စာနာသနားကာ အိမ်ပေါ်ခေါ် စောင့်ရှောက်ခဲ့သော ညီဖြစ်သူရဲ့ သားအပေါ် ဆက်ဆံပုံက မုန်းတီးမှုတွေအပြည့်နှင့် ဖြစ်သည်။

ဇနီးဖြစ်သူ အသက်ဆုံးပါးခဲ့ရုံမက ညီနှင့် ညီရဲ့ဇနီးပါ သေဆုံးခဲ့ရသော ကံဆိုးမှုကြီးမှာ ကံကောင်းထောက်မခဲ့သူက ဆရာကြီးတစ်ယောက်ပဲ ဖြစ်သည်။





ထိုဖြစ်ရပ်ကြီးက ဆရာကြီး၏ စိတ်ခံစားတွေကို ပြောင်းလဲသွားစေတာကတော့ သူတောင် အံ့ဩမိသည်။

ဆရာကြီး မုန်းတီးနေသော ကလေးငယ်ကို စာနာစိတ်နှင့် သူ တာဝန်ယူ စောင့်ရှောက်ပေးခဲ့သည်။ ထိုအချိန်တွေမှာပဲ သူ သိခွင့်ရလိုက်သည့် အဖြစ်အပျက်ကြီးက တုန်လှုပ်စရာကောင်းနေခဲ့သည်။

"ဦးမြတ် . . . သားတို့ ထမင်းစားကြရအောင်လေ"

မောင်ဘုန်းအသံကြားမှ ဦးမြတ်ထင်အတွေးတွေ အာရုံက လွင့်မြောကုန်သည်။

"ဩော် အေး . . . သားတောင် ရေချိုးပြီးနေပြီလား"

"ပြီးပြီ ဦးမြတ်၊ ဗိုက်တွေဆာနေပြီ စားကြရအောင်"

သူ့ကိုပြောရင်း ခူးခပ်ထားပြီးသော ထမင်းပိုင်းမှာ မောင် ဘုန်း ဝင်ထိုင်နေပြီ။

သူ့ပန်းကန်ထဲကို ဟင်းပန်းကန်ထဲက ဟင်းတစ်တုံး ခပ်ထည့်ကာ မောင်ဘုန်း ဦးချပေးတော့ သူ မိန့်မိန့်ကြီးပြုံးရင်း ဝင်ထိုင်လိုက်မိ၏။

မောင်ဘုန်းနှင့်သူ့ကြားမှာ နှောင်တွယ်မိသောသံယောဇဉ်ကတော့ ရှေးဘဝရဲ့ ရေစက်ထင်ပါရဲ့။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

“ကို ရဲရင့်”

ရွှေရုပ်ခေါ်သံကြောင့် သူ့ခြေလှမ်းတွေ တုံ့ခနဲရပ်သွားကာ လှည့်ကြည့်သော မျက်ဝန်းတွေထဲမှာ အံ့ဩရိပ်တွေ အထင်အရှား။

“ရွှေ ရုပ် လွှာ”

ရွှေရုပ်ကို မယုံနိုင်သလို ကြည့်ရင်း သူ ရေရွတ်နေချိန်မှာပဲ ရွှေရုပ် အနီးဆုံးကို ရောက်သွားခဲ့၏။

“မင်း မင်း ... ဘယ်လာတာလဲ ရွှေရုပ်လွှာ”

“ဒီကို တမင်လာတာ၊ ကိုရဲရင့်နဲ့တွေ့ချင်လို့ လာစောင့်နေတာ”

ဆေးတက္ကသိုလ်ကျောင်းဝန်းဂိတ်ပေါက်ဝအထိ သူ့မလာစောင့်နေသည်ဆိုတော့ ရဲရင့်ဘုန်း မယုံသလို မှင်တက်တက်လေးကြည့်နေသည်။ ရွှေရုပ်ကိုယ်တိုင်လည်း ရဲရင့်ဘုန်းကို ငေး





ငေးလေး ကြည့်နေမိတာပဲ ဖြစ်သည်။

အဖြူရောင်လက်ကတုံး ရှပ်လက်ရှည်ကို ကြယ်သီးအပြည့်တပ် ဝတ်ဆင်ထားသော ရဲရင့်ဘုန်းအသွင်က ရေညှိစိမ်းရောင် ချည်ချောပုဆိုးကွက်လေးနှင့်လည်း စတိုင်လ်သန့်သန့်လေးနှင့် ကြည့်ကောင်းလွန်းပါသည်။

အနက်ရောင် ကြိုးသိုင်းလွယ်အိတ်ကို ညာဘက်ပခုံးမှာလွယ်ထားသော ရဲရင့်ဘုန်းက အရင်ဆုံး သတိဝင်လာဟန်နှင့်

“ကိုယ့်ကိုတွေ့ချင်လို့၊ ဘာကိစ္စရှိလို့လဲ ရွှေရုပ်လွှာ”

“မေးစရာတစ်ခုရှိလို့ ကိုရဲရင့်၊ အန်ကယ်ရန်က ရွှေရုပ်နဲ့ မပတ်သက်ဖို့ ကိုရဲရင့်ကို ခေါ်သတိပေးတယ်ဆို”

ရွှေရုပ်စကားကြောင့် သူ မျက်မှောင်ကြီးကုတ်ပြီး ကြည့်သည်။ ပြီးမှ ...

“မင်းကို ဦးမြတ်ပြောလိုက်ပြီ ထင်တယ်”

“ဟုတ်တယ် ... ဦးမြတ်က ရွှေရုပ်မေးလို့ ပြောပြတာပါ”

သူ ပင့်သက်ရှိုက်ပြီး ခေါင်းခါနေသည်။ ရွှေရုပ်လည်း သူ့လိုပဲ ခေါင်းခါပြရင်း ...

“သူတို့ ဘာလို့ ဒီလိုပြောရတာလဲ၊ ရွှေရုပ်ရဲ့ လွတ်လပ်ပိုင်ခွင့်ကို တားမြစ်တာတော့ ရွှေရုပ် လက်မခံနိုင်ဘူး”

“အဲဒါက မင်းဘက်က အပိုင်းလေ၊ ကိုယ့်အတွက်ရွှေ



www.burmeseclassic.com

www.burmeseclassic.com



သူတို့အရိပ်မှာနေနေရတဲ့ဘဝမှာ သူတို့စကားကိုတော့ နားထောင်ပေးရမှာပဲ၊ မင်းနဲ့စကားပြောတာမကြိုက်ဘူးလို့ ကိုယ့်ကို အပြတ်ပြောထားပြီးပြီလေ''

''မဆိုင်လိုက်တာ၊ ကိုရဲရင့် ဘာလို့ အဲဒီလောက်အထိအောက်ကျို့ ခေါင်းငုံ့နေရတာလဲ၊ ရွှေရုပ်သိတာ ကိုရဲရင့်ဘုန်းကရဲရင့်ထက်မြက်တဲ့ ယောကျ်ားတစ်ယောက်ပဲ''

''ကိုယ့်စိတ်ဆုံးဖြတ်ချက်အတိုင်း ဘယ်အရေးကိစ္စမှာမဆို ကိုယ်ရင်ဆိုင်နိုင်ပါတယ်၊ ဒါပေမဲ့ အန်ကယ်ရန်နဲ့ ရဲလင်းကတော့ ခြွင်းချက်တစ်ခုပဲ၊ ဘာကြောင့်လဲလို့ မမေးနဲ့ ရွှေရုပ်လှ၊ ကိုယ့်ဘဝက သူတို့လောင်းရိပ်က မကင်းလွတ်သေးဘူးလေ''

သူ့စကားကို ရွှေရုပ်လက်ခံခေါင်းညိတ်မိသည်။ ရွှေရုပ်ကြောင့် ဦးမြတ်နှင့် သူ့ဘဝလေး ပြဿနာတွေနှင့် ရင်ဆိုင်ရမှာကို ရွှေရုပ်မလိုလားပါ။ ဦးမြတ်ကလည်း ရွှေရုပ်ကို ရှင်းပြတောင်းပန်ခဲ့ပြီးပြီ။

''ကိုရဲရင့်အခြေအနေကို ရွှေရုပ်နားလည်ပါတယ်၊ ဒါကြောင့် သူတို့ရှေ့မှာ ကိုရဲရင့်တို့နဲ့ ရွှေရုပ်ကင်းကင်းနေမယ်၊ ဒါပေမဲ့ အခုလို အပြင်မှာ ဆုံတဲ့အခါ ရွှေရုပ်နဲ့ကိုရဲရင့် မိတ်ဆွေတွေအဖြစ် ရှိနေချင်တယ်''

''မင်း ဘာကြောင့် ကိုယ်နဲ့ မိတ်ဆွေဖြစ်ချင်ရတာလဲ ရွှေရုပ်လှ၊ ကိုယ်က ကိုယ့်အခြေအနေက ဘာမှ အထင်ကြီးစ





ရာအခြေအနေ မရှိပါဘူး''

''ကိုရဲရင့် ဘာကိုပြောတာလဲ၊ ရွှေရုပ်အထင်ကြီး လေးစားတာ ကိုရဲရင့်ရဲ့စိတ်ဓာတ်ပဲလေ၊ ရွှေရုပ် အားလုံးသိနေတယ်၊ အန်ကယ်ရန်ရော, ရဲလင်းပါ ရွှေရုပ်နဲ့ဒယ်ဒီကို လိမ်ညာထားခဲ့ကြတာ''

''အဲဒါတွေကို ကိုယ်မသိချင်ဘူး၊ စိတ်လည်း မဝင်စားဘူး၊ ရွှေရုပ်လှ''

သူ့စကားတွေက ယတိပြတ် ပြတ်သားနေခဲ့သည်။ ရွှေရုပ်သိထားသော ရဲရင့်ဘုန်းဆိုတာ ဒီလိုပဲဖြစ်သည်။

''ဟုတ်ပါတယ်၊ ကိုရဲရင့်ရဲ့ မသက်ဆိုင်ပါဘူး၊ ရွှေရုပ်နဲ့သက်ဆိုင်တဲ့ကိစ္စပါ၊ ဒယ်ဒီက ဘာမှ မသိခဲ့လို့ ရွှေရုပ်ကို ရဲလင်းနဲ့ သဘောတူနေတာပါ၊ ရွှေရုပ်ကတော့ လုံးဝအထင်မကြီးဘူး''

''အဲဒါ မင်းကိစ္စပါ ရွှေရုပ်လှ၊ ကိုယ့်ဘက်က ဘာမှ ထင်မြင်ဝေဖန်ချက် မပေးချင်ဘူး၊ အန်ကယ်ရန်တို့ ရဲလင်းတို့နဲ့ ကိုယ် အကင်းရှင်းဆုံးနေချင်တယ်၊ အဲဒီဘဝကိုရောက်အောင် ကိုယ် ကြိုးစားနေတယ်၊ ဒါကြောင့် မင်းနဲ့စကားမပြော မခင်မင်တာကို ကြိုက်တဲ့ သူတို့ဆန္ဒကို ကိုယ်ခေါင်းညိတ်ခဲ့တာပါ''

''ရွှေရုပ် ပြောပြီးပြီလေ . . . ရွှေရုပ် နားလည်ပါတယ်၊ အန်ကယ်ရန်တို့ လောင်းရိပ်အပြင်မှာတော့ ရွှေရုပ်ကို မိတ်ဆွေတစ်ဦးအဖြစ် ကိုရဲရင့်သတ်မှတ်ပေးပါ''



www.burmeseclassic.com

www.burmeseclassic.com



သူ ရွှေရုပ်ကို တွေတွေကြီး ကြည့်နေခဲ့၏။ ပြီးမှ ခေါင်းညိတ်ပြတော့ ရွှေရုပ် အတိုင်းမသိ ဝမ်းသာသွားမိ၏။

"ကျေးဇူးတင်လိုက်တာ ကိုရဲရင့်ရယ်၊ အချိန်နည်းနည်း ရမယ်ဆိုရင် မိတ်ဆွေဖြစ်ကြတဲ့ အထိမ်းအမှတ်အဖြစ် တစ်ခုခု စားကြရအောင်နော်"

ဒီတစ်ခါတော့ ရွှေရုပ်စကားကို မငြင်းဆိုဘဲ သူ ခေါင်းညိတ်လက်ခံသည်။

"ဒါဆို ကိုယ်ကပဲ ကျွေးပါရစေ၊ ကိုယ့်ကျောင်းကို ရောက်လာတဲ့ ဧည့်သည်အဖြစ် ရွှေရုပ်လွှာကို ကင်းတင်န်မှာ ဧည့်ခံပါ့မယ်"

သူနှင့်အတူ ရွှေရုပ် ကင်းတင်းန်ကိုရောက်ခဲ့သည်။ ဆီချက်တစ်ပွဲ၊ အအေးတစ်လုံးဆီမှာကာ သူနှင့်ရွှေရုပ် စကားတွေ ပြောဖြစ်ကြသည်။

"ကဲ ...ကိုယ် အတန်းတက်ရဦးမယ်၊ ရွှေရုပ်လွှာ မင်း ပြန်ဖို့ အဆင်ပြေတယ် မဟုတ်လား"

"အဆင်ပြေပါတယ် ကိုရဲရင့်၊ ရွှေရုပ်ကားပါတယ်"

"ဒါဆို ကိုယ်သွားမယ် ရွှေရုပ်လွှာ"

နှုတ်ဆက်ပြီး ကျသင့်ငွေ အတင်းထုတ်ရှင်းကာ ရဲရင့် ဘုန်း ထွက်သွားတော့ ရွှေရုပ် ကင်းတင်းန်ဘက်က ပြန်လှည့် ထွက်ခဲ့သည်။





"ဟယ် လွှာ ...နင် နင် ရွှေရုပ်လွှာ မဟုတ်လား"

ကိုယ့်အတွေးနှင့်ကိုယ် ရွှေရုပ်ငေးငေးလေး လျှောက်လာ တုန်းမှာ ကြားလိုက်ရသောအသံကြောင့် မော့ကြည့်တော့ ...

"ဟင် ...နင် နင် ကေရီ"

"ဟုတ်တယ်၊ နင်က မှတ်မိသားပဲ၊ ငါက အဝေး ကတည်းက နင့်လို တူပါတယ်ဆိုပြီး ကြည့်နေတာ၊ လွှာရယ် နင်က အရင်ကထက်တောင် ပိုလှလာတယ်သိလား"

"ဟော့ ...မမြှောက်နဲ့၊ ဒါ နင့်ကျောင်းနော်၊ နင်ပဲ ကျွေးရမှာ"

"ကျွေးမှာပါဟယ် ... စိတ်ချ စိတ်ချ၊ နေပါဦး ... နင် က ဘယ်က ဘယ်လို ရန်ကုန်ရောက်လာတာလဲ လွှာရဲ့"

စတိတ်ကျောင်းသားဘဝတုန်းက ရွှေရုပ်နှင့်ကေရီ မှုဆယ်မှာ ရှစ်တန်းကတည်းက အတူတက်ခဲ့ကြတာ ဖြစ်သည်။

ဆယ်တန်းစာမေးပွဲတွေ ဖြေပြီးတော့ ကေရီမိဘတွေက ရန်ကုန်ကို ပြောင်းသွားခဲ့တာမို့ သူငယ်ချင်းတွေ ဝေးခဲ့ကြသည်။

ကေရီ ဆယ်တန်းကို ဂုဏ်ထူးငါးဘာသာနှင့် အောင်ခဲ့ တာ သိပေမယ့် ဆေးကျောင်းတက်နေတာကို မသိခဲ့။ အခုတော့ ကံကြမ္မာက တိုက်ဆိုင်လွန်းစွာ သူငယ်ချင်းနှစ်ယောက်ကို ပြန်ဆုံ ခွင့် ပေးခဲ့၏။

ရန်ကုန်ကို ကုမ္ပဏီလုပ်ငန်းကိစ္စနှင့် လာခဲ့တာကို ကေရီ



www.burmeseclassic.com

www.burmeseclassic.com



ကို ရှင်းပြရင်း ကင်းတင်နိမ့်မှာ ရွှေရုပ် ဒုတိယအကြိမ် ထိုင်ဖြစ်ပြန်၏။

"ငါ ဘာမှမစားတော့ဘူး ကေရီ၊ အခုလေးတင် ကင်တင်းနိမ့်က ထလာရင်း နင်နဲ့ဆုံတာဟ"

"ဘာရယ် . . . ကင်တင်းနိမ့်လာတာ ဟုတ်လား . . . ပြောစမ်း ဘယ်သူနဲ့လဲ၊ နင်နဲ့အသိ ဒီကျောင်းမှာရှိတယ်ဆိုတော့ ယောကျ်ားလေးလား၊ မိန်းကလေးသူငယ်ချင်းလား လွှာ"

"ယောကျ်ားလေးပါ၊ ဒါပေမဲ့ မိတ်ဆွေတစ်ယောက်ပါဟ၊ နင် သိမလားမသိဘူး၊ ဖိုင်နယ်ပတ်ခ် တက်နေတဲ့ ကို ရဲရင့်ဘုန်း"

ကေရီ မျက်ဝန်းလေးတွေ ဝိုင်းစက်အံ့ဩသွားရင်း . .

"ငါနဲ့ အတန်းမတူပေမယ့် သိတာပေါ့၊ သူက တို့ ကျောင်းရဲ့ ကင်းပဲဟ၊ စာလည်းတော်တယ်၊ ရုပ်လည်းချောတယ်၊ ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပဲ"

ကေရီနှင့်ဆုံမှ ရဲရင့်ဘုန်းအကြောင်းတွေကို ရွှေရုပ် ထပ်မံသိခွင့်ရလိုက်သည်။ ကေရီပြောသလို ရဲရင့်ဘုန်းသတင်းတွေက မွှေးနေ၏။

"မာနကတော့ ခပ်ကြီးကြီးပဲဟ၊ စာတော်ထက်မြက်သလို သူ့အဖေကလည်း ဟိုက်ဘော့စ်ကြီးလေ၊ ဦးရန်ရှင်းတဲ့ နာမည်ကြီးပဲ၊ ဒါပေမဲ့ သူက တကယ့်ရိုးရိုးကုပ်ကုပ်ဟ၊ ကိုယ်





ပိုင်ကားတောင် မစီးဘူး၊ လိုင်းကားစီးပြီး ကျောင်းလာတာ၊ နေပါဦး . . . နင်နဲ့က ရင်းနှီးတာကြာပြီလား"

"အင်း . . . ကြာပြီဆိုပါတော့ဟာ၊ သူ့အဖေနဲ့ငါ့ဒယ်ဒီ က ပါတနာတွေလေ"

ရွှေရုပ် အလိုက်သင့်ပဲ ကေရီစကားကို နင်းပြီး ဖြေလိုက်ပါသည်။ ရဲရင့်ဘုန်းနှင့်ပတ်သက်ပြီး ကေရီတို့ သိထားတာတွေ လွဲမှားနေတာကိုလည်း ရှင်းမပြချင်တော့ပါ။

"ဟာ . . . ဒါဆို နင်တို့ဇာတ်လမ်းက မိဘတွေရေးတဲ့ ပုံစံလား၊ သွားပါပြီ . . . ငါက နင့်ကိုအားကိုးပြီး သူ့ကို ရင်ခုန်မလို့ . . . အဟင်း ဟင်း"

ကေရီက ကျောင်းတုန်းကအတိုင်း ရယ်ကာမောကာနှင့် ပျော်ပျော်နေတတ်ဆဲ ရှိသည်။ အအေးပုလင်းက ပိုက်တံလေးကို ကေရီ ငုံ့သောက်နေရင်း ရွှေရုပ်ကို စူးစူးနစ်နစ်လေး စိုက်ကြည့်နေပြန်၏။

"နင်က ဘွဲ့လည်းရပြီးလို့ စီးပွားရေးအလုပ်ထဲ အာရုံနှစ်တော့မယ်ပေါ့လေ၊ ငါတို့ကတော့ ကျောင်းတောင်မပြီးသေးဘူးဟ"

"အင်း . . . ငါ့သူငယ်ချင်းက ဆရာဝန်မကြီး ဖြစ်တော့မှာဆိုတော့ ငါ ဂုဏ်ယူမဆုံးပါဘူးဟာ"

သူငယ်ချင်းနှစ်ယောက် စတိတ်ကျောင်းတုန်းက



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေ စားမြုံ့ပြန်ရင်း နာ့ရီဝက်လောက် စကားတွေ ဖောင်ဖွဲ့မဆုံးခဲ့ပါ။ ကေရီ အတန်းတက်စရာရှိတာမို့ ရွှေရုပ် နှုတ်ဆက် ပြန်ခဲ့သည်။

အပြန်လမ်းမှာတော့ ကေရီပြောလိုက်သော ရဲရင့်ဘုန်း အကြောင်းတွေက ရွှေရုပ်အတွေးထဲအထိ ပါလာသည်။ ရဲရင့် ဘုန်းကို ဦးရန်ရှင်း၏သားဟုပဲ အားလုံးက ထင်မှတ်နေကြသည်။

ဒယ်ဒီကိုယ်တိုင်ကတောင် ဒီလိုပဲ ထင်မှတ်ခဲ့သည် ဆိုတော့ ဒါ ဦးရန်ရှင်းကိုယ်တိုင် တမင်သိချင်ဟန်ဆောင်နေသည် လား ရွှေရုပ်တွေးမိသည်။

ဘာပဲဖြစ်ဖြစ် ဦးရန်ရှင်းက ရဲရင့်ဘုန်းအပေါ် မကြည်ဖြူ ပေမယ့် ရဲရင့်ဘုန်း၏ ပညာတော်မှုနှင့် ထက်မြက်ထူးချွန်မှုတွေ ကြောင့် ဂုဏ်တက်ရခြင်းကို ကျေနပ်နေတာတော့ သေချာပါ သည်။

ဦးရန်ရှင်း၏သား အမည်ကလည်း ရဲရင့်ဘုန်းပဲ ဖြစ်နေ ခြင်းက သူ့အတွက် ရေလိုက်ငါးလိုက်မျှောနေလို့ ရနေသည်ကိုး။

ဒါပေမဲ့ အစစ်အမှန်နှင့် အတုအယောင်ဆိုသည်က တစ် ချိန်မှာ ထင်ရှားပြတ်သားစွာ ပေါ်လာမှာကို ဦးရန်ရှင်း မေ့နေ သည်လား။

♥ ♥ ♥



## အခန်း (၂၀)

"အင်း ... ရွှေရုပ်လွှာလေးက မင်းအပေါ် တော် တော်ခင်မင်သံယောဇဉ် ရှိရှာတာပဲ"

သူ ကျောင်းထဲအထိ ရွှေရုပ်လွှာရောက်လာကြောင်း ဦးမြတ်ကို သူ ပြန်ပြောမိတော့ ဦးမြတ် မှတ်ချက်ချသည်။

"ဟုတ်တယ် ... ကျွန်တော်တောင် အတော်အံ့ဩသွား တယ် ဦးမြတ်"

"အင်း ... သူပြောသလို ဒီအိမ်ကြီးရဲ့အရိပ်နဲ့ ကင်း လွတ်တဲ့နေရာမှာ ခင်မင်ကြတာတော့ ဘာမှမဖြစ်ပါဘူးကွာ၊ သူတို့လည်း သိတာမှတ်လို့၊ သူ့ခမျာ မှုဆယ်က တစ်ယောက် တည်း လာနေရရှာတာဆိုတော့ အားငယ်စိတ်နဲ့ အားကိုးတဲ့ သဘောမျိုး ထင်ပါရဲ့"

ဦးမြတ်စကားကို သူ ခေါင်းညိတ်မိပါသည်။ ဒါပေမဲ့ ရွှေရုပ်လွှာကြောင့်တော့ အန်ကယ်ရန်တို့နှင့် ပြဿနာမဖြစ်လိုပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သတိပေးပြီးသည့်နောက်ပိုင်းမှာ အန်ကယ်ရန်ရဲ့ သံသယ အကြည့်တွေကိုလည်း သူတွေ့နေရသည်။

ရဲလင်းကလည်း သူ့ကိုတွေ့သည်နှင့် မျက်နှာက မာတင်းသွားတတ်၏။ တစ်ခါတစ်ရံ ရွှေရုပ်လွှာရှေ့မှာ ရင့်ရင့်သီးသီး ပြောကာ ဟိုနိုင်းဒီနိုင်းလည်း လုပ်တတ်သေးသည်။

သူ ကျောင်းတက်နေသည့် ရက်တွေမှာ ရွှေရုပ်လွှာကလည်း အပြင်ထွက်ကာ အလုပ်ကိစ္စတွေနှင့် ရှုပ်ထွေးနေတတ်တာမို့ မဆုံဖြစ်သလောက်ရှိသည်။ မဖြစ်မနေ ဆုံဖြစ်သည်က သူ ကျောင်းပိတ်ရက်တွေမှာဖြစ်၏။

ထုံးစံအတိုင်း ကျောင်းပိတ်ရက်တွေမှာ သူ ဦးမြတ် အလုပ်တွေကို ကူညီလုပ်ကိုင်ပေးတတ်စမြဲ။ ထိုအခါမျိုးတွင် ရွှေရုပ်လွှာ ခြံထဲမှာ ဒရင်းဘတ်လေးချကာ စာဖတ်နေတတ်သည်။

အိမ်မှာဆုံလျှင် ရွှေရုပ်လွှာက သူ့ကို ခပ်တန်းတန်းပဲ နေတာမို့ အန်ကယ်ရန်လည်း ယုံကြည်သွားခဲ့ပုံရ၏။

ရဲလင်းကလည်း ရွှေရုပ်လွှာ အိမ်မှာရှိသည့်နေ့တွေဆိုလျှင် အရင်လို အပြင်မထွက်တော့ဘဲ ရွှေရုပ်လွှာအနားမှာ တရစ်ဝဲဝဲ ရှိတတ်၏။

ဒီနေ့လည်း သူ ဦးမြတ်လုပ်ရမည့် အလုပ်တွေ ကူလုပ် နေရင်း ပန်းပင်တွေ ရေဖြန်းပေးနေချိန်မှာ ရွှေရုပ်လွှာ ဒရင်းဘတ်





လေးနှင့် သစ်ရိပ်အောက်မှာ စာရင်းဇယားဖိုင်တွေနှင့် အလုပ်ရှုပ် နေသည်။

အနီရဲရဲ စပို့ရှပ်လက်တိုနှင့် အနက်ရောင်ဒူးဖုံးကျွာဘား ဘောင်းဘီကို စမတ်ကျကျ ဝတ်ဆင်ပြီး ရဲလင်း ခြံထဲဆင်းလာ ကတည်းက သူမြင်သည်။

"ဟော့ကောင်ရဲရင့် ... အပင်တွေရေလောင်းပြီးရင် ကြက်တောင်ကွင်းက မြက်တွေ ရှင်းဦး ... ကြားလား"

ရွှေရုပ်လွှာကြားအောင် သူ့ကို အော်ဟစ်ခိုင်းနေတာ သိပေမယ့် သူ ခေါင်းညိတ်ပြရင်း လုပ်လက်စအလုပ်ကိုပဲ လုပ် နေလိုက်ပါသည်။

ရွှေရုပ်လွှာ သူတို့ဆီကို ဝေ့ခနဲ တစ်ချက်လှည့်ကြည့် ပြီး သူမအလုပ်ကို ပြန်အာရုံစိုက်လုပ်နေသည်။

ရဲလင်း သူ့ကို အမိန့်ပေးပြီး ရွှေရုပ်လွှာဆီ လျှောက်သွား တာတွေ့သည်။

"ရွှေရုပ် ... အလုပ်တွေရှုပ်နေလား၊ ကိုယ် ဘာကူညီရ မလဲ"

"မလိုပါဘူး ကိုရဲလင်း ... ကျွန်မအလုပ်ကို ကျွန်မ နိုင်နင်းပါတယ်"

"ရွှေရုပ်ပင်ပန်းနေတာ မကြည့်ရက်လို့ပါ၊ ရွှေရုပ်ရဲ့ ကုမ္ပဏီကော ဘယ်လိုအခြေအနေ ရောက်နေပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုရဲလင်း ... ရှင်နဲ့ကျွန်မ စကားပြောဖို့ အချိန် မရှိဘူး၊ ဒီစာရင်းတွေကို ကျွန်မ ဒီနေ့ အပြီးရှင်းလင်းရမှာ"

ရွှေရုပ်က ရဲလင်းကိုတစ်ချက်လေးမှ အကောင်းမပြော ဘဲ ဘုတောနေတာကို သူကြားနေရသည်။ ရဲလင်းကလည်း တစ်ချက်လေး မျက်နှာမပျက် ပေကပ်နေ၏။

"ရွှေရုပ်ကလည်းကွာ ... ဘာလို့ ကိုယ့်ကို စိမ်းကားနေ ရတာလဲ၊ သူစိမ်းတွေ မဟုတ်ပါဘူး"

"ကဲ ကိုရဲလင်း ... ရှင် ဒီလို လာနှောင့်ယှက်နေရင် ကျွန်မ ဘာမှ အလုပ်လုပ်လို့ရမှာ မဟုတ်ဘူး"

"ဟာ ... နေပါဦး ရွှေရုပ်ရဲ့"

"ဟင် ... ရှင် ဒါဘာလုပ်တာလဲ၊ ကျွန်မလက်ကို လွှတ်စမ်းပါ"

အချေအတင်ဆိုနေသည့်စကားတွေကို နားမထောင်ပါ ဘဲ ကြားနေရတော့ သူ မနေနိုင်တော့ပါ။ လှည့်ကြည့်တော့ ရွှေရုပ်လက်တစ်ဖက်ကို ရဲလင်းက ဆွဲကိုင်ထားသည်။

"ရွှေရုပ်ရယ် သူစိမ်းတွေမှ မဟုတ်တာဘဲကွာ၊ အဲဒီ လောက် တွန့်တိုမနေပါနဲ့"

"ရဲလင်း ... ရှင် ကျွန်မလက်ကို အခုချက်ချင်းလွှတ် နော်"

ရွှေရုပ်အသံမှာ ဒေါသတွေပါနေတာ သူသိသည်။





အခြေအနေက ဒီထက်ဆိုးလာလျှင်တော့ သူ ဝင်တားဖို့ ဆုံးဖြတ်ရင်း ရပ်ကြည့်နေတော့ ...

"ဟော့ကောင် ရဲရင့် ... မင်းက ဘာကြည့်တာလဲ၊ မင်းနဲ့ ဘာဆိုင်လို့လဲ"

ရဲလင်း ကုလားမနိုင် ရခိုင်မဲကာ သူ့ကိုကြည့်ကာ ရန် စကားဆိုနေတော့ ရွှေရုပ်မျက်မှာ စိုးရိမ်ရိပ်တို့က အရိပ်ထင် သွားခဲ့သည်။

ရဲလင်းလက်ထဲက သူမလက်ကို ရုန်းထွက်ရင်း သူ့ကို လည်း စူးစူးလေးကြည့်သည်။

"ကိုရဲရင့်ဘုန်း ... ရှင့်အလုပ် ရှင်လုပ်ပါ၊ ဒါ ကျွန်မတို့ ကိစ္စ"

ပြောပြီးသည်နှင့် ရွှေရုပ်လှဲ့ အိမ်ထဲလှမ်းဝင်သွားခဲ့ သည်။ ရဲလင်း သူ့ကို ပြုံးတုံ့တုံ့ကြည့်ရင်း ...

"ကြားတယ်နော် ရဲရင့်၊ ရွှေရုပ်နဲ့ငါ့ကိစ္စမှာ မင်း ဟီးရိုး ဝင်မလုပ်နဲ့၊ ရွှေရုပ်ကိုယ်တိုင် ပြောသွားတာ မင်းမှတ်ထားပါ"

ရဲလင်း သူ့ကို လက်ညှိုးထိုးပြောပြီး အိမ်ထဲလိုက်ဝင် သွားတာ သူရပ်ကြည့်နေမိဆဲ။

ရွှေရုပ် သူ့ကို ဘာကြောင့် ပြောသွားခဲ့သည် ဆိုတာကို သူ နားလည်ပါသည်။ သူမကြောင့် သူနှင့်ရဲလင်းတို့ ပြဿနာ ဖြစ်မှာ စိုးရိမ်ပြီး ပြောသွားတာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲလင်းဆိုသည့် ကောင်ကတော့ ဒါကိုပဲ ကျေနပ်သွားခဲ့ကာ ထွက်ခွာသွားခဲ့လေပြီ။

ကျေးဇူးတင်ပါတယ် ရွှေရုပ်လွှာ။

♥

"ရဲလင်း ... မင်း ငါ့အတန်တန် မှာထားလျက်နဲ့ မင်း ဒီလိုလုပ်လိုက်တာ ကောင်းသလားကွ"

ဒယ်ဒီ မျက်နှာရဲရဲနီလျက် ဒေါသတွေထွက်နေတာ ရှူးရှူးရှားရှား။

"သား ဘာလုပ်လို့လဲ ဒယ်ဒီ"

"ဟောကောင် ... မင်း ကြောင်လိမ်မနေနဲ့၊ ရွှေရုပ်လွှာကိုယ်တိုင် ငါ့ကို လာတိုင်သွားတာကွ၊ မင်း သူ့လက်ကို ဖွတ်အတင်း ဆွဲတယ်ဆို"

"ဟား ... ဒယ်ဒီကလည်း လက်ကလေးဆွဲတာ ဘာများ ဖြစ်သွားလို့လဲဗျာ"

"မင်းကို ငါ ပြောထားသားပဲ၊ ဒီလိုလုပ်ရပ်မျိုး ရွှေရုပ်လွှာကို သွားမလုပ်ပါနဲ့လို့၊ ငါ့သိက္ခာကို ထိခိုက်စေမယ့် အပြုအမူမျိုး မင်းဘာလို့ လုပ်ရတာလဲ"





ဒယ်ဒီ ပေါက်ကွဲကာ သူ့ကိုချည်း အပြစ်တွေဆိုနေသည်။ တကယ်ဆို ရွှေရုပ်လွှာအပေါ် သူ ဒီလောက် ထိခိုက်နစ်နာအောင် ပြုခဲ့တာလည်း မဟုတ်ပါ။

"ပြဿနာပဲ ဒယ်ဒီရာ၊ ရွှေရုပ်လွှာက ကျွန်တော်စကားပြောနေတုန်း အတင်းထွက်သွားမယ်လုပ်လို့ တားလိုက်မိတာလေးကို ဒယ်ဒီကို လာတိုင်သလား၊ ဒယ်ဒီပြောတဲ့အတိုင်း သူနဲ့ ရင်းနှီးအောင် ကြိုးစားတာလေ"

"ဘာကွ ... ဒါ ကြိုးစားတာတဲ့လား၊ မင်း ဒီလိုသိက္ခာကျတဲ့လုပ်ရပ်မျိုး လုပ်နေရင် ဟိုက အထင်ကြီးလေးစားမတဲ့လား၊ မင်း တော်တော် အသုံးမကျတဲ့ကောင်ပဲ"

ဒယ်ဒီကတော့ သူ့ကိုပဲ အပြစ်တွေမြင်ကာ ဆူပူနေသည်။ တကယ်ဆို ရွှေရုပ်လွှာကိုယ်တိုင်က သူ့ကို ခါးခါးသီးသီး ဖြစ်နေတာ သူ ဘယ်လို ချဉ်းကပ်ရမည်လဲ။

ရွှေရုပ်လွှာအပေါ်မှာ သူ ဘယ်လောက် အောက်ကျို့ခံနေနေ ရွှေရုပ်လွှာအပြုအမူနှင့် ဆက်ဆံမှုတွေက ပျော့ပျောင်းမလာတာ ဒယ်ဒီမသိပါ။

"သား တကယ်စိတ်ညစ်တယ် ဒယ်ဒီရာ၊ ဒယ်ဒီတို့ သဘောတူကြည်ဖြူထားတာပဲ၊ သူက ဘာလို့ ဒီလောက် ခါးခါးသီးသီး ဖြစ်နေတာလဲ"

"အဲဒါ မင်း အသုံးမကျလို့ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



လာပြန်ပြီ ဒီစကား။ သူ မခံချင်အောင် ဒယ်ဒီ ပြောနေတာတော့ လွန်လွန်းနေပြီ။

"မင်းလုပ်သင့်တာက ရွှေရုပ်လွှာ မင်းကို လေးစားအထင်ကြီးလာအောင် နေထိုင်ပြရမှာကွ၊ အခုတော့ မင်း အချိုးက တစ်စက်လေးတောင် မပြောင်းလဲဘူး၊ ဒီပုံစံနဲ့တော့ ဟိုက မင်းကို လက်ခံမှာမဟုတ်ဘူး"

"ဟား . . . သား ဘာမှ မပြောတတ်တော့ဘူး ဒယ်ဒီ"

"တော် တော်တော့ ရဲလင်း၊ မင်းမှာ ဘာမှ အရည်အချင်းမရှိတာကို ကြေညာမနေနဲ့၊ နောက်ကို အဲဒီလုပ်ရပ်မျိုး မင်းသွားမလုပ်နဲ့၊ မင်း ဘာမှ အသုံးမကျရင် ငြိမ်ငြိမ်ပဲနေ။ အချိန်တန်ရင် အဆင်ပြေအောင် ငါ စီမံပေးမယ်"

သူ ရေငုံနှုတ်ပိတ်ကာ ဒယ်ဒီရှေ့ကထွက်ခဲ့သည်။ ရင်ထဲမှာတော့ မကျေနပ်စိတ်တွေ အုံကျင်းဖွဲ့နေသည်။

ရွှေရုပ်လွှာက သူ့အကြောင်းတွေအားလုံး သိနေခဲ့တော့ခက်သည်။ အမှန်ဆို သူ ကျင်လည်နေသည့် အသိုင်းအဝိုင်းမှာ ဒယ်ဒီရဲ့အရှိန်အဝါနှင့် အရာရာ အဆင်ပြေနေတာပဲ ဖြစ်သည်။

ပြီးတော့ ရဲရင့်ဘုန်းရဲ့ ဂုဏ်သတင်းကြောင့်လည်း သူ့ကို လေးစားအထင်ကြီးမှုတွေကို ပိုင်ဆိုင်ရသေး၏။

သူတို့ နာမည်တွေက တူနေတော့ ဒယ်ဒီမိတ်ဆွေ အသိုင်းအဝိုင်းကြားမှာ သူ့ကို ဆရာဝန်လောင်းတစ်ဦးဟု အား





လုံးက ထင်မှတ်နေကြသည်။

"ကိုရဲ့ရှင်းသားက တကယ်တော်တာပဲဗျာ၊ အခု ဆေးတက္ကသိုလ်နောက်ဆုံးနှစ် ရောက်နေပြီနော်"

"ဗျာ အင်း . . . ဟုတ်တယ်ဗျ . . . အဟဲ"

"အေးဗျာ၊ ခင်ဗျားက သားတစ်ယောက်ဆို ဆိုသလောက် အားကိုးရတာ ကံကောင်းတယ်ဗျာ၊ ကျုပ်မှာတော့ သားနှစ်ယောက်ကို တော်တော်မျှော်လင့်ထားတာ၊ အလကားပဲဗျာ၊ ရိုးရိုးဘွဲ့လေးတွေနဲ့ပဲ ကျေနပ်လိုက်ရတယ်"

ဒယ်ဒီရဲ့ အသိုင်းအဝိုင်းကြားထဲရောက်တိုင်း သူနှင့် ရဲရင့်ကို မှားပြီး ဒယ်ဒီမိတ်ဆွေတွေက မေးကြ၊ ချီးကျူးကြစမြဲ။ ထိုအခါတိုင်း ဒယ်ဒီက ချော်လဲရောထိုင်ကာ ပြုံးပြုံးကြီးနေပြတတ်သည်။

သူကလည်း ဟန်မပျက် ပြုံးပြုံးလေး ငြိမ်နေလိုက်တတ်စမြဲ။ ရဲရင့်ဘုန်း အရှိန်အဝါနှင့် သူ့ကို ချဉ်းကပ်လာသော မိန်းကလေးတွေကိုလည်း သူ ကြုံဖူးပါသည်။

ထိုအခါမျိုးကျတော့ သူ ရလာသည့် အခွင့်အရေးကို အပိုင်ယူတတ်စမြဲ။

"ကိုဘုန်း၊ မာမီတို့ကို ဖွင့်ပြောလိုက်ရတော့မလားဟင်၊ မော့်ကို ဘယ်တော့လာမြန်းမှာလဲဟင်"

"ဟို အဲ နေ နေပါဦး မော်ရယ်၊ ကိုယ်က ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တောင်မှ ပြီးသေးတာ မဟုတ်ဘူး၊ ဆရာဝန်ဖြစ်မှ ဒီကိစ္စ ညှိနှိုင်းကြတာပေါ့၊ ဒါဆို မော်တို့ပါ ဂုဏ်တက်မှာပေါ့ နော်"

သူ့ကို အထင်ကြီးစိတ်တွေနှင့် အပိုင်ချည်နှောင်ဖို့ ကြိုးစားလာတော့ သူ ရှောင်တိမ်းခဲ့ရတာတွေလည်း မနည်းခဲ့ပါ။

တခြားသော မိန်းကလေးတွေကို ရဲရင့်ဘုန်း ဂုဏ်ဒြပ်တွေ အသုံးချပြီး သူ ကြိုးစားနိုင်ခဲ့ပေမယ့် ရွှေရုပ်လွှာကိုတော့ မရနိုင်တော့တာ သေချာ၏။

ဒါပေမဲ့ ဘယ်လိုနည်းနှင့်မှ ရွှေရုပ်လွှာကိုတော့ သူ အရှုံးပေး လက်လွှတ်မခံနိုင်ပါ။ သိက္ခာတွေ ဘာတွေနှင့် ဒယ်ဒီ ပြောသလို ရွှေရုပ်လွှာ တိမ်းညွှတ်လာအောင်လည်း မကြိုးစားချင်တော့ပါ။

ဘယ်လိုနည်းနှင့်ပဲ ပိုင်ဆိုင်ရပါစေ၊ ရွှေရုပ်လွှာကိုတော့ သူ ဆုံးရှုံးမခံနိုင်တာ အသေအချာ။

♥ ♥ ♥



## အခန်း (၂၁)

"တော်သေးတာပေါ့၊ ရွှေရုပ်က ကိုရဲရင့် အထင်လွဲမှာ စိုးရိမ်သွားတာ"

သူ့ကျောင်းဝန်းထဲအထိ ရောက်လာခဲ့ကာ ရွှေရုပ်လွှာ တောင်းပန်စကားဆိုနေတော့ သူ တကယ်ပဲ အားနာသွားမိသည်။

"ကိုယ် နားလည်ပါတယ် ရွှေရုပ်လွှာ၊ ကိုယ်နဲ့ရဲလင်း ပြဿနာမဖြစ်အောင် ရွှေရုပ်လွှာ တမင်ပြောသွားတာ ကိုယ်သိတာပေါ့"

"အင်း ... ရဲလင်းသာ တစ်ခုခုလုပ်လာရင် အဲဒီနေ့က ပြဿနာဖြစ်ကုန်မှာ သေချာတယ်"

"မင်းကို သူ တစ်ခုခုလုပ်မှ ကိုယ်ဝင်ပြောမိမှာပါ"

"ကျေးဇူးတင်ပါတယ် ကိုရဲရင့်၊ အဲဒီနေ့က အန်ကယ်ရန် ကိုလည်း ရွှေရုပ် တိုင်ပြောခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ရွှေရုပ်လွှာကိုကြည့်ကာ ပင့်သက်လေး ရှိုက်မိသည်။ ရဲလင်းနှင့် ရွှေရုပ်လွှာကို မိဘတွေက သဘောတူကြည်ဖြူထားတာ သူသိပါသည်။ ဒါပေမဲ့ ရွှေရုပ်လွှာရဲ့ ရဲလင်းအပေါ် ဆက်ဆံမှုတွေက တစ်မျိုးဖြစ်နေတာ သူ စဉ်းစားရခက်သည်။

"ရွှေရုပ်လွှာ ... ရဲလင်းနဲ့မင်းက မိဘတွေ သဘောတူထားကြတာ မဟုတ်လား"

"ဒါ အမှန်ပဲ ကိုရဲရင့်၊ ရွှေရုပ်ဒယ်ဒီက အဲဒီကိစ္စ ရွှေရုပ်ကို ကြိုအသိပေးထားခဲ့ပါတယ်၊ ဒီမှာ ရွှေရုပ်ကို လာနေနိုင်းတာလည်း ရဲလင်းကို လေ့လာဖို့အတွက်လေ"

ရွှေရုပ်လွှာ တည်တည်ငြိမ်ငြိမ်လေး ပြောပြနေသည်။ ကြည်လဲ့နေသော မျက်နက်ဝန်းလေးတွေကို ငေးကြည့်ရင်း သူ နားထောင်နေမိဆဲ။

"ရွှေရုပ်ကြားထားတဲ့ ရဲရင့်ဘုန်းနဲ့ အန်ကယ်ဦးရန်ရှင်းရဲ့သား ရဲရင့်ဘုန်းက တကယ့်ကို လွဲချော်နေတယ် ကိုရဲရင့်၊ ပြီးတော့ ဒယ်ဒီကိုယ်တိုင်ကလည်း ရဲရင့်ဘုန်းဆိုတဲ့ယောကျ်ားက အရည်အချင်းရှိပြီး ထက်မြက်တဲ့ ယောကျ်ားတစ်ယောက်လို့ပဲ သိထားတာ၊ ဒီရောက်မှ ရဲရင့်ဘုန်းနှစ်ယောက် ဖြစ်နေမှန်း ရွှေရုပ်သိခွင့်ရလိုက်တာ"

ရွှေရုပ်လွှာ ဆိုလိုရင်းကို သူ သဘောပေါက် နားလည်ပါသည်။ ရဲလင်းနှင့်သူ နာမည်တူနေခြင်းက သူ့ကိုပါ မကြာခဏ





လူမှားစေသည်။

အားလုံးက သူ့ကို အန်ကယ်ရန်ရဲ့သားတစ်ယောက်ဟုပဲ ထင်မှတ်နေကြသည်။ ထိုအတွက် အန်ကယ်ရန်က သူ့ကို ပြောဖူးသည်။

"ရဲရင့်၊ မင်းကို လူတွေက ငါ့ရဲ့သားနဲ့ မကြာမခဏ မှားနေကြတယ်၊ ခက်တာက မင်းနာမည်နဲ့ ငါ့သားနာမည် တူနေတာကိုး၊ ဒါ ကိုမြတ်ထင်ကြောင့် ဖြစ်ကုန်တဲ့ပြဿနာပဲ၊ ထားလိုက်တော့။ ဘယ်သူမေးမေး ဒီကိစ္စကို မင်း မဖြေရှင်းနဲ့တော့။ ငါ့နာမည် ထိခိုက်စေမယ့်ကိစ္စမျိုးတော့ မင်း ရှောင်ကြဉ်ပါ။ လူတွေက ငါ့သားလို့ မင်းကို ထင်နေလည်း ပြဿနာမရှိပါဘူး။ မင်းက ငါ့တူတစ်ယောက်ဖြစ်နေတာကိုး။ ဒီတော့ ရေလိုက်ငါးလိုက်ပဲ မင်းနေပေးပါ"

သူ့အပေါ် သံယောဇဉ်ကြောင့် အန်ကယ်ရန် လက်ခံနေခြင်း မဟုတ်တာကိုသူသိပါသည်။ ဆေးကျောင်းသားတစ်ယောက်ဖြစ်နေသော သူ့ရဲ့ဂုဏ်ပုဒ်ကြောင့် လက်ခံပေးခြင်းဆိုတာ နားလည်ထားခဲ့၏။

"ကိုရဲရင့် ... ရွှေရုပ် တစ်ခုမေးချင်တယ်"

"မေးလေ ... ဘာမေးမလို့လဲ ရွှေရုပ်လွှာ"

"ဟိုလေ ... ကိုရဲရင့်နဲ့ ဦးရန်ရှင်းသား ရဲလင်းနဲ့က ဘာလို့နာမည်တူနေတာလဲဟင်၊ တမင်တူအောင် ပေးထားတာ



www.burmeseclassic.com

www.burmeseclassic.com



လား''

''မဟုတ်ဘူး ရွှေရုပ်လွှာ၊ အင်း ပြောရရင် ကျွန်တော်တောင် သေသေချာချာ မမှတ်မိတဲ့ ကိစ္စကြီးပါ။ ဦးမြတ်က ကျွန်တော် လေးနှစ်သားကတည်းက အန်ကယ်ရန်တို့အိမ်ကြီးပေါ်က ခေါ်ပြီး စောင့်ရှောက်ခဲ့တာလေ၊ ကျွန်တော့်ကို ကျောင်းထားတော့ ဦးမြတ်က ဖခင်အမည်မှာ အန်ကယ်ရန်နာမည် ဦးရန်ရှင်း၊ ကျွန်တော့်နာမည်ကိုလည်း ရဲလင်း နာမည်အရင်း ရဲရင့်ဘုန်းလို့ ပေးပြီး အပ်ခဲ့တာ''

သူ့စကားတွေ နားထောင်ပြီး ရွှေရုပ်လွှာ မျက်တောင်ကော့ကြီးတွေ ပုတ်ခတ်ကာ အံ့သြသွားဟန်နှင့် ...

''ဟင် ... ဦးမြတ်က ဘာလို့ အဲဒီလို ပေးလိုက်တာလဲ''

''မသိဘူးဗျ၊ အန်ကယ်ရန်သိတဲ့အချိန်မှာ ကျွန်တော်က အထက်တန်းမှာ တက်နေပြီ၊ မြန်မာနိုင်ငံရဲ့ ထူးချွန်ကျောင်းသားအဖြစ် အရွေးခံရပြီး နိုင်ငံတကာကျောင်းသားစုံညီပွဲတော်ရဲ့ ဂျပန်–မြန်မာ ချစ်ကြည်ရေးကျောင်းသားကိုယ်စားလှယ်အဖြစ်ပါ စေလွှတ်ဖို့ ကျွန်တော့်ကို အရွေးခံရလို့ သူ့ကို မိဘအဖြစ်ခေါ်တွေ့ ဂုဏ်ပြုပွဲတွေ ဘာတွေလုပ်တော့မှ အန်ကယ်ရန် သိသွားတာ၊ ဦးမြတ်ကို ပထမတော့ ဆူသေးတယ်၊ နောက်တော့လည်း ကျွန်တော့်ကြောင့် သူ့ဂုဏ်သိက္ခာ တအားတက်သွားရတာဆိုတော့ ဘာမှ မပြောတော့ပါဘူး''





''အင်းလေ ... ဘယ်ပြောမှာလဲ၊ ကိုရဲရင့်က ပညာထူးချွန်တော့ သူ့တောင် ဂုဏ်တက်သေးတာကိုး''

''ဒါပေမဲ့ သူ့သားနဲ့ နာမည်တူနေတာကိုတော့ သဘောမကျတာ သေချာတယ်၊ ဒါကြောင့် နောက်ပိုင်းမှာ ရဲလင်းလို့ အိမ်မှာ ခေါ် ခေါ်နေတာလေ''

ရွှေရုပ်လွှာ နှုတ်ခမ်းလေးမဲ့ကျကာ ပြုံးသည်။

''ရဲလင်းနဲ့ နာမည်တူတာ ကိုရဲရင့်တောင် နစ်နာသေးတယ်၊ ရဲလင်းက ဆယ်တန်းတောင်မအောင်တဲ့သူပဲ''

''ရွှေရုပ်လွှာက ဒါတွေတောင် သိထားပြီလား''

''အမှန်တရားကို ညာလို့မရဘူးလေ၊ သူ အင်္ဂလန်မှာ ပညာသွားသင်တယ်ဆိုတာကလည်း ဘာမှ ဖြစ်မြောက်ခဲ့တဲ့ ကိစ္စ မဟုတ်ဘူးဆိုတာလည်း ရွှေရုပ်သိထားပြီးပြီ''

သူ ထင်မှတ်ထားသည်ထက်တောင် ရွှေရုပ်လွှာက ထက်မြက်နေသည်။ ရဲလင်းနှင့်ပတ်သက်သမျှ ရွှေရုပ်လွှာ အားလုံးသိနေခဲ့မလား။ ဒါကြောင့် ရဲလင်းအပေါ်မှာ ရွှေရုပ် လက်မခံနိုင်ဖြစ်နေခြင်းထင်သည်။

''ရဲလင်းကို ရွှေရုပ်လွှာ ဒါကြောင့် လက်မခံနိုင်တာလားဟင်''

သူ့အမေးစကားကြောင့် ရွှေရုပ်လွှာ မျက်နှာလေး တည်ကြည်သွားခဲ့ကာ ...



www.burmeseclassic.com

www.burmeseclassic.com



''ရွှေရှုပ်ဘဝတစ်ခုလုံးအတွက် ပေါင်းသင်းရမယ့် ယောကျ်ားတစ်ယောက်ကို စံနှုန်းတွေနဲ့ သတ်မှတ်ချက်တွေ မထားခဲ့ပါဘူး၊ ဒါပေမဲ့ ယောကျ်ားပီသပြီး တည်ကြည်သူတော့ ဖြစ်ရမယ်လေ၊ ဒယ်ဒီက ရွေးချယ်ပေးလာပေမယ့် ရွှေရှုပ်က မျက်စိမှိတ် ခေါင်းညိတ်မှာမှ မဟုတ်တာ၊ ဒါကြောင့် လေ့လာချင်လို့ ဒီအိမ်မှာ လာနေတာပါ၊ အရည်အချင်းမရှိတဲ့အပြင် လိမ်ညာတတ်တဲ့ယောကျ်ားမှန်းသိတော့ ရွှေရှုပ် သိပ်မုန်းသွားပြီ''

ရွှေရှုပ်လွှာရင်ထဲက ခံစားချက်တွေ သူ သိခွင့်ရလိုက်တာ ရဲလင်းအတွက်တော့ စိတ်မကောင်းပါ။ ဒါပေမဲ့ ရဲလင်းအကြောင်းတွေကို သူ အသိဆုံးဖြစ်သည်။ မိန်းကလေးတွေကို ထည့်လဲတွဲကာ ဘဝကို ပေါ့ပေါ့လေးနေတတ်သူ။

ရွှေရှုပ်လွှာကိုလည်း မမြင်ခင်က အင်တင်တင်လုပ်နေခဲ့သေးသည်။ ရွှေရှုပ်လွှာကို ခေါ်နိုင်းတော့လည်း အကြောင်းပြငြင်းခဲ့တာမို့ သူ တာဝန်ယူခေါ်ပေးခဲ့ရ၏။

အခုတော့ ရွှေရှုပ်လွှာရဲ့အလှကို သူမြင်တွေ့ကာ ပြောင်းလဲသွားတာက ဟန်တောင်မဆောင်နိုင်အောင် ဖြစ်သွားခဲ့သည်။

''တကယ်ဆို ဦးရန်ရှင်းကိုယ်တိုင်ကလည်း မရိုးသားခဲ့တာ၊ ဒယ်ဒီမသိသေးလို့ပါ၊ ဒယ်ဒီက ရဲရင့်ဘုန်းဆိုတဲ့ ဦးရန်ရှင်းရဲ့သားက ဆရာဝန်လောင်း ပညာတတ် ထက်မြက်သူတဲ့လေ''

''ဟင်''





သူတောင် မျက်နှာပူကာ ထူထူပူပူကြီး ဖြစ်သွားရ၏။ ရွှေရှုပ်စကားအဓိပ္ပာယ်က သူ့ကို ရည်ရွယ်ပြောလိုက်တာ တဲ့တိုးကြီး။

''ဒယ်ဒီက အဲဒီလိုထင်နေတာ အမှန်ပဲကိုရဲရင့်၊ ရွှေရှုပ်ဖုန်းဆက်မေးကြည့်ပြီးပြီ၊ အမှန်တွေကိုသာ ဒယ်ဒီသိရင် ရွှေရှုပ်ကို ချက်ချင်းပြန်လာခိုင်းမှာ သေချာတယ်''

''ဒါဆိုလည်း ရွှေရှုပ်လွှာ အမှန်တွေကို ပြောပြလိုက်ပေ့ါ၊ ဒီမှာနေတာ ရွှေရှုပ်အတွက် အန္တရာယ်ရှိတယ်၊ ရဲလင်းကို သိပ်ယုံလို့ မရဘူး''

''ဟင့်အင်း . . . ရွှေရှုပ် တမင်မပြောသေးတာပါ၊ ရွှေရှုပ်ရဲ့လုပ်ငန်းကိစ္စတွေမှာ အနှောင့်အယှက်မဖြစ်စေချင်သေးလို့လေ''

ရွှေရှုပ်လွှာကိုတော့ သူ ပိုလို့လေးစားအထင်ကြီးသွားမိသည်။ သူမရဲ့ရည်ရွယ်ချက်တစ်ခုအတွက် ဖွဲ့ကောင်းရဲရင့်စွာ ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားပုံရသည်။

''အင်း . . . ရွှေရှုပ်လွှာ လိုအပ်တဲ့အကူအညီရှိရင် ပြောပါ၊ ကိုယ် ကူညီနိုင်သလောက် ကူညီပေးပါ့မယ်''

''ကျေးဇူးတင်ပါတယ် ကိုရဲရင့်၊ ရွှေရှုပ် လိုတဲ့အခါ ပြောပါ့မယ်၊ ကဲ . . . ရွှေရှုပ်ပြန်ဦးမယ်၊ ကိုရဲရင့် ရွှေရှုပ်ကြောင့် ကလပ်စ်ပျက်ပြီထင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ရွှေရုပ်လွှာ၊ ဒီအတန်းက သိပ်အရေးမကြီးပါဘူး၊ ကိုယ် ရွှေရုပ်လွှာကို ကားနားအထိ လိုက်ပို့ပေးမယ်"

ကင်တင်းနဲ့ထဲက သူနှင့်ရွှေရုပ်လွှာ အတူထွက်ခဲ့ကြတော့ အကဲခတ်ကြည့်နေသော မျက်ဝန်းတွေကို ရင်ဆိုင်လိုက်ကြရသေးသည်။

ကျောင်းထဲမှာ ဘယ်မိန်းကလေးနှင့်မှ မတွဲတတ်သော သူ့ကို ရွှေရုပ်လွှာနှင့် သို့လော သို့လော ထင်မှတ်ကုန်ကြမှာ သေချာသည်။

နုနုညက်ညက်လေး ချောမောလှပသော ရွှေရုပ်လွှာနှင့် အခုလို ခင်မင်ရင်းနှီးခွင့်ရတာကိုတော့ သူ ကျေနပ်မိသည်။ ပြီးတော့ ရဲလင်းအပေါ် ထားရှိသော ရွှေရုပ်လွှာစိတ်ကို သိလိုက်ရခြင်းအတွက်လည်း စိတ်ထဲမှာ ကြည်နူးချင်မိသလိုလို။

ဒါပေမဲ့ ရွှေရုပ်လွှာအပေါ်မှာတော့ သူ မဝံ့မရဲ ဖြစ်မိ၏။ တကယ်ဆို သူ့ဘဝနှင့် သူမဘဝက သိပ်ကို ကွာခြားလွန်းပါသည်။ ပြီးတော့ သူ့ဘဝမှာ ရင်ဆိုင်ရဦးမည့် အနာဂတ်ရည်မှန်းချက်တွေက အများကြီး။

လောင်းရိပ်ကြီးတစ်ခုအောက်က သူနှင့်ဦးမြတ် ရုန်းထွက်ရပါဦးမည်။

♥♥♥



## အခန်း (၂၂)

**မြင်**လိုက်ရသည့် မြင်ကွင်းကြောင့် ဦးရန်ရှင်း မျက်မှောင်ကြီးတွေ ကုတ်သွားခဲ့မိ၏။ သူ ဘယ်လိုမှ မယုံနိုင်သော မြင်ကွင်းပါပဲ။

ရွှေရုပ်လွှာနှင့်ရဲရင့်တို့နှစ်ယောက် ခြံထဲမှာ အတူရပ်ကာ စကားတွေ ဖောင်ဖွဲ့ပြောဆိုနေသည်။ ရွှေရုပ်လွှာမျက်နှာက ကြည်နူးအပြုံးတွေနှင့် ရယ်ရယ်မောမော ရှိနေသည်။

ရဲရင့်ဆိုသည့် ကောင်ကလည်း ရယ်မောကြည်နူးစွာနှင့် စကားတွေ တုံ့ပြန်ပြောနေတာ အထင်အရှား။ ရွှေရုပ်လွှာနှင့် မပတ်သက်ဖို့ သူပြောထားတာကို အလေးမထား ဥပေက္ခာပြုထားသည့် သဘောပေါ့။

ကြည့်နေရင်းနှင့် သူ့ရင်ထဲမှာ ဒေါသတွေ တလိပ်လိပ် တက်လာသည်။ ရဲရင့်ဆိုတဲ့ကောင်အချိုးက သားရေပေါ်အိပ် သားရေနားစားသည့် အချိုး။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်လွှာဆိုတာ သူ့သားရဲ့လင်းနဲ့ ရည်ရွယ်ထားသူ သူ့ရဲ့ချွေးမလောင်းဟု သိလျက်နှင့် ဒီကောင် ပတ်သက်ဖို့ကြိုး စားနေသည်ဆိုတော့ ဒါ သူ့ကို စော်ကားလိုက်တာပဲပေါ့။

ပြတင်းတံခါးက ခွာခဲ့ပေမယ့် သူ့အာရုံထဲမှာ ရဲရင့်နှင့် ရွှေရုပ်လွှာတို့နှစ်ယောက်ပုံရိပ်တွေက အရိပ်ထင်နေဆဲ ရှိသည်။

ရဲရင့်ဆိုတဲ့ကောင်က အပိုင်ကြံစည်နေတာပဲဖြစ်မည်။ ရွှေရုပ်လွှာကို ပိုင်ဆိုင်လိုက်လျှင် ဒီကောင့်ဘဝက နွေချင်းညချင်း ရွှေဘုံပေါ်စံသွားရမည့် အဖြစ်။

ရဲရင့်အကြောင်းတွေးရင်း တိုးလာသည့်ဒေါသတွေက သားရဲ့လင်းအကြောင်း ခေါင်းထဲဝင်လာတော့ မချင့်မရဲ ဖြစ်ရ ပြန်သည်။

ဘာမှ အသုံးမကျအောင် ညံ့ဖျင်းလိုက်တဲ့ကောင်။ မိဘ တွေ ကြည်ဖြူကာ အိမ်ပေါ်ရောက်နေသည့် မိန်းကလေးတစ် ယောက်ကိုတောင် မသိမ်းသွင်းနိုင်တာ ဒီကောင် အသုံးမကျလို့ ဘဲ ဖြစ်သည်။

သူ့ဒေါသအတွေးတွေကို စူးစူးရှရှ ထမြည်သော ဖုန်းသံ က ဖျက်ဆီးပစ်လိုက်သည်။ ညှော်ခန်း ရှိုးကေ့စ်လေးပေါ်က ဖုန်း ကို သူ ကောက်ယူနားထောင်လိုက်သည်။

''ဟဲလို ... ရန်ရှင်းပါ''

''ကိုရန်ရှင်းလား၊ ကျွန်တော်ပါ ... ဘခိုင်ပါဗျ''





''ဗျာ ... ဘယ်သူ ဘယ်က ဘခိုင်လဲဗျ''

''ဟာ ... ကိုရန်ရှင်းက နောက်နေပြန်ပြီ၊ ကျွန်တော် ရွှေနေကြီး ကိုဘခိုင်လေဗျာ''

သူ မျက်မှောင်ကြီးကုတ်သွားသည်။ ရွှေနေကြီးကိုဘခိုင် တဲ့။ သူ့အသိအာရုံတွေကို အလျှင်အမြန် လှုပ်နှိုးကြည့်လိုက်မှ ခပ်ရေးရေးပြန်အမှတ်ရမိသည်။

''အင်း ... ဟုတ်ကဲ့ ကိုဘ ခိုင်၊ ဟို အဲ ... မတွေ့တာ ကြာတော့ ရုတ်တရက် မမှတ်မိဘူးဗျာ၊ ဆောရီး''

''ရပါတယ်ဗျာ၊ ကျွန်တော်ကလည်း ဩစတေးလျ ရောက်နေကတည်းက အဆက်အသွယ်ပြတ်သွားတာကိုး။ အခု တောင် ခင်ဗျားရဲ့အရေးကိစ္စကြောင့် ခဏပြန်လာတာဗျ''

''ကျွန်တော့် အရေးကိစ္စ ... ဟုတ်လား''

''ကိုရန်ရှင်း ကျွန်တော့်ကိုစိတ်ဆိုးနေတာလား၊ ကျွန် တော်သိပါတယ်ဗျာ၊ ဒီကိစ္စကြီးကို ကျွန်တော် မေ့မေ့လျော့လျော့ မထားပါဘူးဗျ။ ဒါကြောင့် အခု အချိန်မီ ပြန်လာတာပါဗျ''

ရွှေနေကြီးဦးဘခိုင် စကားတွေကို သူ ရေရေရာရာ နားမလည်ပါ။ ဒါကြောင့်လည်း အလိုက်အထိုက် တုံ့ပြန်ရင်း အစ်အောက်မေးရ၏။

''စိတ်မဆိုးပါဘူး ကိုဘခိုင်ရာ၊ ဒါပေမဲ့ ခင်ဗျားမေ့နေ ပြီ ထင်မိတာတော့ အမှန်ပဲဗျာ၊ တကယ် မှတ်မိရဲ့လားဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ကိုရန်ရှင်းရဲ့ . . . ခင်ဗျားသားအတွက် လွှဲအပ်မယ့် အမွေကိစ္စကြီးပဲဗျာ၊ ဒါ မေ့စရာကိစ္စမှ မဟုတ်တာ၊ ခင်ဗျားက ဘယ်နေ့ အားမလဲ၊ ကျွန်တော်တို့ ဆုံရင် ဆွေးနွေးသင့်တာ ဆွေးနွေးချင်လို့ပါ"

"အင်း . . . ရ ရတယ် ကိုဘခိုင်၊ လာမယ့်ဆန်းဒေး ကျွန်တော် အားပါတယ်၊ ခင်ဗျား အိမ်ကိုလာခဲ့ပါလား၊ မနက်စာစားရင်း စကားပြောကြတာပေါ့ဗျာ"

"အိုကေ ကိုရန်ရှင်း . . . ကျွန်တော်လာခဲ့မယ်ဗျာ"

"လိုအပ်တဲ့ စာချုပ်စာတမ်းနဲ့ မှတ်တမ်းတွေပါ ယူခဲ့ပါ ကိုဘခိုင်၊ ကျွန်တော် ပြန်စစ်ဆေးချင်လို့ပါ"

"စိတ်ချ ကိုရန်ရှင်း . . . အားလုံးယူခဲ့မယ်၊ အိုကေ . . . ဆီးယူ ဆန်းဒေးပေါ့ဗျာ၊ အိုကေ အိုကေ . . . ဘိုင့်"

နှုတ်ဆက်ပြီး ရှေ့နေကြီးကိုဘခိုင် ဖုန်းချသွားခဲ့သည် အထိ သူ ငူငူငိုင်ငိုင်ကြီး ရပ်နေမိဆဲ။

အမွေကိစ္စတွေတဲ့။ ဘာတွေ ရှုပ်ထွေးနေပြန်သည်လဲ။ သူ ခေါင်းစားညစ်ညူးသွားရတာတော့ အမှန်ပဲ ဖြစ်သည်။

"ဒယ်ဒီ ဘာတွေစဉ်းစားနေတာလဲ"

အသံနှင့်အတူ မွှန်ထူနေသော အမွှေးရနံ့တွေနှင့် အနားရောက်လာသူက ရဲလင်းဖြစ်သည်။ ဆံပင်တွေ ထိုးထိုးထောင်ထောင်၊ ဝတ်စားထားတာက ခေတ်ရှေ့ပြေးနေသော လူငယ်





တစ်ယောက်စတိုင်လ်။

အသံက နှစ်ဆယ့်လေးပြည့်ဖို့ လပိုင်းပဲလိုတော့သည်။ ဒီအရွယ်အထိ အသိတရားနှင့် လူကြီးဆန်မှု မရှိသေးသော ရဲလင်းအတွက် ဒီတစ်ခါတော့ သူ ရင်မောချင်သွားမိသည်။

"ရဲလင်း . . . မင်း ဒီပုံ ဒီအချိုးကို ပြင်သေးဘူးလား"

"ဟာ . . . ဒယ်ဒီကလည်း လူကိုမြင်တာနဲ့ နှိပ်ကွပ်ဖို့ပဲ စဉ်းစားနေတာပဲလားဗျာ၊ သား အရင်ကတည်းက ဒီပုံ ဒီစတိုင်လ်ပဲလေ၊ ဘာများဆန်းလို့လဲ"

သူ တကယ်ပဲ စိတ်ပျက်သွားသည်။ ဒီပုံ ဒီအချိုးနှင့် ရွှေရုပ်လွှာက ငြင်းမည်ဆိုလည်း ငြင်းလောက်သည်။

"ရဲလင်း . . . မင်း ရွှေရုပ်လွှာကိစ္စကို ခေါင်းထဲမှာ လေးလေးနက်နက် ထည့်ထားရဲ့လား"

ရဲလင်း ပခုံးတစ်ချက်တွန့်ကာ မျက်နှာမဲ့သွားသည်။

"ရွှေရုပ်လွှာဆိုတဲ့ မိန်းမက သားကို ခါးခါးသီးသီး ဖြစ်နေတာလေ၊ ဒီကြားထဲမှာ ဒယ်ဒီကပါ၊ ဘာမလုပ်နဲ့ ဘာညာ စည်းကမ်းတွေထုတ်နေမှတော့ သား ဘာလုပ်နိုင်ဦးမှာလဲ၊ တော်ပါပြီဗျာ"

"ဘာကွ . . . မင်း အဲဒီလောက်တောင် အသုံးမကျဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ၊ ဒယ်ဒီ သားကို ဒီလိုမပြောနဲ့၊ ဒယ်ဒီ ခွင့်ပြုတယ်ပဲပြောလိုက် သား ရွှေရုပ်ကို အပိုင်ကြိုးစားနိုင်တယ်"

"မင်း မကျေမနပ်နှင့် သူ့ကိုကြည့်ကာ ပြောသည်။ သူ သားဖြစ်သူကို ကြည့်ကာ စိတ်ဓာတ်ကျမိသည်။ တကယ့်ကို ဘာမှ ဆင်ခြင်တုံတရား မရှိသည့် ကောင်ပါလား။ ရွှေရုပ်လှာဆိုသော မိန်းကလေးကို ပိုင်ဆိုင်ပြီဆိုလျှင် ဒီကောင့်ဘဝ ပြည့်စုံသွားမှာသေချာသည်။

အရည်အချင်းရှိသော မိန်းကလေးနှင့် သူ သဘောတူ ကြည်ဖြူခဲ့တာ ဒီကောင့်ဘဝ အဆင်ပြေ ငြိမ်းချမ်းရအောင် ဖြစ်သည်။ ဒါကို နားမလည်တော့ ခက်နေပြီ။

"ကဲ ရဲလင်း ... မင်းကို ငါပြောမယ်၊ ရွှေရုပ်လှာက မင်းဘဝအတွက် အကောင်းဆုံး ဇနီးမယားဖြစ်မှာသေချာတယ်၊ ဒီတော့ မင်း ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မရ ရအောင် ကြိုးစားပါ၊ ဟုတ်လား"

"ဟာ ... တကယ်လား ဒယ်ဒီ၊ ဒယ်ဒီ ခွင့်ပြုတယ် နော်"

"ဟေ့ကောင် ... မင်းလုပ်သမျှ ငါမသိကျိုးကျွန် နေပေးမယ်၊ အေး ... မင်းဘက်က ပိုင်အောင်ကြိုးစား၊ ဒါပဲ"

"အိုကေ ... လုံးဝပိုင်နိုင်စေရမယ် ... အဟား"

ရဲလင်းမျက်နှာကြီး ကျေနပ်သွားခဲ့ကာ လက်ဖျောက်တီး





ပြီး ညှိခန်းထဲက ထွက်သွားခဲ့သည်။

သားဖြစ်သူကို ငေးကြည့်ရင်း ဦးရန်ရှင်း ပင့်သက်ကြီး ရှိုက်လိုက်မိသည်။ တကယ့်ကလေးလိုကောင်ပါလား။ ဘာမှ မသိ ဆင်ခြင်တုံတရားမရှိသည့် ကောင်ပါလား။

သူ့မှာတော့ ဒီသားတစ်ယောက်အတွက် မလုပ်သင့်တာ တွေ လုပ်ခဲ့ရ၏။ အားမလို အားမရဖြစ်ကာ မုသာဝါဒကံတွေကို လည်း ကျူးလွန်ခဲ့ရသည်။ အခုလည်း ရှေ့နေကြီးဦးဘခိုင် ပြဿနာက ခေါင်းထဲမှာရှိနေသည်။

လာမည့်ဆန်းဒေးကျရင် ဘယ်လိုအခက်အခဲ အရှုပ် အထွေးတွေကို ရင်ဆိုင်ရဦးမည်မသိ။

ကြိုမသိနိုင်သော အခြေအနေကြီးအတွက် သူ ပင့်သက် ကြီးသာ ရှိုက်လိုက်မိသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

# “ဟား”

နှုတ်က အံ့ဩစွာ ခုန်ထွက်သွားသောအသံနှင့်အတူ ရဲလင်း၏ အိပ်ချင်မူးတူးမျက်လုံးတွေ ပြူးထွက်သွားမိသည်။

ခန်းဆီးစကိုမကာ မြင်နေရသော မြင်ကွင်းကို သူ မျက်တောင်မခတ်ဘဲ မမှိတ်မသုန် စူးစိုက်ကြည့်နေမိ၏။

ပြာလဲ့နေသော ကန်ရေပြင်ထဲမှာ လွန့်လူးကူးခတ်နေသော နတ်သမီးလေးတစ်ပါး မဟုတ်ပါ။ ရွှေရုပ်လွှာမှ ရွှေရုပ်လွှာ အစစ်။

အပြာရောင် ရေကူးဝတ်စုံလေးနှင့် ဝါဝင်းနေသော အသားစိုင်လေးတွေ ရွှေရောင်ဝင်းနေသည်။ ရေကူးကန်နှင့် သူ့အခန်းပြတင်းပေါက်က သိပ်ဝေးကွာလွန်းတာမို့ သူကြည့်ရတာ အားမရ ဖြစ်လာသည်။

ပြတင်းတံခါးမှ သုတ်ခနဲ ပြန်လှည့်ခဲ့ကာ အံဆွဲထဲက





အဝေးကြည့်မှန်ပြောင်းကို သူ ထုတ်ယူလိုက်သည်။

မှန်ပြတင်းတံခါးဆီ ပြန်လျှောက်ခဲ့ကာ သူ မှန်ပြောင်းနှင့် လှမ်းကြည့်လိုက်၏။ ကြည်လင်ပြတ်သားသော မြင်ကွင်းထဲမှာ ရွှေရုပ်လွှာရဲ့ အလှတရားတွေကို ထင်ထင်ရှားရှား မြင်တွေ့လာ သည်။

ဆံပင်တွေကို ရေမစိုအောင် ရော်ဘာခေါင်းစွပ်လေး စွပ်ထားသည်။ နုညက်ဝင်းဖန့်နေသော မျက်နှာလေးက အပြစ်ဆိုရက်စရာ မရှိပါ။

လည်တိုင်ကြော့ကြော့လေးမှာ သွေးကြောမျှင်လေးတွေ စိမ်းဖန့်နေ၏။ သူ ခိုးကြောင်ခိုးဝှက်ကြည့်နေတာကို မမြင်သော ရွှေရုပ်လွှာကတော့ လွတ်လပ်စွာ ရေကူးနေသည်။

ပြေပြစ်မှိမောက်သော ကောက်ကြောင်းတွေနှင့် ခန္ဓာကိုယ်အလှတွေက သူ့ရင်ခုန်သံတွေကို စည်းချက်ကင်းမဲ့အောင် လှုပ်ခတ်နိုင်စွမ်း ရှိပါသည်။

သူ မြင်ကွင်းကျဉ်းကျဉ်းလေးထဲက ရွှေရုပ်လွှာ အလှတွေကို နီးနီးကပ်ကပ် ခံစားချင်လာသည်။ ညဝတ်အင်္ကျီပွပွကြီးကို တောင် မလဲလှယ်နိုင်တဲ့ သူ ခြေထဲကို ခပ်သုတ်သုတ် ဆင်းခဲ့၏။

ခြေလှမ်းတွေက ရေကူးကန်ဘက်ဆီသို့ သုတ်ခြေတင် လှမ်းခဲ့မိသည်။ သူရောက်တော့ ရွှေရုပ်လွှာ ရေကူးကန်လေးထဲက တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမြင်တော့ မျက်နှာလေး ပန်းနုရောင်လွှမ်းသွားခဲ့ကာ ဒရင်းဘတ်ပေါ်လွှားထားသော မွေးပွတဘက်ရှည်ကြီးကို ရစ်ပတ်ခြုံလိုက်၏။

''ရွှေရုပ် ရေကူးနေတာလား ... ကူးလေ''

''ရှင် · ဘာလာလုပ်တာလဲ ကိုရဲလင်း''

''ရွှေရုပ်ကို အိပ်ရာနိုးတော့ ပြတင်းတံခါးက မြင်လိုက်လို့ ဆင်းလာတာပါ၊ အပွန်း ... ရွှေရုပ် ရေကူးတတ်မှန်းမသိဘူး''

သူ့ကိုမြင်သည်နှင့် ရွှေရုပ်လွှာမျက်နှာက ဝိုတာထက်ပိုပြီး မာတင်းခက်ထန်သွားခဲ့တာကြောင် သူ ခံရခက်ခက်ဖြစ်ရသည်။

ရွှေရုပ်လွှာက မလုံမလဲ ဖြစ်နေသေးသည့် ခန္ဓာကိုယ်လေးအပေါ်ကို ညဝတ်ဂါဝန်ပါးလေးကို ထပ်ဝတ်ကာ ခါးသိုင်းကြိုးကို ချည်နှောင်နေ၏။

''ကူးလေ ရွှေရုပ်ရဲ့ ကိုယ့်ကြောင့် အနှောင့်အယှက်ဖြစ်သွားလို့လားဟင်''

''မိန်းကလေးတစ်ယောက် ရေကူးနေတာကို ခိုးကြောင်ခိုးဝှက်ကြည့်လို့ အားမရနိုင်ဘဲ၊ ရှင် ဒီအထိလာကြည့် မျက်နှာပြောင်တိုက်တာ တော်တော်ရွံ့ရှာဖို့ ကောင်းတဲ့ စိတ်ဓာတ်ပဲ''

''အာ ... ရွှေရုပ်ကလည်း ကိုယ်က ရွှေရုပ်နဲ့ စကား





ပြောချင်လို့ပါ''

''ရှင်နဲ့ကျွန်မ ဘာမှစကားပြောစရာမရှိပါဘူး''

စကားအဆုံးမှာ ရွှေရုပ်လွှာ ချာခနဲ လှည့်ထွက်သွားသည်။ သူတစ်ယောက်တည်း ကန်ဘောင်မှာ ကျန်ရစ်ခဲ့ရသည်။

ရွှေရုပ်လွှာရဲ့အပြုအမူတွေ သူ့အပေါ် ပို ပိုပြီး ခါးသီးလာတာ အမှန်။ ဒါ ဘာကြောင့်လဲ စဉ်းစားမရပါ။

ရဲရင့်ဆိုတဲ့ကောင်ရဲ့ စနက်ကြောင့်လား။

အံကိုတင်းခနဲကြိတ်ရင်း ရွှေရုပ်လွှာကို သူ ငေးကြည့်လိုက်မိ၏။ သူ့အပေါ် ခါးသီးပြနေတာ ရဲရင့်ဆိုတဲ့ကောင်နဲ့နှိုင်းယှဉ်ပြီး အထင်အမြင်တွေ သေးနေတာကြောင့်လား။

ရွှေရုပ်လွှာ ... မင်း မာနတွေ ဘယ်လောက်အထိ မာနိုင်မှာလဲ။

စောင့်ကြည့်ချင်သေးတယ် ရွှေရုပ်လွှာ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

**ကောင်း**ကင်တစ်ခုလုံး အုံ့မှိုင်းနေသော မိုးက မထင်မှတ်ဘဲ ဝေါခနဲ ရွာချလိုက်သည်။ သူလွယ်ထားသော ကြိုးသိုင်းလွယ်အိတ်အနက်လေးကို ရင်ခွင်ထဲ ပွေ့ပိုက်ပြီး ပုန်းခိုလို့ရနိုင်မည့်နေရာကို ရှာဖွေလိုက်သည်။

အနီးအနားမှာ မိုးခိုစရာနေရာ တစ်ခုမှ မရှိပါ။ ကားဂိတ်ကလည်း ဟိုးအဝေး ခပ်လှမ်းလှမ်းမှာ ဖြစ်နေသည်။

မတတ်နိုင်တော့သည့်အဆုံး ထိုကားဂိတ်အမိုးလေးအောက်ဆီသို့ပဲ သူ အပြေးတစ်ပိုင်းလေးထွက်ဖို့ ခြေလှမ်းပြင်လိုက်

"ကိုရဲရင့်"

ခေါ်သံနှင့်အတူ အနားမှာထိုးရပ်လာသော ပရာဒိုကားလေးက ငြိမ့်ခနဲ။

"ဟင် ... ရွှေရုပ်လွှာ"

"တက်လေ ကိုရဲရင့် ... မိုးတွေစိုကုန်မယ်"





ပြောပြောဆိုဆို ရှေ့ခန်းတံခါးကို အထဲက လှမ်းဖွင့်ပေးနေတာမို့ သူ ဝင်ထိုင်လိုက်ရပါသည်။

"ထီးပါမလာဘူးလားဟင် ကိုရဲရင့်"

"မိုးမရွာသေးဘူးထင်နေတာ၊ ဒါကြောင့် ထည့်မယူလာခဲ့ဘူး"

ရွှေရုပ်လွှာ ကားလေးကို ငြိမ့်ခနဲ မောင်းထွက်ရင်း ဒက်ရှ်ဘုတ်ပေါ်က လက်ကိုင်ပဝါလေးကို သူ့ဆီလှမ်းကမ်းပေးသည်။

"ရော့ ကိုရဲရင့် ... ခေါင်းမှာမိုးရေတွေ စိုနေတယ်၊ သုတ်လိုက်ပါ၊ လက်ကိုင်ပဝါက အသစ်လေ"

"ဟာ ... ရတယ် ရွှေရုပ်လွှာ၊ လူစိုတာ အကြောင်းမဟုတ်ဘူး၊ ကျောင်းစာအုပ်တွေစိုမှာပဲ ကိုယ်ကစိုးရိမ်နေတာ"

"သုတ်လိုက်ပါ ကိုရဲရင့်ရဲ့၊ ဖျားနာနေမှာစိုးလို့၊ ကိုရဲရင့်တို့စာမေးပွဲ နီးနေပြီမဟုတ်လား"

ဇွတ်ကမ်းပေးနေတာမို့ သူ ခေါင်းညိတ် လှမ်းယူကာ သုတ်လိုက်ရသည်။ ရွှေရုပ်လွှာ၏ လက်ကိုင်ပဝါအသစ်လေး ရေစိုသွားခဲ့တာတော့ အမှန်။

"နောက်မှ အစားပြန်ဝယ်ပေးပါ့မယ် ရွှေရုပ်လွှာ၊ လက်ကိုင်ပဝါက အသစ်ကြီးဆိုတော့ အားနာလိုက်တာ"

"မလိုအပ်ပါဘူး ကိုရဲရင့်ရယ်၊ ဒါနဲ့ အိမ်ပြန်မှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လားဟင်''

''ဟုတ်တယ် ... ကိုယ့်ကို ရှေ့က ကားဂိတ်လေးမှာပဲ ရပ်ပေးပါ''

''မဟုတ်တာဘဲ၊ ရွှေရုပ်လည်း ပြန်မှာ၊ ဟို လမ်းထိပ် ရောက်မှ ဆင်းပေါ့၊ မိုးက တော်တော်နဲ့တိတ်မယ်ပုံ မရှိဘူး''

''မလုပ်ပါနဲ့ ရွှေရုပ်လွှာ၊ အန်ကယ်ရန်တို့ တွေ့သွားရင် ဒါကို ပြဿနာရှာနေမှာ''

ရွှေရုပ်လွှာ မျက်မှောင်လေးကုတ်ကာ သူ့ကိုကြည့် သည်။ ပြီးမှ ပင့်သက်လေးရှိုက်ကာ ကားရှေ့မြင်ကွင်းတွေကို ပြန်အာရုံ စူးစိုက်သွားခဲ့ရင်း ...

''ကိုရဲရင့် ... ဘယ်ပြဿနာမျိုးကိုမဆို ကိုရဲရင့်က မရှောင်တိမ်းဘဲ ထိပ်တိုက်ရင်ဆိုင်တတ်တဲ့သူလေ၊ အခု ဘာလို့ ကိုရဲရင့်စိတ်တွေ အရှုံးပေးသည်းခံနေရတာလဲဟင်''

ရွှေရုပ်လွှာ အားမလို အားမရဆိုသည့်မေးခွန်းကို သူ မဖြေနိုင်ဘဲ ပင့်သက်ပဲ ရှိုက်ဖြစ်သည်။

''ကိုရဲရင့်ကို ရွှေရုပ် နားလည်ပါတယ်၊ ဒါပေမဲ့ အမြဲတမ်း အလျှော့ပေးသည်းခံနေတာ မကောင်းဘူး၊ အထူးသဖြင့် ကိုယ့်ကို မတရားနှိပ်ကွပ်အနိုင်ယူနေတဲ့သူတွေကို ကိုရဲရင့် ထိပ်တိုက်ရင်ဆိုင်ပစ်စမ်းပါ၊ ဘယ်လိုပြဿနာ အခက်အခဲပဲ ကြုံလာပါစေ ... ရွှေရုပ် ကူညီမယ်''





သူ့အတွက် ခံပြင်းနာကြည်းစိတ်တွေနှင့် ရွှေရုပ်ဆိုနေခြင်းဟု သူနားလည်ပါသည်။ ဒါပေမဲ့ သူ ခွန်းတုံ့မပြန်ဖြစ်ပါ။

ကားလေး ငြိမ့်ခနဲ ထိုးရပ်သွားတော့မှ လမ်းထိပ်ကို ရောက်ပြီဟု သူသိလိုက်သည်။ ရွှေရုပ်လွှာက သူ့ဆီကို ဖဲပွင့်ထီးလေး ကမ်းပေးရင်း ...

''ဒီထီးကို ယူသွားလိုက် ကိုရဲရင့်''

''ရတယ် ရွှေရုပ်လွှာ ... ကိုယ် မိုးဝင်ခိုနေပြီးမှ ပြန်လိုက်မယ်''

''မဟုတ်တာ ... ဒီမိုးက တော်တော်နဲ့တိတ်မှာ မဟုတ်ဘူး၊ ယူထားလိုက်စမ်းပါ၊ ရွှေရုပ်အတွက် မလိုဘူးလေ''

သူ မငြင်းနိုင်ဘဲ ဖဲပွင့်ထီးလေးကို လှမ်းယူလိုက်ရပါသည်။ တဖွဲဖွဲ ရွာနေသော မိုးစက်တွေကို ရွှေရုပ်လွှာရဲ့ ဖဲပွင့်ထီးလေးက ကာကွယ်ပေးထား၏။

ပရာဒိုကားလေး မောင်းထွက်သွားတော့ မိတ်တုတ် မိတ်တုတ် မီးပွင့်လေးတွေက သူ့ကို နှုတ်ဆက်သွားသလိုပါပဲ။

ဘာကြောင့်မှန်းမသိ၊ ရွှေရုပ်လွှာရဲ့ ထီးလေးကိုဆောင်းထားရင်း သူ့ရင်ထဲမှာ နွေးထွေးရှိန်းမြနေသည်။

ဘာကြောင့် မင်းရဲ့သံယောဇဉ်တွေ ကိုယ့်အပေါ် နိုင်မာနေခဲ့ရတာလဲ ရွှေရုပ်လွှာ။

ကြာရင် ငါ့နှလုံးသားတွေ ဦးနှောက်အသိနဲ့ ချုပ်ထိန်းမှု



www.burmeseclassic.com

www.burmeseclassic.com



ကို ပုန်ကန်ကြတော့မယ်ထင်ရဲ့။

♥

တစိမ့်စိမ့်ရွာနေသော မိုးရေတွေအောက်မှာ သူ့တစ်ကိုယ်လုံး အေးစက်ထုံကျင်နေသည်။

ကောင်းကင်ကြီးက မည်းညစ်နေသော တိမ်တိုက်တွေနှင့် ပိန်းပိတ်မှောင်နေ၏။ တဂျိမ်းဂျိမ်းမြည်သံနှင့် လျှပ်ရောင်တွေက ဝင်းခနဲ လက်ခနဲ အလင်းစူးမူးတို့ကို ထုတ်လွှတ်ပေးသည်။

ထိုအလင်းတွေထဲမှာ သူ့မျက်ဝန်းတွေက တစ်စုံတစ်ယောက်ကို အားကိုးတကြီး ရှာဖွေကြည့်မိသည်။

'ဂျိမ်း ဒလိန်း ဒိန်း'

တုန်ခါလှိုင်းထပ်သွားသောအသံကြီးနှင့်အတူ လျှပ်ရောင်က ဝင်းခနဲ ထိန်လင်းတောက်ပသွားခဲ့၏။

မိုးစက်မှုန်တွေနှင့် ဖွေးဖွေးလှုပ်နေသော ပတ်ဝန်းကျင်မြင်ကွင်းတွေထဲမှာ သူ တောင့်တနေသော အရိပ်လေးကို မတွေ့ရပါ။

"အား ... ချမ်း ချမ်းလိုက်တာ"

သူ ခန္ဓာတစ်ခုလုံးကို တပေါက်ပေါက် ထိမှန်နေသော





မိုးစက်ပွင့်တွေက ထုံကျင်နေသောအသားပေါ်ကို အက်ဆစ်တွေနှင့် ကြဲဖြန့်လိုက်သလို စူးခနဲ နာကျင်စေ၏။

ခန္ဓာကိုယ်မှာ လည်ပတ်နေသော သွေးတွေ ရေခဲတွေလို အေးခဲနေခဲ့ပြီလား။

အချမ်းဒဏ်ကို အံကြိတ်တင်းခံထားမိသော သူ့မေးရိုးတွေက မာတင်းနေသည်။

ရွာလွန်းနေသော အက်ဆစ်မိုးပွင့်တွေထဲမှာပဲ သူ့အသက် ဝိညာဉ်တို့ နိဂုံးချုပ်သွားတော့မည် ထင်သည်။

ရင်ထဲအထိ စိမ့်တုန်လာသော အချမ်းဒဏ်ကို သူ မျက်ဝန်းတွေ စုံမှိတ်ခံယူနေတုန်းမှာ လက်ဖဝါးနှစ်ဖက်ကို ဆုပ်ကိုင်လာသော အနွေးဓာတ်လေးကို ခံစားလိုက်ရ၏။

သူ့မျက်ဝန်းတွေ ဖျတ်ခနဲ ဖွင့်ကြည့်မိသည်။ သူ့ကို ပြုံးပြုံးလေး ကြည့်နေသော ရွှေရုပ်လွှာ။

"ဟာ ရွှေရုပ်လွှာ ... မင်း မင်း ကိုယ့်ဆီလာတယ်"

"ရှင် သိပ်ချမ်းနေသလား ကိုရဲရင့်"

ရွှေရုပ်လွှာအမေးကို မဖြေနိုင်အောင် သူ့နှုတ်ခမ်းတွေ ပြာနှမ်းထုံကျင်နေခဲ့ပြီ။

ရွှေရုပ်လွှာ လက်နှစ်ဖက်က သူ့ပခုံးတွေကို သိုင်းဖက်လာသည်။ နွေးထွေးနူးညံ့သော အထိအတွေ့၊ ရှိန်းမြသော ရွှေရုပ်လွှာရဲ့ ကိုယ်ငွေ့နွေးနွေးက သူ့ခန္ဓာကိုယ်က အအေးဓာတ်



www.burmeseclassic.com

www.burmeseclassic.com



တွေကို လွင့်စဉ်သွားစေသည်။

"ရွှေ ရွှေရုပ်လွှာ"

သူ ကျေးဇူးတင်သောအကြည့်တွေနှင့် ရွှေရုပ်လွှာကို ငုံ့ကြည့်တော့ ရင်ခွင်ထဲမှာ ပါးလေးအပ်ထားရင်း သူမ မော့ကြည့်သည်။

ရှင်းသန့်နုညက်သောမျက်နှာလေးက မြတ်နိုးစရာကောင်းသည်။ ရွှေရုပ် နှုတ်ခမ်းလေးတွေ ကြည်နူးစွာပြုံးနေ၏။ မျက်နက်ဝန်းလေးတွေက သူကို ရွှန်းရွှန်းစားစား ကြည့်နေ၏။

"မင်းကို ကိုယ် သိပ်ချစ်တယ် ရွှေရုပ်လွှာ"

သူ့နှုတ်ခမ်းက ထိုစကားတွေ ကျွံထွက်သွားခဲ့တာကိုတောင် သူ မသိလိုက်ခဲ့ပါ။ ပန်းနုသွေးလွှမ်းသော မျက်နှာလေးက မျက်နက်ဝန်းလေးတွေ ရွှန်းလဲ့တောက်ပသွားခဲ့ကာ ...

"ရှင့်ကိုလည်း ရွှေရုပ် သိပ်ချစ်တယ် ကိုရဲရင့်"

ချိုမြကြည်လင်သော စကားသံတိုးတိုးလေးက သူ့ရင်ထဲအထိ စိမ့်ဝင်သွားခဲ့သည်။

သူ့ရင်ခွင်ထဲက ခေါင်းလေးမော့ကြည့်နေသော ရွှေရုပ်ရဲ့ နဖူးဝင်းဝင်းလေးကို သူ ငုံ့နမ်းမိသည်။ မျက်တောင်ကော့ကြီးတွေ မှေးစင်းကာ ရွှေရုပ်မျက်ဝန်းတွေ မိတ်သွားခဲ့သည်။

စိုလဲ့နီမြန်းသော နှုတ်ခမ်းဖူးဖူးလေးရဲ့ ချိုမြိန်နွေးထွေးမှုကို သူ တဒင်္ဂ ပျော်ဝင်သွားခဲ့၏။





ပါးပြင်နုနုက သွေးကြောမျှင်လေးတွေ၊ လည်တိုင်ကြောကြောက သွေးကြောစိမ်းလေးတွေ၊ ခန္ဓာကိုယ်မှာ လည်ပတ်နေသော သွေးခုန်သံတွေမှာ ချစ်ခြင်းရဲ့ ရင်ခုန်သံတွေ ငြိမ့်ငြိမ့်စီးမျောလျက်။

'ဂျိန်း ဒလိန်း ဒိန်း'

ထိတ်လန့်ဖွယ်မြည်သံကြီးနှင့်အတူ သူ့ရင်ခွင်ထဲမှ ရွှေရုပ်လွှာကို အမှောင်ထဲက အရိပ်တစ်ခုက ကြမ်းတမ်းစွာ ခေါ်ယူသွားခဲ့၏။

"ရွှေ ရွှေရုပ် လွှာ"

သူ စိုးရိမ်ချောက်ချားစွာ ဟစ်အော်ရင်း အမှောင်ထဲကို ပြေးလိုက်ခဲ့သည်။ အေးစက်နေသော မိုးရေတွေက သူ့ခန္ဓာကိုယ်ပေါ် စူးစူးနစ်နစ် တိုးဝင်ဆီးကြို၏။

"ရွှေရုပ် ရွှေရုပ် ရွှေရုပ်"

♥

"သား မောင်ဘုန်း မောင်ဘုန်း"

သူ့ပခုံးကို လှုပ်ယမ်းခါနေသော ဦးမြတ်ရဲ့ စိုးရိမ်တကြီးခေါ်သံကြောင့် သူ့မျက်ဝန်းတွေ ဖွင့်ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဦးမြတ် . . . ဟို ဟို ကျွန်တော်"

သူ့ခေါင်းတွေကို ချာလည်ကြည့်လိုက်မိမှ စာကြည့်စားပွဲမှာ မျက်နှာမှောက်ကာ သူ အိပ်ပျော်သွားခဲ့မှန်း သိလိုက်၏။

"သား အိပ်မက်တွေမက်ပြီးအော်နေလို့ ဦးမြတ် နိုးလာတာ၊ တစ်နာရီတောင် ထိုးနေပြီ သားရဲ့၊ အိပ်ချင်တာများ ဝင်အိပ်ပါလား သားရယ်"

"အင်း . . . ကျွန်တော် စာကျက်ရင်း အိပ်ပျော်သွားတာ ဦးမြတ်ရဲ့"

သူ စားပွဲပေါ်က နာရီလေးကို လှမ်းကြည့်ရင်း ပြောလိုက်မိသည်။ အပြင်ဘက်မှာ မိုးက တစိမ့်စိမ့် ရွာနေတုန်းရှိ၏။

"အင်း . . . မောင်ဘုန်း မိုးအေးအေးနဲ့ ငုတ်တုတ် အိပ်ပျော်သွားတာကိုး၊ အိပ်မက်ဆိုးတွေ မက်တာတော့ မဟုတ်ဘူးထင်တယ်"

"ဗျာ"

ဦးမြတ်စကားကို နားမလည်နိုင်စွာ သူမော့ကြည့်တော့ ဦးမြတ်မျက်နှာကြီးက ပြုံးတုံ့တုံ့ ဖြစ်နေသည်။

"သား ယောင်နေတာ ဦးမြတ်ကြားတယ်ကွ"

သူ့မျက်နှာကြီး ထူပူသွားမိသည်။ သူ့နှုတ်က အသံတွေ ထွက်အောင် ယောင်နေခဲ့သည်လား။ ဦးမြတ်က သူ့ပခုံးကို အသာလှမ်းပုတ်ရင်း . . .





"အိပ်တော့ သား အိပ်တော့၊ ဒီတစ်ခါ အိပ်မက်ထပ်မက်ရင် ရွှေရုပ်လွှာလေးနာမည်တော့ မရွတ်နဲ့ကွ"

"ဟာ . . . ဦးမြတ်ကလည်းဗျာ"

သူ ရှက်လိုက်တာမှ မျက်နှာကြီးတစ်ခုလုံး သွေးရောင်တွေနှင့် နီမြန်းသွားသည်အထိပါပဲ။ ဦးမြတ်ကြားအောင် သူ ရွှေရုပ်လွှာအမည်ကို ရေရွတ်နေခဲ့သည်တဲ့လား။

စာကြည့်စားပွဲပေါ်က မီးအုပ်ဆောင်းလေးကို ပိတ်ကာ သူ အိပ်ရာထဲ ဝင်လှဲလိုက်တော့ ဦးမြတ်လည်း အခန်းမီးလေး မှိတ်ပေးခဲ့ကာ ထွက်သွားခဲ့သည်။

သူ့မျက်ဝန်းတွေ အမှောင်ထဲမှာ အိပ်မပျော်နိုင်ဘဲ ကြောင်တွေနေဆဲ ဒီအချိန်ဆို ရွှေရုပ်လွှာ အိပ်မောကျနေလောက်ပြီ ထင်ပါသည်။

အိပ်မက်ထဲက အနမ်းတွေကို ပြန်တွေးရင်း သူ့ရင်ခုန်သံတွေ တဒိတ်ဒိတ် တိုးနေ၏။ သူ့ဘဝက အိပ်မက်ထဲမှာပဲ ဝန့်ခံဖွင့်ဟခွင့်ရသည့် အခြေအနေလား။

ရွှေရုပ်လွှာရယ် . . .

ငါ့နှလုံးသားကို လှုပ်ခတ်ရင်ခုန်စေတဲ့ မိန်းကလေးက တစ်ယောက်ပဲရှိခဲ့တယ်။

အဲဒီတစ်ယောက်ကလည်း ဘဝချင်း၊ အဆင့်အတန်းချင်း ကွာခြားလွန်းနေတော့ ကိုယ့်အတွက် သိမ်ငယ်အားငယ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



တွေကို အမြဲတမ်း ကြုံဆုံစေဖို့ ကံကြမ္မာက ဖန်တီးပေးထားခဲ့တာလား။

အပြင်ဘက် မိုးကတစိမ့်စိမ့် ရွာကောင်းဆဲ။ သူ့ရင်ထဲမှာလည်း ရွေရုပ်လွှာနှင့်ပတ်သက်သော ခံစားမှုတွေက အမျှင်တန်းနေဆဲ။

♥ ♥ ♥



## အခန်း (၂၅)

"ကို မြတ်ထင် ကျန်းမာရဲ့နော်"

ခြံတံခါးကို ဖွင့်ပေးနေတုန်း တရင်းတနှီး နှုတ်ဆက်သံကို ကြားလိုက်တာကြောင့် သူ ကားထဲကို လှမ်းကြည့်မိသည်။

သူ့ကို ပြုံးနှုတ်ဆက်နေတာ ရွှေနေကြီးဦးဘခိုင် ဖြစ်နေတာမို့ ဝမ်းသာအံ့သြသွားမိတာအမှန်။

"ဟာ ဆရာဦးဘခိုင် . . . မတွေ့တာကြာပြီနော်"

"မတွေ့ဆို နိုင်ငံခြားရောက်နေတာဗျ၊ အခုတောင် ကိုရန်ရှင်းတို့ကိစ္စလေးတစ်ခုကြောင့်လာတာ၊ မောင်ရဲရင့်ဘုန်းရဲ့ အမွေကိစ္စပေါ့"

ရွှေနေကြီးစကားကြောင့် သူ့စိတ်အာရုံတွေ ဟိုးအတိတ်လေးဆီ တဒင် လွင့်မျောသွားခဲ့သည်။ ဆရာကြီးဦးရန်ရှင်းနှင့် ရွှေနေကြီးတို့ ဆုံတွေ့ခဲ့စဉ်က သူ အနားမှာရှိနေခဲ့ကာ ကြားသိခဲ့ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဩော် . . . ဆရာကြီး ရှေ့နေကြီးကို စောင့်နေပါတယ်၊ အထဲကိုကြွပါ ရှေ့နေကြီး"

ရှေ့နေကြီး ဦးဘခိုင် သူ့ကို လက်ပြနှုတ်ဆက်ကာ ကားကို ဆင်ဝင်အောက်အထိ မောင်းနှင်သွားခဲ့သည်။

သူ ခြံတံခါးကို အသာပြန်ပိတ်ရင်း အိမ်ကြီးဘက်ပြန်လှည့်ထွက်ခဲ့သည်။ ဆင်ဝင်အောက်မှာ ထိုးရပ်သွားသော ကားပေါ်က ရှေ့နေကြီးဆင်းတော့ ဦးရန်ရှင်းကိုယ်တိုင် ထွက်ကြိုခေါ်သွားတာ မြင်လိုက်ရ၏။

သူ အိမ်ကြီးဆီသို့ တရွေ့ရွေ့ လှမ်းခဲ့သည်။ ညှိခန်းတံခါးကို အထဲက သော့ခတ်ထားသည်။ ဆိုဖာထိုင်ခုံတွေမှာ ရှေ့နေကြီးတို့ ရှိမနေပါ။

"ဟင် ကိုမြတ်ထင် . . . ဘာကိစ္စရှိလို့လဲဟင်"

"ဩော် . . . ဘာမှမရှိပါဘူး၊ မဘွားသိန်း . . . ဆရာကြီးတို့ကော"

"အပေါ်ထပ်ကို ဆရာကြီးခေါ်သွားတယ်၊ ညှိခန်းတံခါးပိတ်ပြီး ဘယ်သူလာလာ မဖွင့်ပေးနဲ့ဆိုလို့ ကျွန်မစောင့်နေတာ"

ဒေါ်ဘွားသိန်းကို အခန်းတံခါးပိတ်ပြီး စောင့်ခိုင်းထားသည်ဆိုတော့ သူ နည်းနည်းတော့ နားမလည်နိုင်အောင် ဖြစ်သွားရပါသည်။

ခြေလှမ်းတွေကို ခြံထဲကိုပဲ သူ ပြန်လည်ဦးလှည့်ခဲ့သည်။





နှင်းဆီရုံနားမှာထိုင်ရင်း သူ့စိတ်တွေက လွန်ခဲ့သော အတိတ်ဆီကို ပြန်တွေးဆကြည့်နေမိသည်။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က ဒီအိမ်ကြီး၏ ညှိခန်းထဲမှာပဲ သူနှင့်ဆရာကြီးဦးရန်ရှင်းတို့ ရှေ့နေကြီးနှင့်အတူ ရှိခဲ့ဖူးကြပါသည်။

သူ့အာရုံထဲမှာ ထင်ထင်ရှားရှားမှတ်မိနေသော အတိတ်က အခုတော့ လွမ်းမောစရာကောင်းနေသည်။ အဲဒီတုန်းက ဆရာကြီးဦးရန်ရှင်းနှင့် သူ့ကြားမှာလည်း နားလည်နိုင်မှုတွေ အပြည့်အ၀ ရှိခဲ့ကြသည်။

သူ့အပေါ်မှာလည်း ဆရာကြီးဦးရန်ရှင်းက ယုံကြည်ကိုးစားမှုနှင့် စာနာသနားမှုတွေ ပြည့်၀စွာရှိခဲ့သည်ဟု သူ ခံစားရပါသည်။

အခုတော့ ထိုအခြေအနေတွေက ဘယ်တော့မှ ပြန်မရနိုင်တော့တာ တွေးမိတော့ ပင့်သက်ရှိုက်ခံစားရရုံမှတစ်ပါး။

♥

ထိုင်ပါ ကိုဘခိုင် . . . ဒီနေ့တော့ မနက်စာ စားသောက်ပြီးမှ ပြန်ပါ၊ ကျွန်တော် အားလုံးစီစဉ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဖော်ရွေရင်းနှီးစွာ ဖိတ်ခေါ်နေရင်း အပေါ်ထပ်က သီးသန့်ဧည့်ခန်းထဲမှာ ဧည့်ခံနေသော ဦးရန်ရှင်းကို ရှေ့နေကြီး ဦးဘခိုင် အကဲခတ်ကြည့်နေမိသည်။ မဆုံဖြစ်တာ နှစ်နှစ်ဆယ် ကျော် ကြာခဲ့ပြီဆိုပေမယ့် ဦးရန်ရှင်းသည် ဟိုးအရင်ကလို မပြောင်းလဲဟု သူထင်ပါသည်။

''ကိုရန်ရှင်းနဲ့ မဆုံတာကြာပေမယ့် ကျုပ်က အမြဲ သတိရနေပါတယ်ဗျာ''

''အင်း ... ကျုပ်ကလည်း အတူတူပါပဲဗျာ၊ ကိုဘခိုင် နည်းနည်းပါးပါး မှီဝဲဦးမလား''

ကိုရန်ရှင်း ပြောရင်း နံရံကပ်မှန်ဗီရိုထဲက ယမကာ ပုလင်းကို ထုတ်ယူနေတာမို့ သူ အံ့သြသွားမိသည်။

''ဟာ ... ဘယ်လိုဖြစ်တာလဲ ကိုရန်ရှင်း၊ ခင်ဗျား တောင် သောက်တတ်နေပြီလားဗျ''

''ဗျာ ... အဲ ... နည်းနည်းပါးပါးပါဗျာ၊ ဒီလိုပဲ ဆေးဖြစ် ဝါးဖြစ်သဘောပါ''

ပြောရင်း လည်ပင်းရှည်ဖန်ခွက်လေးထဲကို ကိုရန်ရှင်း ငှဲ့ထည့်နေတာကြည့်ရင်း သူ ခေါင်းတညိတ်ညိတ်ပြုံးမိသည်။ နှစ်နှစ်ဆယ်ကျော်သောကာလက ကိုရန်ရှင်းကို ပြောင်းလဲစေပြီထင်သည်။

သူသိထားသော ကိုရန်ရှင်းသည် အရင်တုန်းကတော့





အရက်ကို ခါးခါးသီးသီး ရှောင်ရှားသူတစ်ယောက်။ အခုတော့လည်း ဆေးဖြစ်ဝါးဖြစ် မှီဝဲတတ်တတ်နေပြီ ထင်ရဲ့။

''ကိုဘခိုင် ... နည်းနည်းပါးပါး သောက်ပါလား''

''နိုး .. နိုး .. ကျွန်တော်မသောက်တော့ဘူးဗျ၊ အရင်က မိတ်ဆွေအပေါင်းအသင်းနဲ့ဆုံရင် သောက်တတ်တာ မှန်ပေမယ့် အခု မသောက်တော့ဘူးဗျ''

''ဟုတ်လား၊ ကျွန်တော်ကတော့ ငြင်းရခက်တဲ့ပွဲတွေ ရှိတော့ မသောက်လို့မရဘူးဗျ၊ မိတ်ဖြစ်ဆွေဖြစ်တော့ သောက် ဖြစ်နေတယ် ကိုဘခိုင်ရေ''

ကိုရန်ရှင်း ပြောရင်း သူ့ရှေ့က မျက်နှာချင်းဆိုင်ဆိုဖာ ကြီးမှာ ဝင်ထိုင်သည်။ လက်ထဲမှာ ဆိုဒါရောစပ်ထားပြီးသော ယမကာကို တစ်ငုံမော့သောက်ပြီးမှ ...

''ဩော် ကိုဘခိုင် ... ကျွန်တော်တို့ ဆွေးနွေးစရာကိစ္စ လေး စလိုက်ကြမလား''

သူ ခေါင်းညိတ်ပြလိုက်ရင်း အတက်ချိုကော့စ် သေတ္တာ လေးထဲက စာရွက်ဖိုင်တွေကို ထုတ်ယူလိုက်သည်။

''မကြာခင်မှာ ခင်ဗျားရဲ့အပြင်းပြဆုံးဆန္ဒကို ကျွန်တော် ဖြည့်စွက်ပေးရမှာမို့ ကျေနပ်နေတယ် ကိုရန်ရှင်းရဲ့။ ဒါနဲ့ ခင်ဗျား သား ရဲရင့်ဘုန်းက အသက်နှစ်ဆယ့်လေးနှစ်ပြည့်ဖို့ သုံးလကျော် ပဲ လိုတော့တယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . အင်း . . . အဲ ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ ကိုဘခိုင်"

နားမလည်နိုင်သလို ကိုယ့်ကိုပြန်မေးနေတာမို့ ဦးဘခိုင် အူတူတူလေး ဖြစ်သွားရသည်။ ကိုရန်ရှင်း မျက်ဝန်းတွေက သူ့ကို မျက်မှောင်ကြီးကုတ်ကြည့်နေသည်။

"အမွေကိစ္စလေဗျာ၊ ကိုရန်ရှင်းကတော့ လုပ်ပြီ"

"ဗျာ . . . ဟို ဟို၊ တစ်ဆိတ်လောက် ကျွန်တော့်ကို အသေအချာ ပြန်ရှင်းပြစမ်းပါ ကိုဘခိုင်၊ ကျွန်တော် မေ့တေ့တေ့ ဖြစ်နေပြီ"

"ဘယ်လို . . . ဒီကိစ္စကြီးကို မေ့စရာလားဗျာ"

"အဲ . . . ဟို နှစ်နှစ်ဆယ်ကျော်လောက်ကကိစ္စဆိုတော့ ကျွန်တော် အားလုံး မမှတ်မိဘူးလေဗျာ၊ အလုပ်ကိစ္စတွေနဲ့ ရှုပ်ထွေးလုံးပမ်းနေရတာလည်း ပါမယ်ထင်တယ်၊ ငယ်ငယ်ကလို စိတ်က သိပ်မထက်မြက်တော့ဘူးဗျ"

ကိုရန်ရှင်း အကြောင်းပြချက်တွေ ပေးနေတာကို သူ လက်မခံနိုင်ပါ။ အမှန်ဆို သားဖြစ်သူရဲ့ အမွေကိစ္စကို ကိုရန်ရှင်း ကိုယ်တိုင် တက်ကြွစွာ စီစဉ်ခဲ့တာ ဖြစ်သည်။

အခုတော့ ဒီကိစ္စကြီးကိုပဲ မေ့တေ့တေ့ဖြစ်နေသည် ဆိုတော့ ကိုရန်ရှင်း စိတ်တွေ ပုံမှန်မှ ဟုတ်သေးရဲ့လား။

"ကဲ . . . ကျွန်တော်ရှင်းပြတာထက် ဟောဒီက ခင်ဗျား





ကိုယ်တိုင်စီစဉ် ရေးထားတဲ့ စာရွက်စာတမ်းတွေကို ဖတ်ကြည့်လိုက်ဗျာ"

သူ ကမ်းပေးသော ဖိုင်တွဲကို ကိုရန်ရှင်းလှမ်းယူသည်။ ပြီးတော့ ရွှေကိုင်းမျက်မှန်ကိုပင့်ကာ ဖတ်ရှုနေသည်။

ကိုရန်ရှင်း မျက်ဝန်းတွေထဲမှ ပြောင်းလဲမှုအရိပ်တွေကို သူငေးစိုက်ကြည့်နေမိသည်။ အံ့ဩမယုံနိုင်ခြင်းတွေနှင့် ကိုရန်ရှင်း မျက်တောင်တွေ ပုတ်ခတ်ပုတ်ခတ် သူ့ကို မော့ကြည့်သည်။

"ဘာ . . . မရှင်းတာရှိသလဲ၊ ကိုရန်ရှင်း"

"ဟို . . . အဲ မရှိပါဘူး"

လက်ထဲက ဖိုင်တွဲကို စားပွဲပေါ်ပြန်တင်ရင်း ကိုရန်ရှင်း ဖန်ခွက်ထဲက ယမကာတွေကို တစ်ကျိုက်တည်းမော့သောက်ပြန်သည်။

ကိုရန်ရှင်း အမူအယာတွေက နည်းနည်းတော့ ထူးခြားနေသည်ဟု သူ ခန့်မှန်းမိသည်။ သူ့ရဲ့ လှုပ်ရှားနေသော စိတ်တွေကို တည်ငြိမ်အောင် ထိန်းနေသလိုဟု ကိုဘခိုင် ထင်မိသည်။

"ကိုရန်ရှင်း . . . ခင်ဗျား ဘာဖြေစရာရှိသေးလဲ၊ ခင်ဗျားသား မောင်ရဲရင့်ဘုန်းကို အသက်နှစ်ဆယ့်လေးနှစ်တင်းတင်း ပြည့်တဲ့နေ့မှာ ခင်ဗျားလူ့လောကကြီးထဲမှာ လက်ရှိထင်ရှား ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ပိုင်ဆိုင်သမျှ လွှဲပေးဖို့ စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့တယ်လေ''

''အင်း . . . ဟုတ်ပါတယ်၊ ခင်ဗျားနဲ့ကျုပ် စီစဉ်ခဲ့တာပဲ ဗျာ''

''တော်သေးတာပေါ့ဗျာ၊ ခင်ဗျားက မမှတ်မိဘူးလိုလို လုပ်နေလို့ ကျွန်တော် နားမလည်နိုင်ဖြစ်နေတာ''

''အာ . . . ဗျာ . . . ဒါ ဘာ မမှတ်မိစရာကိစ္စလဲဗျ၊ မှတ်မိပါတယ်၊ ဟို . . . ကျွန်တော်က စာချုပ်ဖိုင်တွေကို သေချာအောင် ထပ်ကြည့်ချင်လို့ပါဗျာ၊ အခုတော့ ရှင်းသွားပါပြီ၊ သင့်ခ်ယူ ကိုဘခိုင်၊ ကိုင်း . . . ကျွန်တော်တို့ ထမင်းလက်ဆုံ စားလိုက်ကြရအောင်ဗျာ''

အစီအစဉ်တွေက ညှိနှိုင်းစရာ မလိုဘဲ ချောမွေ့အဆင်ပြေသွားပြီမို့ သူနှင့်ကိုရန်ရှင်း ထမင်းစားခန်းဘက်ဆီသို့ ထွက်ခဲ့ကြသည်။

စားရင်းသောက်ရင်း နှစ်ဦးသားစကားတွေ ပြောကြတော့လည်း ကိုရန်ရှင်း ပြုံးပြုံးရွှင်ရွှင် ရှိ၏။

''ခင်ဗျားသား သတင်းကတော့ တကယ်မွေးတယ်ဗျာ၊ အခု ဆေးတက္ကသိုလ်နောက်ဆုံးနှစ်တောင် တက်နေပြီနော်''

''ဗျာ . . . အင်း . . . အဲ . . . ဟုတ်တယ် ကိုဘခိုင်''

''အင်း . . . ခင်ဗျားကံကောင်းပါတယ်ဗျာ၊ ခင်ဗျားနဲ့ ခင်ဗျားညီ လင်မယားသတင်းကြားတော့ ကျုပ် ဩစတေးလျမှာ





ဗျ၊ ဘယ်လိုမှ ပြန်မလာနိုင်လို့ ခွင့်လွှတ်နားလည်ပေးပါဗျာ''

''ဟာ . . . ရပါတယ်ဗျာ၊ ပြဿနာမရှိပါဘူး၊ ကျွန်တော် နားလည်ပါတယ်ဗျာ''

''ဒါနဲ့ . . . ခင်ဗျားညီကိုရန်လင်းမှာလည်း သားတစ်ယောက် ကျန်ရစ်ခဲ့တယ် မဟုတ်လား''

''ဟုတ်တယ်၊ အခု ဒီမှာပဲ လူယုံတော်ကြီးဦးမြတ်ထင်က စောင့်ရှောက်ထားတယ်၊ တော်တော်ဆိုးတဲ့ကောင်ဗျ၊ ဘဝကို နားမလည်ဘူး၊ လူပေလူတေလေးမို့ တော်တော်နှိပ်ကွပ်ထားရတယ်''

''အင်း . . . ဗီဇဆိုတာ ဒါမျိုးကို ပြောတာပေါ့ဗျာ၊ ဖအေဖြစ်တဲ့သူကလည်း ဆိုးပေတေခဲ့တော့ ဗီဇက မပျောက်ဘူးထင်ပါတယ်''

''အင်း အင်း . . . ဟုတ် ဟုတ်မှာပေါ့ဗျာ . . . အဟဲ ဟဲ''

စားသောက်ပြီးတော့ ကိုရန်ရှင်းကို နှုတ်ဆက်၍ သူပြန်ခဲ့သည်။ ဆင်ဝင်အောက်က ကားနားဆီသို့ ကိုရန်ရှင်း လိုက်ပို့ပေးရင်း . . .

''ဒီကိစ္စကို ကျွန်တော်စီစဉ်ထားတဲ့အတိုင်း အပြတ်ဆောင်ရွက်လိုက်ပါ ကိုဘခိုင်၊ ဘာမှ ပြောင်းလဲစရာမရှိပါဘူး''

''ဟုတ်ပြီ ကိုရန်ရှင်း၊ ဒီရက်ပိုင်းမှာ လိုအပ်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စီစဉ်ပါ့မယ်၊ အရေးအကြောင်းရှိရင် ဖုန်းဆက်ပါ ပေါ့''

"အိုကေ အိုကေ ... ကိုဘခိုင်"

လက်ပြနှုတ်ဆက်ပြီး ကားလေးကို ဘခိုင် မောင်းထွက်ခဲ့သည်။ ခြံတံခါးဖွင့်ပေးသည့် ဦးမြတ်ထင်အနားမှာ သူ့ကား ထိုးရပ်ပြီး ...

"ဗျို့ ကိုမြတ်ထင် ... ခင်ဗျားလည်း အသက်ကြီးမှ ကလေးထိန်းတာဝန်ကျနေတယ်ဆို၊ ကိုရန်ရှင်းတူ လူဆိုးထိန်း ဖြစ်နေတယ်ဆိုဗျ"

"လူဆိုးထိန်း ... ဟုတ်လား ရှေ့နေကြီး"

"အခုပဲ ကိုရန်ရှင်းပြောလိုက်လို့ဗျ၊ သူ့ညီရန်လင်းသား ကို ခင်ဗျား ကောက်ယူထိန်းသိမ်းထားတယ်ဆိုလို့"

သူ့စကားကြောင့် ကိုမြတ်ထင် ခပ်ယဲ့ယဲ့ပြုံးသည်။ ပြီးတော့ မျက်ဝန်းတွေက အိမ်ကြီးဆီ လှမ်းကြည့်သေး၏။

"ရှေ့နေကြီး၊ ကျွန်တော် ရှေ့နေကြီးဆီလာခဲ့ချင်တယ်"

ဦးမြတ်ထင်စကားကြောင့် သူ အံ့သြသွားမိသည်။ သူနှင့် တွေ့ဆုံခွင့်ကို ဘာကြောင့်တောင်းနေတာလဲ။

"ကိစ္စရှိလို့လား ကိုမြတ်ထင်"

"ရှိတယ် ရှေ့နေကြီး ... ကျွန်တော် ပြောစရာတွေ ရှိနေတယ်၊ ပြီးတော့ ရှေ့နေကြီးဆီက အကြံဉာဏ်နဲ့ အကူအညီ





တွေ လိုအပ်လို့ပါ"

"ရပါတယ်ကိုမြတ်ထင်၊ ကျုပ် ကူညီနိုင်တာဆို ကူညီမှာ ပေါ့ဗျာ၊ ဒီမှာ ကျွန်တော့်လိပ်စာ၊ ခင်ဗျားလာချင်တဲ့အခါ ဖုန်း ကြိုဆက်ပေါ့"

သူကမ်းပေးသော လိပ်စာကတ်လေးကို ကိုမြတ်ထင် ခါးပုံစထဲဝှက်ကာ ထည့်လိုက်တာ သူမြင်သည်။ ပြီးတော့ သူ့ ကိုနှုတ်ဆက်နေသည်မို့ ဘာမှမမေးတော့ဘဲ ကားလေးကို မောင်း ထွက်ခဲ့သည်။

ကိုမြတ်ထင်ပုံစံက အခက်အခဲတစ်ခုကို သူနှင့်တိုင်ပင် ချင်နေသည့်သဘောဟု နားလည်သည်။

တစ်ချိန်တုန်းက ကိုရန်ရှင်း၏လူယုံတော် ဦးမြတ်ထင် သည် ခင်မင်လေးစားစရာကောင်းပြီး ရိုးသားသူမို့ သူ ခင်မင်မိ ပါသည်။

အကူအညီတောင်းလာလျှင်လည်း ကူညီဖို့ ဆုံးဖြတ်ထား လိုက်မိတော့သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

**ချိန်း** ဆိုထားသောဆိုင်လေးမှာ သူ စောင့်နေတုန်းမှာပဲ ရွှေရုပ်လွှာရဲ့ ပရာဒိုကားလေး ထိုးရပ်လာသည်။

ကားတံခါးလေးဖွင့်ကာ ဆင်းလာသော ရွှေရုပ်လွှာ နို့စိမ်းရောင်ဝတ်စုံလေးနှင့် ထင်းထင်းရှင်းရှင်းလေး လှနေ၏။ ပခုံးသာသာတည်းပဲရှည်သော ဆံနွယ်တွေက ကပိုကရိုလေး ဝဲကျနေသည်။

မျက်ခုံးစိမ်းစိမ်းလေးတွေအောက်က မျက်နက်ဝန်းလေးတွေထဲအထိ အပြုံးရိပ်ရောင်စဉ်တွေ သန်းနေသော ရွှေရုပ်မျက်နှာလေးကို သူငေးကြည့်နေမိ၏။

သူထိုင်နေသော ထိုင်ခုံလေးအထိ ရွှေရုပ်လွှာ တန်းတန်းမတ်မတ်လေး လျှောက်လာရင်း ...

"စောင့်နေရတာ ကြာပြီလား ကိုရဲရင့်"

"ဟင့်အင်း ... မကြာသေးပါဘူး ရွှေရုပ်လွှာ၊ မိနစ်နှစ်





ဆယ်လောက်ပဲ ရှိသေးတယ်"

"ဆောရီးကိုရဲရင့်ရယ်၊ လာခါနီး ရဲလင်းက လိုက်မယ် လုပ်နေလို့ စကားများနေရသေးတယ်"

ရွှေရုပ်လွှာ သူ့ရှေ့ကခုံတန်းလေးမှာ ဝင်ထိုင်ရင်း ပြောသည်။ မနေ့ကတည်းက သူမနှင့်အတူ ခဏလောက်လိုက်ခဲ့ပေးဖို့ ခေါ်တာမို့ သူ ခေါင်းညိတ်ခဲ့ရသည်။

ရွှေရုပ်လွှာချိန်းဆိုထားသော ဒီဆိုင်လေးကို ကိုးနာရီမထိုးခင် ဆယ့်ငါးမိနစ်လောက်ကတည်းက သူရောက်နေခဲ့တာဖြစ်သည်။

"ကိုရဲရင့် ဘာစားမလဲ ... တစ်ခုခုစားလေ"

"ရတယ် ရွှေရုပ်လွှာ ... ကိုယ် အိမ်က တစ်ခုခုစားခဲ့ပြီးပြီ"

သူ့စကားကြောင့် ရွှေရုပ်လွှာ သူ့စားပွဲပေါ်က ကော်ဖီခွက်လေးကို ကြည့်ကာ မျက်ဝန်းလေးတွေ ညှိုးမှိန်သွား၏။

"တစ်ခုခုတော့ စားပါ ကိုရဲရင့်ရဲ့"

"ကိုယ် တကယ်မစားနိုင်တော့လို့ ရွှေရုပ်ရဲ့၊ မနက်တိုင်း ဦးမြတ်ရဲ့ထမင်းကြော် စားနေကျလေ၊ အခုတောင် ဦးမြတ်လည်း သူ့မိတ်ဆွေတစ်ယောက်အိမ် သွားစရာရှိတယ်တဲ့"

"ဟင် ... ဟုတ်လား၊ ဒါဆို ဦးမြတ် မသွားရတော့ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ညနေမှပဲ သွားတော့မယ်တဲ့လေ၊ ကိုယ်မရှိရင် အိမ်မှာ ဦးမြတ်ရှိနေမှ ဖြစ်မှာပေါ့"

"ရွှေရုပ်ကြောင့် ကိုရဲရင့်တို့ အလုပ်တွေရှုပ်ကုန်ပြီ ထင်တယ်"

ရွှေရုပ်လွှာ အားနာသလို တောင်းပန်စကားဆိုတော့ သူ ခေါင်းကိုခါယမ်းပြရင်း ...

"မရှုပ်ပါဘူး ရွှေရုပ်၊ ဦးမြတ်ကတောင် ရွှေရုပ်အတွက် ကူညီစရာကိစ္စရှိရင် ကူညီဖို့ ကိုယ့်ကိုအမြဲပြောတာ၊ အားနာစရာမလိုပါဘူး။ ရွှေရုပ် ဘာကိစ္စရှိသလဲ ပြော ... ကိုယ် ဒီနေ့ တစ်နေ့လုံး ရွှေရုပ်အတွက် ကူညီပေးဖို့အသင့်ပါ"

သူ့စကားကြောင့် ရွှေရုပ် ကျေနပ်ပြုံးလေးပြုံးသည်။ ပြီးတော့မှ စားပွဲထိုးလေးချလာပေးသော ကော်ဖီကို မော့သောက်ရင်း ...

"ဘာမှတော့ အလုပ်ကိစ္စမရှိပါဘူး။ ရွှေရုပ် ဒီနေ့ ပလာဇာသွားချင်တယ်၊ ဝယ်စရာလေးတွေ ဝယ်ချင်လို့လေ၊ ရွှေတိဂုံဘုရားလည်း ဝင်ချင်တယ်"

"ရတယ် ရွှေရုပ် ... ကိုယ် အဖော်အဖြစ်လိုက်ခဲ့ပေးမှာပါ"

ကော်ဖီဆိုင်လေးထဲက ထွက်တော့ ရွှေရုပ်လွှာ သူ့ဆီကို ကားသော့တွဲလေး လှမ်းပေးသည်။





"ကိုရဲရင့်ပဲ မောင်းနော်"

သူ မငြင်းဘဲ ကားသော့လေးကို လှမ်းယူလိုက်သည်။ မောင်းသူနေရာမှာ သူဝင်ထိုင်တော့ ရွှေရုပ်က သူ့နံဘေးမှာ ငြိမ့်ငြိမ့်လေး ဝင်ထိုင်သည်။

"ရွှေရုပ် အရင်ဆုံး ဘယ်ကိုသွားမလဲ ပြောလေ"

"ဘုရားကိုအရင်မောင်း ကိုရဲရင့်"

ရွှေရုပ်စကားအတိုင်း သူ ကားလေးကို ရွှေတိဂုံစေတီဆီ ဦးတည်လိုက်ပါသည်။

ရွှေတိဂုံစေတီရောက်တော့ ရွှေရုပ်နံဘေးမှာ သူ အရိပ်လိုလိုက်ခဲ့ရင်း ရွှေရုပ်ပြုသမျှ ကုသိုလ်ကောင်းမှုအတွက် ကုသိုလ်ယူ ကူညီမိသည်။

လက်အုပ်လေးချီကာ ဘုရားဝတ်ပြု ဦးခိုက်နေသော ရွှေရုပ်လွှာမျက်နှာလေးကို သူ ငေးငေးလေး စိုက်ကြည့်နေမိသည်။ အပြစ်ဆိုရက်စရာမရှိအောင် နူညက်ချောမောသလောက် ရွှေရုပ်လွှာရဲ့ ဖြူစင်သောစိတ်ဓာတ်လေးကို သူ မြင်တွေ့ခဲ့တာကြာပြီ။

သူ့အပေါ်မှာရော ဦးမြတ်အပေါ်မှာပါ ရွှေရုပ်ရဲ့ စိတ်ဓာတ်လေးက ဖြူစင်သည်၊ စာနာကူညီမှုတွေ ပေးတတ်သည်။ ရဲလင်းတို့သားအဖ မသိအောင် မုန့်တွေ၊ စားစရာတွေ ဝယ်ပေးတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ရန်က မပတ်သက်ဖို့ ပြောထားပေမယ့် ရွှေရုပ်ရဲ့ စိတ်ထားလေးတွေကြောင့် သူ မခင်မင်ဘဲ မနေနိုင်ခဲ့ပါ။

"ကိုရဲရင့် ရင်ပြင်ထဲသွားပြီး လျှောက်ကြည့်ရအောင်နော်"

ရွှေရုပ်ဆန္ဒအတိုင်း သူ ပုတ်သင်ညိုလေးတစ်ကောင်လို ခေါင်းညိတ်မိပါသည်။ ရွှေရုပ် ကြည်နူးနေတာမြင်တော့ သူ့စိတ်ကလည်း ကြည်နူးနေခဲ့တာ သေချာသည်။

ရင်ပြင်ထဲက HAPPY WORLD ထဲမှာ ရွှေရုပ်ကလေး လေး တစ်ယောက်လို ရှိနေတော့ သူလည်း အရာရာကိုမေ့ လျောကာ ရွှေရုပ်နှင့်အတူ ပျော်နေခဲ့မိသည်။

"သရဲရထားစီးရအောင်"

"အာ ... ရွှေရုပ်ကလည်း ကလေးတွေမှ မဟုတ်တာ"

"ဘာဖြစ်လဲ ကိုရဲရင့်ရဲ့ ... တစ်ခါတလေ ကလေးတွေလို လွတ်လွတ်လပ်လပ် ပျော်ရတာ စိတ်ပေါ့ပါးတာပေါ့ မဟုတ်ဘူးလား၊ လာပါ"

သူ့လက်ကိုဖွတ်ဆွဲကာ ရွှေရုပ် သရဲရထားစီးသည်။ မီးရောင်မှိန်မှိန်လေးအောက်က ရွှေရုပ်လှ္ဘာမျက်နှာလေးက ရင်ခုန်စရာ ကောင်းသလို ရင်ခုန်စိတ်ချောက်ချားအောင် ခြောက်လှန့်ကာ အရုပ်တွေ၊ အသံလှိုင်းတွေကြောင့် ရွှေရုပ် လက်ဖဝါးလေးက သူ့ပခုံးကို တစ်ချက်တစ်ချက် ယောင်ယမ်းဆုပ်ကိုင်လာ





တတ်၏။

ကြည်နူးစရာအချိန်လေးတွေကို ရွှေရုပ်၊ အမှတ်တရတွေအဖြစ် သူ့ကို လက်ဆောင်တွေ ပေးနေခဲ့သည်လား။

"စဖွင့်တုန်းကပဲ ရွှေရုပ်ရောက်ဖူးတာ၊ အခုမှ သရဲရထားက ပိုပြီး ထိတ်လန့်ရင်ခုန်စရာကောင်းတယ်နော် ... အဟင်း ဟင်း"

ရွှေရုပ်ပျော်နေသမျှ သူလည်း ခေါင်းညိတ်ပြုံးကာ ကျေနပ်မိပါသည်။ ကလေးတွေ ကစားနေတော့လည်း ရွှေရုပ်ကလေးတွေနှင့်အတူ လက်ခုပ်လေးတီးကာ ဝိုင်းပျော်နေပြန်သေးသည်။

စိတ်တိုင်းကျအောင် လည်ပတ်ပြီးတော့ ဗဟန်းဘက်က စားသောက်ဆိုင်တွေဘက်ကို ရွှေရုပ်ဦးတည်မောင်းနှင်းသည်။

"ကိုရဲရင့်တော့ မသိဘူး ... ရွှေရုပ်တော့ စိတ်လွတ်ကိုယ်လွတ် ပျော်ပြီးမှ ဗိုက်တွေဆာလာပြီ ... အဟင်း ဟင်း"

ညီညာသွယ်တန်းသော ပုလဲနှစ်ရောင် သွားကလေးတွေပေါ်အောင် ပြုံးရင်း ရွှေရုပ်လှ္ဘာ ပြောသည်။

စားသောက်ဆိုင်လေးထဲရောက်တော့ မီနူးကတ်ကို ယူကြည့်ကာ ရွှေရုပ်လှ္ဘာ စိတ်တိုင်းကျမှာသည်။ ပြီးတော့ သူ့ဆီလည်း မီနူးကတ် လှမ်းပေးရင်း ...

"ကိုရဲရင့် ဘာစားဦးမလဲ ... ထပ်မှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေရုပ်မှာထားတာတွေ အများကြီးဖြစ်နေပြီ၊ ကိုယ်ကြိုက်ပါတယ်၊ တော်ပြီ ... မမှာတော့ဘူး"

နှစ်ယောက်သား စားစရာတွေ ရောက်လာတော့ စကားတပြောပြောနှင့် စားဖြစ်ကြသည်။ စီးပွားရေးလုပ်ငန်းကြီးထဲမှာ အာရုံနှစ်ထားသော ရွှေရုပ်လွှာသည် သည်လိုကလေးဆန်ဆန်လေး ရှိနေပြန်တော့လည်း မြတ်နိုးစရာကောင်းနေပြန်၏။

"ကိုရဲရင့် ဒီနှစ်ကျောင်းပြီးရင် ဆရာဝန်ကြီးဖြစ်တော့မှာနော်"

"အင်း ... အဲဒါ ကိုယ့်မျှော်လင့်ချက်ပန်းတိုင်တစ်ခုပဲလေ၊ ကိုယ့်ရည်ရွယ်ချက်တွေ ပြည့်တော့မှာပါ၊ အဲဒီအခါကျဦးမြတ်ကို ဒီလောင်းရိပ်ကြီးအောက်က ခေါ်ထုတ်ပြီး ဘဝသစ်တစ်ခုကို ကိုယ် တည်ထောင်မလို့"

"ကိုရဲရင့်ခံစားချက်ကို ရွှေရုပ် နားလည်ပါတယ်၊ ရွှေရုပ်နားမလည်နိုင်တာ အန်ကယ်ရန်ပဲ၊ သူ ဘာကြောင့် ကိုရဲရင့်ကို တူသားရင်းလို သဘောမထားရတာလဲဆိုတာ စဉ်းစားမရဘူး"

ရွှေရုပ် တွေးတွေးဆဆလေးပြောတော့ သူ ယဲ့ယဲ့လေးပြုံးမိသည်။

"ကိုယ့်ဖေဖေက သိပ်ဆိုးသွမ်းခဲ့တဲ့သူလေ၊ ဒါကြောင့်အန်ကယ်ရန်က ကိုယ့်ကို ဖိနှိပ်ထားတာ ဖြစ်မှာပေါ့"





"ကိုရဲရင့်ရဲ့အဖေက သူ့ရဲ့အမြွှာညီတစ်ယောက်ပဲ၊ ဒုက္ခရောက်တော့ သူကိုယ်တိုင်တောင် အိမ်ပေါ်ခေါ်ပြီး စောင့်ရှောက်ခဲ့တာပဲ၊ အန်ကယ်ရန် ပြောင်းလဲသွားတာ မိသားစုရဲ့ ကားအက်ဆီးဒင့်ကိစ္စကြီးနောက်ပိုင်းမှလို့ ဦးမြတ် ရွှေရုပ်ကို ပြောပြတယ်"

သူတို့မိသားစုအကြောင်းတွေကို ရွှေရုပ်က သိနေပြီးသားမို့ ဝေဖန်ထင်မြင်ချက်ကလေး ပေးနေ၏။

"အင်း ... ငယ်ငယ်တုန်းကအကြောင်းတွေ ကိုယ်အသေအချာ မမှတ်မိနိုင်တော့ပေမယ့် ကိုယ်နားလည်ထားတာအဲဒီအဖြစ်ဆိုးကြီးကြောင့် အန်ကယ်ရန် ကိုယ့်ကိုမုန်းသွားတာထင်တယ်၊ ကိုယ့်မိဘနှစ်ပါး ဆုံးပါးခဲ့သလို သူ့ဇနီးလည်း ဆုံးပါးခဲ့တဲ့ကိစ္စကြီးကြောင့် သူ တော်တော် ခံစားရမှာ သေချာတယ်။ ကိုယ့်ကို ဂြိုဟ်ဆိုးတစ်ကောင်လို့ သူထင်နေခဲ့တာ"

"ဒါတော့ အန်ကယ်ရန် မစွပ်စွဲသင့်တဲ့ တစ်ဖက်သတ်စွပ်စွဲချက်ကြီးပါ၊ တကယ်ဆို ကိုရဲရင့်ရဲ့ မိဘနှစ်ပါးစလုံးတောင် ဆုံးရှုံးစွန့်လွှတ်ခဲ့ရတာပဲလေ"

အတိတ်ဆိုးကြီးကို သူ ပြန်တွေးမိတိုင်း ရင်ထဲမှာ ဆို့နစ်ခံစားရစမြဲ။ ရွှေရုပ်လွှာ ပင့်သက်လေးမှုုင်မှုုင်ချရင်း ...

"ဆောရီး ကိုရဲရင့်၊ ရွှေရုပ်စကားတွေကြောင့် ကိုရဲရင့်စိတ်မကောင်းဖြစ်စရာတွေ ပြန်တွေးမိသွားပြီ ထင်တယ်"

"ရပါတယ် ရွှေရုပ်လွှာ၊ ကိုယ် အားလုံးကို ခံနိုင်ရည်



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ဝနေပါပြီ''

''ကိုရဲရင့် စိတ်ဓာတ်ခိုင်မာတာ ရွှေရုပ်သိပါတယ်၊ ကဲ ပလာဇာကို သွားကြရအောင်နော် ကိုရဲရင့်''

ရွှေရုပ်လွှာ သူ့ကို ပြုံးပြုံးလေးပြောတော့ သူ ခေါင်းညိတ်ရင်း ထရပ်လိုက်သည်။ ပလာဇာကို ကားလေး ဦးတည်မောင်းနှင်ခဲ့သည့်တစ်လျှောက်လုံး ရွှေရုပ်လွှာ သူ့ကို ရယ်မောစရာစကားတွေပဲ ပြောလာသည်။

ကြည်နူးစရာ အချိန်လေးတွေကို သူပြန်ပြီး ပိုင်ဆိုင်နေရသလို ရင်ထဲမှာ နွေးထွေးနေခဲ့သည်။

ပလာဇာထဲရောက်တော့ ရွှေရုပ်လွှာ ဝယ်ယူနေသော အဝတ်အစားတွေက ယောကျ်ားအသုံးအဆောင်တွေမို့ သူ အံ့သြရသေးသည်။

ပလာဇာထဲကထွက်တော့မှ ရွှေရုပ်လွှာက လက်ဆွဲအိတ်တွေကို ကားနောက်ခန်းထဲ လှမ်းထည့်ရင်း ...

''ဒီဘက်က အိတ်တွေက ကိုရဲရင့်အတွက်နော်''

''ဟင် ... ဟာ မဟုတ်တာ၊ ကျွန်တော် ဘာမှ မလိုချင်ဘူး ရွှေရုပ်လွှာ''

''ရွှေရုပ်ကို ခင်မင်တယ်ဆို မငြင်းပါနဲ့ ကိုရဲရင့်၊ ရွှေရုပ်ခင်မင်တဲ့သူမို့ အမှတ်တရ လက်ဆောင်ပေးတာလို့ လက်ခံသဘောထားပေးပါနော်၊ ရွှေရုပ် ကိုရဲရင့်ကို အရင်းနှီးဆုံးသူ





အဖြစ် သတ်မှတ်ထားပါရစေ''

ကြည်လင်နေသော မျက်နက်ဝန်းလေးတွေထဲကို ငေးစိုက်ကြည့်ရင်း သူ့ ရင်ခုန်သံတွေ တဒိတ်ဒိတ်တိုးနေသည်။

ရင်ခွင်ရဲ့ အနက်ရှိုင်းဆုံး တစ်နေရာမှာတော့ သူ့ခံစားချက်နှင့် အုံဖွဲ့နေသော ချစ်ခြင်းတွေ ပြည့်နှက်နေခဲ့သည်။

ဒါပေမဲ့ မျိုသိပ်ခြင်းဖြင့်သာ ရင်ခုန်သံတွေကို သူသိမ်းဆည်းထားခဲ့ရသည့်အဖြစ်မှာ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"လက် ဆောင်တွေက များလှချည်လား မောင်ဘုန်းရဲ့"

ရွှေရုပ်လွှာ ဝယ်ပေးလိုက်သော လက်ဆောင်ပစ္စည်းတွေကို တစ်ခုချင်းကြည့်ကာ ဦးမြတ် အံ့သြသလို ရေရွတ်၏။

"ရွှေရုပ် ဖွတ်အတင်းဝယ်ပေးခဲ့တာ ဦးမြတ်၊ ကျွန်တော် ဘယ်လိုမှ ငြင်းမရလို့ ယူခဲ့တာ"

"အင်း ... ရွှေရုပ်လွှာလေးကတော့ တကယ့်ကို စိတ်ထားလေး ဖြူစင်ပါတယ်ကွာ"

"ကျွန်တော်က သူ့အလုပ်ကိစ္စ သွားစရာရှိလို့ ခေါ်တယ်ပဲ ထင်ထားတာ၊ ဟိုရောက်မှ ဘုရားတွေဖူး၊ ပလာဇာတွေ သွားသမျှ လိုက်ပို့ပေးရတာ၊ ဦးမြတ် အပြင်သွားစရာရှိတာ သွားလေ"

"အေး ... ဒီညနေ ဦးမြတ်သွားမှဖြစ်မယ်"





"နေပါဦး ... ဦးမြတ် ဘယ်သွားမှာလဲ၊ ဘယ်သူ့ဆီလဲ ဟင်"

သူ့အမေးကို မဖြေဘဲ ဦးမြတ် ခေါင်းတညိတ်ညိတ်နှင့် သူ့ပခုံးကို တစ်ချက် ဖျစ်ညှစ်သည်။

"အရေးကြီးတဲ့ မိတ်ဆွေတစ်ယောက်ဆီ သွားမလို့သား၊ ဘာကိစ္စလဲဆိုတာ သားမသိချင်နဲ့ဦး၊ ဦးမြတ်ကိုယ်တိုင် တိတိကျကျ လက်ဆုပ်လက်ကိုင် မပြနိုင်သေးတဲ့ ပြဿနာကြီးကို ရှင်းမလို့ပါ"

ဦးမြတ်စကားတွေက ပဟေဠိဆန်လွန်းနေတာမို့ သူ ဘာမှ ထပ်မမေးဖြစ်တော့ပါ။

"ကဲ သား ... ဦးမြတ် နည်းနည်းနောက်ကျရင်လည်း စိတ်မပူနဲ့ ... ဟုတ်လား၊ ခြံထဲမှာ လုပ်စရာတွေတော့ ဘာမှ မရှိတော့ပါဘူး၊ ခြံအဝင်အထွက်ကိုပဲ သားစောင့်ပြီး တံခါးဖွင့်ပေးယုံပါ"

"စိတ်ချသွားပါ ဦးမြတ် ... သားလုပ်ရမှာ သားသိပါတယ်"

"အေး အေး ... ဦးမြတ်သွားမယ်သား"

ဦးမြတ် အိမ်လေးပေါ်က ဆင်းသွားတော့ သူ ရွှေရုပ်ဝယ်ပေးလိုက်သော ပစ္စည်းတွေကို ဗီရိုလေးထဲ အသေအချာ ထည့်သိမ်းဆည်းလိုက်သည်။ သူ့အတွက် ရွှေရုပ် ဝယ်ပေးလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



သော အဝတ်အစားတွေ၊ အသုံးအဆောင်ပစ္စည်းတွေက အတော်များပါသည်။

ထိုပစ္စည်းတွေ တစ်ပွေ့တစ်ပိုက်ကြီးနှင့် ခြံထဲဝင်လာခဲ့ရစဉ်က တစ်ယောက်ယောက်နှင့်ဆုံမှာ သူစိုးရိမ်နေခဲ့မိသေးသည်။

ကံကောင်းချင်တော့ အန်ကယ်ရန်တို့ သားအဖနှစ်ယောက်စလုံး အိမ်မှာမရှိပါ။ ဒါတွေသာ တွေ့သွားလျှင် ဟိုမေးဒီမေး မေးခွန်းတွေကို သူရင်ဆိုင်ဖြေရှင်းရမှာ ခပ်ခက်ခက်ပါပဲ။

တန်ဖိုးကြီးလှသော ဒီအသုံးအဆောင်တွေကို ဝယ်ဖို့ဆိုတာ သူ့အတွက် ဘယ်လိုမှ မဖြစ်နိုင်သောကိစ္စ။

ရွှေရုပ်လွှာက သူ့အပေါ် စေတနာတွေ ပြည့်ဝစွာနှင့် ဝယ်ပေးလိုက်ခြင်းအတွက် ဦးမြတ်တောင် အံ့သြနေခဲ့သည်။

ကသောကမျောလေး အဝတ်အစားလဲကာ ခြံထဲဆင်းခဲ့သည်။ ဦးမြတ်မရှိတော့ ခြံတံခါးကိုစောင့်ကာ ဖွင့်ပိတ်ပေးရမှာက သူ့တာဝန်ပဲ ဖြစ်သည်။

ညနေငါးနာရီလောက်မှာ ဦးမြတ် ပြန်ရောက်လာသည်။ နောက်ကျလျှင် မပူနဲ့ဟု ဦးမြတ်မှာထားပေမယ့် ဒီခြံကြီးထဲက





အိမ်အပြင်ကို ထွက်ခဲ့လှသော ဦးမြတ်ကိုတော့ သူစိတ်ပူမိသည်။

"ပြန်လာပြီလား ဦးမြတ်"

"အေး . . . ပြန်လာပြီ သား၊ ဘယ်သူ ပြန်မလာသေးလို့ စောင့်နေတာလဲကွ"

"အန်ကယ်ရန်ရော ရဲလင်းပါ ပြန်ရောက်နေပြီ ဦးမြတ်၊ ဦးမြတ် ပြန်မလာသေးလို့ ကျွန်တော် စောင့်နေတာပါ၊ ခြံတံခါးကို အပြီးပိတ်လိုက်တော့မလို့လေ"

ဦးမြတ်က သူ့လက်ထဲက ခြံတံခါးသော့ကို လှမ်းယူပြီး ကိုယ်တိုင် ခတ်လိုက်သည်။

"ပေးလေ ဦးမြတ်၊ ညွှန်ခန်းထဲမှာ သား သွားထားလိုက်မယ်"

"ရတယ် သား၊ ဦးမြတ်သွားထားပါ့မယ်၊ သား ထမင်းစားပြီးပြီလား"

"မစားရသေးဘူး၊ ဦးမြတ်နဲ့အတူစားမလို့ စောင့်နေတာ၊ ရွှေရုပ်လွှာ ဝယ်ပေးလိုက်တဲ့ ငါးသေတ္တာတစ်ဘူး ဖောက်ကြော်ထားတယ်၊ မနက်က ဘဲဥဟင်းတော့ သိုးမှာစိုးလို့ ရေခန်းအောင် ပြန်နွှေးထားတယ် ဦးမြတ်"

"ကောင်းတာပေါ့ကွာ၊ ဒီညနေကတော့ သားနဲ့ဦးမြတ် အတွက် တကယ် အရသာရှိမှာကွ . . . ဟား ဟား"

သူ့ပခုံးကို ဖျစ်ညှစ်ဆုပ်ကိုင်ပြီးပြောနေသော ဦးမြတ်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက ရွှင်ပြုံးနေသည်။

ဦးမြတ် ဘာကြောင့် အပြုံးတွေဝေကာ ကြည်နူးနေတာလည်း သူမသိပါ။ ထမင်းဝိုင်းမှာလည်း ဦးမြတ် သူ့ကို တကြည့်ကြည့်နှင့် စကားတွေ ဖောင်ဖွဲ့နေတာက ထူးခြားနေ၏။

"မကြာခင်မှာ မင်း ဆရာဝန်ကြီးဖြစ်တော့မယ်၊ မောင်ဘုန်းက ပညာထူးချွန်တယ်ဆိုတော့ ပါရဂူကြီးတောင် ဖြစ်နိုင်သေးတယ်"

"ဦးမြတ်ရယ် ဆရာဝန်တစ်ယောက်ဖြစ်ရတာပဲ ကျေနပ်ပါတော့၊ ဒီထက်လည်း ပိုပြီး ကျွန်တော် မမျှော်လင့်တော့ပါဘူး။ ဦးမြတ်နဲ့ကျွန်တော့်ဘဝကို အေးအေးချမ်းချမ်း ရှင်သန်လို့ရတဲ့ဘဝလေးပဲ ပိုင်ဆိုင်ချင်ပါပြီ"

ဦးမြတ် ခေါင်းတညိတ်ညိတ်ပြုံးရင်း သူ့ကိုစိုက်ကြည့်နေသော မျက်ဝန်းတွေက ရွှန်းလဲ့တောက်ပနေခဲ့ကြသည်။

"ကံကြမ္မာဆိုတာ အတုံ့အလှည့်ရှိတယ် သား၊ ရဲရင့်ဘုန်းဆိုတဲ့ သားဘဝမှာ ဘယ်လိုကံဆိုးမှုမှ ရှေ့ဆက်မကြုံရတော့ဘူး၊ မကြာခင်မှာ သားဘဝ လှပအေးချမ်းသွားမှာပါ"

ဦးမြတ်စကားကို သူ ခေါင်းညိတ်မိပါသည်။ သူမျှော်လင့်မိတာလည်း ဒီအိမ်အရိပ်ကြီးနဲ့ ကင်းဝေးရာ နေရာတစ်ခုပဲဖြစ်သည်။

သူ့ကို အန်ကယ်ရန် အလိုမရှိတာ သူသိနေပြီးမှတော့





လောကကြီးမှာ အားကိုးရာဆွေမျိုးရင်းချာလို့လည်း မမျှော်လင့်ချင်တော့ပါ။ တကယ်ဆို ဦးမြတ်ထင်သည် သူ့ဘဝရဲ့ ကျေးဇူးရှင် ဖခင်တစ်ယောက်ပဲ ဖြစ်သည်။

သူ့စားဝတ်နေရေးနှင့် ပညာရေးအားလုံးကို ဦးမြတ်ထင်ကပဲ တာဝန်ယူခဲ့ရတာဖြစ်သည်။ အန်ကယ်ရန်ရဲ့ အရိပ်အောက်မှာ အရွယ်နှင့်မမျှအောင် အလုပ်တွေ လုပ်နေခဲ့ရပေမယ့် ဦးမြတ်မှာ ပိုင်ဆိုင်မှု ငွေကြေးဆိုလို့ တစ်ပြားတစ်ချပ်မှ မရှိပါ။

သူတို့နှစ်ယောက် စားဝတ်နေရေးနှင့် ပညာရေးအတွက်ပဲ ကုန်ဆုံးခဲ့တာ ဖြစ်သည်။

သူသိထားသလောက် ဦးမြတ်စုဆောင်းထားသော ဘဏ်ကငွေစာရင်းတွေပင် သူ့ပညာရေးအတွက် သုံးစွဲရင်း ကုန်ဆုံးခဲ့တာ ကြာပြီ။

ထိုကျေးဇူးတွေအတက် သူ ပြန်လည်ပေးဆပ်ချင်ပါသေးသည်။

မျက်ဝန်းတွေက အိပ်ချင်စိတ်ကင်းမဲ့နေတော့ ရွှေရုပ်လွှာအခန်းတံခါးလေးဖွင့်ကာ ဝရန်တာလေးဆီ ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်က ဆယ်နာရီကျော်နေပြီမို့ အန်ကယ်ရန်တို့တွေ အိပ်ရာဝင်နေမှာ သေချာသည်။ တစ်အိမ်လုံးက တိတ်ဆိတ်နေ၏။

ဝရန်တာလေးအရောက်မှာ သဲ့သဲ့တိုးဝင်လာသော ဂစ်တာသံကြောင့် ရွှေရုပ် မျက်ခုံးလေးတွေ တွန့်သွားမိ၏။

ဘယ်က ဂစ်တာသံလည်း အံ့ဩမိတာအမှန်။ ရဲလင်း ဂစ်တာတီးတာလည်း တစ်ခါမှ မတွေ့ဖူးပါ။ အာရုံလေးစိုက်နားထောင်နေတုန်းမှာ သီချင်းဆိုသံသဲ့သဲ့လေး လွင့်လာ၏။

♬ xxx မျက်ဝန်းများနဲ့ ပြောပါ xxx ဒါအလှဆုံးစကားဖြစ်လိမ့်မယ် xxx အချစ်ရဲ့ဘာသာစကား ♬

အဆိုတော်ထူးအိမ်သင်ရဲ့ သီချင်းသံလေးက ရွှေရုပ်နားစည်ထဲကို ကြားတစ်ချက် မကြားတစ်ချက် တိုးဝင်နေသည်။ သေချာသည်က ဒါ ကိုရဲရင့်အသံဟု ရွှေရုပ် သိလိုက်သည်။

ခြေလှမ်းတွေက ရည်ရွယ်မထားဘဲ လှေကားထစ်တွေဆီ ရွှေရုပ် ရွှေ့လှမ်းသွားမိသည်။

ညဝတ်အင်္ကျီရှည်ရှည်ကြီးကို ရွှေရုပ်လက်ကလေးနှင့် အသာဖွဖွမကာ အိမ်ကြီးအောက်ထပ်အထိ ဆင်းလာခဲ့သည်။ ဘွားသိန်းနှင့်မိမော်တို့လည်း တစ်နေကုန် ပင်ပန်းထားတာမို့ အိပ်မောကျနေမှာ သေချာသည်။

ရွှေရုပ် မီးဖိုခန်းဘက်ကို ခြေသံဖွဖွနင်းလျှောက်ခဲ့၏။





နောက်ဖေးခန်းတံခါးကို အသာဖွင့်လိုက်တော့ ဂစ်တာသံလေးက ပိုလို့ ပီပြင်ထင်ရှားလာသည်။

သေချာပါသည်။ ရဲရင့်တို့ သစ်သားအိမ်လေးဆီက ကြားနေရသောအသံပဲ ဖြစ်သည်။

ရွှေရုပ် ဘာကိုမှ မစဉ်းစားတော့ဘဲ တံခါးလေးကို အသာပြန်စေ့ပိတ်ကာ တွေ့သည့် ဘွားသိန်းရဲ့ ခုံဖိနပ်လေးကို စီးကာ ဆင်းခဲ့သည်။

ခြံထဲမှာထွန်းထားသော မီးတွေကြောင့် မြင်ကွင်းတွေက ရှင်းရှင်းလင်းလင်းလေး ဖြစ်နေသည်။ ကိုရဲရင့်တို့ နေထိုင်သော အိမ်လေးရှေ့က တမာပင်အောက်ခုံတန်းလေးမှာ တွေ့လိုက်ရတာ ဂစ်တာတစ်လက်နှင့် ရဲရင့်။

ရွှေရုပ်ကို မမြင်ရှာဘဲ ဂစ်တာတီးကာ သီချင်းလေးထဲမှာ နစ်မျောနေသည်။

♬ xxx မျက်လုံးများနဲ့ ပြောပါ xxx ဒါ အလှဆုံးစကားဖြစ်မယ် xxx စကားလုံးမရှိတဲ့ကောင်းကင်ထဲ xxx မင်းနဲ့ကိုယ့်ရဲ့ ဘာသာစကား ♬

ဂစ်တာသံစဉ်က ငြိမ့်ငြိမ့်လေး၊ သီချင်းသံက စီးမျောငြိမ့်ညောင်းစွာ ရွှေရုပ်ရင်ထဲအထိ နစ်မျောတိုးဝင်လေသည်။

ဒီသီချင်းလေးကို ရွှေရုပ်လည်း ခံစားနှစ်သက်ခဲ့ဖူးသည်။ ချစ်သူနှစ်ဦးရဲ့ ရင်ထဲက ခံစားချက်တွေကို မျက်ဝန်းတွေနှင့်ပဲ



www.burmeseclassic.com

www.burmeseclassic.com



စာနာနားလည်စေနိုင်းသည့် အဓိပ္ပာယ်။

ရွှေရုပ်ရင်ထဲမှာ စူးစူးနစ်နစ်လေး ခံစားနေခဲ့ရတာ အမှန်။ ကိုရဲရင့်ရင်ထဲကစကားတွေက မျက်ဝန်းတွေထဲမှာ ရှိနေသည်လား။

ဒါတွေကို ရွှေရုပ်မြင်သိခဲ့ပါတယ် ရဲရင့်ရယ်။ ရွှေရုပ်မျက်ဝန်းထဲက စကားတွေက မျက်ဝန်းတွေထဲမှာ ရှိနေသည်လား။

ဒါတွေကို ရွှေရုပ် မြင်သိခဲ့ပါတယ် ရဲရင့်ရယ်။ ရွှေရုပ်မျက်ဝန်းထဲက စကားတွေကိုကော ရှင် နားလည်ဖတ်ရှုတတ်ပါရဲ့လား။

"ဟင် ... ရွှေရုပ်လွှာ"

တိခနဲ ရပ်သွားသော ဂစ်တာသံနှင့်အတူ ရဲရင့် တအံ့တသြလေး ရေရွတ်သည်။ CAMEL ချိုင်းပြတ်စွပ်ကျယ်လေးနှင့် ကွာတားဘောင်းဘီအနက်ကို ဝတ်ဆင်ထားသော ရဲရင့်ကို ရွှေရုပ် ပြုံးပြုံးလေး ကြည့်မိသည်။

ပလာဇာမှာ ရွှေရုပ်ဝယ်ပေးခဲ့သော အင်္ကျီနှင့်ဘောင်းဘီကို ဝတ်ဆင်ထားတာမို့ ရွှေရုပ်စိတ်ထဲမှာ ကြည်နူးစိတ်လေးတွေ ဖြစ်သွားမိတာ အမှန်။

"ကိုရဲရင့် ဂစ်တာသံကိုကြားလို့ ဆင်းလာတာ"

သူထိုင်နေသော ခုံတန်းလေးအနားထိ ရွှေရုပ် လျှောက်





ခဲ့ရင်း ဆိုမိတော့ သူ ဂစ်တာကို ခုံတန်းလေးဘေးမှာ ထောင်ချထားလိုက်ရင်း ...

"မအိပ်သေးဘူးလား ရွှေရုပ်လွှာ၊ ဆယ်နာရီတောင် ကျော်နေပြီ ထင်တယ်"

"ဟင့်အင်း ... အိပ်မပျော်လို့ ဝရန်တာထွက်ရင်း သီချင်းသံကြားလို့ ဆင်းလာတာလေ၊ ကိုရဲရင့်ကော မအိပ်သေးဘူးလား"

"အင်း ... ကိုယ်မအိပ်ချင်သေးလို့ ဂစ်တာထွက်တီးတာ၊ စာလည်း ကျက်မရလို့လေ၊ ထိုင်ပါ ရွှေရုပ်လွှာ"

ခုံတန်းလေးတစ်ဖက်စွန်းကို ရွှေ့ထိုင်ကာ ပြောတာမို့ ရွှေရုပ် ဝင်ထိုင်လိုက်မိသည်။ အမြဲတမ်း ကြည်လင်ရှင်းသန့်နေသော ရဲရင့်ဘုန်းရုပ်သွင်က မီးရောင်ဖျော့ဖျော့လေးအောက်မှာလည်း ရှင်းသန့်ချောမောလွန်းပါသည်။

"ရွှေရုပ်တစ်ယောက်တည်း ထွက်လာတာလား"

သူ စိုးရိမ်အံ့သြသလိုမေးတော့ ရွှေရုပ် ခေါင်းလေးညိတ်ပြမိ၏။ သူ့မျက်ဝန်းတွေ ပိုလို့ ထိတ်လန့်ရိပ်တွေ ဖြစ်သွားရင်း

"အန်ကယ်ရန်တို့ တွေ့သွားရင် မကောင်းဘူး ရွှေရုပ်လွှာ၊ ပြန် ပြန်ပါတော့နော်"

"ဟင့်အင်း ... ဒါ ရွှေရုပ်လွတ်လပ်ခွင့်လေ၊ သူတို့တားမြစ်လို့ မရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ် ဆက်ထိုင်ရင်း ပြောနေတော့ သူ ထိုင်ခုံတန်းလေးက ထရပ်ရင်း တောင်းပန်သော မျက်ဝန်းတွေနှင့် ကြည့်နေ၏။

"ကိုယ်တောင်းပန်ပါတယ် ရွှေရုပ်၊ ရွှေရုပ်အပေါ်မှာ ဘယ်သူမှ အထင်လွဲတာမျိုးလည်း မရှိစေချင်ဘူး၊ ပြီးတော့ ကိုယ်နဲ့ ဦးမြတ်တို့ကို အန်ကယ်ရန် ပြဿနာရှာမှာသေချာတယ်"

ရွှေရုပ် တကယ်ပဲ စိတ်မကောင်း ဖြစ်သွားရသည်။ ရွှေရုပ်အတွက် ဘာမှ ပြဿနာမရှိမကြီးမားနိုင်ပေမယ့် သူနှင့် ဦးမြတ်အတွက်တော့ ဦးရန်ရှင်းတို့ရဲ့ အလိုမကျမှုကို ခံရမှာ သေချာသည်။ နောက်ဆုံး အိမ်ပေါ်ကတောင် ညတွင်းချင်း မောင်းထုတ်နိုင်သေး၏။

ရွှေရုပ် ပင့်သက်လေးရှိုက်ကာ ထရပ်လိုက်သည်။

"ဆောရီး ကိုရဲရင့် ... ရွှေရုပ်ကြောင့် ကိုရဲရင့်တို့ တစ်ခုခုရင်ဆိုင်ရမှာမျိုး မဖြစ်စေချင်ပါဘူး၊ ရွှေရုပ် သွားတော့မယ်နော်"

သူ ငေးငေးလေးရပ်နေတုန်းမှာပဲ ရွှေရုပ်လှည့်ထွက်လိုက်သည်။ ဘွားသိန်းရဲ့ခုံဖိနပ်ကြီးက ရွှေရုပ်ခြေလှမ်းတွေကို ယိမ်းယိုင် ပြိုလဲသွားမတတ်။

"ဟာ ... ရွှေရုပ်"





စိုးရိမ်စွာ ရွှေရုပ်လက်မောင်းကို လှမ်းကိုင်ထိန်းပေးသော သူ့လက်တွေကိုလည်း ရွှေရုပ် အားကိုးတကြီး ပြန်ဆုပ်ကိုင်ထားလိုက်မိ၏။

"ဘွားသိန်းခုံဖိနပ်ကြီး စီးလာမိလို့"

ပြောရင်း ရွှေရုပ် ကျွတ်ထွက်သွားသည့်ခုံဖိနပ်ကို ပြန်ခြေထိုးဝတ်လိုက်မှ လူက ထပ်ယိုင်လဲကာ သူ့ရင်ခွင်ထဲ ပြိုလဲကျသွားခဲ့၏။

"ရွှေရုပ်"

"အိုး"

နှစ်ဦးစလုံး၏ ရင်ခုန်သံတွေ တိတ်ဆိတ်သော ညလေပြည်ထဲမှာ ဝုန်းဒိုင်းကျဲသွားခဲ့တာတော့ သေချာသည်။

စိုးရိမ်ပူပန်စွာ ရွှေရုပ်ပခုံးလေးတွေကို ဆုပ်ကိုင်ထားသော သူ့လက်တွေလည်း ပြေလွှတ်မသွားခဲ့။ သူ့ကျောပြင်ကို အထိတ်တလန့် သိုင်းဖက်ထားမိသော ရွှေရုပ်လက်ဖဝါးလေးတွေလည်း ပြန်မရုပ်သိမ်းမိသေးပါ။

"ရွှေရုပ်ရယ် ... ကိုယ် ကိုယ်လေ"

သူ့အသံတွေ အဆုံးမသတ်ဘဲ တိမ်ဝင်သွားခဲ့ပေမယ့် သူ့မျက်ဝန်းတွေကတော့ ရွှေရုပ်ကို ငုံကြည့်နေဆဲ။

"ကိုရဲရင့် ဆိုနေတဲ့သီချင်းထဲကလို မျက်ဝန်းတွေထဲက စကားတွေကို ရွှေရုပ် နားလည်နေခဲ့ပြီးသားပါ ကိုရဲရင့်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေရှုပ်ရယ်"

ရင်ခုန်သံတွေကပဲ ထိန်းချုပ်နိုင်သော အသိတရားတွေကို သိမ်းပိုက်သွားခဲ့သည်လား။ ထိုတဒင်္ဂလေးမှာပဲ သူနှင့် ရွှေရှုပ်တို့ နှလုံးသားက ချစ်ခြင်းတို့ တူညီနေခဲ့တာတော့ သေချာနေခဲ့သည်။

မျက်ဝန်းထဲက အသံမဲ့သောစကားတွေက နှုတ်ဖျားဆီက စကားသံတို့ထက် လေးနက်ခိုင်မာလွန်းတာကို ရွှေရှုပ်အကြွင်းမဲ့ ယုံကြည်ခဲ့ပါပြီ။

♥♥♥



## အခန်း (၂၈)

"ဟော ... ရှေ့နေကြီး၊ အကြောင်းမကြားဘာမကြားနဲ့ ဘယ်ကဘယ်လို ရောက်လာတာလဲဗျ၊ လမ်းကြုံဝင်လာတာတော့ မဟုတ်ပါဘူးနော်"

ညှိခန်းထဲမှာ ထိုင်စောင့်နေသော ဦးဘခိုင်ကို သူ ရင်းရင်းနှီးနှီး ဆီးကြိုနှုတ်ဆက်လိုက်တော့ ဦးဘခိုင် ဘာမှမဖြေဘဲ သူ့ကို စိုက်ကြည့်နေ၏။

မျက်နှာချင်းဆိုင်ထိုင်ခုံမှာ သူဝင်ထိုင်သည်အထိ ဦးဘခိုင်၏ ပါဝါမျက်မှန်တွေထဲက မျက်ဝန်းတွေ သူ့ကို စူးစူးစိုက်စိုက်ရှိနေဆဲ။ ထိုအကြည့်တွေကြောင့် သူ ထိတ်ခနဲ လှုပ်ရှားသွားပေမယ့် ဟန်မပျက်ပြုံးရင်း ...

"တော်သေးတာပေါ့၊ ကျွန်တော်ကလည်း ဒီနေ့ ဘယ်မှသွားစရာမရှိလို့ ဆုံရတာဗျ၊ ကဲ ... ကော်ဖီလေး သောက်ပါဦးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သိန်းလာချပေးသော ကော်ဖီကို ဦးဘခိုင် တစ်ချက်စိုက်ကြည့်ရင်း ...

"ကိုရန်ရှင်း ဒီနေ့ ဘယ်မှမသွားဘူးလို့ ကျုပ်စိတ်က အလိုလို သိနေတာဗျ။ ဒါကြောင့် အရေးကြီးတဲ့ကိစ္စတစ်ခု ပြောချင်လို့လာတာ"

သူ မျက်မှောင်ကြီးကုတ်ကာ ခန္ဓာကိုယ်က မတ်ခနဲ ဖြစ်သွားခဲ့သည်။ ဘာတွေ ထပ်ပြဿနာတွေ သယ်လာဦးမှာလဲ မတွေးတတ်။ ဦးဘခိုင်အကြည့်တွေ သူ့ကို အကဲခတ်သလို ကြည့်နေတာကိုလည်း မနှစ်မြို့နိုင်ပါ။

"မေးလေ ... ဘာမေးမလို့လဲ ကိုဘခိုင်"

"ဩော် ... တခြားမဟုတ်ပါဘူး၊ ခင်ဗျားနဲ့ကျွန်တော် လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်တုန်းက ဟောဒီအိမ်ကြီးထဲမှာ ခင်ဗျားရဲ့သားလေး ရဲရင့်ဘုန်းအတွက် အမွေလွှဲဖို့ကိစ္စ ဆွေးနွေးကြတုန်းက အနားမှာရှိနေတဲ့ အသိသက်သေတစ်ယောက်ဗျာ"

စကားကို အဆုံးမသတ်ဘဲ ဦးဘခိုင် ကော်ဖီကို တစ်ငုံ မော့သောက်နေပြန်သည်။ သူကတော့ စိတ်မရှည်နိုင်စွာ မျက်မှောင်ကြီးကုတ်ကြည့်ရင်း သည်းခံနားစွင့်ထားရ၏။

ကိုဘခိုင်က ကော်ဖီခွက်ကို အောက်ခံပန်းကန်ပြားလေးပေါ် ပြန်ချလိုက်ရင်း ...

"အဲဒီတစ်ယောက်ဗျာ ဘယ်သူဆိုတာကို ကျွန်တော်





စဉ်းစားမရဖြစ်နေတာ၊ ပြီးခဲ့တဲ့ နှစ်ရက်လုံးလုံး အဲဒီကိစ္စ ခေါင်းတွေ ခြောက်နေတာ"

ဦးဘခိုင်တော့ ပြဿနာမီးပွားတစ်ခု ထပ်ယူလာပြန်ပြီဟု သူ အတတ်သိလိုက်သည်။

"အဲဒါ ဘယ်သူလဲဗျ ကိုရန်ရှင်း ... ခင်ဗျား မှတ်မိလား"

"ခင်ဗျားတောင် မမှတ်မိဘူး မဟုတ်လားဗျ၊ ကျုပ်လည်း အဲဒီလောက် မှတ်ဉာဏ်မကောင်းဘူး ကိုဘခိုင်"

သူ ဘုဆတ်ဆတ်ပဲပြောမိသည်။ ရောက်လာတိုင်း သူ့ကို ခေါင်းတွေပူအောင် လုပ်နေသည့် ရှေ့နေကြီးကိုတော့ တော်တော် စိတ်ကတိုချင်နေပြီ။

"ခင်ဗျား တကယ်မမှတ်မိဘူးလားဗျ ... စဉ်းစားပါဦး ကိုရန်ရှင်း"

ပြောရင်း ကော်ဖီခွက်ကို ကောက်ယူမော့သောက်လို့ နေပြန်သည်။ မျက်ဝန်းတွေက သူ့ဆီက တုံ့ပြန်တာကို နားစိုက်နေဟန် အပြည်။

"ကျုပ်ပြောပြီးပြီပဲ ကိုဘခိုင်၊ ဒီလောက်နှစ်တွေ ကြာနေတဲ့ကိစ္စ ဘယ်လိုမှတ်မိမလဲဗျ၊ ပြီးတော့ ဒါ အရေးကြီးတဲ့ကိစ္စမှ မဟုတ်တာ"

"ဟာ ... အဲဒီလို မပြောနဲ့လေဗျာ၊ ငွေသိန်းပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ထောင်သောင်းချီပြီး အမွေလွှဲရမယ့်ကိစ္စက အရေးကြီးတာပေါ့၊ အရေးကြီးလို့ ကျုပ် ဩစတေးလျကတောင် ပြန်ခဲ့ရတာလေဗျာ''

''ဟုတ်ပါပြီ၊ ခင်ဗျားလုပ်ရမယ့်ကိစ္စကို အမြန်ဆုံးစီစဉ်ပေါ့ဗျာ၊ ကျုပ်က ဥပဒေကိစ္စတွေ မသိလို့ ခင်ဗျားကို အခကြေးငွေပေးပြီး တာဝန်ယူခိုင်းထားတာပဲဗျ''

သူ စိတ်မရှည်နိုင်သလိုဆိုတော့ ကိုဘခိုင် ခေါင်းညိတ်ကာ ပြုံးသည်။ အပြုံးတို့က နှုတ်ခမ်းစွန်းမှ တဒင်္ဂလေးပဲ အရိပ်ထင်သွားခဲ့ကာ ...

''ကျုပ်တာဝန်ကို သိပါတယ်ဗျာ၊ အဲဒီတုန်းက အနားမှာ ရှိနေတဲ့လူကို ကျုပ် နှစ်ရက်လုံးလုံး စဉ်းစားကြည့်တာ ဒီမနက်မှပဲ အဖြေပေါ်တယ်ဗျ''

သူ နှုတ်ဆိတ်စွာပဲ ဦးဘခိုင်မျက်နှာကို စူးစူးနစ်နစ် စိုက်ကြည့်နေလိုက်သည်။ ဦးဘခိုင် ပိုင်နိုင်သောအပြုံးဖြင့် ခေါင်းညိတ်ရင်း ...

''တခြားသူမှ မဟုတ်ဘဲဗျာ၊ ခင်ဗျာရဲ့အမြွာညီ ကိုရန်လင်း အနားမှာရှိနေတာဗျ''

''ဟင်''

''ဟုတ်တယ်၊ ခင်ဗျားအနေနဲ့ ဒီလောက်နှစ်တွေကြာသွားတော့ ဘယ်မှတ်မိမှာလဲ၊ ကျုပ်တောင် အတော်စဉ်းစားယူရတာဗျ၊ ထားပါတော့ဗျာ၊ အခု ကိုရန်လင်းလည်း လောကကြီးထဲ





မှာ မရှိတော့ဘူးဆိုတော့ ခင်ဗျားပြောသလို အရေးမကြီးပါဘူး''

ပြောရင်း လက်ကျန်ကော်ဖီကို ဦးဘခိုင် မော့သောက်နေ၏။ သူ ရှုတည်တည်ကြီးဖြစ်ကာ ခေါင်းမညိတ် ခေါင်းမခါနိုင်ခဲ့။

''အဲဒီတုန်းက ခင်ဗျားအမြွာညီ ကိုရန်လင်းရှေ့မှောက်မှာ ကျုပ်တို့ စကားပြောဆွေးနွေးကြတာလေဗျာ၊ ဒါကို ခင်ဗျားမှတ်မိသလား လာမေးကြည့်တာပါဗျာ''

''အင်း ... အခု ကိုဘခိုင်ပြောမှ မှတ်မိတယ်ဗျ၊ ကဲ ... အခု သူလည်း မရှိတော့ ပြီးပြီပေါ့''

''အားလုံးအဆင်ပြေပြေ ပြီးမှာပါဗျာ၊ ပြောရရင် ခင်ဗျားအမြွာညီကိုရန်လင်းမရှိတာ ပိုတောင်ကောင်းသေးတာပေါ့၊ ဒီလူက ခင်ဗျားညီဆိုပေမယ့် အကျင့်စာရိတ္တက ကောင်းတဲ့သူမဟုတ်ဘူး၊ တော်ကြာ ဝင်အနှောင့်အယှက်ပေးနေမှာ စိုးရတယ်ဗျ''

''ကိုင်း ရှေ့နေကြီး ... လောကကြီးထဲမှာ မရှိတော့တဲ့လူကို ဝေဖန်ပုတ်ခတ်မနေပါနဲ့တော့ဗျာ၊ ကျွန်တော် ဖြစ်စေချင်တာ ကျွန်တော် အရင်က စီမံထားခဲ့တဲ့အတိုင်း ကျွန်တော့်သားကို အမွေ အမြန်ဆုံး လွှဲပေးချင်တယ်''

''ဗျာ ... သားကို အမွေလွှဲပေးမလို့ ... ဟုတ်လားဒယ်ဒီ''

အသံနှင့်အတူ ဧည့်ခန်းထဲ ဆင်းလာသော ရဲလှိုင်းက



www.burmeseclassic.com

www.burmeseclassic.com



တစ်မှောင့်။ သူနှင့်ရွှေနေကြီးတို့ စကားပိုင်းထဲ ဝင်လာကာ အလိုက်ကမ်းဆိုးမသိ ဝင်ရှုပ်ပြန်၏။

"သားကို ဒယ်ဒီ အမွေလွှဲပေးမှာလား၊ ဟား . . . ဒါဆို ပွဲသိမ်းပြီ၊ အမွေတွေလည်းရ ရွှေရုပ်ပိုလည်း ပိုင်၊ ဟာ . . . ရဲလင်းတို့တော့ ကံကောင်းနေပြီပေါ့"

"ကိုရန်ရှင်း . . . သူက ဘယ်သူလဲ၊ နာမည်က ရဲလင်း . . . ဟုတ်လား"

ကိုဘခိုင် မျက်မှောင်ကြီးတွန့်ကာ ရဲလင်းကို စိုက်ကြည့်ရင်း မေးနေတော့ သူကြားက ဝင်ဖြေရှင်းရသည်။

"ဟုတ်တယ်၊ ဒါ ကျွန်တော့်သား ရဲရင့်ဘုန်းပါ၊ ရဲလင်းဆိုတာ အိမ်နာမည်ပေါ့ဗျာ"

"ဟုတ်တယ် အန်ကယ်၊ ဟိုကောင်နဲ့ နာမည်တူနေလို့ ရဲရင့်ဘုန်းနာမည်ကို စိတ်ကုန်နေတာ၊ အဲဒီနာမည်ဆို ကြားတောင် မကြားချင်ဘူး"

ရဲလင်းဆိုတဲ့ကောင် အလိုက်ကမ်းဆိုး မသိနဲ့ ဝင်ပြောနေတာမို့ သူ ကြားက မျက်ရိပ်မျက်ကဲ ပြတားလိုက်ရ၏။

"ဟေ့ကောင် ရဲလင်း . . . မင်း သွားပြင်ဆင်စရာ ပြင်ဆင်ထားလေ၊ ဒီနေ့ ဒယ်ဒီနဲ့ မင်း ကုမ္ပဏီကို လိုက်ခဲ့ရမယ်"

သည်တော့မှ ရဲလင်း သဘောပေါက်သွားခဲ့ကာ ခေါင်းတစ်ချက်ညိတ်ပြပြီး သူတို့အနားက ထွက်သွားခဲ့၏။ ကိုဘခိုင်





ရဲလင်းကို မမိုတ်မသုန် အကြည့်တွေနှင့် လိုက်ကြည့်နေရင်း. . .

"ကိုရန်ရှင်းသားက ဆေးကျောင်းတက်နေတာနော်"

"ဟုတ်တယ် ကိုဘခိုင်၊ ဒီကောင် နောက်ဆုံးနှစ်ရောက်နေပြီ လာမယ့်နှစ်ဆို ဟောက်ဆာဂျင်ဆင်းရပြီ"

သူ ခပ်တည်တည်နဲ့ပဲ ဆက်ပြီး လိမ်ညာလိုက်ရသည်။ သားဖြစ်သူနဲ့ပတ်သက်ပြီး အမြဲတမ်း သူ့မှာ မျက်နှာငယ်နေရသော ဒါပဲဖြစ်သည်။ ရဲရင့်ဘုန်းနဲ့ ထင်ယောင်ထင်မှားဖြစ်အောင် လိမ်ညာနေရတဲ့အဖြစ်။

"ကဲ ကိုဘခိုင် . . . ကျုပ်လည်း သွားစရာကိစ္စတစ်ခုရှိလို့ဗျာ၊ အားတော့နာပါတယ်၊ နောက်မှ ဆုံကြစို့"

စကားစဖြတ်ပြီး ကိုဘခိုင်ကို သူ ယဉ်ယဉ်ကျေးကျေးလေးပဲ မောင်းထုတ်လိုက်ရသည်။

တော်တော်ကို အရစ်ရှည်သည့် ရွှေနေကြီးပါပဲ။ သူနှင့် ကိစ္စတွေ မြန်မြန်ပြီးပြတ်မှပဲ ကောင်းလိမ့်မည်။

ရွှေနေပီပီ ဟိုမေး သည်မေးနှင့် စကားတွေပြန့်ကာ ရှုပ်ထွေးလာလျှင် အခက်။ ကြာရင် မလွယ်မှာ အသေအချာ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

သူ မီးဖိုခန်းထဲဝင်ခဲ့တော့ ဒေါ်သိန်း မီးဖိုထဲမှာ ချက်ပြုတ်ကောင်းလို့နေသည်။ ရွှေရုပ်လွှာကို အရိပ်တောင် မတွေ့ရပါ။

''ဒေါ်သိန်း ... ရွှေရုပ်ကို မတွေ့ဘူးလား''

''ဩော် ... စောစောကပဲ ဒေါ်သိန်းကို လာကူလုပ်ပေးနေသေးတယ်၊ ရေချိုးနေတယ်ထင်တယ် မောင်ရဲလင်းရဲ့''

''ဟုတ်လား ... ဒယ်ဒီကော သွားပြီလား''

''သွားပြီ မောင်ရဲလင်း၊ ကော်ဖီသောက်တော့မှာလား ဒေါ်သိန်းဖျော်ပေးမယ်''

''နိုး မသောက်သေးဘူး၊ နေ နေ ကိုယ်လုပ်စရာရှိတာ လုပ်''

ပြောပြီး သူ မီးဖိုခန်းထဲက ထွက်ခဲ့သည်။ ရေချိုးခန်းဘက် လှမ်းကြည့်တော့ ရေချိုးခန်းတံခါး ပိတ်ထားသည်။ ရွှေရုပ်လွှာ ရေချိုးခန်းဝင်နေတာတော့ သေချာနေပြီ။





သူ ကျေနပ်စွာ ပြုံးလိုက်ရင်း အပေါ်ထပ်ကို ပြန်တက်ခဲ့သည်။ သူ့အိခန်းတံခါးကို ခပ်ဟဟဖွင့်ကာ လှေကားထစ်တွေဆီ စောင့်ကြည့်နေလိုက်သည်။ ရွှေရုပ်လွှာလာလျှင်တော့ သည် လှေကားထစ်တွေကပဲ မဖြစ်မနေ တက်လာမှာ ဖြစ်သည်။

သူ ကျိတ်တွေးရင်း စိတ်ထဲမှာ ကျေနပ်ပီတိတွေဖြာလွှမ်း သွားခဲ့သည်။ ဒီနေ့တော့ သူ့ရည်ရွယ်ချက်တွေကို ဖြစ်မြောက်အောင် ဖန်တီးရမည်။

မကြာမီ ဒယ်ဒီရဲ့အမွေတွေကို သားတစ်ယောက်အနေနဲ့ သူပိုင်ဆိုင် ခံစားခွင့်ရတော့မည်။, လိုနေတာက ရွှေရုပ်လွှာပဲ ရှိတော့သည်။

သူ့ကို ချိုးသီးနေသော ရွှေရုပ်လွှာကိုတော့ မရ ရအောင် သူယူပြရမည်။ ဒယ်ဒီကလည်းခွင့်ပြုထားသည်ဆိုတော့ ပြဿနာ ဘာမှမရှိ။

ဘယ်လောက်ပဲ ခါးသီးပြနေပါစေ အချိန်တန်တော့ ရွှေရုပ်လွှာ သူ့ရင်ခွင်ထဲ ရောက်ရမှာ သေချာသည်။

တွေးနေတုန်းမှာ ရွှေရုပ်လွှာအရိပ်လေးကို လှေကားအတိုင်း လှမ်းတက်လာတာ သူမြင်သည်။

ဆံပင်တွေကို ဆံညှပ်လေးနှင့် စုစည်းထုံးဖွဲ့ထားကာ မွေးပွခြုံလွှာတဘက်ကလေးကို ပခုံးမှာရစ်ပတ်ပြီး ရွှေရုပ်လွှာ တက်လာနေသည်။ တံခါးကြားက သူကြည့်နေတာကို ငေးဝ



www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့ဟန်မတူပါ။

ဒုတိယထပ်မှာရှိသော သူမအခန်းဆီကို ရွှေရုပ်လွှာ မှန်မှန်လေးပဲ လျှောက်လှမ်းသွားခဲ့သည်။ သည်တော့မှ သူ အခန်းတံခါးကို အသာတွန်းဖွင့်ကာ ဒုတိယထပ်သို့ ဆင်းခဲ့သည်။

ရွှေရုပ်လွှာ အခန်းတံခါးလေးက စေ့ပိတ်ထားတာမို့ သူ စိုးရိမ်သွားမိသေးသည်။

တံခါးလက်ကိုင်ဘုလေးကို လှည့်ဖွင့်လိုက်တော့မှ အထဲက လော့ခ်ချပိတ်မထားမှန်း သိလိုက်ရသည်။

ခပ်ဟဟ ပွင့်သွားသော အခန်းတံခါးက ချောင်းကြည့်လိုက်တော့ အဝတ်ဗီရိုကြီးရှေ့မှာ တံခါးဝကို ကျောပေးရပ်နေသော ရွှေရုပ်လွှာကို မြင်လိုက်ရသည်။

ပခုံးမှာ ခြုံထားသော တဘက်လေး မရှိတော့တာမို့ ဝင်းမွတ်နေသော ပခုံးသားလေးတွေနှင့် ကျောပြင်အိအိလေးကို သူမြင်လိုက်ရသည်။ သူ အခန်းထဲကို လှစ်ခနဲ ဝင်လိုက်သည်။ ပြီးတော့ ရွှေရုပ်လွှာအနားကို ခြေသံဖွဖွလေး တိုးကပ်ခဲ့သည်။

သူ အနားရောက်တော့ ရွှေရုပ်လွှာ ဖျတ်ခနဲ လှည့်ကြည့်သည်။ နုညက်ရှင်းသန့်နေသော မျက်နှာလေးဆီက မျက်နက်ဝန်းတို့ ထိတ်လန့်စွာ ပိုင်းစက်သွားခဲ့သည်။

"ဟင် ... ရှင် ရှင် ဒါ ဘာလုပ်တာလဲ"

"မင်းလေးကို သိပ်ချစ်လို့ပေါ့ ရွှေရုပ်လေးရယ်"





"ရဲလင်း ... ရှင် ရှင် မယုတ်မာနဲ့၊ ထွက် ... အခု ထွက်"

ရွှေရုပ်လွှာ အထိတ်တလန့်အသံလေးနှင့် ပြောရင်း အခန်းတံခါးဆီပြေးဖို့ ကြိုးစားသည်။ သူမခန္ဓာကိုယ်လေးကို သူ အမိအရ သိုင်းဖက်ထားလိုက်သည်။

"အိုး လူယုတ်မာ ... လွှတ် လွှတ်စမ်း"

"မလွှတ်နိုင်ဘူး ရွှေရုပ်၊ မင်းနဲ့ကိုယ်က မိဘတွေ ကြည်ဖြူပြီးသားပဲကွာ ... အဟွန်း"

သူ ရွှေရုပ်လွှာကို ခပ်ကြမ်းကြမ်းဆွဲကာ အိပ်ရာပေါ် လှဲချဖို့ ကြိုးစားသည်။ ရွှေရုပ်လွှာ လက်တွေက သူ့မျက်နှာကို တဖြောင်းဖြောင်း ထုရိုက်ရုန်းကန်ပေမယ့် သူ အံကြိတ်တင်းခံရင်း

"ဟော့ကောင် လူယုတ်မာ"

"ဟင်"

မာထန်စူးရှသော ခေါ်သံကြီးနှင့်အတူ ရွှေရုပ်လွှာအခန်း ထဲထိ ဝင်ရောက်လာသော ရဲရင့်ကို သူ စူးစူးဝါးဝါး ပြန်ကြည့်ရင်း ...

"မင်း ... မင်း ဘာလာလုပ်တာလဲ ရဲရင့်၊ မင်းနဲ့ဘာ ဆိုင်လဲ"

"ရဲလင်း ... မင်း ယောကျ်ားမပီသတဲ့ကောင်ပဲ၊ မိန်း ကလေးတစ်ယောက်ကို ဒီလိုမယုတ်မာသင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ... မင်း ဘာကောင်လဲ ... တောက်"

ပြောရင်း ရဲလင်း ဒေါသတွေဆူဝေကာ ရဲရင့်ဆီ ပြေးဝင်ထိုးကြိတ်လိုက်သည်။

ဘယ်ဗိုက် ညာဗိုက် ဝင်လာသော လက်သီးချက်တွေကို ရဲရင့် မရှောင်တိမ်းဘဲ သူ့လက်တွေကို လက်ကောက်ဝတ်တွေက တစ်ဖက်ဆီ ဆုပ်ကိုင်ဖယ်ချုပ်ထားသည်။

"ဟော့ကောင်၊ လွှတ်၊ ငါ့လက်တွေလွှတ်စမ်း"

ရဲရင့်က သူ့လက်တွေကို တင်းတင်းဆုပ်ကိုင်ထားတာမို့ ရုန်းထွက်မရဘဲ လက်ကောက်ဝတ်တွေတောင် နာကျင်လာသည်။ ပြီးတော့ ရဲရင့်၏ဦးခေါင်းက သူ့မျက်နှာဆီ ဆတ်ခနဲ တိုး ဝင်လာ၏။

'ခွပ်'

"အား"

သူ့နှာခေါင်းရိုး ကြေမွကျိုးကြေသွားခဲ့ပြီလားမသိ။ ပူနွေးစီးပျစ်သော သွေးတွေက ပါးစပ်ထဲအထိ ငန်ကျိကျိ စီးဝင်လာသည်။

"ဟင် ... မင်း မင်း ငါ့နှာခေါင်းရိုးကို ကျိုးအောင်လုပ်တယ်၊ မင်း မင်းကို ငါသတ်မယ်"

ရဲလင်း ကမူးရှူးထိုး ဟစ်အော်ရင်း ရဲရင့်ကို ပြေးဝင်ခုန်အုပ်သည်။ ရဲလင်းပခုံးတွေကို လက်နှစ်ဖက်နှင့် ရဲရင့် လှမ်း





ထောက်ချုပ်ကိုင်ရင်း ညာဒူးတစ်ဖက်က ရဲလင်းရင်ဝကို ထောက်ပေးထားလိုက်၏။

'ဒုတ်'

"အွတ်"

ရဲလင်းခန္ဓာကိုယ်ကြီး ကြမ်းပြင်ပေါ် ဝုန်းခနဲ ပြိုလဲကျငြိမ်သက်သွားသည်။

"ကိုရဲရင့် လွှန်မယ် လွှန်မယ်"

ရွှေရုပ် မှင်တက်နေရာမှ စိုးရိမ်တကြီး တားမြစ်သည်။ ရဲရင့် တည်ငြိမ်စွာပဲ ခေါင်းကိုခါပြရင်း ...

"မပူနဲ့ ရွှေရုပ်၊ သူ တစ်နာရီလောက် သတိမေ့သွားယုံပါ"

"အဟင့် ဟင့် ... ကိုရဲရင့်ရယ် ... သူ သူတို့ ကိုရဲရင့်ကို ပြဿနာရှာကြတော့မှာ သေချာတယ်"

ရဲရင့် အံကိုတင်းခနဲကြိတ်ကာ ယဲ့ယဲ့လေးပြုံးမိသည်။

"ရွှေရုပ်နဲ့ပတ်သက်ပြီး ဘယ်လိုအခြေအနေမျိုးကိုပဲဖြစ်ဖြစ် ကိုယ် ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးပြီ ရွှေရုပ်"

ရွှေရုပ် သူ့ရင်ခွင်ထဲ တိုးဝင်လာရင်း တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထား၏။ ပြီးတော့မှ သူ့ကိုမော့ကြည့်ရင်း ...

"ဘာမှမစိုးရိမ်နဲ့ ကို ... ဗဟန်းဘက်မှာ ရွှေရုပ်ပိုင်တဲ့ ကွန်ဒိုတိုက်ခန်းတစ်ခန်း ရှိတယ်၊ ပြဿနာဖြစ်လာရင် ကိုနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ် အဲဒီမှာနေပါ''

''ရွှေရုပ် ... ကိုယ်နဲ့ဦးမြတ်အတွက် အရေးမကြီးပါဘူး။ ရွှေရုပ်အတွက်ပဲ စိုးရိမ်တာ၊ ဒီမှာ ရွှေရုပ် ဆက်နေလို့ ဖြစ်ပါ့မလား၊ အခုတောင် ဘွားသိန်း ကိုယ့်ကိုလာပြောလို့''

''ရွှေရုပ်ကို မပူပါနဲ့၊ ရွှေရုပ်လည်း ဒီမှာ ဆက်မနေပါဘူး၊ ရွှေရုပ်သူငယ်ချင်းတစ်ယောက်တိုက်ခန်းမှာ သွားနေမှာပါ''

ရဲရင့် ခေါင်းတစ်ချက်ညိတ်ရင်း သတိလစ်လဲကျနေသော ရဲလင်းခန္ဓာကိုယ်ကြီးကို ပွေ့ချီလိုက်သည်။

''ရွှေရုပ် ... ပြင်ဆင်စရာရှိတာ ပြင်ဆင်ထားတော့၊ ကိုယ်ကတော့ ဖြစ်လာသမျှကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးပြီ''

''ကိုရယ် ... ကို့မှာ အဲဒီလို ခိုင်မာရဲရင့်တဲ့စိတ်ဓာတ်ရှိတာ ရွှေရုပ် သိပါတယ်၊ စိတ်ချ ... ကို့ဘက်မှာ ရွှေရုပ် အပြည့်အဝ ရှိပေးမှာပါ''

သူ ရွှေရုပ်ကို မြတ်နိုးကြင်နာစွာ စိုက်ကြည့်ရင် ရဲလင်းခန္ဓာကိုယ်ကြီးကို အခန်းအပြင်ဘက် ပွေ့ချီသယ်ဆောင်ခဲ့သည်။

ဒီအခြေအနေတွေကိုသာ အန်ကယ်ရန်သိလျှင် သူနှင့် ဦးမြတ်ကို ဒေါသတွေ အလိပ်လိုက်ထွက်မှာ ကြိုတွေးပြီးသား ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဒီအချိန်မှာ အားလုံးကို ရင်ဆိုင်ဖို့ သူ သတ္တိတွေရှိနေခဲ့ပြီ။

ရဲရင့်ဘုန်းအတွက် လောင်းရိပ်ကြီးတစ်ခုအောက်က





လွတ်မြောက်သင့်တာ ကြာပြီ။

♥

''တောက် ... မိုက်ရိုင်းလိုက်တာကွာ''

ဦးရန်ရှင်း အံတကြိတ်ကြိတ် တက်တခေါက်ခေါက်နှင့် ဒေါသတွေ ထွက်လို့မဆုံးနိုင် ဖြစ်နေသည်။ ဆိုဖာထိုင်ခုံမှာ ငုတ်တုတ်ကြီးထိုင်နေသော သားဖြစ်သူ မျက်နှာကိုကြည့်ကာ ပိုမို ခံရခက်လှသည်။

ကျိုးသွားသော နှာခေါင်းမှာ ပလာစတာကြီးကပ်ထား ရသည်။ ဖူးယောင်နေသော ညာဘက်ပါးရိုးက ညိုညစ်ညစ် ဒဏ်ရာနှင့် အသုံးမကျတဲ့ကောင်။

''မင်းကွာ ... အသုံးမကျလိုက်တာ၊ ရဲရင့်ဆိုတဲ့ကောင် လုပ်တာခံရတယ်လို့၊ ရာဇဝင် ရိုင်းလွန်းတယ်''

''ဒီကောင်က မထင်မှတ်ဘဲရောက်လာတာကိုး ဒယ်ဒီရ၊ ပြီးတော့ ဒီကောင်က ကိုယ်ခံပညာတတ်ထားတာလေ၊ တောက် ... အ ... ကျွတ် ကျွတ် ... နာလိုက်တာ ဒယ်ဒီရာ''

''သေ သေ ... အသုံးမကျတဲ့ကောင်၊ မင်း ငါ့သားတစ်ယောက်ဖြစ်ပြီး ဘာမှသုံးမရတဲ့ကောင်ပဲ''



www.burmeseclassic.com

www.burmeseclassic.com



ဦးရန်ရှင်းက ကရုဏာဒေါသောနှင့် သားဖြစ်သူကိုပဲ ကြိမ်းဝါးနေမိသည်။ အခြေအနေတွေ ရုပ်ဆိုးအကျည်းတန်ကုန်တာ အမှန်။ ရဲရင့်နှင့်ဦးမြတ်တို့လည်း မရှိတော့။ ရွှေရုပ်လွှာလည်း အိမ်ကထွက်သွားသည်။

"ရွှေရုပ် ဒီမှာဆက်မနေတော့ဘူး အန်ကယ်၊ အန်ကယ့်သားလုပ်ပုံက ယုတ်မာလွန်းတယ်၊ ရွှေရုပ်သူငယ်ချင်းအိမ်မှာပဲ နေတော့မယ်"

သူ့ဆီ ရွှေရုပ်လွှာ ဖုန်းဆက်ပြောတော့ သူ ဘာမှ မပြောနိုင်အောင်ပင် ဖြစ်ရသည်။ ဒီကိစ္စတွေသာ ဦးမင်းရွှေဟန်ဆီ သတင်းပေါက်သွားလျှင် သူ ဘယ်လို မျက်နှာပြရမလဲ။

"ဒယ်ဒီ ... ရွှေရုပ်ကိစ္စ ဘယ်လိုလုပ်မှာလဲ"

"ဘာကွ ... မင်းက ငါ့ကို မေးနေသေးတယ်၊ မင်း အသုံးမကျတဲ့ကိစ္စကွ၊ တကယ်ကွာ ... ငါ မင်းကိုပဲ သတ်ပစ်ချင်တယ် ... တောက်"

ဦးရန်ရှင်း ဖြေရှင်းရမည့် ကိစ္စတွေက ခေါင်းခဲလေလေ သားကိုပဲ ဒေါသတွေ ထွက်မိနေတော့သည်။ သူ့ ဂုဏ်သိက္ခာ၊ သူ့နာမည်အတွက်တော့ ဒီကိစ္စကို ပြေလည်အောင် ဖြေရှင်းမှ ဖြစ်မည်။

အထူးသဖြင့် ရွှေရုပ်လွှာကို ပြန်ရှာကာ အိမ်ပေါ်ရောက်အောင် ခေါ်ရမည်။ ဒါမှ ဦးမင်းရွှေဟန်နှင့် သူ့ကြားမှာ မျက်နှာ





ပူစရာတွေ ဖြစ်မလာမှာ။

'တူ တူ တူ'

သူတွေးနေတုန်း ဖုန်းက ထမြည်လာတာမို့ သူ အပြေးအလွှား ကောက်ကိုင်လိုက်ရသည်။

"ဟဲလို ... ရန်ရှင်းပါ"

"ဩော် ကိုရန်ရှင်း ... ကျွန်တော် ဘခိုင်ပါ"

သူ တွန့်ခနဲ ဖြစ်သွားမိပြန်သည်။ ဒီရှေ့နေ ဘာစာရင်းတွေ ရှုပ်ဦးမည်မသိ။

"ပြော ကိုဘခိုင် ... ဘာကိစ္စလဲဗျ"

"တခြားကိစ္စ မဟုတ်ပါဘူးဗျာ ... အမွေကိစ္စပဲပေါ့၊ ခင်ဗျားရဲ့သား ရဲရင့်ဘုန်းကို အမွေတွေလွှဲပေးဖို့အတွက် ခင်ဗျားသားရဲ့ DNA မှတ်တမ်း လိုတယ်ဗျ"

"ဘာဗျ ဘယ်လို"

"ကျွန်တော့်ဆီမှာ ကိုရန်ရှင်းရဲ့ DNA မှတ်တမ်း ရှိတယ်လေ၊ မရှိတာက ခင်ဗျားသား ရဲရင့်ဘုန်းဆိုတဲ့ မောင်ရဲလင်းရဲ့ DNA မှတ်တမ်းလိုနေတာ၊ အမွေတွေကို ဘာပြဿနာမှ မရှိဘဲ လွှဲပေးဖို့ဆိုတာက အဲဒီမှတ်တမ်းက မဖြစ်မနေ လိုနေတယ်"

သူ စိတ်ရှုပ်သွားရပြန်သည်။ ဒီရှေ့နေကြီး ပြဿနာတွေကို တစ်ခုပြီးတစ်ခု အစထုတ်ရှာနေတာ မဟုတ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာကိုဘနိုင် . . . ခင်ဗျား ဘာလို့ ပြဿနာတွေ တစ်ခုပြီးတစ်ခု ရှာနေတာလဲ၊ ကျုပ်သားကို အမွေလွှဲရမှာ လွှဲပေးပေ့ါဗျာ၊ ကျုပ်လည်း မသေသေးပါဘူးဗျာ၊ သက်ရှိထင်ရှားကြီး ရှိနေပါတယ်"

"စိတ်မရှိပါနဲ့ ကိုရန်ရှင်း၊ ဒါ ကလေးကစားစရာကိစ္စ မဟုတ်ဘူးလေ၊ သိန်းပေါင်းများစွာသောအမွေကိစ္စဗျ၊ အခု ကျွန်တော့်ဆီမှာရှိနေတဲ့ DNA မှတ်တမ်းက ခင်ဗျားဆီက ဟိုးအရင်ကတည်းက ရယူထားတဲ့ မှတ်တမ်းလေ၊ အဲဒီမှတ်တမ်းနဲ့ ခင်ဗျားသားရဲ့ DNA မှတ်တမ်းကို စစ်ဆေးရမှာက လုပ်ရိုးလုပ်စဉ်ပဲဗျ"

"ဟာဗျာ . . . အဲဒီလောက် ရှုပ်ထွေးနေသလားဗျာ"

"ရှုပ်ထွေးနေတယ် ကိုရန်ရှင်း၊ DNA မှတ်တမ်းကို တိုက်ဆိုင်မှ အမွေလွှဲခွင့်ရှိမှာ၊ ဒါ ဘာမှ ခက်ခဲတဲ့ကိစ္စ မဟုတ်ပါဘူး၊ ခင်ဗျားက ဘာလို့ ငြင်းနေတာလဲဗျ"

"အဲ . . . ဘာ ဘာမှ မဟုတ်ပါဘူးဗျာ"

"ဒါဆို ဒီကိစ္စကို နှစ်ပတ်အတွင်း စီစဉ်ချင်တယ်"

"ဟုတ်ပြီ ဟုတ်ပြီ . . . ကျုပ် ပြန်ဆက်သွယ်ပါ့မယ်၊ အခု ဒီရက်တွေမှာ ကျုပ် အလုပ်တွေရှုပ်နေလို့ ခဏသည်းခံပါဗျာ"

ပြောပြီး သူ ဖုန်းကိုချပစ်လိုက်သည်။ ခေါင်းခဲစရာ





ပြဿနာတွေက ဆင့်ကဲ ဆင့်ကဲ တိုးလာနေခဲ့ပြီ။

"ဒယ်ဒီ . . . ဒါ ရှေ့နေကြီးဆီကလား၊ သားအမွေကိစ္စလားဟင်၊ လုပ်စရာရှိတာ အမြန်လုပ်လိုက်ပါ ဒယ်ဒီရာ၊ ရွှေရုပ်လွှာထက်သာတဲ့ မိန်းမတွေ ဒယ်ဒီ့သား ယူပြမယ်"

"ဟာ . . . ခွေးကောင်၊ ငါကွာ . . . တောက်"

သူ့ဒေါသတွေ ရဲလင်းဆီ ပေါက်ကွဲလုလု၊ ရွယ်ထားမိသော လက်သီးကို သင်းမျက်နှာပေါ်က ဒဏ်ရာတွေကြောင့် ပြန်ချုပ်ထိန်းရင်း . . .

"သွား . . . မင်း ငါ့အနားက ချက်ချင်းထွက်သွား၊ တောက် . . . ဘာမှ အသိတရားမရှိတဲ့ကောင် သွား"

သူ ဒေါသတွေနှင့် အော်ဟစ်မောင်းထုတ်လိုက်မှ ရဲလင်း အနားက ခပ်ကုပ်ကုပ် ထွက်သွားခဲ့သည်။

သူ့ရင်ထဲမှာတော့ ဒေါသတွေကော၊ စိတ်ညစ်ရှုပ်ထွေးမှုတွေကော လုံးထွေးနေရပြီ။ ငြိမ်သက်နေပြီထင်သော အတိတ်က အရိပ်တွေက သူ့ကို ပြန်ခြောက်လှန့်နေခဲ့ချိန်မှာ . . .

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

တ စိမ့်စိမ့် ရွာနေသော မိုးက တောင်ပေါ်လမ်းမပေါ်မှာ တဖြောက်ဖြောက် ကျဆင်းနေတာမို့ စိုစွတ်မှုက အန္တရာယ်တစ်ခု။ ဒါကို ကြိုတင်တွက်ဆမိသော အစ်ကိုရန်ရှင်းက သူ့ကို သတိပေး သေး၏။

"ညီလေး . . . ကားကို ဖြည်းဖြည်းမောင်း၊ လမ်းမက မိုးရေတွေ စိုနေတော့ အန္တရာယ်ရှိတယ်နော်"

"ရပါတယ် အစ်ကိုရဲ့ . . . မစိုးရိမ်ပါနဲ့"

သူ ပြန်ပြောရင်း ကားစက်ရှိန်ကို မချဘဲ မောင်းခဲ့သည်။ တောင်ကြီးက စက်ရုံဖွင့်ပွဲကို အစ်ကိုရန်ရှင်းက သူတို့လင်မယားကိုပါ လိုက်ခဲ့ဖို့ခေါ်တာမို့ လာခဲ့ကြတာ ဖြစ်သည်။

သူတို့လင်မယားနှင့် အစ်ကိုတို့လင်မယား ကျယ်ကျယ်ဝန်းဝန်း လွတ်လွတ်လပ်လပ်သွားချင်တာမို့ ဒရိုင်ဘာကို မခေါ်တော့ဘဲ လေးယောက်ပဲ လာခဲ့ကြသည်။





အလာတုန်းက အစ်ကိုရန်ရှင်းမောင်းသည်။ အခု အပြန်မှာတော့ သူမောင်းဖြစ်သည်။ တောင်ကြီးက အစ်ကို့စက်ရုံက အစ်ကိုရဲ့အောင်မြင်မှု တစ်စိတ်တစ်ပိုင်း ဖြစ်ခဲ့၏။

"ဒီစက်ရုံပြီးရင် ကချင်ပြည်နယ်ဘက်မှာ အစ်ကို နောက် ထပ် စက်ရုံတည်မယ်၊ အဲဒီအခါကျရင် မင်းပဲ အဲဒီမှာ အခြေကျ အောင်သွားပြီး တာဝန်ယူပေးရလိမ့်မယ် ညီလေး"

အစ်ကိုရန်ရှင်း သူ့ကိုပြောခဲ့သည်။ စီးပွားရေးလောကထဲမှာ ဘုရင်တစ်ဆူဖြစ်ဖို့ အစ်ကိုကြိုးစားနေသမျှ သူ့ဘဝက အားကျနေရုံဘဝပဲ ရှိသည်။

တကယ်ဆို အစ်ကို့ကို ဆန့်ကျင်ပြီး အမွေတွေ ခွဲဝေယူခဲ့မိတာ သူ့အမှား။ အခုတော့ ရှိသမျှ ကုန်ဆုံးကာ အစ်ကို့ရဲ့ စောင့်ရှောက်မှုကြောင့်ပဲ သူ့ဘဝက အဆင်ပြေနေခဲ့သည်။

သူသာ လိမ္မာခဲ့လျှင် အခုချိန်မှာ အစ်ကို့လိုပဲ . . .

'ပွမ်'

စူးရှကျယ်လောင်သော ကားဟွန်းသံကြီးကြောင့် သူ့အတွေးတွေ လွင့်စဉ်သွားခဲ့သည်။ မိုးဖွဲဖွဲ မြင်ကွင်းထဲမှာ မြင်လိုက်ရတာ ကုန်တင်လော်လီကားကြီး ဦးခေါင်းမို့ . . .

"ညီလေး"

အစ်ကိုရန်ရှင်း၏ သတိပေးစကားကို သူကြားသည်။ သူ့ကားက လမ်းမအလယ်က မောင်းနေတာမို့ ကိုယ့်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းထဲ ပြန်ချိုးကွေ့ဝင်တော့ ...

"ဟာ"

ကားက အရှိန်နဲ့မို့ လမ်းမပေါ်မှာ လွန့်လူးကာ ယိမ်းယိုင်သွားခဲ့တော့ စီယာရင်ကိုင်ဘီးကို သူ မထိန်းလိုက်နိုင်။

'ပွမ်'

"ကိုလင်း"

လော်ရီကားကြီး၏ ကားဟွန်းသံကျယ်ကြီးနှင့် ဖနီးဖြစ်သူရဲ့ ချောက်ချားစွာ အော်သံကြီးကို ကြားလိုက်ရသည်။ သူ ကားကို လမ်းဘေးသို့ ကွေ့ချပစ်လိုက်သည်။

ကားလေးက လမ်းမကြီးမှ ချော်ထွက်သွားပေမယ့် လော်ရီကားကြီးနှင့်တော့ လွတ်မြောက်သွားခဲ့သည်။ သို့သော် လမ်းနံဘေး မိုင်တိုင်တွေဆီ ဦးတည်သွားခဲ့ကာ ...

'ဒုန်း ဒုန်း'

ကားလေးက ခုန်ပေါက် ကျွမ်းပစ်ကာ ကုန်ဆင်းအတိုင်း အရုပ်လေးတစ်ရုပ်လို လိမ့်ဆင်းသွားခဲ့သည်။

အသိအာရုံမှာ နာကျင်မှုတွေနှင့် အမှောင်ထုကြီးထဲ လွင့်မျောသွားခဲ့ပြီးသည့်နောက်ပိုင်း ...

♥





"ကျန်တဲ့ပေးရှင့်တွေ အခြေအနေ ဘယ်လိုလဲ"

"အားလုံးဆုံးသွားပြီ၊ ဒီတစ်လောင်းပဲ ကံကောင်းတယ်"

"အင်း ... ကားတစ်စီးလုံး ချောက်ထဲကျ မီးလောင်တာပဲဗျာ၊ အတော်ဆိုးလွန်းတာပဲ၊ ဒီတစ်ယောက်ကတော့ ကံထူးသူလို့ ပြောရမယ်၊ ကြီးကြီးမားမား ထိခိုက်ဒဏ်ရာမရဘူး"

နားစည်ထဲမှာ အသံတွေကို သူကြားနေခဲ့သည်။ သူ သတိပြန်ရလာခဲ့တာမှန်ပေမယ့် ခန္ဓာကိုယ်က ဒဏ်ရာတွေက နာကျင်နေတုန်း။

ကြားနေရသောစကားတွေအရဆိုလျှင် ကျန်သုံးယောက်စလုံး သေဆုံးကုန်ပြီတဲ့။ ဒါ ဒါဆို သူ့ဇနီးနှင့်အစ်ကိုရန်ရှင်းတို့ လင်မယားပါ ဆုံးပြီပေါ့။

သူ့ရင်ထဲမှာ ကြေကွဲဝမ်းနည်းစိတ်တွေနှင့် မျက်ဝန်းတွေကို ဖွင့်ကြည့်လိုက်မိသည်။ သူရောက်နေတာ ဆေးရုံတစ်ခု။

"ဟော ... သတိရလာပြီ"

"သက်သာရဲ့လား၊ ခင်ဗျား သိပ်ကံကောင်းပါတယ်၊ ညာဘက်လက်ကျိုးပြီး ထိခိုက်ဒဏ်ရာ တချို့ပဲရခဲ့တယ်"

"ဒေါက် ဒေါက်တာ ... သူ သူတို့ကော"

သူ့မေးခွန်းကြောင့် ဆရာဝန်ကြီး မျက်နှာတစ်ချက်ပျက်



www.burmeseclassic.com

www.burmeseclassic.com



သွားပေမယ့် ပြန်ဟန်ဆောင်လိုက်တာ အထင်အရှား။

"ကျွန်တော်တို့ အကောင်းဆုံးကြိုးစားနေတုန်းပါ၊ ခင်ဗျား အားရှိအောင် ပြန်အိပ်လိုက်ဦး ... ဟုတ်လား"

သူ့ကို တမင် ဖွင့်မပြောကြသေးတာ သိပေမယ့် သူ ခေါင်းညိတ်ကာ မျက်လုံးတွေ ပြန်မှိတ်ထားလိုက်သည်။

ဇနီးဖြစ်သူနှင့် အစ်ကိုဖြစ်သူလင်မယား လောကကြီးထဲမှာ မရှိတော့တာ သေချာနေပြီ။ ဒါဆို လောကကြီးထဲမှာ ကျန်ရစ်ခဲ့တာ သူ။ ပြီးတော့ အိမ်မှာရှိနေသော သူ့သားလေး ရဲလင်းမောင်နှင့် အစ်ကိုရဲ့သား ရဲရင့်ဘုန်းတို့ပဲ ရှိတော့သည်။

တစိမ့်စိမ့်တွေးရင်း သူ့အာရုံထဲကို အကြံတစ်ခုက ဖျတ်ခနဲ ဝင်ရောက်လာသည်။

အစ်ကိုရန်ရှင်းရဲ့ ပိုင်ဆိုင်မှုတွေအားလုံး သူ့ဆီ သပိတ်ဝင် အိတ်ဝင်ရောက်လာမည့် အခွင့်အရေးကြီး။

ဒီအခွင့်အရေးကြီးကို သူ အရယူရမည်။

ရန်ရှင်း ရန်လင်းဆိုသော အမြွှာညီအစ်ကိုရဲ့ ရုပ်ရည်ချင်း ခွဲမရအောင်တူနေမှုက သူ့အတွက် ကံကြမ္မာက ပေးလာသော အခွင့်အရေး။

မင်း သိပ်ကံကောင်းလွန်းပါလား ရဲလင်းရယ်။





ဘယ်တော့မှ မမေ့နိုင်သော အတိတ်ပုံရိပ်တွေထဲက ရှုန်းထွက်ရင်း သူ ဖန်ခွက်လေးထဲက ယမကာတွေကို မော့သောက်လိုက်သည်။

လည်ချောင်းတစ်လျှောက် စူးရှပူလောင်စွာ စီးဆင်းသွားသော ယမကာတွေက သူ့ရင်ထဲက သောကတွေကို မငြိမ်းနိုင်စေပါ။

ဒီအချိန် ဒီကာလအထိ နှစ်နှစ်ဆယ်ကျော်မျှ အစ်ကိုရန်ရှင်းရဲ့ဘဝကို ရယူပိုင်ဆိုင်ထားသော သူ့မှာ ဘာမှ အခက်အခဲ မရှိခဲ့ပါ။ အခုတော့ အစ်ကိုရန်ရှင်းကိုယ်တိုင် ရေ့နေကြီးဦးဘခိုင်နှင့်စီစဉ်ထားသော အမွေကိစ္စကြီးကြောင့် ပြဿနာမီးပွားက စတင်ခဲ့သည်။

အစ်ကိုရန်ရှင်းရဲ့ DNA နှင့် သားရဲလင်း DNA ကို စစ်ဆေးမည်တဲ့။ ဒါ ဘယ်လိုမှ မဖြစ်နိုင်သောကိစ္စကြီးဖြစ်သည်။ အမှန်တရားက ဘူးပေါ်သလို ပေါ်လာတော့မည်။

ဒီကိစ္စကြီးသာပေါ်လာလျှင် အမွေတွေကို ဆက်ခံပိုင်ခွင့်က ဟိုကောင်ရဲရင့်ဆီပဲ ရောက်ကုန်မည်။ သူနှင့်သားရဲလင်းဘဝကတော့ တွေးစရာတောင်မရှိပါ။

ဒီပြဿနာကြီးကိုတော့ စောစီးစွာ ရှင်းမှဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



အမုန်ဆို ရဲရင့်ဆိုတဲ့ကောင် လူ့လောကကြီးထဲက စောစီးစွာ ထွက်သွားခဲ့လျှင် ပြီးပြီ။

အခုတော့ ရှုပ်ထွေးနေသည့်ကိစ္စတွေကို သူ ဖြေရှင်းရမည်။ နှစ်နှစ်ဆယ်လုံးလုံး သူ ခံစားပြီးမှတော့ ဘာကြောင့် အမွေတွေကို စွန့်လွှတ်ရမည်လဲ။

ဒါ သားနဲ့သူ့အနာဂတ်အတွက်ပဲ ဖြစ်ရမည်။

♥ ♥ ♥



## အခန်း (၃၁)

"ရွှေ ရုပ်ကျေးဇူးတွေကို ကိုယ် ဘယ်တော့မှ မမေ့ပါဘူး"

"မလိုပါဘူး ကိုရယ် ... ပြောစရာလူတွေမှမဟုတ်တော့တာ၊ ကိုနဲ့ဦးမြတ်တို့ ဒီမှာ စိတ်တိုင်းကျနေကြပါ၊ ဘာမှ အားနာစရာမလိုဘူး"

"ရွှေရုပ်ရော နေရတာ အဆင်ပြေရဲ့လားဟင်"

"ပြေပါတယ်၊ အခု ရွှေရုပ်သူငယ်ချင်းက ရွှေရုပ်ကုမ္ပဏီမှာ အလုပ်လုပ်မယ့်သူပါ၊ ရွှေရုပ်အတွက် ဘာမှမပူပါနဲ့"

သူနှင့်ဦးမြတ်ကို ရွှေရုပ်က သူမပိုင်ဆိုင်သော တိုက်ခန်းမှာ နေထိုင်ခွင့်ပြုကာ သူမကတော့ သူငယ်ချင်းတစ်ယောက်ဆီမှာနေသည်။

ဒီအကြောင်းတွေကိုသာ အန်ကယ်ရန်တို့သားအဖ သိလျှင် ဘယ်လောက် ဒေါသတွေ ထွက်နေမည်မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကို ကျောင်းတက်ရတာကော အဆင်ပြေရဲ့လားဟင်၊ ရွှေရုပ်ကားနဲ့ အကြိုအပို့ လုပ်ပေးရမလား"

"ဟာ . . . မဟုတ်တာ၊ အဲဒီလောက်အထိ ကို မလိုအပ်ပါဘူး ရွှေရုပ်ရယ်၊ ကိုယ် ပထမနှစ်ကတည်းက လိုင်းကားနဲ့ တက်လာတာပါ"

ရွှေရုပ် သူ့ကို ငေးငေးလေးစိုက်ကြည့်နေတော့ သူ ရွှေရုပ်လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်မိသည်။

"ရွှေရုပ်လေ ကို့ကို သနားတယ်"

"ရွှေရုပ်ရယ်"

"ဟုတ်တယ် ကို၊ ကို့ကိုသနားတယ်ဆိုတာ ကို့ဘဝကို စာနာသနားတာပါ၊ ဒါပေမဲ့ ကို့ရဲ့အရည်အချင်းနဲ့ စိတ်ဓာတ်ကိုတော့ ရွှေရုပ်သိပ်ချစ်တယ် သိလား"

"ဘာလဲ . . . ရွှေရုပ်ရဲ့ခွေးကြီးဂျက်ကီကို နာကျင်အောင်လုပ်ခဲ့တုန်းက အရမ်းမုန်းနေတာ မဟုတ်လား"

"အဟင်း ဟင်း . . . ဟုတ်တယ်၊ အဲဒီတုန်းက စိတ်တိုတာ၊ အရမ်းမာနကြီးပြီး ဘုဆတ်ဆတ်နိုင်တဲ့သူအဖြစ်လေ"

"အခုကော မုန်းနေသေးလား"

"ဟင့်အင်း"

သူ ရွှေရုပ်ခန္ဓာကိုယ်လေးကို ရင်ခွင်ထဲ မချင့်မရဲ ပွေ့ဖက်ပစ်လိုက်မိသည်။





"ရွှေရုပ်ရယ်၊ သိပ်ချစ်တယ်၊ ဒါပေမဲ့ ရွှေရုပ်ဖေဖေက ကိုယ့်ကို · ကြည်ဖြူပါ့မလား စိုးရိမ်တယ်"

"ဘာလို့လဲ ကိုရဲ့၊ ဒယ်ဒီက ကို့ကိုတောင် ရဲရင့်ဘုန်းထင်နေတာလေ"

"ဒါပေမဲ့ အန်ကယ်ရန် သားမှမဟုတ်တာ၊ ပြီးတော့ ဘဝတွေကလည်း ကွာခြားလွန်းပါတယ်"

"ကိုရယ် ဒယ်ဒီက ရွှေရုပ်အတွက် ချမ်းသာပြည့်စုံတဲ့ ခင်ပွန်းကို အလိုရှိတာမဟုတ်ဘူး၊ ရွှေရုပ်ကို တကယ်မြတ်နိုးကြင်နာပြီး အရည်အချင်းရှိတဲ့ သမက်ကို မျှော်လင့်တာပါ"

"အင်း . . . အခုလောက်ဆို အန်ကယ်ရန်ပြောလို့ ရွှေရုပ်ဒယ်ဒီ ရန်ကုန်လိုက်လာလောက်ပြီထင်တယ်"

သူ့စကားကြောင့် ရွှေရုပ် ပြုံးကာ ခေါင်းလေးကို ခါယမ်းသည်။

"ဟင့်အင်း . . . ဦးရန်ရှင်း ဒယ်ဒီ့ကို ပြောလိမ့်မယ်လို့ ကို ထင်လို့လား . . . သူ မပြောရဲပါဘူး၊ ရွှေရုပ်ကို မတွေ့တွေ့အောင် ရှာဖို့ပဲ ကြိုးစားမှာ၊ ဒယ်ဒီ့ကိုပြောလိုက်ရင် သူ့သိက္ခာတွေ ထိပါးကုန်မှာလေ"

ရွှေရုပ်ပြောတာ ဖြစ်နိုင်သည်။ အန်ကယ်ရန် ရွှေရုပ်ဖခင်ကို အကြောင်းကြားဖို့ ခက်ခဲနေမှာ သေချာသည်။

ထိုအခိုက်မှာပဲ တံခါးဆီက လူခေါ်ဘဲလ်သံလေးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ် သူ့ရင်ခွင်ထဲက ရုန်းထွက်သွား၏။

"ဦးမြတ်ပြန်လာတာ ထင်တယ်"

"ဟင် . . . ဦးမြတ်က ဘယ်သွားတာလဲ ကိုရဲ့"

"သူ့မိတ်ဆွေ ရှေ့နေကြီးတစ်ယောက်ဆီတဲ့၊ အခု တလော ဦးမြတ် ဘာတွေလုပ်နေမှန်း မသိဘူး၊ ကိုယ့်ကိုလည်း ဘာမှ အသိမပေးဘူး"

ပြောရင်း သူ အခန်းတံခါးကို သွားဖွင့်ပေးလိုက်တော့

"ဟင် . . . အန်ကယ်ရန်"

တံခါးဝမှာ ရပ်နေတာ အန်ကယ်ရန်နှင့် လူစိမ်းသုံးယောက်။ မာတင်းတင်းမျက်နှာတွေက သူ့ကို စူးစူးနစ်နစ် စိုက်ကြည့်နေသည်။

"ရဲရင့်၊ ဩော် . . . ရွှေရုပ်လှာပါ ရောက်နေတာကိုး၊ ကောင်းပါ့ကွာ၊ တစ်ပိုက်ကွန်ထဲမှာ သားကောင်နှစ်ကောင်စလုံး မိနေတာပေါ့"

ပြောရင်း အန်ကယ်ရန် ကုတ်အင်္ကျီထဲ နှိုက်ထားသော လက်ကို ထုတ်လိုက်တော့ ပစ္စတိုသေနတ်လေးက သူ့ရင်ဝကို ချိန်ရွယ်ထားပြီး ဖြစ်နေ၏။

"မလှုပ်နဲ့ ရဲရင့်"

"ဟင် . . . အန်ကယ်ရန်"

"ရွှေရုပ်လှာ် . . . မင်းလည်း ငြိမ်ငြိမ်လေးနေပါ"





ဦးရန်ရှင်း တပည့်သုံးယောက် သုတ်ခနဲ အခန်းထဲ ဝင်လာသည်။ သူနှင့်ရွှေရုပ်ကို လက်ဆွဲ ဝိုင်းထားလိုက်ကြသည်။

"မင်းတို့နှစ်ယောက်စလုံး အေးဆေး ငြိမ်သက်စွာ လိုက်ခဲ့ကြပါ၊ ငါ ကိစ္စတစ်ခု ဆွေးနွေးချင်လို့၊ အေး . . . ဒါကိုမှ မနာခံရင် ငါ ဒီအချိန်မှာ လူသတ်ဖို့လည်း ဝန်မလေးဘူးမှတ်"

ဦးရန်ရှင်းမျက်နှာကြီး ခက်ထန်လျက် တည်ငြိမ်စွာ ပြောသည်။ ရွှေရုပ်သည်လည်း ဦးရန်ရှင်းတပည့်နှစ်ဦးကြားမှာ မလှုပ်သာအောင် ရှိနေတာမို့ သူ ခေါင်းညိတ်လိုက်ပါသည်။

"ကောင်းပါပြီ အန်ကယ်ရန်၊ ရွှေရုပ်ကို ဘာမှ ဒုက္ခ မပေးပါနဲ့၊ ကျွန်တော်တို့လိုက်ခဲ့ပါ့မယ်"

သူ့နံဘေးကပ်လိုက်လာသော အန်ကယ်ရန့်ကုတ်အင်္ကျီထဲက ပစ္စတိုပြောင်းဝက သူ့ဆီ အလွတ်မပေးစတမ်း ချိန်ရွယ်ခေါ်လာတာမို့ သူလှုပ်ရှားခွင့်မရဘဲ ကားပေါ်လှမ်းတက်လိုက်ရ၏။

"အိုး . . . အမေ့"

ရွှေရုပ်လှာအသံကြောင့် သူ စိုးရိမ်စွာ ပြန်လှည့်အကြည့်မှာ သူ့မျက်နှာကို အုပ်ကျလာသော လက်ကိုင်ပဝါဆီက ရနံ့ စူးစူးတွေက ပြင်းထန်ဆိုးရွားစွာ။

မိုက်ခနဲ အသိနှင့်အတူ အမှောင်တိုက်ကြီးက သူ့အမြင် အာရုံတွေကို သိမ်းပိုက်သွားခဲ့သည်။

♥



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော် သံသယဖြစ်နေခဲ့တာ အားလုံးက အမှန်တွေပဲပေါ့၊ ဟုတ်လား ဦးဘခိုင်"

ဦးမြတ်ထင် အံ့ဩထိတ်လန့်စွာ မေးတော့ ရှေ့နေကြီး ကိုဘခိုင် ကျေကျေနပ်နပ်ကြီးပြုံးရင်း ...

"သေချာတာပေါ့ ကိုမြတ်ထင်၊ ရဲလင်းရဲ့ DNA ကို တောင်းလိုက်တော့ ဒီလူ တုန်လှုပ်သွားပြီလေ"

"ဒါကြောင့် ... ကျွန်တော်ထင်နေတာ ကိုဘခိုင်၊ သူ ဆရာကြီးဦးရန်ရှင်း မဟုတ်ဘူးဆိုတာ၊ ဟိုးအရင်ကတည်းက သံသယဖြစ်ခဲ့တာ၊ ဒါပေမဲ့ ... မသေချာမရေရာတော့ မပြောရဲခဲ့ဘူး"

"ဟုတ်ပြီ ... ကိုမြတ်ထင် ဘယ်လိုသတိထားမိတာလဲ ပြောပါဦး"

"ကားအက်ဆီးဒင့်ဖြစ်ပြီး ဆရာကြီးနဲ့ ကျန်တဲ့သူတွေ အသက်ဆုံးရှုံးခဲ့ချိန်မှာ ဦးရန်လင်းက ဆရာကြီးအဖြစ် အိမ်ပြန်ရောက်လာပေမယ့် အမူအရာတွေက ထူးခြားနေတယ်၊ ပိုပြီး သံသယဖြစ်စရာကောင်းတာက ကျွန်တော့်ကို ခြံနောက်ဘက်က တန်းလျားကို ပို့လိုက်တာပဲ၊ ပြီးတော့ ဆရာကြီးသားရဲရင့်ဘုန်းနဲ့ သူ့သားအရင်း ရဲလင်းကို နာမည်ပြောင်း လူပြောင်းလုပ်လိုက်





တာ မသိသာပေမယ့် ကလေးတွေရဲ့အသိတွေက ချက်ချင်းမှ ပြောင်းလဲလို့မရတာ"

"အင်း ... ပြောပါဦး ကိုမြတ်ထင်"

"မောင်ရဲရင့်ဘုန်းလေးကို သူက ရဲလင်းမောင်အဖြစ် ပြောဆိုဆက်ဆံနေပေမယ့် ဆရာကြီးသားလေးက မောင်ဘုန်းလို့ ကျွန်တော်ခေါ်ရင် သိနေတယ်ဗျ၊ ဦးရန်လင်းကို ကြောက်လွန်းလို့ ဘာမှပြန်မပြောရဲတာပါ၊ ခက်တာက ဆရာကြီးနဲ့ သူ့ညီ ကိုရန်လင်းက ရုပ်ချင်းခွဲမရအောင် တူသလို ကိုရန်လင်းရဲ့ ဟန်ဆောင်မှုက ပိရိနေတော့ ကျွန်တော် ဇဝေဇဝါနဲ့ ဘာမှမပြောသာခဲ့ဘူး"

ဦးမြတ်ထင်စကားအဆုံးမှာ ရှေ့နေကြီးကိုဘခိုင် ပင့်သက်ရှိုက်လိုက်မိသည်။

အနှစ်နှစ်ဆယ်ကျော်ကာလလုံးလုံး ဟန်ဆောင်ကောင်းလွန်းခဲ့သော ဦးရန်လင်း။ အားလုံးက လောကကြီးထဲမှာ မရှိတော့ဟု ထင်မှတ်ထားသော သူက သေဆုံးသူ အစ်ကိုနေရာမှာ ဟန်ဆောင်နေသည့်အဖြစ်။

"တော်တော်ပိရိတဲ့သူပဲ၊ ဒါပေမဲ့ ကိုရန်ရှင်းက အရက်လုံးဝမသောက်ဘူးဗျ၊ ပြန်ဆုံတော့ ကျုပ်တောင် အံ့ဩမိသေးတယ်၊ ကိုရန်ရှင်းနဲ့ကျုပ် အမွေကိစ္စ စီစဉ်ခဲ့တာကို သူမသိရှာတော့ အူတူတူ အတတဖြစ်နေခဲ့တာ ပြန်မှတ်မိတယ်"

"ကျွန်တော်လည်း ဒါကြောင့် ရှေ့နေကြီးနဲ့တွေ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



သံသယဝင်ခဲ့တာတွေ ဖွင့်ပြောတာပေါ့''

''ကောင်းတယ် ကိုမြတ်ထင်၊ အဲဒီမှာ ကျုပ်က သူ့ကို အစ်အောက်ကြည့်တာနဲ့ အဖြေပေါ်သွားတယ်၊ ရဲရင့်ဘုန်း အမွေ ကိစ္စ ဆွေးနွေးတုန်းက အနားမှာ ရှိနေတာ ခင်ဗျား၊ ဒါကို သူ မသိဘူးဆိုကတည်းက တစ်ခုခုမှားနေပြီ၊ ပြီးတော့ . . . ကျုပ်က ခင်ဗျားလို့မပြောဘဲ ကိုရန်လင်းအနားမှာ ရှိတာလို့ ပြောတော့ သူ မဟုတ်ဘူးဆိုတာသိတယ်၊ ဒါပေမဲ့ ကျုပ်ကို ဘာမှပြန်မပြော နိုင်ဘူးဗျ''

''သူ ဆရာကြီးဟန်ဆောင်နေတဲ့သူဆိုတာ သေချာနေ ပြီပဲ ရှေ့နေကြီးရယ်''

''ဟုတ်တယ်၊ ဒီထက်သေချာထင်ရှားသွားအောင် အားလုံးရဲ့ DNA တွေ စစ်လိုက်ရင် ကိုရန်ရှင်းနဲ့ မောင်ရဲရင့် ဘုန်းတို့ သားအဖဆိုတာ ထင်ရှားသွားမယ်၊ ကိုရန်ရှင်း အယောင်ဆောင်နေတဲ့ သူနဲ့ ရဲလင်းတို့ DNA တူညီနေမှာပါ၊ ဒါ . . . သူ ဘယ်လိုမှ မငြင်းနိုင်တဲ့အချက်ပဲ''

''ဒီကိစ္စကို ရှေ့နေကြီး အမြန်ဆုံး ရှင်းလင်းပေးပါဗျာ၊ မောင်ဘုန်းခမျာ သူတို့သားအဖရဲ့ ဒုက္ခတွေကို ရင်ဆိုင်ခဲ့ရရှာ တာ''

''အင်း . . . စိတ်ချပါ ကိုမြတ်ထင်၊ ခင်ဗျားရဲ့သစ္စာရှိမှုနဲ့ မြင့်မြတ်တဲ့စိတ်ဓာတ်ကိုလည်း ကျုပ် လေးစားပါတယ်ဗျာ၊





ခင်ဗျားကြောင့် ရဲရင့်ဘုန်းလေး လူတော်လူကောင်းဖြစ်ခဲ့တာ၊ ခင်ဗျားမရှိရင် မတွေးရဲဘူး''

ရှေ့နေကြီးချီးကျူးစကားတွေအတွက် ကိုမြတ်ထင် ကျေနပ်ပါသည်။ တကယ်ဆို မောင်ဘုန်းလေးအပေါ် သူ စာနာ စိတ်တွေနှင့် စောင့်ရှောက်ကူညီခဲ့ခြင်းပဲ ဖြစ်၏။

အခုတော့ အမှန်တရားကြီးတစ်ခု ပေါ်ပေါက်လာမည်မို့ မောင်ဘုန်းလေးအတွက် ဝမ်းသာမိတာကလွဲလို့ ဘာမှမမျှော်လင့် ပါ။

''ကျွန်တော့်ဘဝက တစ်ကောင်ကြွက်ပါ၊ အသက် လည်း ကြီးပါပြီ ကိုဘခိုင်ရယ်၊ မောင်ဘုန်းလေးဘဝ လူမှန် နေရာမှန်ဘဝနဲ့ ပြည့်စုံသွားရင် ကျေနပ်ပါပြီဗျာ''

သူ့ရင်ထဲက ဆန္ဒစကားကို ရှေ့နေကြီးကိုဘခိုင် ခေါင်း တညိတ်ညိတ်နှင့် လက်ခံငြိမ်သက်နေခဲ့သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

သူ သတိရလာတော့ ရောက်နေတာ အခန်းတစ်ခုထဲမှာဟု သိလိုက်သည်။ မှုးဝေနေသော အာရုံတွေကို မျက်စိစုံမှိတ် ခေါင်းခါကာ မောင်းထုတ်နေမိသည်။

ထိုအခိုက်မှာပဲ အခန်းအပြင်က အသံတွေကို သူ ကြားသည်။

"ဟေ့ကောင် . . . ဒီအထဲကကောင်ကိစ္စကို ငါတို့ ဘယ်လိုရှင်းရမှာလဲ"

"ခဏစောင့်လေ၊ မနက်ဖြန်ဆို ဆရာကြီး အမိန့်ပေးမှာပေါ့"

"နေပါဦး . . . ငါတို့က သူ့ကို ရှင်းပစ်ပေးရမှာလား၊ ပေးထားတဲ့ငွေက ထိုက်တန်ပေမယ့် ထောင်နန်းစံရမှာတော့ မမိုက်ဘူးနော်၊ ကြည့်လည်း လုပ်ပါဦးဟ"

"ကျွတ်စ် . . . ဘာမှမပူနဲ့၊ ဒီကောင့်ကို အရက်မူး





အောင်လုပ်ပြီး ကားနဲ့ ချောက်ထဲတွန်းချလိုက်၊ ပွဲက သိမ်းပြီ၊ ဒီအတွက် ထိုက်သင့်တဲ့တန်ကြေးရမှာပဲ၊ မင်းက သွေးပျက်နေသလား"

"အိုကေ . . . ဒါ ဆို ဖြစ်တယ်၊ အခုတောင် စာရင်းရှင်းလိုက်ချင်သေး"

"စောင့်ပါဦးကွာ . . . အလွန်ဆုံး ဒီတစ်ညပဲပေါ့"

ကြားနေရသော စကားတွေကြောင့် သူ လူးလဲထလိုက်မိသည်။ သူ့ကို ချုပ်နှောင်ထားတာက လေးဘက်လေးတန်စလုံး နံရံတွေနှင့် ပိတ်နေသော အခန်းလွတ်ထဲမှာဟု သိလိုက်သည်။

လွတ်မြောက်လမ်းဆိုသည်က မမြင်ပါ။ အန်ကယ်ရန်ဘာကြောင့် သူ့အသက်ကို ရန်ရှာချင်ရတာလဲ မတွေးတတ်ပါ။

"ဟေ့ . . . အဆင်ပြေတယ်နော်"

အပြင်ဘက်က ကြားလိုက်ရတာ ရဲလင်းအသံဖြစ်သည်။ သူ တံခါးဆီ နားကပ်ကာ နားထောင်ကြည့်လိုက်သည်။

"အိုကေပါတယ် ကိုရဲလင်း၊ ကျွန်တော်တို့ ကိစ္စရှင်းရတော့မလား"

"နေကြဦးဗျ . . . ဒီညသန်းခေါင်လောက် ဒယ်ဒီရောက်လာပြီး စီစဉ်ပေးလိမ့်မယ်"

"ဟုတ်ပြီ ဟုတ်ပြီ၊ ကိုရဲလင်း ဘာကိစ္စရှိလို့လဲ"

"အဟဲ . . . ရွှေရုပ်နဲ့ နှစ်ပါးသွားကဖို့လေဗျာ၊ ဒယ်ဒီက



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကို ဒီတာဝန်ပေးလိုက်တာဗျ''

''အလဲ့ ... ကိုယ့်ဆရာသမားက ဒါကြောင့်ထင်ရဲ့၊ မွေးကြိုင်လန်းဆန်း နေပါလား၊ ဒီမှာ ရဲဆေးတစ်ခွက်လောက် လုပ်သွားဦးလေ''

''နီး နီး ... မလိုဘူး၊ အရေးကြီးတာ ဒီထဲက ရဲရင့်ဆို တဲ့ကောင်ကို ခင်ဗျားတို့ ဂရုစိုက်ပါ၊ အဟဲ ... ကျုပ်လစ်မယ်''

သူ အံကိုတင်းတင်းကြိတ်မိသည်။ ရွှေရုပ်ကို ရဲရလင်း ယုတ်မာပက်စက်တော့မှာကို သိလျက်နှင့် သူ့မှာ ကယ်တင်ခွင့် မရှိတော့ဘူးလား။

ရင်ထဲမှာနာကျင်စွာနှင့် သူ အခန်းတံခါးကို တဒုန်းဒုန်း ထုရိုက်ပစ်ရင်း ...

''ဟေ့လူတွေ ဖွင့် ... တံခါးဖွင့်စမ်းပါ''

''ဟာ ဒီကောင် ... ဖွင့်ပေးလိုက်စမ်းဗျာ''

ရဲလင်းအသံနှင့်အတူ တံခါးသော့ဖွင့်သံ ကြားသည်။ အခွင့်အရေးကို အရယူနိုင်ဖို့ သူ အသင့်ပြင်ဆင်စောင့်နေပေမယ့် အခန်းတံခါး ပွင့်သွားသည့်တိုင် အပြင်က သံပန်းတံခါးက တစ်ထပ်ပိတ်ကာ ထားတာမို့ အခွင့်အရေးမရှိ။

''ဟေ့ကောင်ရဲရင့် ... မင်း အေးဆေးနေပါ၊ မကြာခင် ဒယ်ဒီရောက်လာမယ် ဟုတ်ပြီလား''

ရဲလင်း သူ့ကို နှစ်သိမ့်ဖို့ ကြိုးစားနေတာ သူသိသည်။





သူ ရဲလင်းလက်ထဲက ရေသန့်ဘူးကို မြင်တော့ အကြံတစ်ခု ခေါင်းထဲ ဝင်လာ၏။

''ရဲလင်း ... မင်းလက်ထဲက ရေဘူးပေးပါ၊ ငါ ရေ အရမ်းဆာနေလို့''

''ရတယ် ... ပေးလိုက်စမ်းကွာ၊ အနားမကပ်နဲ့ ... ဒီကောင်က မြွေပွေးလိုကောင်နော်''

သူ့အကြောင်းသိနေသော ရဲလင်းက သတိပေးသည်။ မုတ်ဆိတ်ဗရပျစ်နှင့်လူက သူ့ဆီ ရေဘူးကို သံတိုင်တွေကြားက လှမ်းပစ်ပေးသည်။

''ဒီကောင် စားချင်တာ ကျွေးလိုက်ကြဗျာ၊ ကဲ ... ကျုပ်လစ်ပြီ''

ရဲလင်း ထွက်သွားတော့ အပြင်ဘက်စားပွဲလေးမှာ ထိုင်ကာ ဝိုင်းဖွဲ့ကျန်ခဲ့သူက နှစ်ယောက်။ မျက်ဝန်းတွေက သူ့ဆီကို အလစ်မပေး ကြည့်နေကြသည်။

သူ ရေသန့်ဘူးကိုဖွင့်ဖောက်ကာ မော့သောက်လိုက် သည်။

ရေသန့်ဘူးတစ်ဝက်မကျိုးခင် သူ့လက်ထဲက လွတ်ကျ သွားခဲ့ကာ သူ့မျက်ဝန်းတွေ ပြူးထွက်သွား၏။ သူ့လက်တွေက လည်ချောင်းကို သွေးရူးသွေးတန်း ဆုပ်ကိုင်ရင်း ...

''အား အ အစ် အစ် ... ရဲ ရဲလင်း ... မင်း ငါ့



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို အဆိပ် အဆိပ်ခတ် သတ် ...အ အစ် အစ်"

သူ ဟစ်အော်ရင်း ဝုန်းခနဲ လဲကျသွားခဲ့သည်။

အခန်းအပြင်ဘက် စားပွဲမှာ အရက်ထိုင်သောက်နေသူ နှစ်ဦး အထိတ်တလန့် မျက်ဝန်းတွေနှင့် ဝုန်းခနဲ ထရပ်ကြသည်။

"ဗိုက် ဗိုက်ကြီး ... ဘာ ဘာဖြစ်တာလဲ"

"မ ... မသိဘူးလေ၊ ရဲလင်းရေတိုက်သွားတာ မင်း အတွေ့ပဲ၊ မဟုတ်မှလွဲရော အဆိပ်ခတ်ထားသလား"

"ဟာ ... ဒါဆို ဒီကောင်သေပြီပေါ့၊ ငါတို့ ဘာလုပ်ကြမလဲ"

"ဒါလည်းကောင်းတာပေါ့၊ ငါတို့ သတ်စရာမလိုဘဲ သေသွားတာ အပြစ်ကင်းတာပေါ့ ... လာကွာ"

ဗိုက်ကြီး ပြောရင်း သံပန်းတံခါးကို ဖွင့်ကာ ပက်လက်ကြီးလဲကျနေသော ရဲရင့်ဆီ လျှောက်ခဲ့သည်။ အဖော်ဖြစ်သူက အနောက်က ကပ်ပါလာ၏။

မျက်လုံးကြီးပွင့်ကာ လဲကျနေသော ရဲရင့်ဘုန်းကို ဗိုက်ကြီး ခေါင်းငုံ့ ကိုယ်ခန္ဓာကိုင်းပြီး ကြည့်လိုက်၏။

'ခွပ်'

မြန်ဆန်လိုက်သည့်လက်သီး။ တစ်ချက်တည်းနှင့် ဗိုက်ကြီး နှာခေါင်းရိုးကျိုးသွားသံတောင် ကြားလိုက်ရ၏။

"ဟင် ... မင်း ... မင်း"





အဖော်ဖြစ်သူ မှင်တက်ကြောင်တွေနေတုန်း ဝုန်းခနဲ ခုန်ထလာသော ရဲရင့်ဘုန်း လက်ဝါးစောင်းရိုက်ချက်တွေက မေးရိုးကိုတစ်ချက်၊ ဖက်ပိုးဆီတစ်ချက် ဝင်သွား၏။

မှတ်ဆိတ်နှင့်လူ လောကကြီးနှင့် တဒင်္ဂအဆက်ပြတ်သွားမှာ သေချာသည်။ နှာခေါင်းသွေးတွေ ရဲရဲနီကာ ဗိုက်ကြီး သူ့ကို ကမူးရှူးထိုး ရင်ဆိုင်ဖို့ ကြိုးစားတော့ ...

သူ ရင်ဝကို လက်သီးတစ်ချက် ပစ်သွင်းကာ တစ်ရေးလောက် သက်သောင့်သက်သာ အိပ်စက်စေလိုက်သည်။

သကောင့်သား နှစ်ကောင်စလုံး ကြမ်းပြင်မှာ မှောက်လို့ အိပ်မက်ဆိုးတွေ မက်နေလောက်ပြီ။

"အား လူယုတ်မာ ...နင် နင် မလာနဲ့ သွား"

စူးစူးရှရှ ဟစ်အောင်သည့် ရွှေရုပ်အသံကို ကြားတော့ သူ အခန်းထဲက ပြေးထွက်ခဲ့သည်။

"ရွှေရုပ်လွှာ ...မင်းကို ကယ်တင်မယ့်သူကို မမျှော်နဲ့တော့ ...အဟွန်း"

ရဲလင်းအသံကိုကြားသည်။ အခန်းတံခါးက ပိတ်ထားသည်။ သူ အံကို တင်းတင်းကြိတ်ကာ အခန်းတံခါးကို နှစ်ချက်ခေါက်လိုက်၏။

"ဟာကွာ ... အရေးထဲ ဘယ်ကောင်လဲ"

သူ ခွန်းတုံ့မပြန်ဘဲ နောက်ထပ်နှစ်ချက် ဆင့်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှုးရှုးဒိုင်းဒိုင်း ဆဲဆိုသံနှင့် ရဲလင်း တံခါးကို ဝုန်းခနဲ လာဖွင့်ပေး၏။

"ဘယ်ခွေးကောင် ... အဲ မင်း မင်း"

"ကို ... ကို"

ရွှေရုပ် သူ့ကိုမြင်တော့ ဝမ်းသာအားရ ဟစ်အော်သည်။ ရဲလင်း သူ့လည်ပင်းကို ဒေါသတကြီး ဆုပ်ကိုင်ဖျစ်ညှစ်ရင်း ...

"မင်း မင်းကို ... ငါသတ်မယ် သတ်မယ်"

သူ့လက်သီးတွေ တင်းတင်းဆုပ်ထားရင်း ရဲလင်းမျက်နှာကို ထိထိမိမိ ထိုးချပစ်လိုက်သည်။

'ခွပ်'

မေးရိုးနှင့်လက်သီးထိသံ ထွက်ပေါ်လာကာ ရဲလင်း လက်နှစ်ဖက်က သူ့လည်ပင်းက လျှောကျသွားခဲ့သည်။

"ကို ... ကိုရယ်"

သူ့ရင်ခွင်ထဲ ပြေးဝင်လာသော ရွှေရုပ်ခန္ဓာကိုယ်လေးကို သူ ညင်သာစွာပဲ ထွေးပွေ့ထားလိုက်မိသည်။

"ရွှေရုပ်ရယ်"

သူ့ကျောပြင်ကို သိုင်းဖက်ထားရင်း ရွှေရုပ်ရင်ခုန်သံလေးတွေ မြန်ဆန်နေတာကို သူ နှစ်သိမ့်ထွေးပွေ့ထားမိဆဲ။

လေပကားထစ်တွေအတိုင်း ပြေးတက်လာသော ခြေသံတွေကြောင့် ရွှေရုပ်မျက်ဝန်းလေးတွေ အထိတ်တလန့် ဝိုင်းစက်





သွားခဲ့သည်။ သူလည်း ရင်ဆိုင်ဖို့အတွက် အသင့်ပြင်ဆင်ထားလိုက်၏။

"မောင်ဘုန်း ... မောင်ဘုန်း"

"ဟင် ... ဦးမြတ်"

အလျင်ဆုံးမြင်လိုက်ရတာ ဦးမြတ်နှင့် ရဲတပ်သားတွေဖြစ်သည်။ အနောက်မှာတော့ ရှေ့နေကြီးဦးဘခိုင်နှင့် ရဲအရာရှိကြီးတွေ။

"မောင်ဘုန်း ... မင်း ဘာမှမဖြစ်ဘူးနော်"

"ဘာမှမဖြစ်ပါဘူး ... ဦးမြတ်"

"အေးကွာ ... ငါ စိတ်ပူလိုက်ရတာ၊ တိုက်ခန်းရောက်လို့ မင်းတို့ကို မတွေ့တော့ ရှေ့နေကြီးကို အကူအညီတောင်းပြီး လိုက်ခဲ့ကြတာ"

"အန်ကယ်ရန် ... ကျွန်တော်တို့ကို ခေါ်သွားခဲ့တာ ဦးမြတ်"

"သိတယ် သား၊ အခု သူ ရဲစခန်းမှာရောက်နေပြီ၊ အမှန်တရားအားလုံးကို သူဝန်ခံချက်ပေးပြီးနေပြီ သား"

"ဟုတ်တယ် မောင်ရဲရင့်ဘုန်း၊ ဦးကတော့ မင်းရဲ့အမွေကိစ္စအတွက် ဆက်ပြီးစီစဉ်ရဦးမယ်"

ရှေ့နေကြီးစကားကြောင့် သူ နားမလည်နိုင် ဖြစ်သွား၏။ ဦးမြတ်က သူ့ပခုံးကို သိုင်းဖက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"လာ သား ... အားလုံး သားနားလည်အောင် ဦးမြတ် ရှင်းပြမယ်"

သူ ဦးမြတ်ခေါ်ရာနောက်ကို လိုက်ခဲ့တော့ ရွှေရုပ်လည်း နံဘေးက ကပ်ပါလာသည်။

ရဲလင်းနှင့် ကျန်သည့်သူတွေအားလုံးကတော့ ရဲတပ်သားတွေရဲ့ ခေါ်ဆောင်ရာကို ခေါင်းငိုက်စိုက်နှင့် လိုက်ပါသွားခဲ့ရပြီ။

♥♥♥



BURMESE CLASSIC .com

## အခန်း (၃၃)

နွေးထွေးငြိမ်းချမ်းသော နေရောင်ခြည်အောက်မှာ မြင်တွေ့ရသော မြင်ကွင်းတွေအားလုံး လန်းဆန်းငြိမ်းချမ်းနေသည် ထင်သည်။ အားလုံးသည် တကယ့်ကို အိပ်မက်ဆန်လွန်းနေသလို သူ ခံစားနေရသည်။

"ကို"

"ဟင် ... ရွှေရုပ်"

"ကို ... အံ့သြနေသလားဟင်၊ နှစ်နှစ်ဆယ်ကျော်လုံးလုံးက အိပ်မက်ဆိုးကြီးမက်နေသလို ခံစားနေရသလားဟင်"

ရွှေရုပ်စကားကြောင့် သူပြုံးလိုက်မိသည်။

ပြီးမှ ခမ်းနားထည်ဝါလှသော တိုက်ကြီးနောက်ဘက်ဆီက သစ်သားအိမ်လေးကို လှမ်းမျှော်ကြည့်ရင်း ...

"ဟင့်အင်း ... အဲဒီကာလတွေကို အိပ်မက်ဆိုးကြီးလို့ ကိုယ် မသတ်မှတ်ပါဘူး ရွှေရုပ်၊ ကိုယ် ခံစားနာကျင်ခဲ့ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေ ပိုင်ဆိုင်ရသလို ဦးမြတ်ရဲ့ မေတ္တာအရိပ်အောက်မှာ နွေးထွေးခဲ့တယ်၊ ပြီးတော့ . . . ရွှေရုပ်လွှာဆိုတဲ့ ချစ်စရာကောင်းတဲ့ ချစ်သူလေးကိုလည်း ကိုယ် ပိုင်ဆိုင်ခဲ့ရတယ်လေ၊ ဒါကြောင့် အဲဒီဘဝကြီးကို အိပ်မက်ဆိုးကြီးလို့ ကိုယ် မထင်ပါဘူး''

''ကိုရယ်''

သူ့ရင်ခွင်ထဲ တိုးဝင်လာသော ရွှေရုပ်ခန္ဓာကိုယ်လေးကို သူ နွေးထွေးကြင်နာစွာပဲ ထွေးပွေ့ထားလိုက်မိသည်။ ကောင်းကင်ပြာပြာအောက်က နေခြည်နုနုအောက်မှာ ခြံဝန်းကြီးကလည်း အေးချမ်းတိတ်ဆိတ်နေသည်။ သူ့ဘဝလေး နွေးထွေးခဲ့သော သစ်သားအိမ်လေးကလည်း တည်ငြိမ်စွာ ရှင်းသန့်လို့။

ညှို့ခန်းတံခါးဝမှာ သူတို့ကို ရပ်ကြည့်နေသော ဦးမြတ် အပြုံးတွေကလည်း နွေးထွေးကြည်လင်နေခဲ့သည်။

ရင်ခွင်ထဲမှာ ချစ်သူလေးကို ပွေ့ဖက်ရင်း သူ့ကြည်နူးရင်ခုန်သံတွေ ရွှန်းမြနေခဲ့၏။

လောဘ, မောဟနှင့် အမုန်းတရားတို့ကင်းစင်သော ကမ္ဘာငယ်လေးထဲမှာတော့ . . .

သူရယ်, ရွှေရုပ်ရယ် ဘယ်တော့မှ မကုန်ဆုံးနိုင်သော ချစ်ခြင်းရဲ့ကြင်နာနွေးထွေးခြင်းတို့နှင့်အတူ . . .။

နှလုံးသားသည်းနုမှ ချစ်ခြင်းများစွာဖြင့်

သက်ပိုင်ရဲ

www.burmeseclassic.com